စာအုပ်တိုက်


# ညီညီနိုင် ရတနာ ကုဋေ၁၀၀

(အောင်မြင်သူများ၏လျှို့ဝှက်ချက်များ)

# THE 100 SIMPLE SECRETS OF SUCCESSFUL PEOPLE

DAVID NIVEN
Ph.D

ဒုတိယအကြိမ်



ဇေယျာမိုး
စာအုပ်တိုက်
အမှတ်(၁၉)၊ H - ဂုလ္ဘာ၊ ၅၅ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၅၅၉၇၊ ၀၉ ၅၀ ၇၃၆၀၅

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

CHURCH WORLD SERVICE

# ညီညီနိုင်

# ရတနာ ကုဋေ ၁၀၀

# အောင်မြင်သူများ၏ လျှို့ဝှက်ချက်များ

# Successful People

David Niven, Ph.D

**စာမူခွင့်ပြုချက်အမှတ်**

၄၀၁၃၁၈၁၀၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၄၃၁၂၅၁၁၀၁၁

**အုပ်ရေ**

၅၀၀

**တန်ဖိုး**

၁၅၀၀ ကျပ်

**ဒုတိယအကြိမ်**

၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ

**အဖုံးဒီဇိုင်း**

ကိုတင်ထွဏ်း

**အတွင်းဖလင်**

A-7 Group (Asia Plaza)

ထုတ်ဝေသူ ဦးဝင်းချို (ရှုဝံစာအုပ်တိုက်)၊ အမှတ် ၂၁၂၊ ၃၁လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဒေါ်ချိုချိုအေး ရှုဝံပုံနှိပ်တိုက်၊ အမှတ် ၃၃၀-၃၃၂၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၌ မျက်နှာဖုံးနှင့်အတွင်းစာသားများ ပုံနှိပ်ပါသည်။

၂၉၄.၃

ညီညီနိုင်

ရတနာ ကုဋေ ၁၀၀ / ညီညီနိုင်။ -ရန်ကုန်။ ရှုဝံစာပေ၊ ၂၀၁၁။
၂၉၆-စာ ၊ ၁၀.၅×၁၆.၅စင်တီ။

(၁) ရတနာ ကုဋေ ၁၀၀

# မိတ်ဆက်နိဒါန်း

ဒီစာအုပ်ရေးသူ ဒေးဗစ်နီဗင်ဟာ ဖလော်ရီဒါပြည်နယ် အတ္တလန္တာတက္ကသိုလ်မှာ သင်ကြားပို့ချပေးနေတဲ့ စိတ္တဗေဒ ပါမောက္ခနဲ့ လူမှုရေးသိပ္ပံပညာရှင်တစ်ဦးဖြစ်ပါတယ်။

သူဟာ ပျော်ရွှင်သူတို့ရဲ့ လျှို့ဝှက်ချက် ၁၀၀၊ အချစ်ရေး အိမ်ထောင်ရေးရဲ့ လျှို့ဝှက်ချက် ၁၀၀-ဆိုတဲ့ ဘက်စ်ဆဲယ်လား စာအုပ်တွေကိုလည်း ရေးထုတ်ခဲ့ပြီးပါပြီ။

ခုစာအုပ်မှာတော့ အောင်မြင်မှုတွေကို သုတေသနပြုခဲ့ကြတဲ့ စိတ္တဗေဒ၊ စီးပွားရေး လူမှုရေးနဲ့ ဒသသနပညာရှင်အသီးသီးရဲ့ အစီရင်ခံစာတွေက တွေ့ရှိချက်၊ ထင်မြင်ချက်၊ အကြံပေးချက်တွေကို အခြေခံပြီး ကောင်းနိုးရာရာ ထုတ်နုတ်ရေးသားထားတာလို့ ဆိုပါတယ်။

စာအုပ်ရဲ့အစီအစဉ်အနေနဲ့ အောင်မြင်ရေး သုတေသနပြုချက်တွေကို ခြုံငုံလေ့လာပြီး တူရာတူရာ အချက်တွေကို ခေါင်းစဉ်ခွဲပြီး ဆောင်ပုဒ်သဖွယ်ခေါင်းစဉ်တပ်လို့ ဖွင့်ဆိုရှင်းလင်းချက်တွေနဲ့ ပူးတွဲတင်ပြထားတာတွေ့ရပါတယ်။

ဒီနောက်···ခေါင်းစဉ်အဆိုတစ်ခုကို ထင်ဟပ်တဲ့ အောင်မြင်သူတစ်ယောက်စီရဲ့ အတွေ့အကြုံဖြစ်စဉ်ဇာတ်လမ်းတစ်ပုဒ်နဲ့ သာဓကဆောင်ပါတယ်။

ပြီးတော့မှ ···အကြောင်းရပ်နဲ့စပ်ဆိုင်တဲ့ သုတေသီပညာရှင်တွေရဲ့ အဆိုအမိန့်တွေကို ကိုးကားချက်ထုတ်ပေးထားပါတယ်။

ဒီစာအုပ်ဟာ ရာစုသစ်ရဲ့ အောင်မြင်ရေးကျမ်းငယ်တစ်စောင်ဖြစ်သလို ရင့်ကျက်နိုင်မှာတဲ့ အတွေ့အကြုံ၊ ခေတ်မီအတွေးအခေါ်၊ ကြည်လင်လတ်ဆတ်တဲ့ အမြင်တွေနဲ့ စိတ်ဝင်တစား အတုယူမှတ်သားစရာတွေ ပါဝင်နေတယ်လို့ ဆိုပါရစေ။

ဒါကြောင့်လည်း ဒီစာအုပ်ပါ ဆောင်ပုဒ်တစ်ခု၊ စကားလုံးတစ်လုံး၊ အတွေးအမြင်တစ်ရပ်၊ အသိပညာတစ်မျိုးမျိုးက စာဖတ်သူကို အကျိုးပြုမှုဟာ တန်ဖိုးဖြတ်လို့ရမယ်မထင်ပါဘူး။ သို့ပေမယ့် ဒီသဘောကိုထင်ရှားအောင် အဆိုဆောင်ပုဒ်တစ်ပုဒ်ကို ကာလပေါက်ဈေး ကြမ်းခင်းဈေးအနေနဲ့ အနည်းဆုံးသိန်းတစ်ရာ၊ တစ်ကုဋေသတ်မှတ်ပြီး ရတနာကုဋေ ၁၀၀-လို့ မြန်မာပြန်စာအုပ်အမည်ပေးခဲ့တာ ဖြစ်ပါတယ်။

စာဖတ်သူရဲ့ ဘဝအောင်မြင်ရေးကို ဒီစာအုပ်ငယ်က တစ်စွန်းတစ်စ တစ်ခွန်းတစ်ပါဒ လမ်းပြအလင်းရောင်ပေးပြီး ခေတ်မျက်စိကို ဖွင့်နိုင်တယ်ဆိုရင်ပဲ မူရင်းစာရေးဆရာရဲ့ စေတနာကို ဘာသာပြန်သူအနေနဲ့ အတတ်နိုင်ဆုံး ဖော်ကျူးရာ ရောက်ပြီဆိုပြီး ပမာသာမဆုံးရှိရတော့မှာပါ။

[illegible]

(၁)

## အရည်အချင်းဟူသည် ခံစားချက်ကိုမူတည်၍ ဖြစ်ထွန်းလာ၏ ။

သင်ဘယ်လောက်တော်သလဲ။ သင်လုပ်နေတဲ့အလုပ်နဲ့ပတ်သက်ပြီး ဆန်းစစ်မိပါသလား။ ဒါမှမဟုတ် · · ·အချိန်ကာလ အပိုင်းအခြားအားဖြင့် တန်ဖိုးဖြတ်ခဲ့ဖူးပါသလား။ တစ်နည်းအားဖြင့်···သင့်လုပ်ဆောင်ချက်ကို စံထားတိုင်းတာတဲ့ တခြားနည်းလမ်းတွေကော ရှိခဲ့ပါသလား။

သင့်အလုပ်မှာ သင်တော်၏ မတော်၏ဆိုတာနဲ့ အောင်မြင်သူတစ်ယောက်ဖြစ်နိုင် မဖြစ်နိုင် အနိုင်အမာသိနိုင်တဲ့ နည်းတစ်နည်းရှိနေတာတော့ အသေအချာပါပဲ။

စင်စစ်တော့···သူတို့ကိုယ်သူတို့ အရည်အချင်းပြည့်တယ်လို့ မထင်ကြတဲ့လူတွေ (အောင်မြင်မှု ဒါမှမဟုတ် ခေါင်းဆောင်နေရာ ရယူနိုင်တဲ့အစွမ်းရှိတယ်လို့မယုံရှာကြတဲ့လူတွေ)ဟာ အောင်မြင်မှုက အချက်ပြတဲ့တိုင်အောင် ရှိရင်းစွဲသဘောထားအမြင်ဟောင်း မပြောင်းတတ်ကြပါဘူး။

သူ့ကိုယ်ပှာ အောင်မြင်မှုကို အမိအရ လှမ်းဆွတ်ရမယ့်အစား မိမိကိုယ်မိမိ မယုံသသယဖြစ်မှုတွေ ကြီးစိုးချယ်လှယ်ခံရတဲ့ ပြယုဂ်အနေနဲ့ ဆန့်ကျင်ဘက်ရလဒ်တွေကိုသာ "ပိုက်"မိကြတာကလား။

ဒီတော့ . . . သင့်ကိုယ်သင် ဝေဖန်ဆုံးဖြတ်ဖို့ တခြားအကဲဖြတ်မှုတွေကို စောင့်မနေပါနဲ့။ ရှာမနေပါနဲ့တော့။

အကြောင်းက . . . ခံစားချက်ဆိုတာ အချက်အလက်တွေပေါ်မှာ မူတည်နေတာမဟုတ်သလို ခံစားချက်တွေနဲ့ရင်းပြီးမှ အရည်အချင်းတွေကို ထုတ်လုပ်ပေးတာဖြစ်နေလို့ပါပဲ။

ဒို့ယက်ရင်းအောင် ပြောရရင် လိုအင်ဆန္ဒပြင်းပြမှု၊ အလုပ်ပေါ်မှာ အားရကျေနပ်မှု၊ အားတက်သရော ထပ်ဆင့်ကြိုးပမ်းမှု၊ ပြိုင်ဆိုင်အနိုင်ရလိုမှု ဒါတွေအားလုံးဟာ စိတ်ခံစားချက်နဲ့သာ ပတ်သက်နေပါတယ်။

ဒီခံစားချက်တွေ အားကောင်းတာနဲ့အမျှ ကိုယ်ရည်ကိုယ်သွေးတွေ ထက်မြက်တောက်ပြောင်လာမှာ မလွဲပါဘူး။ အရည်အသွေး ပြည့်ဝထူးချွန်လာသူတစ်ယောက်အဖို့ လိုချင်တဲ့ အောင်မြင်မှုတွေနဲ့ ဘယ်ယန်းတိုင်မဆို အပိုင်အနိုင်ရမှာပဲပေါ့။

ဒါကြောင့်လည်း . . . အရည်အချင်း (ဝါ) ကိုယ်ရည်ကိုယ်သွေးဆိုတာ ခံစားချက်စွမ်းပကားအလျောက် ဖြစ်ထွန်းလာရတာပါလို့။

## သာဓက

ရော့စ်ဟာ မစ်ဆူရီပြည်နယ် ပေရင်းဗီးလ်မြို့လေးက ဇာတ်သမား (ကချေသည်မင်းသား)တစ်ယောက်ဖြစ်ပြီး ဘရော့စ်ဝေးကပွဲရုံတွေကို အရောက်လှမ်းဖို့ မျှော်မှန်းစိတ်ကူးယဉ်နေခဲ့တာ ကြာပါပြီ။



သူ့ရဲ့အောင်ပွဲသဘင်ကို ရှေ့ရှုရာလမ်းကြောင်းကို "ဝါသနာရှင်"အဆင့်က စခဲ့တာပါ။ ဝါသနာရှင်အနေနဲ့ တခြားပြိုင်ဘက်တွေနဲ့ယှဉ်ပြီး လူရွေးပွဲတွေ၊ ပြိုင်ပွဲတွေ ဝင်ခဲ့ရတယ်ဆိုပါတော့။

အဲဒီ့ကနဦးအစ အတွေ့အကြုံတွေကတော့ ရော့စ်အတွက် စိတ်ပျက်စရာတွေပါပဲ။ ဆရာဝန်စမ်းသပ်စစ်ဆေးမှု ခံနေရချိန်မှာ ကိုယ်ကအထိတ်တလန့်နဲ့ လိုက်ကြည့်နေရတာနဲ့ မခြားပါဘူး။

"ကျွန်တော်အရမ်းကို ကြောက်ဒူးတုန်နေခဲ့ရတာပေါ့ဗျာ၊ ဂျူခင်းထဲက ထွက်လာခါစလူလို ကိုယ့်လိပ်ပြာ ကိုယ်မလုံတဲ့ အဖြစ်မျိုးခံစားခဲ့ရတာပါပဲ"

သူ့အဖို့ အောင်မြင်မှုရတဲ့အခါ၊ မရတဲ့အခါမရနဲ့ပဲ ဇာတ်ရုပ်စုံအောင် ကတတ်ခဲ့သလို အတွေ့အကြုံတွေ ကြီးမားရင့်ကျက်ခဲ့ရပါသတဲ့။

"ခုဆိုရင် ကျွန်တော့်မှာ အသံနဲ့ပတ်သက်တဲ့ ပညာခန်းတွေ အတော်လေ ပြည့်စုံနေခဲ့ရာက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ ပိုရှိလာပြီး ပရိသတ်ထောင်သောင်းရှေ့မှာ အကြိမ်တွေမရေမတွက်နိုင်အောင် ဖျော်ဖြေခဲ့ပြီးပါပြီ"

သူဟာ နယ်လှည့်ကဇာတ်အဖွဲ့တစ်ဖွဲ့နဲ့ ပထမဆုံးဆက်သွယ်ခဲ့မိရာမှ စွယ်စုံရ အနုပညာရှင်အဖြစ် နေရာတစ်နေရာရလာခဲ့ပါတယ်။

ပညာရှင်ဘဝနဲ့ တစ်ဟုန်ထိုးအောင်မြင်မှုတွေရခဲ့ပုံနဲ့ စပ်လျဉ်းလို့ ရော့စ်က ဖြေရှင်းချက်ပေးတာကတော့ -

"ကျွန်တော့်မှာ ယုံကြည်ချက်ရှိတယ်၊ တစ်ခုခုကို လုပ်မယ်ဆိုရင် တကယ့်ကို လိုလိုလားလားဖြစ်ပြီး အဲဒီ့အလုပ်ကို နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်ရမယ်။ မဖြစ်ဖြစ်အောင် လုပ်ရမယ်၊ စိတ်ပျက်ထိုင်နေလို့ မဖြစ်သလို တစ်ယောက်ယောက်က လာကူညီမယ်ဆိုပြီး မျှော်လင့်နေလို့လည်း မရဘူး" တဲ့။

## ကိုးကားချက်

လူအမျိုးစုအနေနဲ့ သူတို့ရဲ့လုပ်ငန်းဆောင်ရွက်မှု တိုးတက်အောင်မြင်ရေးရဲ့ ပထမခြေလှမ်းအဖြစ် အလုပ်နဲ့ပတ်သက်လို့ ထွေထွေထူးထူး လုပ်စရာမလိုပေမယ့် သူတို့ရင်ထဲက စိတ်ခံစားမှုအနေအထားကို ကောင်းမွန်ဖွံ့ဖြိုးအောင် လုပ်ကြရတာတွေရှိပါတယ်။ ဒါနှင့်အမျှ လူဆယ်ယောက်မှာ ရှစ်ယောက်ဟာ သူတို့ရဲ့ ပကတိလုပ်ရည်ကိုင်ရည်ထက် သူတို့ရဲ့ ကိုယ်ပိုင်အတွေ့အကြုံ ဉာဏ်စွမ်းဉာဏ်စတွေကို ပိုမိုဦးစားပေးပြီး လုပ်ဆောင်ကြတာလို့ ဆိုနိုင်ပါတယ်။

ဂရစ်ဘယ်လ် (၂၀၀၀-ခုနှစ်)

(၂)

## အပြင်းအထန်ကြိုးစားတိုင်း ရတာမဟုတ်ပါ ●

ကြိုးစားပမ်းစားလုပ်တာနဲ့အမျှ ဆုကောင်းလာဘ်ကောင်းတွေရမယ်တဲ့။ သူ့အဆိုက ရိုးရိုးရှင်းရှင်းလေးပါပဲ။

ဒါပေမယ့် . . . စာမေးပွဲဖြေဖို့ သင်အံကျက်မှတ်ကြတဲ့ ကျောင်းသားတွေရဲ့ အဖြစ်ကို မြင်ယောင်ကြည့်လေ။ တချို့ဆို တစ် "စာ" ထဲ "စာ" ပြီး စာအုပ်နဲ့မျက်နှာ မခွာတဲ့ကြားက တဘုံးဘုံးကျကုန်ကြတာပဲ။ တချို့ကျတော့လည်း ပေါ့ပေါ့တန်တန် ဝတ်ကျေတန်းကျေ ကျက်ရုံလောက်နဲ့ ဂုဏ်ထူးတွေ ဘာတွေနဲ့တောင် အောင်လိုက်ကြသေးရဲ့။

ပင်ကိုယ်ဉာဏ်ရည်ဉာဏ်စွမ်း မရှိရင် ဘယ်လောက်ပဲကြိုးစားကြိုးစား ဘာမှဖြစ်မှာမဟုတ်ပါဘူး။

ပင်ကိုယ်ဉာဏ်ကောင်းလို့ ဉာဏ်ကိုလွှာသုံးတတ်သူအဖို့တော့ ပုံမှန်လေး လုပ်သွားရင်းက အောင်မြင်မှု ဆုလာဘ်တွေ ရနိုင်ပါတယ်။

သင်လုပ်တဲ့အလုပ်ရဲ့ ရည်ရွယ်ချက်က တိုးတက်အောင်မြင်မှုရယူဖို့သာဖြစ်ပြီး သင့်ကိုယ်သင် ခွန်အားဗလတွေသုံးပြီး ရုန်းနိုင်းဖို့မဟုတ်ပါဘူး။

## သာဓက

အက်ချင်ဘက်ချ် မုန့်မျိုးစုံလုပ်ငန်းဌာနဟာ ပင်စီလ်ဗေးနီးယားပြည်နယ် လန်ကက်စတာမြို့ငယ်လေးမှာ ရှိပါတယ်။

မိသားစုပိုင် မုန့်တိုက်လေးအနေနဲ့ ပုံမှန်စားသုံးသူတွေ အားပေးမှုကြောင့် အမြတ်အစွန်းများစွာနဲ့ နှစ်ပေါင်းလေးဆယ်ကျော် ရပ်တည်နေခဲ့တာပါ။

၁၉၉၀-ခုနှစ်များထဲကျတော့ မုန့်တိုက်ပိုင်ရှင်တွေက လုပ်ငန်းတိုးချဲ့ဖို့ ဆုံးဖြတ်လိုက်ကြတယ်လေ။ အရသာရှိတဲ့ အသားညှပ်မုန့်တွေနဲ့ တခြားမုန့်အသစ်တွေထုတ်ပြီး လက်လီလက်ကားရောင်းတဲ့ ဆိုင်သစ်တွေ ထပ်ဖွင့်ဖို့ပါပဲ။

မုန့်တိုက်ပိုင်ရှင်တွေဟာ သူတို့တစ်သက်နဲ့တစ်ကိုယ် မကြုံဖူးအောင် အပင်ပန်းခံပြီး ကြိုးစားခဲ့ကြရပါတယ်။ ကြိုးစားသလောက် အရာမရောက်ခဲ့ပါဘူး။ ခြေကုန်လက်ပမ်းကျကုန်တဲ့အပြင် ငွေကလည်းအရှုံးပေါ်ခဲ့ပြီး လုပ်ငန်းတိုးချဲ့ရာက တင်ခဲ့တဲ့အကြွေးတွေတောင် မဆပ်နိုင်တော့ဘဲ ဘဏ်ကကြွေးနဲ့သိမ်းမယ့်အခြေအနေ ဆိုက်သွားခဲ့ပါတယ်။

လုပ်ငန်းကုမ္ပဏီတစ်ခုက အငြိမ်းစားအမှုဆောင်အရာရှိဖြစ်တဲ့ အားလ်ဟာတ်စ်က မုန့်တိုက်ကို အသက်ဆက်ဖို့ ငွေအရင်းအနှီးထောက်ပံ့ပေးခဲ့ရာက နောက်ဆုံးမှာ လုပ်ငန်းကြီးတစ်ခုလုံးကို ဝယ်ယူလိုက်ပါတော့တယ်။

သူက ဖြစ်စဉ်တစ်ရပ်လုံးကို အသေးစိတ်ကျကျ သုံးသပ်လေ့လာလိုက်တဲ့အခါ လုပ်ငန်းရှင်တွေဟာ ဉာဏ်ပညာ နှံ့ဖျင်းပြီးတွက်ကိန်းတွေလွဲခဲ့လို့ ပျက်စီးကိန်းဆိုက်ရတယ်ဆိုတဲ့ အဖြေကို ရလိုက်ပါသတဲ့။

"သူတို့ရဲ့ထုတ်ကုန်တွေက မနိုင်မနင်းဖြစ်လောက်အောင် ပွစာကြဲနေတာကိုး။ တကယ့်တော့ သူတို့ရောင်းအားရဲ့ ၉၀-ရာခိုင်နှုန်းဟာ ထုတ်ကုန်ရဲ့ ၁၀-ရာခိုင်နှုန်းလောက်



နဲ့တင်ရပြီးသားပါ။ ခုတော့ . . . ဆင်အလုပ်ဆင်မလုပ်ဘဲ မြင်းအလုပ်နွားအလုပ်တွေ ဝင်လုပ်ရာက အလုပ်တွေ အပိုရှုပ်ကုန်ပြီး လျှာထွက်ကုန်တော့တာပေါ့။ ဘာမဟုတ်တဲ့ အသေးအမွှားလေးတွေ လိုက်ကောက်ရင်းက ရှိတဲ့ခါးစည်းအဝတ်ပါ ပြုတ်သွားတာမျိုးပဲ"

မုန့်လုပ်ငန်းကို အပိုင်သိမ်းလိုက်တဲ့နောက် ဟာတ်စ်က ဆက်ပြောပါသေးတယ်။

"တကယ်တော့ ဒီလူတွေဟာ ဒီလောက်အသည်းအသန် ရုန်းကန်လုပ်စရာ မလိုပါဘူး။ သူတို့အဖို့ လုပ်ငန်းခွင်မှာ ပိုပြီးပါးနပ်လိမ္မာဖို့သာ လိုတာပါ"

## အကျိုးအကား

အင်တိုက်အားတိုက်ကြိုးပမ်းမှုသည် ကုန်ထုတ်လုပ်မှု အောင်မြင်ရေးတွင် တစ်ခုတည်းနှင့် တန်ဖိုးထားလွန်းဆုံးသော ဝိသေသလက္ခဏာတစ်ရပ်ဖြစ်နေ၏။ လူအများက ထိုအားထုတ်ကြိုးပမ်းမှုကို အောင်မြင်ရေး၏ အကောင်းဆုံး ဟောကိန်းထုတ်ဆရာကြီးဟုပင် သတ်မှတ်ခေါ်ဆိုကြသည်။ သို့လင့်ကစား လက်တွေ့ဘဝတွင်မူ အားထုတ်ကြိုးပမ်းခြင်း၏ အရေးပါသော ကဏ္ဍမှာ အနည်းဆုံးပမာဏသာရှိနေကြောင်း တွေ့ရသည်။ အားထုတ်ကြိုးပမ်းမှုချည်းသက်သက်ဆိုလျှင် ထွက်ပေါ်လာမည့် အကျိုးဆက်ရလဒ်များမှာ ကြောက်ခမန်းလိလိ လွဲနေမည်သာဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် အရည်အချင်း မပြည့်ဝသော (ဝါ)ဉာဏ်မပါသော ကြိုးပမ်းအားထုတ်မှု တစ်ခုအနေဖြင့် စိတ်ပျက်ဖွယ်ရာများ၏ ပင်မဇစ်မြစ်ကြီးဖြစ်နေသကဲ့သို့ အားသွန်ခွန်စိုက် အစွမ်းကုန် ကြိုးပမ်းကြသည့်တိုင်အောင်လည်း ရလဒ်ကောင်းနှင့် အောင်မြင်မှု ဘယ်တော့မှ ရနိုင်မည်မဟုတ်သောကြောင့်ပါပေတည်း။

ရှားမက်ခ် (၁၉၉၇-ခုနှစ်)

## (၃)

## ဖန်တီးနိုင်စွမ်းသည် ဉာဏ်ထဲမှ ပေါ်ထွက်လာသည် ။

လူတိုင်းလိုလို တခြားလူ မဖြေရှင်းနိုင်တဲ့ ပြဿနာတစ်ခုကို ဖြေရှင်းဖို့၊ တခြားလူတွေ မရနိုင်တဲ့ အဖိုးတန်အကြံဉာဏ်တွေရရှိဖို့ အတွေးသစ် အမြင်သစ်တွေနဲ့ စဉ်းစားချင်ကြစမြဲပါ။

ပြီးတော့ . . .လုပ်ငန်းတိုင်းက သူ့အလုပ်သမားတွေကို ကြီးကျယ်တဲ့ အကြံအစည်တွေထုတ်ဖို့ လှုံ့ဆော်အားပေးလေ့ရှိကြပါတယ်။

ဒါဆို အဲ့သလို ဆုကြေးတွေပေးရုံနဲ့ အလုပ်သမားတွေဆီက ဖန်တီးမှုပါတဲ့ အကြံတွေ၊ ရောမ အော်ရီဂျင်နယ်အတွေးအခေါ်တွေ တစ်ပြုံကြီး ထွက်လာရောတဲ့လား။

ကျွန်တော်တို့က ဖန်တီးနိုင်စွမ်းရှိမှုကို တခြားလုပ်အားတွေလိုပဲ ဝယ်နိုင်ရောင်းနိုင်မယ်လို့ ထင်ခဲ့ကြပါတယ်။



ဒါပေမယ့်. . . တကယ်စင်စစ် ဖန်တီးနိုင်မှုဆိုတာ အလုပ်ကို အပတ်တကုတ် နဖူးကချွေး ခြေမကျအောင် လုပ်တာ၊ မနားမနေကြိုးစားတာတွေနဲ့ မတူပါဘူး။ ဖန်တီးနိုင်စွမ်းဆိုတာဟာ မေးခွန်းတစ်ခု၊ အခြေအနေတစ်ရပ်၊ ဖြစ်နိုင်ခြေရှိမှုတစ်မျိုးအပေါ်မှာ အပြန်အလှန် စေ့စေ့ငုငု သုံးသပ်ဆင်ခြင်တွေးဆတဲ့ ဦးဏှောက်ရဲ့လုပ်ငန်းသက်သက်သာဖြစ်ပါတယ်။

ဒါကြောင့် ဖန်တီးနိုင်စွမ်းဟာ ဆုလာဘ်တွေ ငွေကြေးတွေနဲ့ ဖလှယ်ပေးရုံနဲ့ ထွက်မလာနိုင်ဘဲ ကျွန်တော်တို့ရဲ့ လိုအင်ဆန္ဒကိုအခြေခံပြီး စူးစူးစိုက်စိုက် အာရုံစေစားမှုနဲ့သာ ထုတ်ယူရရှိနိုင်တယ်လို့ ဆိုလိုက်ချင်ပါတော့တယ်။

### သာဓက

ဂျပန်အရှေ့ပိုင်း မီးရထားကုမ္ပဏီဟာ တိုကျိုနဲ့ နာဂါနိုကြားမှာ ၁၉၉၇-ခုဆောင်းရာသီအိုလံပစ်ပွဲတော်အမီ ကျည်ဆန်ရထားလမ်းဖောက်ဖို့ ကံထရိုက်ရခဲ့ပါတယ်။

ကံခေချင်တော့ တောင်တွေကိုဖြတ်ဖောက်တူးထားတဲ့ ဥမင်လိုဏ်လမ်းတွေမှာ ရေတွေပြည့်လျှံနေခဲ့တာပါပဲ။ ကုမ္ပဏီလည်း ဒီပြဿနာကို အကောင်းဆုံးဖြေရှင်းဖို့အတွက် ကျွမ်းကျင်ပညာရှင် အင်ဂျင်နီယာတစ်စုကို ကြေးကြီးပေးပြီး ငှားခဲ့ရတော့တာပေါ့။

အင်ဂျင်နီယာတွေက ပြဿနာကို ဘက်ပေါင်းစုံက လေ့လာသုံးသပ်ပြီး လိုဏ်ခေါင်းထဲက ရေတွေထုတ်ပစ်ဖို့ ရေလွှဲပေါက်တစ်ခုနဲ့ ရေသွယ်မြောင်းတွေဖောက်ဖို့ ငွေကုန်ကြေးကျများလှတဲ့ သီးခြားစီမံကိန်းတစ်ရပ်ကို ဆွဲခဲ့ကြပါတယ်။

ဖြစ်ချင်တော့ ဒီစီမံကိန်းအရ ဝင်လုပ်တဲ့ ပြုပြင်ထိန်းသိမ်းရေး ဝန်ထမ်းတစ်ယောက်ဟာ ရေဆာလာတာနဲ့ လိုဏ်ခေါင်းထဲကရေတွေကို တစ်ဝကြီးခပ်သောက်မိ

ကာယ်၊ ရေတွေက ရေချိုတွေဖြစ်နေရုံမက အရသာလည်း တော်တော်ရှိတယ်။ သူ့ထမင်းအိတ်ထဲမှာ ပါတဲ့သောက်ရေပုလင်းတွေထက်တောင် ပိုကောင်းနေသေးရဲ့။

ဒီကအစ ခြားနားထူးခြားတဲ့ ရလဒ်တစ်ခုကို သူဖန်တီးလိုက်ပါတော့တယ်။

သူက သူ့အလုပ်ရှင်သူဌေးကို အကျိုးအကြောင်းသွားပြောပြီး ဒီရေတွေကို အကောင်းဆုံး သဘာဝသောက်ရေသန့်အဖြစ် ပုလင်းသွတ်ရောင်းဖို့ အကြံပေးခဲ့တော့တာပါပဲ။

ဒီလိုနဲ့ အဲဒီရထားလမ်းတစ်လျှောက် ဘူတာရုံပလက်ဖောင်းတွေမှာ အိုရှီမီဇူး ရေပုလင်းရယ်လို့ ရေရောင်းစက်တွေ ပေါ်ထွန်းလာခဲ့ရုံမက အိမ်အရောက်ပို့ပေးတဲ့အထိ စီးပွားရေးဈေးကွက်ဝင် တွင်ကျယ်လာခဲ့ရပါပြီ။

ဒါဟာ အခြေအနေတစ်ရပ်အပေါ်မှာ ကွဲပြားခြားနားတဲ့ အမြင်သစ်နဲ့ ရှုမြင်သုံးသပ်ခဲ့ရာက အကြီးအကျယ်ကုန်ကျခဲ့ရသမျှ အကြီးအကျယ်အမြတ်ထွက်ခဲ့ရတဲ့ အဖြစ်ရဲ့ ပြယုဂ်ပါပဲ။

## အကိုးအကား

ပြဿနာတွေကို တီထွင်ဖန်တီးမှုနဲ့ အဖြေရှာဖို့ ငွေအမြောက်အများသုံးစွဲပြီး လက်တွေ့စမ်းသပ်ကြရာမှာ ဆုကြေးငွေဆိုတာတွေဟာ လူပဓာထာ လူတွေရဲ့ဗီဇဉာဏ်အကြံအစည်တွေနဲ့ ဘာမှမဆိုင်ကြောင်းတွေ့ရပါတယ်။ အဲဒီအစား ဖန်တီးနိုင်စွမ်းဆိုတာ ပြဿနာထဲမှာ အစစ်တကယ် စိတ်ဝင်စား အာရုံစိုက်မှုနဲ့ လူတစ်ဦးချင်းရဲ့ကိုယ်ပိုင်ဉာဏ်ရည်ထက်မြက်သာလွန်မှုတွေအပေါ်မှာ အားထားယုံကြည်မှုက ပေါ် ထွက်လာတာသာ ဖြစ်ပါတယ်။

ကူးပါ၊ ကလက်ဆန်၊ စီလ်ဗာ ဂျလိုနင်နှင့် ဘတ်တလာ (၁၉၉၉)

(၄)

## အသေးစားအောင်မြင်မှုများကို ရယူပါ •

အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းပြီး အမိဖမ်းခြင်းမှာ အရုပ်ကားဆက်ကစားရာတွင် နေသားတကျစီထည့်သည်နှင့် အတော်တူ၏။ နောက်ဆုံးထွက်လာမည့်ပုံကို မှန်းအမြင်ယောင်ရင်းမှ တစ်စစီ တစ်စစီ ကောက်ဆက်သွားရခဲ့ဖြစ်၏။

သင့်အချိန်များကို ပုံအော၍ တိုးတက်မြင့်မားအောင် လုံးပမ်းရာ၌ အပြီးသတ်အောင်ပွဲခံရန် လုပ်ဆောင်မှုမှန်သမျှကို ပျော်ပျော်ရွှင်ရွှင် လုပ်ဆောင်နေဖို့လိုသည်။

တိုးတက်မှုဖြစ်စဉ်များမှ ပျော်ရွှင်မှုကိုရယူသလို အသေးစားအောင်မြင်မှုများကို လောင်စာအဖြစ် အသုံးပြု၍ ရှေ့ဆက်တက်လှမ်းဖို့ ကြိုးပမ်းရပါလိမ့်မည်။

## သာဓက

လူးဝစ္စ မင်နီးလားဟာ ကုန်ပဒေသာတိုက်ကြီးတွေရဲ့ ပြခန်းပြကွက်တွေကို အသေးစိတ် စီမံပြင်ဆင်ပေးသူအဖြစ် အသက်မွေးခဲ့သူပါပဲ။

သူက ဈေးဝယ်သူတွေရဲ့ မျက်စိပသာဒကို ဖမ်းစားတဲ့ အတတ်ပညာနဲ့ပတ်သက်လို့ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်ပြီး အရောင်းစံချိန်တင်လောက်တဲ့ အခင်းအကျင်း အလှအပတွေကို အသုံးပြုတတ်ပါတယ်။

အဲဒီလုပ်ငန်းမှာ ၃၁-နှစ်လုံးလုံး ကျင်လည်ခဲ့ပြီးတဲ့နောက် စောစောစီးစီးပဲ အနားယူခဲ့ပါတယ်။ ပြီးတော့ တန်ဖိုးရှိတဲ့အချိန်တွေမှာပဲ ကိုယ်ပိုင်လုပ်ငန်းထောင်ဖို့ အကွက်ချောင်းနေခဲ့တယ်ပေါ့။

ဒီလိုနဲ့ လူးဝစ္စဟာ စာပို့တိုက်ငယ်လေးတစ်ခု ဖွင့်လှစ်ဖို့ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီမှာ သင်္ဘောတင်ကုန်တွေ ထုတ်ပိုးနိုင်တယ်။ စက္ကူပုံးတွေ သေတ္တာတွေ ဝယ်နိုင်တယ်။ မိတ္တူကူးနိုင်တယ်။ ဖက်(စ်)နဲ့ စာပို့နိုင်တယ်ပေါ့။

သူ့အလုပ်က ညှိနှိုင်းဆွေးနွေးမှုတွေ အဓိကထားရတဲ့အလုပ်ပါပဲ။

"ကျွန်တော်ဟာ နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုမှာ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ရာက ခုဆို . . . လုပ်ငန်းမှန်သမျှရဲ့ တာဝန်ခံဖြစ်နေပါပြီ"

လို့ သူကဖွင့်ဟခဲ့ပါတယ်။

လူပေါင်းစုံနဲ့ ဆက်သွယ်လက်တွဲခဲ့ရတာကတော့ သူ့လုပ်ငန်းရဲ့ အထူးခြားဆုံးအချက်ပဲ ဆိုရပါလိမ့်မယ်။

"ဒီ့အရင်က ကျွန်တော်ဟာ ဌာနစုမန်နေဂျာတွေနဲ့ ဆက်ဆံခဲ့ရတာပေါ့၊ ဒါနဲ့အမျှ အစီရင်ခံစာတွေရေး၊ အမိန့်ပြန်တမ်းတွေထုတ်လုပ်ခဲ့ရပါတယ်။ ဒါပေမယ့် ဒီအလုပ်တွေကို ကျွန်တော်ကိုယ်တိုင် လုပ်တယ်မရှိပါဘူး။ ဒါမှမဟုတ် တခြားလူတစ်



ယောက်ယောက်ကို လက်လွှဲပြီးခိုင်းလိုက်တာပါပဲ၊ ခုမှ ကျွန်တော်ဟာ နေရာမှန် လူမှန် ဘဝမှန်ကိုရောက်ခဲ့တယ် ဆိုပါစို့"

သူ့အနေနဲ့ နေ့စဉ်ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ပျော်စရာတွေအမှတ်နဲ့ ပျော်ပျော်ကြီးပဲ ကျော်လွှားဖြတ်သန်းခဲ့ပါသတဲ့။

ဥပမာ··· အသက် ၆၆-နှစ်ရှိပြီဖြစ်တဲ့ သူ့လက်ရွေးစင် ဝန်ထမ်းအမျိုးသမီးကြီးကို ဝတ္တရားမပျက် အလုပ်ဆင်းနိုင်အောင် အချိန်ကို ညှိနှိုင်းပေးရတာမျိုး၊ စာတိုက်တံဆိပ်ရိုက်တဲ့စက်မှာ လျော့နေတဲ့မင်ကို ဖြည့်ထည့်ရတာမျိုး၊ စာမျက်နှာ ခုနစ်ရာရှိတဲ့ သက်သေခံစာရွက်စာတမ်းတွေကို မိတ္တူကူးဖို့ တွက်ချက်ခန့်မှန်းရတာမျိုးတွေပေါ့။

"ဒီနေရာမှာ ကျွန်တော့်အလုပ်က ဘာနဲ့မှမတူအောင် ကိစ္စဝိစ္စတွေ ရှုပ်ထွေးပွေလီနေတာပါပဲ၊ ဒါပေမယ့် လုပ်ငန်းလိုအပ်ချက်အလျောက် တောက်တိုမယ်ရ အသေးအဖွဲလေးတွေကအစ သင်ယူတတ်မြောက်ပြီး အဆင်ပြေအောင် လုပ်ပေးနိုင်တာကိုပဲ ကျွန်တော်က ထူးထူးကဲကဲ အရသာတွေ့နေမိတာဗျ . . ."

ဆိုတာက လူးဝစ္စ ကျူးရင့်နေကျ ဥဒါန်းစကား။

## အကိုးအကား

အဓိက ပြီးမြောက်အောင်မြင်မှုကြီးတွေကိုသာ စိတ်ဝင်စားပါတယ်လို့ ဖွင့်ပြောလာသူတွေထက် အသေးအဖွဲ အောင်မြင်မှုတွေ ပုံမှန်ရနေတဲ့ လူတွေရဲ့ ဘဝပီတိက ၂၂-ရာခိုင်နှုန်းပိုပါတယ်။

**အောလစ်ခ် (၁၉၉၈-ခုနှစ်)**

## (၅)

## မတူလျှင် ငွတ်လိုက်မတုပါနှင့်

အလုပ်သဘောကိုလိုက်ပြီး သိသာထင်ရှားတဲ့ ဥပမိ၊ သွင်ပြင်လက္ခဏာ၊ စရိုက်သဘာဝ၊ ပင်ကိုယ်အရည်အသွေးတွေ လိုအပ်ပါတယ်။

သင်ဟာ လူတွေနဲ့ အရောတဝင်ဆက်ဆံရတာကို နှစ်ခြိုက်တဲ့ လူပျော်တစ်ယောက်မဟုတ်ရင် • • • အများနဲ့ဆက်သွယ်လုပ်ကိုင်ရတဲ့ အလုပ်မျိုးမှာ အဖုအထစ်လေးတွေရှိနိုင်ပါတယ်။

တကယ်လို့ ကြံဆတီထွင် ဖန်တီးရင်ဖြစ်ချင်တဲ့ ဆန္ဒပြင်းပြနေမယ်ဆိုရင်လည်း စာရင်းကိုင်အလုပ်မျိုးနှင့် ကိုက်မှာမဟုတ်ပါဘူး။

ဥပမိလက္ခဏာဆိုတာတွေဟာ ရှူးဖိနပ်အရွယ်အစားတွေနဲ့တူပါတယ်။ ဖိနပ်ဆိုတာ ပုံစံတွေအရောင်တွေထက် ကိုယ်နဲ့တော်တဲ့အရွယ်အစားကိုသာ ဦးစားပေးရတာမျိုးဆိုတော့ စိတ်တိုင်းကျရွေးချယ်ခွင့်မရှိဘူးဆိုရမှာပေါ့။

ဒါပေမယ့် တခါတရံ မှားစီးတတ်ပြန်ရာက ကသိကအောက်အဖြစ်မျိုးတွေကြုံရလေ့ရှိတာမျိုး။

လူစုလူဝေး ပရိသတ်ကြီးရှေ့မှာ တချို့လူတွေ ရဲရဲဝံ့ဝံ့ ထွက်စကားပြောတတ်တာဟာ ချီးမွမ်းအံ့ဩစရာမဟုတ်သလို ကဲ့ရဲ့ရှုံ့ချစရာလည်းမလိုဘဲ တခြားလူတွေမှာမရှိတဲ့ လေ့ကျင့်မှုနဲ့ ရင့်ကျက်တဲ့အတွေ့အကြုံတွေ ရှိနေလို့သာဖြစ်ပါတယ်။

လူတစ်ချို့က ညီမျှခြင်းသဘောတရားနဲ့ သင်္ချာပေဒကို နှစ်ပေါင်းများစွာ



လေ့လာတွက်ချက်ရင်း သဘောခွေ့နေပြီး ကျန်တဲ့လူတွေကတော့ လူအမျိုးမျိုးနဲ့ အပြန်အလှန် ဆက်ဆံပေါင်းသင်းဖို့ကို တောင့်တနေမိပါလိမ့်မယ်။

သင့်ကိုယ်သင် နားလည်ဖို့အရေးကြီးပါတယ်။ အထူးသဖြင့် သင့်ရဲ့စစ်မှန်တဲ့ ဝါသနာ၊ အကျင့်ဓလေ့၊ စရိုက်သဘာဝတွေ ဘာလဲဆိုတာ သိဖို့လိုပါတယ်။ ဒါမှလည်း ကိုယ်နဲ့ အံဝင်ခွင်ကျ သင့်တော်မယ့် အနာဂတ်ကို ရွေးချယ်နိုင်မှာပါ။

### သာဓက

သူ့ကို အလုပ်မအပ်ချင်ဘူးလို့ ငြင်းဆန်သူတစ်ယောက်တစ်လေ ရှိတဲ့နေ့တောင်မှ သူမကြုံဖူးတာတော့ အမှန်ပါပဲတဲ့ • • •။

တကယ့်တကယ်တော့ သူ့ဖောက်သည်တွေက ဆဲဆဲဆိုဆိုနဲ့ တံတွေးနဲ့ထွေးတဲ့အခါမျိုးတောင်ရှိပါသေးရဲ့။

ဘာပဲဖြစ်ဖြစ် ဓာတ်ပုံဆရာ ဂျင်းဒီးယားကတော့ သူ့အလုပ်ကို မြတ်နိုးတွယ်တာလို့ မဆုံးတော့ပါဘူး။

သူက ကလေးတွေရာထောင်ချီပြီး ပုံတူရိုက်ကူးပေးခဲ့သလို ပေါက်စနလေးတစ်ယောက် ရယ်အောင်ပြုံးအောင် လုပ်တတ်တဲ့ပညာတွေလည်း နည်းပေါင်းစုံသူတတ်ခဲ့ပြီးသား • • •။

ဂျင်းဟာ အမျိုးမျိုးမျက်နှာပြောင်ပြီး အသံတုတွေလုပ်ရာမှာလည်း ပါရဂူမြောက်တဲ့လူ • • •။

"ဓာတ်ပုံရိုက်ပြီးတာနဲ့ ကျွန်တော်ရေး" မိဘတွေရော၊ အဲဒီ့ကလေးရော တစ်ယောက်မကျန် အမောဆို့ကုန်ရတာပါပဲ၊ ဒါပေမယ့် အဲ့ဒါကပဲ ကြုံနေကျ ကောင်းတဲ့ အထိမ်းအမှတ်တစ်ခုပေါ့ • • •။

ဂျင်းအနေနဲ့ ကလေးငယ်တွေကို ချစ်စရာအပြုံးလေး ပြုံးလာစေတဲ့နည်းတစ်နည်းတည်းသုံးပြီး မဟာဓာတ်ပုံတော်ကြီးကို အရရိုက်ယူနိုင်တာမဟုတ်ပါဘူး။ ဂျစ်ကန်ကန် ပေကပ်ကပ် ငနဲတွေ၊ ငိုကြောရှည်တဲ့ ချာတိတ်တွေနဲ့တိုးပြီဆိုရင်လည်း အချိုးပြောင်းပြီး တစ်မျိုးထွင်ရပြန်တယ်ဆိုပဲ . . .။

"တစ်ခါတော့ . . နို့စို့အရွယ် ငတိလေးတစ်ကောင်ကို ရိုက်ရတာဗျ၊ မောင်မင်းကြီးသားလေးက ကျွန်တော့်ကို နည်းနည်းလေးမှ ကူညီချင်စိတ် ပေါက်ပုံမရဘူးလေ၊ ကင်မရာကို မော့မကြည့်ဘဲ တစ်ချိန်လုံး ကြမ်းပြင်ကို ကသိဏ်းရှုနေတာကလား"

ဒီလိုနဲ့ ဂျင်းလည်း ကလေးနဲ့အတူ ကြမ်းပြင်ပေါ်မှာလှဲအိပ်ရင်း သူတစ်ခါမှ မရိုက်ဖူးတဲ့ ရှုထောင့်မြင်ကွင်းကနေ ရိုက်ခဲ့ရာက တစ်သက်လုံးမရဖူးတဲ့ အကောင်းဆုံး ဓာတ်ပုံတစ်ပုံ ရခဲ့ပါတော့သတဲ့။ သူ့အလုပ်မှာ အဓိက ထူးခြားတဲ့ ဝိသေသနှစ်ခု လိုအပ်တယ်လို့ ဂျင်းက ယုံကြည်ပါတယ်။

"ဆိုင်းဘုတ်လေးချိတ်ပြီး ကင်မရာရိုက်တတ်ရုံနဲ့ ဓာတ်ပုံဆရာလို့ ခေါ်လို့မရဘူးဗျ . . . စိတ်ရှည်ရတယ်၊ လက်စွမ်းပြနိုင်ရမယ်၊ ဒီ့အပြင် အချိန်ကောင်းကို အမိအရဖမ်းနိုင်ရမယ်" ဆိုပဲ။

## အကိုးအကား

လူတွေသည် သူတို့၏ ဘဝ၌ အသက်မွေးဝမ်းကြောင်းအလုပ်နှင့် မိသားစုကိစ္စများအပါအဝင် အပြောင်းအလဲအမျိုးမျိုးကို ကြုံတွေ့ခဲ့ရသည့်တိုင်အောင် ထူးခြားသော စရိုက်လက္ခဏာ၊ အကျင့်ဓလေ့ ဝါသနာများကတော့ ဆယ့်ခြောက်နှစ်ကျော်သည့်နောက်ပိုင်းအထိ တောက်လျှောက်စွဲမြဲကျန်ရှိနေဆဲပင်။

ဘာတို (၁၉၉၇-၃)

(၆)

## လူသာမန်ဘဝနဲ့နေပို့ တိုက်တွန်းတာကို ပယ်လှန်ပစ်ပါ

သင့်ပတ်ဝန်းကျင်နေရာအနှံ့မှာ သာမန်လူတွေဝိုင်းနေပါတယ်။ သူတို့က သူတို့လက်ခံထားတဲ့ အယူအဆတွေနဲ့ သူတို့နဲ့ တစ်တန်းတစ်စားတည်းဖြစ်အောင် ဖြားယောင်းသွေးဆောင်ကြပါလိမ့်မယ်။ သူတို့နဲ့တူအောင် လုပ်ရပြီဆိုကတည်း သင်ဟာ သင်နဲ့မတူတော့ပါဘူး။

"ပခုံးနှစ်ဖက်ကြားက ခေါင်းပေါက်တဲ့ လူချင်းအတူတူ နဖူးကချိုပေါက်တဲ့ လူ မရှိပါဘူး" "သူလည်းလူ ကိုယ်လည်းလူ ဘယ်သူက သာဦးမှာလဲ" "ဒင်ဂျီးတစ်ဝမ်း ဗျိုင်းတစ်ဝမ်းပဲ၊ ဝမ်းဝလို့ ခါးလှရင်တော်ပြီပေါ့" ဆိုဘဲ့ စကားလုံးတွေက သင့်တက်လမ်းကို ပိတ်လိုက်ပါလိမ့်မယ်။ မြင့်မားတဲ့ ပန်းတိုင်ဆီကို အားကြိုးမာန်တက် လျှောက်လှမ်းရမယ့်သင့်ကို နောက်ပြန်ဆွဲထားလိုက်ပါလိမ့်မယ်။

ဒီကြား ထဲက သင့်ရည်မှန်းချက်တွေ၊ ပုဂ္ဂလိက ရပိုင်ခွင့်တွေ၊ သီးခြားဖြစ်မှုတွေ၊ ရှေးရိုးအစဉ်အလာက ခွဲထွက်လာတဲ့ အကြံဉာဏ်တွေကို မလွတ်တမ်းစွဲကိုင်ပြီး သူမတူတဲ့ ဘဝအောင်မြင်ရေးလမ်းကို ခိုင်မာတဲ့ဆုံးဖြတ်ချက်နဲ့ ဆက်လျှောက်ဖို့ အရေးကြီးပါတယ်။ ဒါနဲ့အမျှ သင့်ကိုနှစ်သက်လိုလားစွာနဲ့ ကြိုဆိုထောက်ခံကြမယ့် အုပ်စုနဲ့ ပေါင်းမိဖို့ကြိုးစားရပါလိမ့်မယ်။

## သာဓက

"ခေါင်းဆောင်ဖြစ်ချင်သူဟာ လူအုပ်ကြီးကို ကျောပေးထားရမယ်"

တိုင်အန်ဒါဝုဒ်ရဲ့ စားပွဲပေါ်ထောင်ထားတဲ့ စာတမ်းလေးက ပြောနေတာပါ။

"တိုင်"ဟာ အလုပ်ရပ်နားခံထားရသူတွေနဲ့ အချိန်ပိုင်းအလုပ်သမားတွေကို အလုပ်နေရာချထားပေးရတဲ့ လုပ်ငန်းကို ဦးစီးတာဝန်ယူခဲ့ရသူဖြစ်ပါတယ်။

"အဲဒီဌာနကို ကျွန်တော်ရောက်လိုက်တာနဲ့ ဒီကိုယ်စားလှယ်လုပ်ငန်းရဲ့ လည်ပတ်မှုအတွက် မရှိမဖြစ်ငွေလိုနေတယ်ဆိုတာ သိလိုက်ရပါတယ်။ ဒါနဲ့အမျှ လျှောက်လွှာပုံစံဖြည့်လာကြတဲ့ လူတွေကို စိတ်ကြိုက်ဖြည့်ဆည်းခွင့်ပေးခဲ့ကြပါတယ်။ ဒီအခါမှာ လူတော်တော်များများက အလေးအနက်သိပ်မထားဘဲ ပေါ့ပေါ့တန်တန်ပဲ ရေးဖြည့်ခဲ့ကြတာ တွေ့ရပါတယ်။ တစ်နည်းပြောရင် အရေးကြီးတာတွေ တန်ဖိုးရှိတာတွေကို မသိဘဲ သူများလုပ်လို့ လိုက်လုပ်ကြတဲ့သဘောပဲပေါ့ . . ."

ဒီလိုနဲ့ သူပထမဆုံးလုပ်ရတဲ့အလုပ်က အမြစ်က လှန်ပြီး ပြောင်းလဲပစ်ရတာပါပဲ။ ဝန်ထမ်းသုံးပုံနှစ်ပုံလောက်ကို ခပ်ပြတ်ပြတ်ပဲ ပြောလိုက်တယ်။

"ဟော့ဒီမှာ မင်းတို့ရဲ့နုတ်ထွက်စာ . . . လက်မှတ်ထိုး"

ခုဆိုရင် နေ့တိုင်းလိုပဲ သူက ဒီလိုအဖွင့်စကားပြောနေကျ။



"ဒီတံခါးကို ဖြတ်ဝင်လာတဲ့လူတိုင်းဟာ အရင်ထက်ပိုပြီး စွမ်းစွမ်းတမံ အလုပ်လုပ်နိုင်ရမယ်၊ ဒါမှ လုပ်ငန်းအကြံပေးပုဂ္ဂိုလ်တွေနဲ့ အလုပ်အပ်သူတွေက အကြိုက်တွေ့မှာပေါ့ . . ."

နောက် ၂-နှစ်အကြာမှာတော့ တိုင်ရဲ့ဌာနဟာ ၇၁-ရာခိုင်နှုန်း အလုပ်နေရာချထားပေးနိုင်ခဲ့ရာက စံပြုလောက်အောင် အောင်မြင်တဲ့ ဌာနတစ်ခုဖြစ်ခဲ့ရပါပြီ။

## အကိုးအကား

စိတ္တဗေဒပညာရှင်များက အကျင့်ဆိုးတွေဟာ လုပ်ငန်းဌာနတွေမှာ ကူးစက်ရောဂါများလိုပဲ ကူးစက်ပြန့်ပွားတတ်ကြောင်း လေ့လာတွေ့ရှိခဲ့ကြပါတယ်။ အလုပ်သမားတွေဟာ သူတို့ရဲ့လုပ်ဖော်ကိုင်ဖက်တွေရဲ့ မကောင်းတဲ့အမူအကျင့်တွေကို အတုခိုးကြရာက အောက်တန်းကျတဲ့ စိတ်ဓာတ်တွေ၊ အလုပ်ကို ခိုကပ်တာတွေ၊ နှိုးတာဝှက်တာတွေပါ စွဲပြီး အညတြဘဝနဲ့ လူညံ့လူရော်တွေဖြစ်ကုန်ကြတော့တာပါပဲ။

**ဂရင်နေး (၁၉၉၉)**

(၇)

## အချိန်တွေ အများကြီးရှိနေသေးသည် ။

ကျွန်တော်တို့ရဲ့စိတ်ကူးယဉ်အိပ်မက်တွေဟာ ဘာတွေပဲဖြစ်ဖြစ် လက်တွေ့ကျကျမှာတော့ နာရီစက် တစ်ချက်ချက်နဲ့ သွားနေသံကြားနေရမှာပါပဲ။

ကျွန်တော်တို့ အဆုံးစွန်သော ပန်းတိုင်နေရာကို ရောက်လုဆဲဆဲ အချိန်နဲ့ မရောက်တော့ဘူးဆိုတဲ့အချိန်တွေမှာ မိသားစု၊ မိတ်ဆွေအသိုင်းအဝန်းနဲ့ မီဒီယာတွေအထိ ဝမ်းသာကြ၊ အံ့သြကြနဲ့ ဖြစ်သွားတတ်ကြပါတယ်။

ဒါပေမယ့် အောင်မြင်မှုမှာ အသက်အရွယ် ကန့်သတ်ချက်မရှိပါဘူး။

ခရီးလမ်းကြောင်းက ကြမ်းချင်ကြမ်းမယ်၊ ဝေးချင်ဝေးမယ်၊ ရှည်ချင်ရှည်မယ်။ ဒါနဲ့အမျှ အချိန်ယူရတာနဲ့ ကြာချင်ကြာမယ်။ ဘာပဲဖြစ်ဖြစ် ပန်းတိုင်ကိုရောက်တဲ့အခါမှာ ကိုယ်အရွယ်လွန်နေပါပြီဆိုပြီး အောင်မြင်မှုကို လက်မခံငြင်းပယ်စရာအကြောင်းမရှိတာတော့ အမှန်ပါပဲ။



### သာဓက

"ဒီနေ့ အထွတ်အထိပ်ကို ရောက်နေတဲ့လူတွေရှိသလိုပဲ မအောင်မြင်တဲ့လူတွေလည်းရှိတယ်၊ အောင်မြင်မှုကို အရေးမထားတဲ့ လူတွေတောင်ရှိဦးမယ်၊ ဒါ ကျွန်တော်ရဲ့ခံစားချက်နဲ့ မြင်တဲ့အမြင်ပါပဲ"

နယူးယောက်မှာ ကြော်ငြာလုပ်ငန်းတွေ လုပ်နေတဲ့ "နာသန်"ရဲ့ဝန်ခံစကားတွေပါ . . ။

"ကျွန်တော် မျှော်မှန်းတဲ့နေရာကို မရောက်သေးတဲ့အတွက် ကျွန်တော့်ကိုယ်ကျွန်တော် အထင်သေးပြီး အားငယ်စိတ်တွေဝင်ခဲ့ဖူးပါတယ်၊ ပြီးတော့ နေ့တိုင်းလိုလိုပဲ ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရနဲ့ အပြစ်တင်ရှုချနေမိတယ် . . ."

"ကျွန်တော်လုပ်သမျှ အလုပ်ပေါ်မှာ ဝါကြွားဂုဏ်မောက်တာတော့ မဟုတ်ပါဘူး၊ လူတွေ အပ်လာတဲ့အလုပ်တိုင်းကို ကျွန်တော်က လက်တွေ့အနေနဲ့ ကိုယ်ပိုင်စိတ်ကူးကို ရုပ်လုံးဖော်ပြီး ဖန်တီးလုပ်ဆောင်ဖို့ ကြိုးစားတာပဲဖြစ်ပါတယ်"

"ကျွန်တော့်ရဲ့လုပ်ငန်းအရ လူ့စိတ်လူ့သဘာဝကို ထဲထဲဝင်ဝင် သိမြင်နားလည်မှုကလွဲလို့ တခြားဘာမှမရှိပါဘူး၊ ကျွန်တော်တို့ဟာ ပလီဉာဏ်တွေသုံးပြီး လိမ်ညာလှည့်စားတာမျိုးလည်း တစ်ခုမှမလုပ်ပါဘူး၊ ကျွန်တော်တို့ကစိတ်ကူးတွေကိုထုဆစ်ရောင်းချတာဘဲဖြစ်ပါတယ်။ ကျွန်တော်တို့အလုပ်က တစ်မျိုးနဲ့တစ်မျိုး မရိုးအောင် မထပ်အောင် ဉာဏ်ကွန့်မြူးရတာပါ၊ တစ်နည်းဆိုရင် ဘာနဲ့တူသလဲဆိုတော့ တစ်နေ့တစ်နေ့ နာရီသံတစ်ချက်ချက်ကို နားစွင့်ရင်း အရှုံးအနိုင်လုနေရတာပဲ ဆိုပါတော့"

နာသန်ဟာ လုပ်ငန်းနဲ့ပတ်သက်လို့ အကြံပေးနည်းပြတစ်ဦးဆီက အကူအညီယူနေကျပါ။ အဲဒီ နည်းပြအမျိုးသမီးက သူတကယ်တမ်းမှာ ဘယ်သူတွေနဲ့ ယှဉ်ပြိုင်နေရသလဲ။ ဘာကြောင့် ပြိုင်နေရတာလဲဆိုတာ မေးခွန်းထုတ်ခဲ့ပါသတဲ့။

ကျွန်တော်က ကုမ္ပဏီမှာရှိတဲ့ လူအားလုံးနဲ့ပြိုင်နေရတယ်လို့ထင်ကြောင်းနဲ့ ထိပ်ဆုံးကိုရောက်ချင်လို့ပဲဖြစ်ကြောင်း အဖြေပေးမိပါတယ်။ အဲဒီတင် ဆရာမက "ဟုတ်ပြီ…တကယ်လို့ ကုမ္ပဏီထိပ်ဆုံးကိုရောက်သွားပြီဆိုရင်လည်း တစ်ခြားကုမ္ပဏီတွေထက်သာအောင် ထပ်ပြိုင်ရဦးမှာပဲ" လို့ပြောခဲ့တယ်။ အခြေခံကျကျပြောရရင် သူ့စကားက ဒီပြိုင်ပွဲမှာ ကျွန်တော်နိုင်ဖို့ နည်းလမ်းမရှိသလို ကျွန်တော်လက်ပိုက်ထိုင်ပြီး အသာမျှောလိုက်သွားရင်သွား ဒါမှမဟုတ် ကျွန်တော်ဘယ်တော့မှ လက်လှမ်းမမီနိုင်တဲ့ နေရာတစ်ခုကို အရောက်ပြေးဖို့ဆက်ကြိုးစားလို့ ဆိုလိုတာပါပဲ။

ခုတော့ နာသန်ရဲ့အမြင်တွေ ရှင်းသွားပါပြီ။ ပြတ်ပြတ်သားသား ပြောင်းလဲခဲ့တာလည်း ဖြစ်ပါတယ်။

"ခု…ကျွန်တော်ဟာ ကျွန်တော့်အလုပ်ကို တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင်ပဲ အာရုံစိုက်တယ်၊ ကြိုးစားတယ်၊ အချိန်တန်ရင်တော့ ကျွန်တော်မှန်းတဲ့နေရာကို ရောက်မှာပဲလို့ သိနေတယ်လေ" တဲ့။

## အကိုးအကား

အသက်အရွယ်ဆိုတာ လူတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုနဲ့ အလုပ်အောင်မြင်မှု အဆင့်အတန်းတွေနဲ့ မဆိုင်တာတော့ အမှန်ပါပဲ။

**တူးလီနင့် ကာရစ်ဆာလ်မီ (၁၉၉၉)**

(၈)

## တစ်ခုတည်းနဲ့ ဘယ်တော့မှ မလုံလောက်ဘူး •

အောင်မြင်မှုရဖို့ ကျွန်တော်တို့ စဉ်းစားကြတဲ့အခါတိုင်း သူမတူအောင်ထူးခြားမှုကို ခေါင်းထဲထည့်တွေးကြပါတယ်။ မကြုံစဖူး အရထူးတဲ့ ငွေတွေကြေးတွေ အမြောက်အမြားရလို့ပဲဖြစ်စေ၊ ရာထူးတိုးတက်တာပဲဖြစ်စေ၊ လစာတိုးတာပဲဖြစ်စေ ဒါဟာ အောင်မြင်မှုတစ်ခု ပိုရလိုက်တာပဲလို့ သတ်မှတ်ကြစမြဲပေါ့။

ဒါပေမယ့် ဒီသတ်မှတ်ချက်ကို တရားသေ စွဲကိုင်ထားတာ မှန်မယ်လို့ထင်ပါသလား။ လူတွေဟာ သူတို့ကိုယ်သူတို့ ရသင့်တာထက် ပိုတွက်ကြသလား၊ လျှော့တွက်ကြသလားဆိုတာလည်း စဉ်းစားစရာ အချက်တစ်ခုပါပဲ။

လစာပဲတိုးတိုး၊ ရာထူးပဲတက်တက်၊ ငွေတွေဘယ်လောက်ပဲဝင်ဝင် "ရလေလိုလေ အိုတဏှာ"ဆိုသလို အမြဲမပြည့်တမ်း တမ်းတနေတတ်တာကတော့ အဲဒီထက်ပိုတန်ဖိုးမြင့်မားတဲ့ အောင်မြင်မှုပဲဖြစ်နေတတ်ပါတယ်။

နောက်ဆုံးရလဒ် (ဝါ) လောလောဆယ်အောင်မြင်မှုဆိုတာ အပြည့်အဝမဟုတ်သလို သင်ထားရှိတဲ့ နောက်တစ်ဆင့်အောင်မြင်မှုတန်ဖိုးထက် နိမ့်ပါးနေတာပဲဖြစ်ပါလိမ့်မယ်။ ဒီထက်ဒီအောင်မြင်မှုစံချိန်ကို ရဖို့လိုနေတာကိုသာ ပြရာရောက်ပါလိမ့်မယ်။

အောင်မြင်မှုရဲ့ပီတိဆိုတာ သင့်ရဲ့ကြိုးပမ်းမှုတွေ၊ သင့်ရဲ့ယုံကြည်ချက်တွေ၊ သင့်ရဲ့အတွေ့အကြုံတွေ၊ သင့်ရဲ့ဘဝတစ်ခုလုံးနဲ့ပါ အတူယှဉ်တွဲနေပါတယ်။ အောင်မြင်[illegible]ဟာ သဗ္ဗနာမ်ပေါင်း စုပေါင်းထားတဲ့ အထုပ်တစ်ထုပ်သာဖြစ်ပြီး အဲဒီအထုပ်ပေါ်က [illegible]ကြိုးလေးမျှ မဟုတ်ပါဘူး။

## သာဓက

သူတို့ဟာ စင်းလုံးငုံး ဂျက်လေယာဉ်တွေ၊ ဇိမ်ခံကားကြီးတွေနဲ့ ခရီးထွက်လေ့မရှိကြပါဘူး။ သူတို့မှာ အထုပ်ထမ်းတဲ့ ကူဖော်လောင်ဖက် ကောင်လေးတွေလည်း မထားပါဘူး။ သူတို့အနေနဲ့ တခမ်းတနား အဝတ်လဲခန်းကြီးတွေနဲ့ စည်းစိမ်ယစ်ဖို့ အကြီးအကျယ်တောင်းဆိုမှုတွေလည်း ဘာမှမလုပ်ပါဘူး။

"ကျေးလက်တေးသံ" ဆိုတဲ့ ဂီတအဖွဲ့ဝင်လူငယ်လေးတွေဟာ အော်လ်တာ ရော့ခ်တေးဂီတတွေကို နိုင်ငံတနံ့တလျားမှာရှိတဲ့ ကောလိပ်တွေမှာလိုက်ပြီး သီဆိုတီးမှုတ်ဖျော်ဖြေနေကြသူတွေပါ။ တစ်ညတာ ဖျော်ဖြေပွဲပြီးတာနဲ့ သူတို့ပစ္စည်းတွေကို သူတို့ဗင်ကားကြီးထဲမှာ ကိုယ်တိုင်သိမ်းလိုက်ကြတာပါပဲ။

သူတို့အဖွဲ့ဟာ တစ်နှစ်ကို ရှိုးပွဲ ၂၅၀-လောက် ဆိုတီးကြရပြီး ရေဒီယို အသံလွှင့်ရုံ ၂၀၀-က ဖြေဖျော်ကြရသလို စီဒီခွေတက်ပြားသုံးသောင်းလေးထောင်ရောင်းခဲ့ကြရပါတယ်။

ဒါပေမယ့် သူတို့အဖို့ အထင်ကရ တေးသံသွင်းကုမ္ပဏီကြီးတွေနဲ့ ကံထရိုက်စာချုပ်ချုပ်မထားပါဘူး။ သူတို့ရသမျှငွေတွေဟာ ခရီးစရိတ်ကုန်ရတာနဲ့များပါတယ်။

ဒီတော့ သူတို့အတွက်ကိုက်ရဲ့လား။ ပြေပြေလည်လည်ကောရှိပါ့မလား။ ဒရမ်သမား တိုနီမက်နီးဘီးနဲ့ ကျန်တဲ့အဖွဲ့သားတွေကတော့ မဆိုးပါဘူးလို့ ပြောကြပါတယ်။



ဒါပေမယ့် သူဆက်ရှင်းပြတာက -

"ကိုယ့်အလုပ်မှာ မိနစ်တိုင်း အချိန်ပြည့် မပျော်နိုင်ရင် အလုပ်မှားလုပ်မိပြီဆိုရမှာပဲ၊ ကျွန်တော်တို့ဟာ ပရိသတ်အတွက် ဖျော်ဖြေသလို ကျွန်တော်တို့အချင်းချင်းအတွက်လည်း ဖျော်ဖြေတယ်၊ အခြေအနေပေးရင် လမ်းထောင့်တစ်နေရာကနေ လမ်းသွားလမ်းလာတွေကိုတောင် ဆိုတီးပြချင်ပါသေးရဲ့ ကျွန်တော်တို့က တီးမှုတ်သီဆိုရတဲ့အလုပ်ကို မြတ်နိုးတာပါ။ ကျွန်တော်တို့အဖို့ ရှောမကန်ထရိုက်ကြီးနဲ့ ခွေတက်ပြားသွင်းခွင့်ရရ မရရ ခြိမ့်ခြိမ့်သဲသဲနဲ့ ရှိုးပွဲကြီးဆိုရတယ်လို့ သတင်းခေါင်းစဉ်ကြီးနဲ့ပါပါ မပါပါ ကျွန်တော်တို့ကတော့ သီချင်းဂီတတွေ ဖန်တီးနေမှာပါပဲ"

## အကိုးအကား

လုပ်ရပ်တစ်ခု၊ ဖြစ်စဉ်တစ်ရပ်ဟာ အချိန်တိုအတွင်း အဆုံးအဖြတ်ရကောင်းရပေမယ့် သုတေသီများ၏လေ့လာချက်အရ လူတွေရဲ့ကိုယ်ပိုင်ခံယူချက်ဖြစ်တဲ့ သူတို့ကိုယ်သူတို့ ရှုမြင်သုံးသပ်ချက်တွေနဲ့ သူတို့စွမ်းဆောင်နိုင်တဲ့ အရည်အချင်းတွေက အဲဒီဖြစ်စဉ်ရဲ့ အကောင်းအဆိုးနဲ့ နည်းနည်းလေးမှ မဆိုင်ပါဘူး။

ကိုယ်ပိုင်ခံယူချက်ဆိုတာကလည်း အိမ်နဲ့လုပ်ငန်းခွင်နှစ်ခုစလုံးရဲ့ ရေရှည်အတွေ့အကြုံပေါ်မှာ အခြေခံထားတဲ့ ယုံကြည်မှုနဲ့ခံစားမှုတွေ ပေါင်းစပ်ထားတာပဲဖြစ်ပါတယ်။

ဘလက် (၁၉၉၉)

(၉)

## ပထမတိုက်ပွဲပုံစံအတိုင်း ဆက်မတိုက်ပါနဲ့ •

လူတွေဟာ သူတို့ရဲ့ ကနဦးအတွေ့အကြုံတွေက သတင်းအချက်အလက်တွေကို ကြီးကြီးမားမား အားကိုးအားထားပြုပြီး ထင်ရှားထူးခြားတဲ့ သင်ခန်းစာတွေယူထားတတ်ကြပါတယ်။

ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ဘဝလမ်းကြောင်းကို မှတ်စုစာအုပ်အလွတ်တစ်အုပ်လို သဘောထားအစပျိုးခဲ့ရာက စမ်းသပ်တွေ့ရှိမှုတွေနဲ့ မှတ်သားစရာတွေကို စိတ်ထဲမှာဖြည့်ဆည်းရင်း တိုးတက်ထွန်းကားခဲ့ကြရတာပါပဲ။

ကျွန်တော်တို့ရဲ့ စိတ်မှတ်စုစာအုပ်မှာ ပထမဆုံးအတွေ့အကြုံတွေနဲ့ ပြည့်နှက်နေပါတယ်။

အခက်အခဲတွေ့တဲ့အခါ အဲဒီသင်ခန်းစာတွေကို ထုတ်သုံးပြီးဖြေရှင်းဖို့ ကြံခဲ့ကြပေမယ့် လက်ရှိအခြေအနေနဲ့ စပ်ဟပ်မိခြင်းမရှိဘဲ ခုတ်ရာတစ်ခြား ရှရာတစ်လွဲဖြစ်ကုန်ပါတယ်။

အတွေ့အကြုံကို မှတ်သားထားပါ။ ဒါပေမယ့် ကိုယ့်အတွေ့အကြုံကို ထပ်သုံးလို့မရတဲ့အခြေအနေမျိုးတွေ ရှိတတ်တာကိုလည်း နားလည်ပါ။



## သာဓက

ရှဝင်းဘိုင်စကယ်ဟာ စက်ဘီးလောကရဲ့ ဥသျှောင်ဖြစ်ခဲ့တာ နှစ်တစ်ရာကျော်ပါပြီ။ ရှဝင်းတို့ရဲ့ စတုတ္ထမျိုးဆက်ဖြစ်တဲ့ အက်ဒဝပ်ရှဝင်းဟာ ၁၉၇၉-ခုနှစ်မှာ လုပ်ငန်းကို ဦးစီးအုပ်ချုပ်ခဲ့ရပါတယ်။

ဆယ့်သုံးနှစ်ကြာတော့ ဘိုင်စကယ်ကုမ္ပဏီအဖို့ မရှုနိုင်မကယ်နိုင် ဘေးကြပ်နံ့ကြပ်ဆိုက်ပြီး သူ့ရဲ့ဈေးကွက်ရှယ်ယာတွေ ၆၀-ရာခိုင်နှုန်းကျဆင်းသွားရတာကို ငုပ်တုတ်ထိုင်ကြည့်နေရတဲ့ဘဝ ရောက်သွားပါတော့တယ်။

ကုမ္ပဏီရဲ့ယိမ်းယိုင်ပျက်ယွင်းမှုကို သရုပ်ခွဲအဖြေရှာလိုက်တဲ့အခါမှာ ပစ္စုပ္ပန်အခြေအနေနဲ့ လိုက်လျောညီထွေ လုပ်ဆောင်ဖို့ ငြင်းဆန်ခဲ့တာကို တွေ့ရတော့တာပါပဲ။

အက်ဒဝပ်ရှဝင်းက မိသားစု အစဉ်အဆက်ပိုင်ခဲ့တာကို အကြောင်းပြုပြီး ကုမ္ပဏီက အင်အားချိနဲ့စပြုလာတဲ့အချိန်မှာ ပြင်ပငွေကြေးအထောက်အကူတွေ မလိုချင်ဘူးလို့ ခေါင်းခါခဲ့တာကြောင့်ဆိုပါတော့။

ရှဝင်းဆိုတာ စက်ဘီးလုပ်ငန်းမှာ နာမည်တစ်လုံးနဲ့နေတာ နာမည်ရပြီးသားအောင်မြင်ပြီးသားဆိုပြီး စီးသူတွေအလိုကျ ခေတ်မီဆန်းသစ်တီထွင်မှုတွေကို ငွေကုန်ကြေးကျခံပြီး မလုပ်ခဲ့တာလည်း တစ်ကြောင်းပေါ့။

ရှဝင်းအနေနဲ့ လက်ဆွဲနှုတ်ဆက်ရုံလောက်နဲ့ ရေရှည်အလုပ်ဖြစ်ခဲ့တယ်ဆိုတဲ့မှုကို အသေကိုင်ထားတာကြောင့်လည်း အက်ဒဝပ်ရှဝင်းဟာ သူ့ကုမ္ပဏီရဲ့ နှစ်ရှည်အတိုးတွေကို လုံလောက်အောင် မကာမိစေဘဲနဲ့ ဂျိုင်းယင့်စက်မှုထုတ်ကုန်လုပ်ငန်းကြီးက တရုတ်စီးပွားရေးသမားတွေလက်ထဲကို သူ့ကုန်ထုတ်လုပ်မှုတစ်ခုလုံးကို လွှဲအပ်ထားဖို့ သဘောတူခဲ့တယ်။

နောက်ဆုံး ၁၉၉၂-ခု အကုန်မှာတော့ ရဝင်းဘိုင်စကယ်ဟာ ဒေါ်လာ ၇၅-သန်း အကြွေးတင်ခဲ့ရုံမက တစ်လကိုတစ်သန်း အရှုံးပေါ်ခဲ့ပါလေရော…။ ဘဏ်ကြွေးတွေမကြေမချင်း ဘယ်ရင်းနှီးမြှုပ်နှံသူမှ အနားကပ်ဖို့ အလားအလာမရှိတော့ဘူး။ ကလေးတွေအတွက် ထုတ်လုပ်ပေးမှုဟာ လုံးဝရပ်ဆိုင်းသလောက်ဖြစ်သွားတယ်။ ဒီ့အပြင် ဂျိုင်းယင့်ကုန်ထုတ်လုပ်ငန်းက ရဝင်းနဲ့ပူးပေါင်းလုပ်ဆောင်တာကို အဆုံးသတ်လိုက်ပြီး ရဝင်းငွေတွေကို တစ်ဖက်လှည့်နဲ့ အသုံးချရာက သူ့ကိုယ်ပိုင်စက်ဘီးတွေ ထုတ်ခဲ့တော့တာပဲ။ ရဝင်းကုမ္ပဏီလည်း လူမွဲစာရင်းကြေငြာပြီး ဒေဝါလီခံလိုက်ရတယ်။ မိသားစု ပိုင်လုပ်ငန်းကြီးတစ်ခုလုံးကို ဆုံးရှုံးသွားရတယ်။ အဲ့သလို ပျက်သုဉ်းခန်းဆိုက်တဲ့အထိ အက်ဒဝပ်ရဝင်းက "တို့ဟာ ရှိသင့်ရှိထိုက်တဲ့နေရာမှာ ရှိနေပါတယ်" လို့ ရှင်းချက်ထုတ်နေတုန်း သူ့စကားကို မိသားစုဝင်တစ်ယောက်က ခုလို တုန့်ပြန်ခဲ့ပါသတဲ့။

"တို့ရှိသင့်ရှိထိုက်တဲ့နေရာဆိုတာ ဘီးတွေဖက်ပြီး အိပ်နေရာက လုပ်ငန်းကြီး လက်လွှတ်ဆုံးရှုံးလို့ ဘဝပျက်သွားရတာကို ပြောတာဖြစ်မှာပေါ့"

## အကိုးအကား

ငွေကြေးတာဝန်ခံ မန်နေဂျာတွေကို သုတေသနလုပ်မှုတွေအရ သူတို့ထဲက ၇၅-ရာခိုင်နှုန်းဟာ သူတို့ရဲ့ပထမဆုံးအောင်မြင်မှု အတွေ့အကြုံတွေကို တရားသေကိုင်စွဲပြီး လုပ်ငန်းဆောင်ရွက်မှုအပိုင်းကို ပုံစံချတယ်လို့ တွေ့ရှိခဲ့ကြရပါတယ်။ နောက်ဆုံးတော့ ဒီလိုတစ်ဖက်စောင်းနင်း သမားရိုးကျဆန်မှုဟာ စီးပွားရေးဈေးကွက်မှာ အဝယ်များအရောင်းများတွေကြုံစေပြီး မလုပ်သင့်တာတွေ အလွန်အကျွံလုပ်မိရာက မဖြစ်သင့်တာတွေ ဖြစ်ကုန်ရတော့တာပါပဲ။

ဂေါ့တ်ဇ် (၁၉၉၉)

(၁၀)

## အပြောင်းအလဲလုပ်လို့ရပါတယ်၊ လွယ်တော့မလွယ်ဘူး ။

တီဗီက စီးပွားရေးကဏ္ဍတွေမှာ သင်ဟာ သင့်ကိုယ်သင် ပြောင်းလဲပစ်နိုင်ကြောင်း တစ်ချိန်လုံးပြသနေပါတယ်။

စီးပွားရေးကြော်ငြာသရုပ်ဆောင်တွေဟာ စက္ကန့်သုံးဆယ်အတွင်းမှာ တတ်သိလိမ္မာသွားကြတာ၊ အဝလွန်နေရာက ပိန်သွားတာ၊ ပိန်နေတာက ကျန်းမာဝဖြိုးအလုတိုးကုန်ကြတာ၊ လူချမ်းသာကြီးတွေဖြစ်သွားတာတွေ့ရပါလိမ့်မယ်။ ဒါပေမယ့် ဒီစိတ်ကူးယဉ်ကမ္ဘာဟာ ကျဆုံးမှုကိုသာ ဖန်တီးနိုင်ပါတယ်။

လူတွေအနေနဲ့ သူတို့ဘဝကို အံ့ဩစရာပြောင်းလဲမှုတွေလုပ်ရင် ဖြစ်နိုင်ကြောင်း ကျွန်တော်တို့ ကြားခဲ့ရတာနဲ့အမျှ အဲဒီဖြစ်ရပ်တွေအတိုင်း ပုံတူကူး အတုခိုးဖို့ကြံမိကြပါတယ်။

တကယ်ကြိုးစားလုပ်ကြည့်တဲ့အခါမှာတော့ မိနစ်ပိုင်းနာရီပိုင်းမပြောနဲ့၊ ရက်ပိုင်းလပိုင်းအတွင်းမှာတောင် ထင်သလိုဖြစ်မလာတာ တွေ့ရပါတယ်။ ဒါနဲ့အမျှ လုပ်ရင်းကိုင်ရင်းက ချာလပတ်ရမ်းပြီး မလုပ်ခင်ကထက် ဆိုးတဲ့အခြေအနေ ဆိုက်သွားတယ်လို့တောင် ခံစားရတာကလား・・・။

ပြဿနာက စင်စစ်တကယ်အားဖြင့် အပြောင်းအလဲဆိုတာ ဖြစ်နိုင်ပေမယ့် ချက်ချင်းလက်ငင်းလုပ်လို့မရတာပါပဲ။ ခုရေတွင်းတူး ခုရေကြည်သောက်ချင်လို့ မဖြစ်သလိုပဲပေါ့၊ စီးပွားရေးလောက မလေ့ထုံးတမ်းအရလည်း လုပ်ငန်းတစ်ခုရဲ့ ပြီးမြောက်အောင်မြင်မှု၊ ဆုံးရှုံးနစ်နာမှုဆိုတာ တစ်နှစ်တော့ အနည်းဆုံးအချိန်ယူရပါသတဲ့။

နှစ်နဲ့ချီပြီးကြာမယ့် ပြောင်းလဲရေး အစီအစဉ်တစ်ခုကို ဝယ်မယ့်သူမရှိတာကြောင့် ရောင်းတဲ့လူလည်း မရှိပါဘူး။

ဒါပေမယ့် အရေးကြီးဆုံး အပြောင်းအလဲတွေ အောင်မြင်ဖို့ဆိုရင်တော့ နှစ်များစွာ အချိန်ယူရပါလိမ့်မယ်။

ကျောင်းမှာ ပထမတန်းတက်တက်ချင်း အပိုဘာသာတွဲတွေဖြစ်တဲ့ အက္ခရာသင်္ချာနဲ့ ၁၈၁၂-ခုနှစ် စစ်ပွဲသမိုင်းကို သင်ရမှာမဟုတ်ပါဘူး။ အထက်တန်းပညာဆိုတာ သင်ယူဖို့ ဆယ်စုနှစ်မကကြာသလို ထူးခြားနိုင်မာတဲ့ အပြောင်းအလဲကို ထောက်ကူပေးစွမ်းနိုင်ပါတယ်။

ဘဝမှာ ထူးခြားခိုင်မာတဲ့ ပြောင်းလဲမှုကို ရယူဖို့ဆိုတာ ဒီနေ့တစ်ရက်တည်းနဲ့ မပြီးပါဘူး။ သို့သော်လည်း ဒီနေ့ပဲ အစပျိုးလို့တော့ ရပါတယ်။



## သာဓက

ချာလီရဲ့အလုပ်က လုပ်ငန်းအပြောင်းအလဲတွေနဲ့ သက်ဆိုင်ပါတယ်။ သူဟာ ကုမ္ပဏီတစ်ခုက အခြားလုပ်ငန်းကို ပြောင်းလုပ်ချင်တယ်ဆိုရင် အကူးအပြောင်းကာလမှာ အဆင်ပြေချောမွေ့အောင် ပါဝင်ဆောင်ရွက်ပေးသူပါ။ ဒီအတွေ့အကြုံအရ အပြောင်းအလဲကိစ္စတွေနဲ့ ပတ်သက်ပြီး ရေ့အလားအလာတွေကို အထူးသိမြင်နိုင်စွမ်းတွေရှိတာပဲဆိုပါတော့။

"ကုမ္ပဏီတွေမှာ လုပ်ငန်းတိုးတက်ဖွံ့ဖြိုးအောင် အကောင်အထည်ဖော်မှုနဲ့ အလုပ်သမားတွေရဲ့ ဘဝအခြေအနေကောင်းမွန်အောင် ဖန်တီးပေးဖို့ သူ့ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်နည်းလမ်းတွေ ထားရှိပါတယ်။ အဲဒီ့မူ အဲဒီ့ထုံးတမ်းအစဉ်အလာတွေဟာ မြန်းခနဲ ပြောင်းလဲပစ်ဖို့ မလွယ်ပါဘူး၊ ဒီမူဒီဝါဒတွေက ကုမ္ပဏီတွေကို လုပ်နိုင်စွမ်းရှိသလောက် မလုပ်နိုင်အောင် နောက်ပြန်ဆွဲထားတတ်သလို တစ်ခါတစ်လေလည်း မတူခြားနားတဲ့လုပ်ငန်းနှစ်ခုကို ပေါင်းစည်းပြီး တစ်ပြိုင်တည်း အကျိုးဖြစ်ထွန်းအောင် လုပ်နိုင်ဖို့အရေးကို ဟန့်တားထားတတ်ပါတယ်"

ချာလီလုပ်တာကတော့ အဲဒီ့ကုမ္ပဏီတွေရဲ့ မူ၊ နည်းစနစ်တွေကို သုံးသပ်လေ့လာပြီး သူတို့နဲ့ကိုက်ညီမယ့် အနာဂတ်ကို ပုံစံချပေးရတာပါပဲ။

"တကယ်လို့ ကုမ္ပဏီရဲ့မူဟောင်းဟာ ရေရှည်အကျိုးမပြုနိုင်တာကိုတွေ့ရင် မူသစ်ပြောင်းပေးဖို့ လိုလာပါတယ်၊ ဒါပေမယ့် သတိထားပြီးပြောင်းပေးရမှာဖြစ်ပါတယ်၊ တကယ်လို့ အလောသုံးဆယ် အတင်းအကြပ်တွန်းထိုးပြောင်းပစ်မိရင် (ဒါမှမဟုတ်) ပုံစံဟောင်းကို အတိအလင်းသွေဖည်တဲ့ နည်းလမ်းတွေသုံးမိရင်တော့ အကြီးအကျယ်ကမောက်ကမဖြစ်ပြီး ကျွမ်းပစ်ကျသွားမှာပဲ၊ ပြင်ခါမှ ပိုပျက်ပြီး အခြေအနေဆိုးသွား

နိုင်တယ်၊ မပြင်ဘဲနဲ့ နဂိုအတိုင်းထားလိုက်တာကမှ တော်ဦးမယ်" ဟု ချာလီက ပြောပါတယ်။

တစ်ဆက်တည်းမှာ သူ့ညွှန်းဆိုပုံက -

"အသက်ရှည်စွာ အနာမဲ့ရေးဆိုတဲ့ ကျန်းမာရေးနဲ့ပတ်သက်လို့ အပြောင်းအလဲလုပ်တာဟာ ရေရှည်ကိစ္စဖြစ်သလို လူတွေနဲ့သာမက လုပ်ငန်းကုမ္ပဏီတွေနဲ့ပါ သက်ဆိုင်ပါတယ်" တဲ့။

## အကိုးအကား

အပြောင်းအလဲတစ်ခုလုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ ထိန်းသိမ်းကွပ်ကဲမှုနဲ့ အကောင်းမြင်ဝါဒတွေပေါ်မူတည်ပြီး အံ့သြဘနန်းခံစားမှုတွေကို ရရှိစေပါတယ်။ ဒါပေမယ့် အပြောင်းအလဲ မအောင်မြင်တဲ့အခါ အဲဒီခံစားချက်တွေဟာ သက်တမ်းတိုကုန်ပါတယ်။ ယထာဘူတမကျတဲ့ မျှော်လင့်ချက်တွေနဲ့ အချိန်တိုကာလအတွင်း မိမိကိုယ်မိမိ ပြောင်းလဲဖို့ ဘယ်လောက်ပဲကြိုးပမ်းကြိုးပမ်း ဘဝအောင်မြင်မှုနဲ့ ကျေနပ်အားရမှုတွေကို အပြည့်အဝရမှာမဟုတ်ပါဘူး။

### ပေါလစ်ဗီနင့် ဟားမင်း (၂၀၀၀-ခုနှစ်)

## (၁၁)

## ဆန့်ကျင်ဘက်တွေရဲ့ ထင်မြင်ယူဆချက်တွေကို ရှာဖွေရယူပါ ●

လောကကြီးမှာ အစပျိုးသူတွေနဲ့ အဆုံးသတ်သူတွေရယ်လို့ ရှိကြပါတယ်။ အမြင်ကျယ်သူတွေနဲ့ အနုစိတ်လိုက်သူတွေလည်း တစ်ပုံကြီးပါ။ တစ်ချို့ဟာ စီမံကိန်းချမှတ်တဲ့နေရာမှာ သူမတူအောင် တော်ပေမယ့် အကောင်အထည်ဖော်ရာမှာတော့ ညံ့ချင်ကြပါတယ်။ တစ်ချို့ကျတော့ စီမံကိန်းတစ်ခုကို နိုင်နိုင်မြဲမြဲ ကိုင်စွဲလုပ်ဆောင်နိုင်တဲ့ တိုင်အောင် နောက်တစ်ခုနဲ့ကျတော့ မအပ်စပ်ပြန်ပါဘူး။

ခင်ဗျားရဲ့စီမံကိန်းတွေမှာ ပါဝင်ပတ်သက်လာတဲ့လူတွေရဲ့ ဝိသေသထူးခြားမှုတွေနဲ့ အထင်အမြင်တွေ ဆန့်ကျင်ဖက်ဖြစ်လာတာကို အမြတ်ထုတ်တတ်ဖို့လိုပါတယ်။

### သာဓက

ဒေါက်တာ ဟိုးဝပ်မူးရက်ဒ်ဟာ အရေပြားနဲ့ မျက်နှာအလှပြုပြင်ကုသရေး ပါရဂူတစ်ယောက်ဖြစ်ပြီး လော့စ်အိန်ဂျလိစ်တစ်ခွင်မှာ ထင်ရှားသူတစ်ဦးပါပဲ။

ဘယ်လုပ်ငန်းမှာမဆို အပြည့်အဝကျွမ်းကျင်သူ မရှိသလောက်ပါပဲလို့ သူက ယုံကြည်ပါသတဲ့။

ကျွန်တော်ဟာ လူနာဖြစ်သူရဲ့ သဘောထားကို အရေးထားပါတယ်၊ လေဆာ ရောင်ခြည်နဲ့ခွဲစိတ်မှုကို လူနာကမကြိုက်ဘူးဆိုရင် မျက်နှာအလှပြုပြင်သူတစ်ယောက် အနေနဲ့ တစ်ခြားနည်းကို သုံးပါတယ်"

ဒေါက်တာမူရက်ဒ် အရေးကြီးတဲ့မေးခွန်းကိုလည်း ခုလိုပြောပါတယ်။

"ခင်ဗျားမှာ ရောဂါမရှိရုံနဲ့ တကယ်တမ်းကျန်းမာပြီလို့ဆိုမလား၊ အဖြေက တော့ တခါတရံ မဆိုနိုင်ဘူးပဲ၊ ကျန်းမာဖို့ ရှင်လန်းချမ်းမြေအောင်နေတတ်တဲ့ အသိ ဉာဏ်ရှိရမယ်၊ ကိုယ့်ကိုယ်ကိုယ် ဂရုတစိုက်နဲ့ စောင့်ရှောက်နိုင်တဲ့ စွမ်းရည်လည်း အမြင့်ဆုံးလိုအပ်ပါတယ်"

ကျန်းမာရေးနဲ့ အလှပြုပြင်ရေးလုပ်ငန်းမှာ အနှစ်နှစ်ဆယ်ကြာ လုပ်ကိုင် ပြီးတဲ့နောက် ဒေါက်တာမူရက်ဒ်ဟာ အလှကုန်ပစ္စည်းထုတ်လုပ်မှုနဲ့ ကုသမှုတွေက တစ်နှစ်ကို သန်း-၆၀ လောက်ဝင်ငွေရခဲ့ပါပြီ။

ဒါကလည်း အဓိကအချက်တစ်ချက်ကို လက်ကိုင်ထားလို့ ခုလိုအောင်မြင် ခဲ့ရတာလို့ သူကဆိုပါတယ်။

"ကျွန်တော်ဟာ ပွင့်လင်းရိုးသားတယ်၊ ကိစ္စရပ်တိုင်းမှာ ကွဲပြားခြားနားတဲ့ အမြင်တွေနဲ့ သုံးသပ်ဆောင်ရွက်တယ်၊ ကျွန်တော်မသိတဲ့ကိစ္စတွေကို နားလည်တဲ့လူ တွေနဲ့ ပူးပေါင်းလုပ်ကိုင်တယ်"

### အကိုးအကား

လုပ်ငန်းခွင်မှာ သွင်ပြင်လေ့စရိုက်မတူသူတွေနဲ့ ညှိနိူင်းစုပေါင်းလုပ်ကိုင်တာ ဟာ ငြိမ်းချမ်းလုပ်ဆောင်တာထက် ၁၄-ရာခိုင်နှုန်းပိုပြီး ကုန်ထုတ်နိုင်စွမ်းရှိပါတယ်။

**ဖစ်ရားမက်ခရော့ဆန်နှင့် ဝေါင်း (၁၉၉၈)**

## (၁၂)

## လမ်းညွှန်ချက်တွေကို ရေးမှတ်ထားပါ •

သင်မရောက်ဖူးတဲ့ ဒေသတစ်ခုကို ရောက်သွားမယ်ဆိုရင် လမ်းညွှန်ချက်တွေ ရေးဆွဲထားရပါလိမ့်မယ်။

ဒါပေမယ့် သင့်ရဲ့အနာဂတ်ဘဝခရီး၊ ရည်မှန်းချက်ပန်းတိုင်တွေနဲ့ အကောင် အထည်ဖော် ရယူဖို့လုပ်ငန်းစဉ်တွေကို စဉ်းစားရာမှာတော့ စာနဲ့ပေနဲ့ မှတ်မှတ်သားသား သင်ချရေးချင်မှ ရေးထားမိမှာပေါ့။

အရေးကြီးတဲ့ ခရီးစဉ်ကျမှ တခုတ်တရ တေးမှတ်မထားရင် ဘယ်လိုရှေ့ဆက် သွားမလဲ၊ ဘာတွေဖြစ်ကုန်မလဲ စဉ်းစားသာကြည့်ပေတော့။

ဒီတော့ သင့်ရဲ့အကြံအစည်၊ စီမံကိန်း၊ ရည်မှန်းချက်ပန်းတိုင်တွေကို စာရွက် ပေါ်ချရေးထားတာဟာ သင့်အတွက် ပိုပြီးခရီးရောက်နိုင်ပါတယ်။ လက်တွေနဲ့ ပိုနီးစပ် သွားပါတယ်။

သင့်ခြေလှမ်းတိုင်းမှာ ရည်မှန်းချက်ပန်းတိုင်ကို လှမ်းကိုင်နိုင်မယ့် လုပ်သင့်လုပ်ထိုက်တာတွေလုပ်ရင်း လိုအင်ဆန္ဒတွေကို ဖြည့်ဆည်းပေးရာက အဆုံးတစ်နေ့မှာ အောင်ပွဲခံရမှာ မလွဲပါဘူး။

## သာဓက

ဟယ်ရီဟာ လုပ်ငန်းအတိုင်ပင်ခံ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပြီး လုပ်ငန်းပေါင်းစုံက ကျွမ်းကျင်သူတွေ အောင်မြင်မှုမရဘဲ အထစ်အငေါ့ဖြစ်နေတဲ့အခါမျိုးမှာ တွဲဖက်ပါဝင်အကြံပေးရပါတယ်။

ဟယ်ရီက သူတို့တကယ်တမ်း ဘာလိုချင်တယ်ဆိုတာသာ မေးရုံမကဘဲ "ခင်ဗျားတို့ ပစ်မှတ်ကဘာလဲ၊ ဘာကိုလိုက်ရှာနေသလဲ" လို့ပါ မေးလေ့ရှိပါသတဲ့။

သူ့အနေနဲ့ လူတွေကို စူးစမ်းလေ့လာရာမှာ သူတို့ဘာလုပ်ချင်တယ်ဆိုတာ မေးမယ့်အစား သူတို့ဘာလုပ်ဖို့လိုအပ်တယ်ဆိုတာ သိအောင်သာဖော်ထုတ်ဖို့ ကြိုးစားပါတယ်။

ဒီတွင် လူတွေဟာ သူ့မေးခွန်းကိုဖြေဖို့ အဆင်သင့်မရှိကြတာ မကြာခဏတွေ့ရတယ်လို့ ဆိုပါတယ်။

"လူတွေကို သူတို့တကယ့်တကယ် ဘာလုပ်ဖို့လိုအပ်သလဲလို့ မေးလိုက်တိုင်း ဒီမေးခွန်းရဲ့အဖြေကို အဆင်သင့် စဉ်းစားထားတာမရှိပါဘူး၊ ဒါမှမဟုတ် အရင့်အရင်နှစ်ပေါင်းများစွာကတည်းက တွေးထားပုံမရကြပါဘူး"

ဒီတော့ ဟယ်ရီက သူ့အလုပ်ရှင်တွေကို မှတ်တမ်းတစ်စောင်ရေးထားဖို့ အကြံပြုပါတယ်။ ဒီမှတ်တမ်းအရ သူတို့ရှာဖွေနေတဲ့လိုအပ်ချက်တွေ အမှန်အကန်ပေါ်လာလိမ့်မယ်လို့ သူယုံကြည်လို့ပါပဲ . . .။



"ခင်ဗျားခေါင်းထဲမှာ ပေါ်လာသမျှ ရေးချလိုက်ရင် ခင်ဗျားရဲ့အတွေးတွေကို ကွက်ကွက်ကွင်းကွင်း မြင်လာသလို ကိုယ့်ဖာသာကိုယ်မသိတာတွေတောင် တွေ့လိုက်ရမှာဖြစ်ပြီး ခင်ဗျားရည်မှန်းချက်နဲ့ ခင်ဗျား အံဝင်ခွင်ကျဖြစ်မဖြစ် ဆိုတာလည်း သိသွားနိုင်ပါတယ်"

## အကိုးအကား

နေ့စဉ်မှတ်စု ပုံမှန်ရေးလေ့ရေးထရှိသူတွေ (ဒါမှမဟုတ်) ကိုယ့်ရဲ့မျှော်လင့်ချက်ပန်းတိုင်နဲ့ ကြိုးပမ်းမှုတွေကို တိုက်ရိုက်ညွှန်းဆိုကဲ့ လုပ်ငန်းအခြေအနေတွေကို မှတ်တမ်းတင်တဲ့လူတွေအဖို့ သူတို့ရဲ့ တစ်သက်တာဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်လို့ ၃၂ ရာခိုင်နှုန်း အကျိုးခံစားခွင့်ရလိုက်တာနဲ့ မခြားပါဘူး။

ဟိုးဝပ် (၁၉၉၉)

## (၁၃)

## စံလွဲတတ်တာတွေကို ကြိုတွေးမိဖို့လိုတယ် ။

ပြဿနာရဲ့ဖြစ်တတ်တဲ့ သဘာဝကို လူတိုင်းနားလည်ကြသလို စံတင်လောက်တဲ့ ဖြေရှင်းချက်ကို သတိကြီးစွာနဲ့ စဉ်းစားကြစမြဲပါ။ ဒါနဲ့အမျှ လူတိုင်းလိုလို အကြံအစည်တစ်ခုကို ကြီးကြီးကျယ်ကျယ်ချမှတ်ထားပြီးတဲ့နောက် ဆန့်ကျင်သွေဖီမှုတွေ ဖြစ်မလာတန်ဘူးလို့လည်း ယူဆထားလိုက်ကြပါတယ်။

သို့ပေမယ့် ကံမကောင်းအကြောင်းမလှစွာပဲ လူတိုင်းဟာတစ်ချိန်လုံး အကျိုးသင့်အကြောင်းသင့် ဆက်စပ်တွက်ဆခဲ့ကြတာကို တွေ့ရပါတယ်။ အကြံကောင်းတစ်ခုဟာ အကြံကောင်းပီပီ ဖြူးဖြောင့်ပြီး ရလဒ်ကောင်းတွေ ထွက်လာမယ်လို့ ယုံကြည်ခဲ့ကြတယ်ဆိုပါတော့။



အတွေ့အကြုံတွေကပေးတဲ့ သင်ခန်းစာတွေအရ ကျွန်တော်တို့ဟာ ယထာဘူတမကျတဲ့ ဆုံးဖြတ်ချက်တွေကို ချမိကြတာသာများပါတယ်။ ရံဖန်ရံခါ အခြေအမြစ်မယ်မယ်ရရမရှိဘဲ အစိုးရိမ်ကြီးပြီး အကြောက်လွန်တတ်တာမျိုးလည်း ရှိတတ်ပြန်ပါတယ်။

ဒီတော့…အကြံထုတ်တဲ့နေရာမှာ ဖြစ်ရိုးဖြစ်စဉ် စည်းကမ်းဘောင်အတွင်းကသာမကပဲ တခြားလူတွေရဲ့ဆင်ခြင်တုံတရား ကင်းလွတ်သွားတဲ့ ကြောက်ရွံ့စိုးရိမ်မှုတွေကိုလည်း ထည့်တွက်ဖို့ အရေးကြီးပါတယ်။

### သာဓက

ကမ္ဘာကျော် ဘောဂဗေဒပညာရှင် ဂျွန်မေနဒ်ကီးနက်စ်ရဲ့ လက်သုံးစကားတစ်ခွန်းကတော့ စတော့မားကက်လို့ခေါ်တဲ့ ငွေကြေးဈေးကွက်ဟာ ဗြိတိသျှသတင်းစာတွေထဲ ပါနေကျပြိုင်ပွဲတစ်ခုနဲ့ အတော်လေးတူတယ်လို့ ဆိုတာပါပဲ။ ပြိုင်ပွဲဝင်တွေဟာ အမျိုးသမီးအယောက်-၂၀ ကျော် ၃၀ ရဲ့ ဓာတ်ပုံတွေထဲက အလှဆုံးခြောက်ယောက်ကို ရွေးပေးရတာပဲဖြစ်ပါတယ်။ တခြားပြိုင်ဘက်တွေ ထက်သာပြီး အမြေမြန်နဲ့ အနီးစပ်ဆုံးရွေးနိုင်တဲ့ပြိုင်ပွဲဝင်ဟာ ဗိုလ်စွဲတယ်ဆိုပါတော့။ ကီးနက်စ်ကပြောပါတယ်။

"အလှဆုံးဆိုတာ ကိုယ့်အမြင်၊ ကိုယ့်သဘောထား၊ ကိုယ့်အယူအဆ တစ်ခုတည်းနဲ့ ဆုံးဖြတ်ရွေးချယ်လို့ရတဲ့ ကိစ္စမဟုတ်သလို တခြားလူများစုရဲ့ ယေဘုယျသတ်မှတ်ချက်တွေလောက်နဲ့လည်း မလုံလောက်ပါဘူး။ ဒီအခါမှာ ကျွန်တော်တို့ရဲ့ထိုးထွင်းဉာဏ်ကို ယေဘုယျသဘောထားအရ ဘယ်အချက်တွေကို အလှဆုံးလို့သတ်မှတ်ထားတယ်ဆိုတာ တွေးဆတွက်ချက်တဲ့ တတိယအမြင်တစ်ခုကို ဖော်ထုတ်ဖို့ အားကိုးပြုရမှာဖြစ်ပါတယ်" တဲ့။

အဲဒီ့ကစားပွဲ(ဒါမှမဟုတ်)ငွေကြေးဈေးကွက်မှာ ကြောင်းကျိုးညီညွတ်စွာနဲ့ အကောင်းဆုံးကို ဖော်ထုတ်ရတဲ့အလုပ် မဟုတ်ဘူးလို့ ငြင်းဆိုပါတယ်။ အဲဒီ့အစား ဒီပြိုင်ပွဲ (သို့မဟုတ်) ငွေကြေးဈေးကွက်ဆိုတာ သာမန်လူစားတွေက တခြားသာမန်လူတွေရဲ့ အတွေးအကြံကို တွက်ဆခန့်မှန်းရာက ပေါ်ထွန်းလာတဲ့ ယုံကြည်ချက်တွေရဲ့ ရောင်ပြန်ဟပ်မှုပဲဖြစ်ပြီး အပြစ်အနာအဆာလည်း ကင်းချင်မှကင်းမယ်၊ သရော်စရာကောင်းလောက်အောင် စံလွဲနေတာလည်း ဖြစ်ချင်ဖြစ်မယ်။ သေချာတာကတော့ ခင်ဗျား ထင်မှန်းတဲ့အတိုင်း ဖြစ်မလာတတ်တာပါပဲ · · ·တဲ့။

## အကိုးအကား

အလုပ်ခန့်တဲ့ကိစ္စတွေကို သုတေသနပြုချက်အရ မဝှမ်မရဲနဲ့ ဆုံးဖြတ်ချက်ချလိုက်ရာက ပင်ကိုယ်အရည်အသွေး ထူးခြားပြည့်ဝတဲ့လူတစ်ယောက်ကို ရွေးမိလျက်သား ဖြစ်သွားတတ်တာဟာ ကျွမ်းကျင်တဲ့ နည်းစနစ်တွေအရ (ဝါ) သမားရိုးကျ လုပ်ထုံးလုပ်နည်းတွေကိုအခြေခံပြီး ရွေးချယ်ဆုံးဖြတ်တာထက် ၂၀-ရာခိုင်နှုန်းပိုသာနေတာ တွေ့ရပါတယ်။

ဘောက (၂၀၀၀)ခုနှစ်။

## (၁၄)

## အကောင်းဆုံးခံစစ်က နားထောင်ခြင်း •

အပြစ်တင် ဝေဖန်ခံရတာကို ဘယ်သူမှ မကြိုက်ပါဘူး။

ဒါကိုထပ်ပြီး နည်းနည်းအကျယ်ချဲ့ပြောရရင် လူတိုင်းက အတိုင်းအတာတစ်ခုထိ တုန့်ပြန်ခုခံတတ်ကြပါတယ်။ ဝေဖန်ပြစ်တင်မှုမှန်သမျှကို စိတ်လိုက်မာန်ပါနဲ့ ကန့်ကွက်ရင်းက အောက်ခြေလွတ်ပြီး ရမ်းကားမယ်။ သို့တည်းမဟုတ် ပြောတဲ့လူကို ရန်ငြိုးထားပြီး အကျိုးပျက်စီးကြောင်းကြံမယ်။

စင်စစ်တော့· · ·အဲသလို တန်ပြန်ရန်မူဖို့ မသင့်ပါဘူး။ ဒီလို ကက်ကက်လန် တန်ပြန်တာဟာ ကိုယ့်ရဲ့တိုးတက်ကြီးပွားမှု စွမ်းရည်ကို ပိတ်ပင်တားမြစ်ရာရောက်ပြီး မိတ်ပျက်မှုနဲ့ အကျိုးဆုတ်ယုတ်မှုတွေကိုသာ အားပေးပါတယ်။

ကိုယ့်မှာ လူစွမ်းလူစရှိတာကို နားလည်ပြီး ဒီအရည်အချင်းကောင်းကို ပြသရပါလိမ့်မယ်။ ဒါနဲ့အမျှ မခံချင်စိတ်နဲ့ ဂဲ့ရဲ့ဝေဖန်မှုတွေကို ရန်တုန့်မပြန်တာ အကောင်းဆုံးပါပဲ။

## သာဓက

အက်ဒ်ဟာ နိုင်မာတဲ့ဆက်သွယ်ရေး ကုမ္ပဏီကြီးတစ်ခုရဲ့ အမှုဆောင်အရာရှိ
အဆင့်ဖြစ်တဲ့ အရောင်းဌာန ဒုတိယဥက္ကဋ္ဌ ရာထူးကို တက်လှမ်းဖို့ကြံဆောင်နေသူပါ။
ဆိုးဆိုးရွားရွား အရောင်းကျတဲ့နှစ်တစ်နှစ်အနေနဲ့ ကုမ္ပဏီရဲ့အကျိုးစီးပွားကို
ထိခိုက်နစ်နာစေခဲ့ရာက အကြီးတန်းအုပ်ချုပ်ရေးအရာရှိတွေကို တာဝန်မှခွေ့ချရပ်ဆိုင်း
ဖို့စဉ်းစားနေရတဲ့ အချိန်ပဲဖြစ်ပါတယ်။

ဒီအချိန်မှာပဲ အက်ဒ်ဟာ အနှစ်နှစ်ဆယ်အတွင်း ပထမဆုံးအကြိမ်အဖြစ်
သူ့ရဲ့ကိုယ်ရေးရာဇဝင်အကျဉ်းကို တင်ပြခဲ့ရတာဆိုပါတော့ . . .။

ဒီတွင် သူဟာ ဘက်ပေါင်းစုံက ကန့်ကွက်မှုတွေနဲ့ ရင်ဆိုင်တွေကြုံခဲ့ရပြီး
သူ့အနေနဲ့ သူလျှောက်ထားတဲ့ရာထူးအတွက် လိုအပ်တဲ့အရည်အချင်းတွေ ပြည့်လွှမ်း
နေတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ငြင်းပယ်ခံခဲ့ရပါတော့တယ်။

သူက . . .

"ကျွန်တော့်အဖို့ ဒီအလုပ်တွေကို မျက်စိမှိတ်လုပ်နိုင်တာတော့ အမှန်ပါ။
ကျွန်တော်ဟာ လူ့စွမ်းအားနဲ့ပတ်သက်လို့ ငါမှသိ ငါမှတတ်ဆိုတဲ့ ဆရာကြီးတွေရှေ့မှာ
ငုပ်တုတ်ထိုင်အစစ်ခံရလိမ့်မယ်လို့လည်း ဘယ်တုန်းကမှ မမျှော်လင့်ခဲ့မိပါဘူး"

လို့ ရင်ဖွင့်ခဲ့ပါသေးတယ်။

"ကျွန်တော့်ရဲ့လုပ်ဖော်ကိုင်ဖက် မိတ်ဆွေအပေါင်းအသင်းတွေကတော့
ကျွန်တော့်အပေါ် ကိုယ်ချင်းစာ နားလည်ခဲ့ကြပါတယ်၊ ဒါပေမယ့် သူတို့က ကျွန်တော်
ရဲ့ စိတ်သဘောထားတွေ အသစ်ပြောင်းပစ်လိုက်ဖို့ လိုပြီလို့ဝိုင်းပြောခဲ့ကြပါတယ်၊ သူ
တို့အနေနဲ့ ဒီအလုပ်ဟာ ကျွန်တော်နဲ့ မထိုက်တန်လောက်အောင် နိမ့်ပါးတယ်လို့လည်း
မှတ်ချက်ချကြပါတယ်"



"သူတို့မှန်တယ်ဆိုတာ လုပ်ရင်းကိုင်ရင်းကပဲ သဘောပေါက်လာသလို
ကျွန်တော်လည်း ကြိတ်မှိတ်နေခဲ့ရာက ဘာဆက်လုပ်သင့်တယ်ဆိုတာ ခေါင်းအေးအေး
ထားပြီး စဉ်းစားခဲ့တော့တာပါပဲ"

နောက်ဆုံးတော့ အက်ဒ်ဟာ အခြေအနေအရပ်ရပ်ကို အမြင်သစ်နဲ့ချဉ်းကပ်
ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနဲ့ဆိုင်တဲ့ လုပ်ငန်းတစ်ခုကို အခြေချလုပ်ကိုင်
ခဲ့ပါတော့တယ်။

## အကိုးအကား

ခံကာကွယ်မှုဟာ လုပ်ငန်းခွင်နဲ့ ပတ်သက်လို့ အပြန်အလှန်ဆက်နွယ်မှု
မရှိလှပါဘူး။ အစည်းအဝေးတွေမှာ အပြင်းအထန်ခုခံပြောဆိုတဲ့လူတွေဟာလည်း
အနောက်အယှက်ပေးရုံသာ အဖတ်တင်ပြီး အလုပ်အကိုင်အသစ်တွေနဲ့ အဆင်ပြေမှု
လေးပုံတစ်ပုံလောက် နောင့်နှေးသွားရပါတယ်။

**ဟောက်ဂျင်နဲ့ လန်းဒ် (၁၉၉၉)**

## (၁၅)

## အောင်နိုင်သူဆိုတာ လုပ်ယူရတာဖြစ်ပြီး အလိုလိုမွေးဖွားလာသူတွေမဟုတ်ပါ ။

ကျွန်တော်တို့ခေတ်မှာ ကြီးမားတဲ့အောင်မြင်မှုရသူတွေဟာ ကံကြမ္မာက မျက်နှာသာပေးပြုံးပြခဲ့တဲ့ ကံထူးရှင်တွေပဲလို့ ပြောမယ်ဆိုရင်ဟုတ်ပါ့မလား။

တကယ့်လက်တွေ့ဖြစ်စဉ်အရဆိုရင်တော့ မဟုတ်ပါဘူးလို့ပဲ ဆိုရပါလိမ့်မယ်။ အောင်မြင်တဲ့ ပုဂ္ဂိုလ်တိုင်းလိုလို နည်းစံနစ်ကျကျ မဟာဗျူဟာမြောက်တဲ့ အကြံအစည်တွေအတိုင်း ကြိုးပမ်းအားထုတ်ခဲ့ကြရာက စင်ပေါ်ရောက်ခဲ့ကြသူတွေချည်းပါပဲ။ သူတို့ဟာ ကြုံလာတဲ့အခြေအနေပေါ်မူတည်ပြီး ရှေ့ဘာဆက်လုပ်ရမယ်ဆိုတာကို သိသူတွေလည်းဖြစ်ပါတယ်။

အိမ်တစ်လုံးဆောက်ရာမှာ စီမံကိန်းကျနပြီး ဘလူးပရင့်ခေါ်တဲ့ စနစ်ပုံတစ်ခုလည်း ရှိရမယ်ဆိုတာ ကျွန်တော်တို့နားလည်ထားကြပါတယ်။ ဒါပေမယ့် အောင်မြင်တဲ့ ဘဝတစ်ခုတည်ဆောက်ဖို့အတွက်တော့ တစ်စုံတစ်ခုကို မေ့နေကြသလို စံနစ်ပုံဇယားတစ်ခုထားဖို့လည်း သတိမရကြတာတွေ့ရပါတယ်။



## သာဓက

စားဖိုမှူး ဝေါလ်တာပိုတင်ဇာဟာ ရိုဒီကျွန်းက အောင်မြင်ပြီး အီတာလျံစားသောက်ဆိုင်သုံးဆိုင်ကို ပိုင်ဆိုင်သူပါပဲ။

သူဟာ စားဖိုမှူးကောင်းတစ်ယောက်ဖြစ်ဖို့ သင်ယူလေ့ကျင့်ခဲ့ပေမယ့် သူ့အစွမ်းအစတွေဟာ ဘဝပေးအသိကရတာလို့ ခုမှ မြင်တွေ့ခဲ့ရပါပြီ။

"ကျွန်တော့်ဘဝမှာ ခဏတစ်ဖြုတ်ကျောင်းနေခဲ့ရတာ၊ ပညာဗဟုသုတရှာခဲ့တာ၊ မိသားစုရဲ့နောက်ကြောင်းရာဇဝင်နဲ့ ကျွန်တော့်အဖေသွန်သင်ဆုံးမတဲ့ ကိုယ်ကျင့်တရား နီတိစကားတွေဟာ ကျွန်တော့်အတွက် ဘဝလမ်းညွှန်အဖြစ် အသုံးဝင်ခဲ့ပါတယ်။ အဲဒါတွေက ကျွန်တော့်ကို ထူးချွန်သူတစ်ယောက်၊ အစားအသောက်လုပ်ငန်းရှင်တစ်ယောက်ဖြစ်အောင် ဖန်တီးခဲ့တာပါပဲ"

ဝေါလ်တာဟာ ခုထက်ထိလည်း လေ့လာသင်ယူမှုတွေ မရပ်ခဲ့ပါဘူး။

"လျှို့ဝှက်ချက်တစ်ခုကတော့ ကိုယ်လုပ်တဲ့အလုပ်မှာ အမြဲတစေ ထိပ်တန်းက ရှိနေဖို့ပါပဲ၊ စားဖိုမှူးဆိုတာ အလိုလိုမွေးလာတာ မဟုတ်ပါဘူး"

ဝေါလ်တာက သူ့ရဲ့နေ့စဉ်နဲ့အမျှ ဖြစ်ထွန်းတိုးတက်မှုတွေရဲ့ အကြောင်းရင်းကိုလည်း ရှင်းပြခဲ့လေရဲ့ . . ။

"ကျွန်တော်က စာကို စွဲစွဲမြဲမြဲဖတ်တဲ့ စာဖတ်သူပဲခင်ဗျ၊ စာဆိုတာ ဖတ်လိုက်တိုင်းမှာ အကြံဉာဏ်တွေပေးတာကလား . . . ဒီအကြံဉာဏ်တွေကို ကိုယ့်ရဲ့လုပ်ငန်းထဲ သွတ်သွင်းလိုက်ရုံပါပဲ၊ ကိုယ့်ကိုယ်ကိုယ် ပျိုးထောင်လေ့ကျင့်ပေးရင်းနဲ့ ကိုယ့်အလုပ်ကို ပိုကောင်းအောင် လုပ်နိုင်တယ်ဆိုပါတော့ . . ."

ပြီးတော့ သူ့အချက်အပြုတ်လုပ်ငန်းမှာ အောင်မြင်မှုတွေရခဲ့တာနဲ့ ပတ်သက်လို့လည်း ရှင်းလင်းပြတ်သားတဲ့ အမိပ္ပါယ်ဖွင့်ဆိုချက်ကို လက်စွဲပြုထားပါတယ်။

~

"ကျွန်တော်က အဆန်းအသစ်ထွင်သူတစ်ယောက်အဖြစ် ကမ္ဘာ့ညီးတင်ကျန်ရစ်မယ့် အောင်မြင်မှုမျိုးကို မက်မောတာဗျ၊ အမေရိကန်မှာ အကောင်းဆုံး အီတာလျံဟင်းလျာတွေ ချက်ပြုတ်ရောင်းချသူလို့ နာမည်ယူချင်တာပေါ့၊ အစားအစာဆိုတာက အတိတ်က စားဖူးသောက်ဖူးတာတွေနဲ့ မိသားစုနဲ့ ဆက်နွယ်မှုရှိတယ်၊ ကျွန်တော့်အဖို့ အောင်မြင်မှုဆိုတာ ငွေဘယ်လောက်များများရအောင်လုပ်နိုင်တယ်ဆိုတာ မဟုတ်ပါဘူး။ ဒါပေမယ့် တစ်နေ့တာ ကုန်ဆုံးချိန်မှာ စားသုံးသူဆယ့်ငါးယောက် အယောက်နှစ်ဆယ်လောက်ကို စိတ်ချမ်းသာမှုပေးနိုင်တာနဲ့အမျှ ကျွန်တော်ပျော်ရွှင်ကြည်နူးရတာပဲဖြစ်ပါတယ်။

## အကိုးအကား

လုပ်ငန်းဦးစီးတွေကို စစ်တမ်းထုတ် သုတေသနပြုချက်အရ ၉၇-ရာခိုင်နှုန်းဟာ စီမံကိန်းတွေနဲ့ မဟာဗျူဟာမြောက်လုပ်ငန်းတွေရဲ့ အကျိုးဆက်အဖြစ် ဒီလိုရာထူးတွေရတာလို့ ယူဆကြပြီး ထက်ဝက်ကျော်ကျော်က လုပ်ငန်းစီမံချက်ကို ရုပ်လုံးဖော်ရာမှာ အောင်မြင်အောင်လုပ်နိုင်စွမ်းရှိသူတွေလို့ ယုံကြည်ခဲ့ကြပါတယ်။

ဂေါ်ဒန် (၁၉၉၇)

(၁၆)

## အစီအစဉ်တကျလုပ်ပါ

အသားညှပ်ပေါင်မုန့်လုပ်မယ်ဆိုရင် အစီအစဉ်တကျလုပ်ရတာပဲလေ။ ပထမ ပေါင်မုန့်ကို အချပ်လိုက်လှီးရမယ်။ ပြီးတော့ အစာသွပ်မယ်။ အနံ့အရသာမွှေးမွှေးလေးနဲ့ စားချင့်စဖွယ်ဖြစ်အောင်လုပ်မယ်။ နောက်မှ နောက်တစ်ခုကို ဆက်လုပ်မယ်ပေါ့။ ဒီနေရာမှာ အဆင့်ကျော်လုပ်လို့မရပါဘူး။ မုန့်ညှင်းရွက်ကြိုက်တယ်ဆိုရင်တောင် ပန်းကန်ထဲမှာ အရင်ထည့်ထားလို့မဖြစ်ပါဘူး။

ဒါနဲ့အမျှ ရည်မှန်းချက်ပန်းတိုင်ကို အမိဖမ်းလို့ အရောက်သွားမယ်ဆိုရင်လည်း တစ်ဆင့်ပြီးတစ်ဆင့် လှမ်းတက်ရမှာပါပဲ။ အပေါ်ထပ်တက်တဲ့လှေကားကို တစ်ထစ်ချင်းပဲ တက်ရပါတယ်။ တခါတရံ ပိုင်တယ်လို့စိတ်ချရတယ်ထင်ပြီး တစ်ထစ်ကျော်တက်သွားတာမျိုးလည်းရှိတတ်တာပေါ့။ ဒါပေမယ့် ခုန်ပျံကျော်လွှားလုပ်တဲ့နေရာမှာ ခြေလှမ်းမှားသွားတတ်ရာက အဆုံးကျတော့ ပျက်စီးခန်း ကြုံရတတ်ပါတယ်။

ဒါကြောင့် ပန်းတိုင်ကို အရောက်လှမ်းရာမှ တစ်ကြိမ်ကိုတစ်လှမ်းပဲလှမ်းပြီး ထိရောက်တဲ့ခြေလှမ်းတွေနဲ့ ဖြစ်ထွန်းတိုးတက်မှုကို တန်ဖိုးထားအရယူပါ။ ဒီလိုမှ မဟုတ်ရင်တော့ အောင်မြင်မှုပန်းတိုင်ကို ရောက်မှာမဟုတ်ပါဘူး။

## သာကေ

ဂျိမ်းစ် မက်အင်တိုင်ရီးဟာ လေယာဉ်ပျက်ကျမှုတွေကို စုံစမ်းစစ်ဆေးရပါတယ်။

"မတော်တဆမှုတစ်ခုမှာ ပျက်စီးမှုတွေနဲ့ အဆုံးသတ်ထားတာသာ တွေ့ရမှာဖြစ်ပြီး ဘယ်လိုစဖြစ်တယ်ဆိုတာကို နောက်ကြောင်းပြန်ခြေရာကောက်ရတာပါပဲ။

မက်အင်တိုင်ရီးဟာ ဘရွန်နစ်မြို့က ဆင်းရဲသားရပ်ကွက်မှာ ကြီးပြင်းခဲ့ရာက ရေတပ်လေသူရဲအဖြစ် သင်တန်းတက်ခဲ့ပြီး ကောလိပ်ကျောင်းမှာ ပညာတော်သင်သွားခဲ့ရပါတယ်။ ဒီနောက် ရေတပ်မှာ လေသူရဲအဖြစ်နဲ့ရော ကုန်သွယ်စီးပွားလေကြောင်းလိုင်းတွေမှာ လေယာဉ်မှူးအနေနဲ့ပါ ဆက်လက် အသက်မွေးခဲ့သူဖြစ်ခဲ့ပါတယ်။

သူ့အဖို့ ငယ်စဉ်က ကလေးဘဝ(ဝါ) ဆင်းရဲတွင်းထဲက အသည်းအသန်ရုန်းထွက်ခဲ့ရတဲ့အဖြစ်တွေကို ယောင်လို့တောင် ပြန်မစဉ်းစားချင်တော့ပါဘူးတဲ့ . .။

"အပါချီလေကြောင်းခံတပ်မှာ ကြီးပြင်းခဲ့ရတဲ့ ကျွန်တော်ဟာ မိုးပျံနေရမယ့်ဘဝမျိုးကို အိပ်မက်တောင်မမက်ရဲခဲ့သူပေါ့၊ ကျွန်တော့်အဖို့ မနက်ဖြန်ဆိုတာ မှုန်ဝါးဝါးပဲ ရှိနေတာနဲ့အမျှ လောလောဆယ် တစ်နေ့တာရင်သန်ဖို့ပဲ ကြိုးစားခဲ့ရတယ်ဆိုပါတော့၊ ဒီနောက် ရေတပ်မတော်က အဲ့ဒီနေရာက ကျွန်တော့်ကိုရွေးထုတ်ပြီး ကောလိပ်ကို သူတို့စရိတ်နဲ့ ပို့ပေးခဲ့တာပါပဲ။ ဒါပေမယ့် အနာဂတ်ကိစ္စကို ခေါင်းထဲမထည့်နိုင်ခင်မှာ သူတို့အတွက် နစ်နဲ့ချီပြီး အမှုတော်ထမ်းပေးခဲ့ရပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့



အဓိကမူဝါဒက ကိုယ်လုပ်နေတဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ပဲ၊ ကြိုးစားပြီး နောက်ပိုင်းဖြစ်လာမှာတွေကို တွေးပူနေတာမျိုးမရှိခဲ့ဘူး။ ကျွန်တော့်အဖို့ လက်ရှိသင်တန်းကို ဆည်းပူးလေ့ကျင့်နေတာဟာ လာမယ့်ကျွန်တော့်ဘဝတွက် ကောင်းကျိုးခံစားရမှာပဲလို့သာ နားလည်နေပါတယ်။

## အကိုးအကား

လူဆယ်ယောက်မှာ ခုနစ်ယောက်ဟာ အစီအစဉ်ကျနကောင်းမွန်မှုရှိတဲ့ သူတို့ရဲ့ အသက်မွေးဝမ်းကြောင်းလုပ်ငန်းတွေမှာ ပျော်မွေ့ကျေနပ်နေကြပါတယ်။ သူတို့ရဲ့ လုပ်ငန်းကို ဘက်ပေါင်းစုံက တန်ဖိုးဖြတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ကြီးပွားတိုးတက်ခဲ့တာပဲဖြစ်ပါတယ်။

**အီလီယော့ (၁၉၉၉)**

## (၁၇)

## ဘယ်နည်းနဲ့မဆို အတွေ့အကြုံတတ်နိုင်သမျှယူပါ ။

သင့်ရဲ့စိတ်ကူးအိပ်မက်တွေကို လက်တွေ့လုပ်ဆောင်ဖို့ ပေါ်လာတဲ့အခွင့်အရေးကို လက်လွှတ်မခံပါနဲ့။

သင့်အနေနဲ့ မလုပ်ချင်တဲ့အလုပ်ကို ဝင်လုပ်ခဲ့ရတဲ့တိုင်အောင် အဲဒီ့လုပ်ငန်းမျိုးက ထိုက်သင့်တဲ့အကျိုးကျေးဇူးတွေနဲ့ ပိုကောင်းတဲ့အကြံဉာဏ်တွေကို အရယူပြီး သင့်စိတ်ကြိုက်အလုပ်ကို လုပ်ရာမှာ အစပျိုးအသုံးချနိုင်ပါလိမ့်မယ်။

ယုတ်စွအဆုံး သင်နဲ့ဘယ်လိုမှ အံမကိုက်တဲ့အလုပ်ဖြစ်မှန်းသိတဲ့နောက် သင်ရဲ့အနာဂတ်စီမံကိန်းနဲ့ ပတ်သက်လို့ ညှိနှိုင်းပြင်ဆင်မှုတွေ လုပ်နိုင်မှာမလွဲပါဘူး။

### သာဓက

ဖရက်မာဇော့ချီဟာ ပန်းချီဆွဲတဲ့အလုပ်ကို အိပ်မက်မက်ခဲ့တာ ငယ်ငယ်လေးကတည်းကပါ။

"ပုံကြမ်းဆွဲတဲ့စာအုပ်လေးကိုင်ပြီး အသက်မွေးဖို့အလုပ်ဟာ များများစားစားမရှိပါဘူး။ အဲဒီ့အထဲမှာ ကြော်ငြာလုပ်ငန်းဆိုတာလည်း တစ်ခုအပါအဝင်ပေါ့"



သူ့ခမျာ စီးပွားရေးပန်းချီဆရာအဖြစ် အလုပ်ရာမရတဲ့အဆုံး ဖရက်တစ်ယောက် အတွေ့အကြုံရဖို့ အရဲစွန့်ပြီး အနစ်နာခံခဲ့ရပါတော့တယ်။ ဒါကတော့ ရေမဆေးကုမ္ပဏီကြီးတစ်ခုရဲ့ ကြော်ငြာဌာနငယ်မှာ လုပ်ခတစ်ပြားမှမရဘဲ လုပ်အားပေးအဖြစ် ဝင်ကူခဲ့ရခြင်းပါပဲ။

ဒါပေမယ့် လပိုင်းအတွင်းမှာပဲ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အတွေ့အကြုံတွေ တစ်ပုံတစ်ပင်ရခဲ့ရုံသာမက သူ့ရဲ့ကြိုးစားမှုအတွက် ထိုက်သင့်တဲ့လုပ်ခတွေပါ ခံစားခဲ့ရပါတယ်။

ကြော်ငြာအေဂျင်စီတော်တော်များများမှာ လျှောက်လုပ်ပြီးတဲ့နောက်တော့ ဖရက်ဟာ ဂရပ်ဖစ်ဒီဇိုင်းနဲ့ ဓာတ်ပုံလုပ်ငန်းတွေကို ကိုယ်ပိုင်တည်ထောင်မိပါတော့တယ်။ သူ့အနေနဲ့ အခမဲ့ဝင်လုပ်ခဲ့တာကို မကြာမကြာ ပြန်သုံးသပ်မိပါတော့တယ်။

"ဒါဟာ ဒီလုပ်ငန်းရဲ့အစအဖြစ် အခွင့်အရေးကောင်းတစ်ခုရခဲ့တာပါပဲ၊ ဒီနေ့ဆိုရင် အခမဲ့လုပ်စရာမလိုတော့ပါဘူး"

ဖရက်က ပြုံးပြုံးလေးနဲ့ ပြောခဲ့တာပါ။

### အကိုးအကား

လုပ်အားပေးဝင်လုပ်ခဲ့ကြတဲ့ တက္ကသိုလ်ကျောင်းသားတွေဟာ ဘွဲ့ရပြီးတဲ့နောက် အလုပ်ရာရာမှာ ၁၅-ရာခိုင်နှုန်းပိုလွယ်ကူတာတွေ့ရသလို သူတို့ထဲက ၇၀-ရာခိုင်နှုန်းက လုပ်အားပေးအတွေ့အကြုံအရ လုပ်ငန်းခွင်ထဲမှာ အတော်လေးအဆင်ပြေ ချောမောတယ်လို့ ယုံကြည်ကြပါတယ်။

**ကနောက်စ်၊ တန်နာနင့်ဟဲရစ်စ် (၁၉၉၉)**

(၁၈)

## ကိုယ့်ကိုယ်ကိုယ်လှုံ့ဆော်အားပေးမှုဟာ တစ်ကြိမ်တော့အလုပ်ဖြစ်ပါတယ် ●

တစ်ခုခုကို လူသိရင်ကြား ကြွေကြောလိုက်စမ်းပါ။

စိတ်ဓာတ်မြှင့်တင်ရေးသမားအားလုံးရဲ့ ပြောနေကျပောနေကျ စကားပါ။

သင်ဘာလိုချင်သလဲ၊ ဖွင့်ထုတ်ကြေငြာလိုက်ခြင်းအားဖြင့် လိုချင်တာရပါလိမ့်မယ်။

ကိုယ်ခန္ဓာအချိုးအစား ပိုပြီးလှပကျနချင်သလား၊ နှုတ်က ဖော်ထုတ်ကြေငြာလိုက်ပါ။ သင့်ကိုယ်လုံး ကိုယ်ပေါက် အချိုးအဆစ်ကျနလှပမှုကို ရနိုင်ပါတယ်။

ဒီ့ထက်ပိုကောင်းတဲ့ အလုပ်ကို လိုချင်ရင်လည်း အဲ့သလို ကြွေကြောစကားပြောရင်းက လိုချင်တဲ့အလုပ်မျိုးရပါလိမ့်မယ်တဲ့ . . .။

ဒီကြေငြာချက်တွေဟာ ကျွန်တော်တို့ကို စိတ်သက်သာရာရစေတယ်။ အားမာန်သတ္တိတွေဖြည့်စွမ်းပေးတယ်၊ ပြီးတော့ . . . မိမိကိုယ်မိမိ လေးစားအားထားမှုတွေ မြင့်မားစေပါတယ်။



ဒါပေမယ့် ဒီအကျိုးဆက်တွေဟာ တဒင်္ဂ၊ ခဏပန်းသာခံပြီး ပျက်ပြယ်သွားတာပါပဲ၊ တကယ်လို့ ကိုယ်မျှော်မှန်းသလို ဖြစ်မလာရင် စိတ်ဓာတ်ကျကုန်ပါလေရော။ ဒီလိုနဲ့ နောက်တစ်ခါ ကြေငြာချက်ထုတ်မယ်ဆိုရင် ယာယီစိတ်အားထက်သန်မှု ပေါ်ပေါက်လာတဲ့တိုင်အောင် အရင်တစ်ကြိမ်က မအောင်မြင်ခဲ့တာကို သတိရပြီး အကောင်အထည်ဖော်ဖို့ ခက်ခဲသွားပါတော့တယ်။

အောင်မြင်မှုဆိုတာ ကိုယ့်ကိုယ်ကိုယ် လှုံ့ဆော်အားပေးဖို့ လှည့်စားမှုနဲ့ ဆန္ဒပုန်းတွေကို ထုတ်ဖော်ကြေငြာရုံနဲ့ ရတာမဟုတ်ဘဲ ဖွံ့ဖြိုးတိုးတက်ဖို့ စနစ်တကျနဲ့ ပုံမှန်ကြိုးစားအားထုတ်မှုတွေအပေါ်မှာသာ မူတည်တယ်လို့ ဆိုပါရစေ။

### သာဓက

ဒေးဗစ်စိုင်နာဟာ အသက် ၁၅-နှစ်အရွယ်မှာ ကားတိုက်ခံလိုက်ရပါတယ်။ ဆရာဝန်တွေက သူ့ခြေထောက်တစ်ဖက် ဆုံးချင်ဆုံးသွားနိုင်တယ်လို့ပြောပါတယ်။ သူတော့ ဘဝပျက်ပါပြီလို့ ဒေးဗစ်အောက်မေ့လိုက်ရတာပါပဲ။

နောက်ဆယ့်ငါးနှစ်အကြာ ဒီအဖြစ်အပျက်ကို ပြန်လေ့လာကြည့်မိတော့ သူ့အသက်မသေခဲ့ရတာပဲ ကံကောင်းလှပြီလို့ နားလည်ခဲ့ရပြန်ပါတယ်။

အဲဒီ့အချိန်က သူဟာ ဘယ်သူတွေနဲ့ဘာကိုမှ သိပ်အရေးမစိုက်နိုင်ခဲ့သလို ကျောင်းမှာလည်း ဝိုင်းဝန်းအားပေးမှုတွေကို မခံယူခဲ့ပါဘူး။ ဘာပဲပြောပြော မတော်တဆမှုက သူ့ရဲ့ကာယစွမ်းအားတွေကိုနုတ်ယူသွားပေမယ့် မျှော်လင့်ချက်အသစ်တွက် စိတ်ဓာတ်ခွန်အားတွေ ပြည့်ဝစေခဲ့ပါတယ်။

"ကျွန်တော်ဟာဒုတိယဘဝကိုရိုးရိုးကုပ်ကုပ်ကလေးနဲ့ မာန်ချပြီးရင်ဆိုင်ခဲ့ပါတယ်။ ဒါပေမယ့်-ရောက်လေရာအရပ်တိုင်းမှာတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားမှုတွေပေါ် အားပြုခဲ့တာပါပဲ"

ဘဝသစ်ပြန်လည်ထူထောင်ရေးက ဒေးဗစ်ကို ကရာတေးသင်နိုင်းခဲ့ပါတယ်။ ဒီလိုနဲ့သူ့ခြေထောက်ကို တဖြည်းဖြည်းအသုံးပြုနိုင်ခဲ့ရာက ပြေးခုန်ပစ်အားကစားသမား တစ်ယောက်အဖြစ်သာမကပဲ ကားအမြန်မောင်းနိုင်သူဘဝကိုပါ ရလိုက်ပါတော့တယ်။

"အရေးပါပြီး လေးနက်တဲ့ ရည်ညွှန်းချက်တွေနဲ့ တာဝန်ပေးမှုတွေက ခင်ဗျားကိုယ်ထဲက ထွက်လာတာပါ၊ ဒါပေမဲ့ . . . တကြိမ်တစ်ခါ ရလိုက်တာနဲ့ ဘယ်နေရာမဆို ခင်ဗျားရောက်အောင် သွားနိုင်ပါပြီ"။

ဒီနေ့ဆိုရင် ဒေးဗစ်ဟာ အောင်မြင်တဲ့ အရောင်းသမား ဂီတပညာရှင်၊ ကရာတေး ခါးပတ်နက်နဲ့ ဆယ်ကျော်သက်တွေရဲ့ စေတနာအကြံပေး ပုဂ္ဂိုလ်အဖြစ်နဲ့ အလုပ်ပေါင်းစုံကို အားကြိုးမာန်တက် လုပ်ဆောင်နေပါတယ်။

ကျွန်တော်ဒီထက်ဒီ ကျန်းမာ၊ ပျော်ရွှင်၊ အောင်မြင်တဲ့ ဘဝကိုရဖို့ အပြုသဘောဆောင်တဲ့ အတွေးအမြင်တွေနဲ့ လက်တွေ့လုပ်ဆောင်မှုတွေကို ခဲခဲယဉ်းယဉ်းနဲ့ အပတ်တကုပ် ကြိုးစားသင်ယူခဲ့ရတာပါ။ ဒါနဲ့အမျှ ဒီအတွေ့အကြုံတွေကို နီးစပ်ရာလူတိုင်းကို တတ်နိုင်သလောက် မျှဝေပေးဖို့ နှစ်သက်လိုလားနေတော့တာပါပဲ။

## အကိုးအကား

ကျွန်ုပ်တို့၏ ဂဂ-ရာခိုင်နှုန်းသည် မိမိကိုယ်မိမိ ပြုပြင်ပြောင်းလဲမှုများလုပ်ရန် ထုတ်ဖော်ကြေငြာချက်များအရ အခိုက်အတန့်အားဖြင့် တိုးတက်မှုများအနေဖြင့် ကိုယ်ပိုင်မှု ကိုယ်ပိုင်ပုံစံများ ပေါ်ထွက်လာ၏။

သို့သော် ရက်သတ္တပတ်အနည်းငယ်အတွင်း စိတ်ပျက်ဖွယ်ရာ ကြုံလိုက်ကြရာမှ ကိုယ်ပိုင်ပုံစံများကို မကြေငြာခင်ကထက် ပိုမိုဆိုးရွားစေလေတော့သည်။

**ပိုလစ်ဗီးနှင့် ဟားမင်းန် (၁၉၉၉)**

# (၁၉)

## ဖြည်းဖြည်းသက်သာပြောဆိုပါ

ကျွန်တော်တို့မှာ ပြောစရာအကြောင်းတွေ အမြောက်အများရှိသလို အဲဒါတွေကုန်အောင်ပြောဖို့ အချိန်တိုတိုလေးသာရပါတယ်။ ဒီလိုနဲ့ ရသမျှအချိန်လေးအတွင်းမှာ အားရပါးရ တပြုံတမကြီးပြောဖို့ ကြိုးစားကြတော့တာပါပဲ။

သို့ပေမယ့် လူမှုဆက်သွယ်ရေးဟာ ကျွန်တော်တို့ပြောတဲ့ စကားလုံးအရေအတွက်ပေါ်မူမတည်ဘဲ နားလည်နိုင်တဲ့ အချက်အလက်တွေနဲ့သာ သက်ဆိုင်ပါတယ်။

စကားပြောကောင်းတဲ့ပုဂ္ဂိုလ်တွေဟာ ပါရဂူမြောက်လေ့ကျင့်ထားရာက ရိုးရိုးရှင်းရှင်းလေးနဲ့ ထက်မြက်ပြီး အားကောင်းတဲ့စကားလုံးတွေ သုံးကြပါတယ်။ ဒီ့အတွက် သူတို့ဟာ တခြားလူတွေထက်ပိုပြီး ဖြည်းဖြည်းလေးလေးနဲ့ ပြောတတ်ကြတာလည်း ဖြစ်ပါတယ်။

## သာဓက

သတင်းကြေငြာသူ ဒေးဗစ်ဘရင့်ကလေး ထူးခြားတဲ့အသံနဲ့ ဖတ်ကြားမှုတွေကို မျက်မှောက်ခေတ်မှာ မသိသူမရှိသလောက်ပါပဲ။

သူဟာ ဖြိုဟ်တုသတင်းတွေကို ဖွေဆော်ဦးထုတ်လွှင့်ပေးခဲ့သူဖြစ်သလို NBC ရုပ်သံလွှင့်ဌာနမှာ သတင်းအစီရင်ခံစာတွေ ပုံမှန်တင်ဆက်ဖို့ တာဝန်ယူထားပါတယ်။ ဒီ့အပြင် တနင်္ဂနွေမနက်တိုင်း သည်တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်ကဏ္ဍကိုလည်း ပင်တိုင်ပြောကြားပေးနေသူပါ။

သူက သူ့ခုလိုအောင်မြင်မှုတွေရခဲ့တာဟာ သူ့ဆရာတစ်ဦးရဲ့ ရိုးစင်းတဲ့အကြံပေးချက်ကို လိုက်နာခဲ့လို့သာဖြစ်ကြောင်းနဲ့ ဆရာ့ကျေးဇူးပါလို့ ထုတ်ဖော်ဝန်ခံခဲ့ပါတယ်။

"ဆရာက ကျွန်တော့်ကိုသင်ပေးခဲ့တာကတော့ မင်းစကားကို အမြန်ပြောရင် နားလည်တဲ့လူ သိပ်နည်းသွားမှာပေါ့၊ အဲဒါ အသည်းစွဲမှတ်ထား . . . တဲ့"

ဒါနဲ့ သူပြောတဲ့အတိုင်း ကျွန်တော်လုပ်ခဲ့တာပါပဲ။

## အကိုးအကား

ဖြည်းဖြည်းသက်သာပြောတဲ့ လူတွေရဲ့စကားဟာ တက်သုတ်ရိုက် ကျားလိုက်သလို ပြောတဲ့လူတွေထက် ၃ဂ-ရာခိုင်နှုန်းပိုပြီး အသိပေးရာရောက်တယ်လို့ ကျွမ်းကျင်သူများက သတ်မှတ်ကြလေရဲ့။

**ပီတာဆင်၊ ကင်နစ်တိုနင့် ဘရောင်း (၁၉၉၅)**

## (၂၀)

## သင့်ရဲ့ ရပ်တည်မှုဟာ သင့်အမြင်ပေါ်မှာ မူတည်တယ် ။

သင့်အခြေအနေကောင်းရဲ့လား။ အောင်မြင်နေသလား။ သာမန်ပဲလား။ ဒါမှမဟုတ် သာမန်အောက် နိမ့်ကျနေသလား။ အဖြေကို ကျွန်တော်တို့သိပါတယ်။ အဲဒါ သိသာပါတယ်။ မဟုတ်ဘူးလား။

ဒါပေမယ့် သင့်အနေနဲ့ ဒီအဖြေကို ဘယ်လိုနည်းနဲ့သိမလဲ။ သင့်ရဲ့တုန့်ပြန်မှုအဖြေကို ဘယ်နေရာကရသလဲ။

ဒီအကဲဖြတ်မှုတွေဟာ အမှန်အတိုင်းပြောရရင်တော့ နှိုင်းယှဉ်မှုနဲ့ လုံးဝဆက်စပ်နေပါတယ်။

ကိုယ်အောင်မြင်နေတယ်ဆိုတာကိုကိုယ့်လောက်မှအောင်မြင်တဲ့သူတွေရဲ့အခြေအနေနဲ့နှိုင်းယှဉ်ပြီးခံစားသိရှိနိုင်ပါတယ်။

ကိုယ်မအောင်မြင်ဘူး၊ အရေးနိမ့်နေတယ်ဆိုတာကိုလည်း ကိုယ့်ထက်ပိုပြီး အောင်မြင်နေသူတွေနဲ့ အခြေအနေချင်း ယှဉ်ကြည့်ရုံနဲ့ ခံစားသိအရ သိရတာပါပဲ။

သင့်ရဲ့ခံစားချက်တွေဟာ သင်လုပ်ခဲ့သမျှ အလုပ်တွေနဲ့ သင်ရည်ညွှန်းသတ်မှတ်ထားတဲ့ ဘောင်ပေါ်မှာ မူတည်နေတယ်လို့ နားလည်စေချင်ပါတယ်။

## သာဓက

ရော်ဂျာဟာ အဲဒီ့မနက် ထုံးစံအတိုင်း ရုံးခန်းတံခါးဝကို ရောက်ခဲ့ပြီး သူ့စားပွဲကို ဝင်ထိုင်လိုက်ချိန်မှာ မနက် ၈-နာရီတိတိပဲဖြစ်ပါတယ်။

ကလိဗ်လင်နဲ့မြို့နယ်က လက်မှတ်ရစာရင်းကိုင်တစ်ယောက်အနေနဲ့ သူဟာ ဒီကုမ္ပဏီမှာ အမှုထမ်းခဲ့တာ ၂၄-နှစ်ရှိခဲ့ပါပြီ။

နေ့လည်စာစားချိန်မတိုင်မီလေးမှာတော့ ဌာနခွဲမှူးက ခေါ်လို့သွားတွေ့ရပြီး သူ့ကို အလုပ်ကရပ်စဲလိုက်တဲ့အကြောင်း ပြောလိုက်ပါတယ်။ ဒီအဖြစ်ကို ရော်ဂျာတစ်သက်လုံးမေ့တော့မှာ မဟုတ်ပါဘူး။

"ဒီအဖြစ်မျိုးကြုံလိုက်ရတဲ့လူတိုင်းဟာ အသည်းခိုက်အောင် တုန်လှုပ်ချောက်ချားသွားရမှာ အမှန်ပါပဲ၊ ကိုယ့်ဘက်က ကြိုတင်ပြင်ဆင်မှုတွေ ဘယ်လိုပဲရှိထားရှိထားအနည်းနဲ့အများတော့ စိတ်ထိခိုက်ရတာပဲပေါ့၊ ပျက်စီးမှုကြုံလိုက်ရတဲ့အဖြစ်က မယုံနိုင်စရာ ကောင်းလှသလို နောက်ဆက်တွဲအနေနဲ့ ငြင်းဆန်မှုက ကပ်ပါလာတယ်။

"ဒါ ငါ့အဖို့ ဘယ်လိုမှ မဖြစ်သင့်တဲ့ကိစ္စပဲ" ရော်ဂျာစဉ်းစားတာပါ။

ရော်ဂျာဟာ အလုပ်ဖြုတ်ခံရတဲ့အဖြစ်တွေနဲ့ပတ်သက်တဲ့ ဆောင်းပါးတွေ စာအုပ်တွေဖတ်ခဲ့ရာမှာ အလုပ်ပြုတ်သွားတဲ့ကြားကပဲ မနက်တိုင်း အဝတ်အစားတွေလဲ၊ အလုပ်သွားဖို့ အိမ်ကထွက်ခဲ့ပြီး မိသားစုနဲ့ အိမ်နီးချင်းတွေကို အသိမပေးရက်တာကြောင့် ဟန်မပျက်ဖုံးကွယ်ခဲ့ရတဲ့ လူတွေအကြောင်းသိခဲ့ရပါတယ်။

ရော်ဂျာကတော့ သူ့လက်ရှိအခြေအနေကို ခြားနားတဲ့ အသိဉာဏ်နဲ့ စတင်သုံးသပ်ပါတယ်။ သူ့အနေနဲ့ ရင်ထဲမှာ နာကျင်နေရင်းကပဲ ဒီအလုပ်မှာ အနှစ်နှစ်ဆယ့်ကျော် ပျော်မွေ့ခဲ့ရာက အလုပ်က အကျိုးစီးပွားဖြစ်ထွန်းမှုတွေနဲ့ သူ့မိသားစု လူတန်းစေ့နေနိုင်အောင် ထောက်ပံ့နိုင်ခဲ့တာတွေကို ဦးစားပေးတွေးလိုက်ပါတယ်။



ဒီလိုနဲ့ လူမှုရေးရန်ပုံငွေကောက်ခံတဲ့လုပ်ငန်းတချို့မှာ စေတနာဝန်ထမ်း
လုပ်ရင်းက သူ့ဘဝကို တန်ဖိုးမြှင့်လိုက်မိတယ်။

"ခင်ဗျားအနေနဲ့ စိတ်ချမ်းသာစရာ တစ်ကွက်မှ မရနိုင်တော့ဘူးဆို
လက်မှိုင်ချ ငုပ်တုတ်ထိုင်နေမယ့်အစား ကိုယ့်ကိုယ်ကိုယ် ပုံမှန်ဖြစ်အောင်ကြိုးစားရ
မယ်။ အလုပ်မရှိလို့ ငုပ်တုတ်မေ့ပြီး ငေးနေတဲ့လူတွေအကြောင်းကို အချိန်ယူစဉ်းစ
လိုက်ရာက ကိုယ့်ရှေ့အနာဂတ်မှာ ကောင်းသထက်ကောင်းတာတွေ စုပုံနေတာ
မြင်လာပါလိမ့်မယ်"

## အကိုးအကား

ရာထူးတက်လိုက်ရင် ယုံကြည်မှုနဲ့ ကိုယ်ပိုင်တန်ဖိုးတွေပါ အလိုလိုမြင့်တက်
သွားမယ်လို့ ထင်စရာပါပဲ။ ဒါပေမယ့် လေ့လာဆန်းစစ်ချက်တွေအရ အဲ့သလိုမဟုတ်
ပါဘူးတဲ့။ နည်းပညာဆိုင်ရာ လုပ်ငန်းတွေမှာ ရာထူးတိုးမြှင့်ခံလိုက်ရတဲ့ မန်နေဂျာတစ်
ဝက်နီးပါးဟာ သူတို့ကိုယ်သူတို့ စိတ်မချနိုင်တဲ့ မယုံသံသယဖြစ်မှုတွေနဲ့ မသေချာမ
ရာမှုတွေ ခံစားရပြီး နေရာသစ်ရဲ့ ခြောက်လှန့်မှုလည်း ကြုံရတယ်လို့ ဆိုကြပါတယ်
စိတ္တဗေဒပညာရှင်တွေရဲ့ တွေ့ရှိချက်ကတော့ ရာထူးတိုးမြှင့်ခြင်းဟာ မိမိကိုယ်မိမိ ယုံ
ကြည်မှုကို သပ်လျှိုမိုင်းထောင်တာနဲ့ မခြားပါဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ ရာထူး
တက်သွားလို့ သူ့ထက်အဆင့်နိမ့်တဲ့ဝန်ထမ်းတွေထက် သာသွားပေမယ့် သူ့ထက်အစွမ်း
ထက်အောင်မြင်သူတွေကြားကို ရောက်သွားပြီး အားငယ်စိတ်တွေဝင်ခဲ့ရလို့ပဲဖြစ်ပါသတဲ့

ကက်စီရာနင့် ရပ်ရှ်ကင် (၂၀၀၀)

## သာဓက

ရော်ဂျာဟာ အဲဒီ့မနက် ထုံးစံအတိုင်း ရုံးခန်းတံခါးဝကို ရောက်ခဲ့ပြီး သူ့စားပွဲကို ဝင်ထိုင်လိုက်ချိန်မှာ မနက် ၈-နာရီတိတိပဲဖြစ်ပါတယ်။

ကလိပ်လင်းန်မြို့နယ်က လက်မှတ်ရစာရင်းကိုင်တစ်ယောက်အနေနဲ့ သူဟာ ဒီကုမ္ပဏီမှာ အမှုထမ်းခဲ့တာ ၂၄-နှစ်ရှိခဲ့ပါပြီ။

နေ့လည်စာစားချိန်မတိုင်မီလေးမှာတော့ ဌာနခွဲမှူးက ခေါ်လို့သွားတွေ့ရပြီး သူ့ကို အလုပ်ကရပ်စဲလိုက်တဲ့အကြောင်း ပြောလိုက်ပါတယ်။ ဒီအဖြစ်ကို ရော်ဂျာတစ်သက်လုံးမေ့တော့မှာ မဟုတ်ပါဘူး။

"ဒီအဖြစ်မျိုးကြုံလိုက်ရတဲ့လူတိုင်းဟာ အသည်းခိုက်အောင် တုန်လှုပ်ချောက်ချားသွားရမှာ အမှန်ပါပဲ၊ ကိုယ့်ဘက်က ကြိုတင်ပြင်ဆင်မှုတွေ ဘယ်လိုပဲရှိထားရှိထားအနည်းနဲ့အများတော့ စိတ်ထိခိုက်ရတာပဲပေါ့၊ ပျက်စီးမှုကြုံလိုက်ရတဲ့အဖြစ်က မယုံနိုင်စရာ ကောင်းလှသလို နောက်ဆက်တွဲအနေနဲ့ ငြင်းဆန်မှုက ကပ်ပါလာတယ်။

"ဒါ ငါ့အဖို့ ဘယ်လိုမှ မဖြစ်သင့်တဲ့ကိစ္စပဲ" ရော်ဂျာစဉ်းစားတာပါ။

ရော်ဂျာဟာ အလုပ်ဖြုတ်ခံရတဲ့အဖြစ်တွေနဲ့ပတ်သက်တဲ့ ဆောင်းပါးတွေ စာအုပ်တွေဖတ်ခဲ့ရာမှာ အလုပ်ပြုတ်သွားတဲ့ကြားကပဲ မနက်တိုင်း အဝတ်အစားတွေလဲ၊ အလုပ်သွားဖို့ အိမ်ကထွက်ခဲ့ပြီး မိသားစုနဲ့ အိမ်နီးချင်းတွေကို အသိမပေးရက်တာကြောင့် ဟန်မပျက်ဖုံးကွယ်ခဲ့ရတဲ့ လူတွေအကြောင်းသိခဲ့ရပါတယ်။

ရော်ဂျာကတော့ သူ့လက်ရှိအခြေအနေကို ခြားနားတဲ့ အသိဉာဏ်နဲ့ စတင်သုံးသပ်ပါတယ်။ သူ့အနေနဲ့ ရင်ထဲမှာ နာကျင်နေရင်းကပဲ ဒီအလုပ်မှာ အနှစ်နှစ်ဆယ့်ကျော် ပျော်မွေ့ခဲ့ရာက အလုပ်က အကျိုးစီးပွားဖြစ်ထွန်းမှုတွေနဲ့ သူ့မိသားစု လူတန်းစေ့နေနိုင်အောင် ထောက်ပံ့နိုင်ခဲ့တာတွေကို ဦးစားပေးတွေးလိုက်ပါတယ်။



ဒီလိုနဲ့ လူမှုရေးရန်ပုံငွေကောက်ခံတဲ့လုပ်ငန်းတချို့မှာ စေတနာဝန်ထမ်းဝင်လုပ်ရင်းက သူ့ဘဝကို တန်ဖိုးမြှင့်လိုက်မိတယ်။

"ခင်ဗျားအနေနဲ့ စိတ်ချမ်းသာစရာ တစ်ကွက်မှ မရနိုင်တော့ဘူးဆိုရင် လက်မှိုင်ချ ငုပ်တုတ်ထိုင်နေမယ့်အစား ကိုယ့်ကိုယ်ကိုယ် ပုံမှန်ဖြစ်အောင်ကြိုးစားရပါမယ်။ အလုပ်မရှိလို့ ငုပ်တုတ်မေ့ပြီး ငေးနေတဲ့လူတွေအကြောင်းကို အချိန်ယူစဉ်းစားလိုက်ရာက ကိုယ့်ရှေ့အနာဂတ်မှာ ကောင်းသထက်ကောင်းတာတွေ စုပုံနေတာကို မြင်လာပါလိမ့်မယ်"

## အကိုးအကား

ရာထူးတက်လိုက်ရင် ယုံကြည်မှုနဲ့ ကိုယ်ပိုင်တန်ဖိုးတွေပါ အလိုလိုမြင့်တက်သွားမယ်လို့ ထင်စရာပါပဲ။ ဒါပေမယ့် လေ့လာဆန်းစစ်ချက်တွေအရ အဲ့သလိုမဟုတ်ပါဘူးတဲ့။ နည်းပညာဆိုင်ရာ လုပ်ငန်းတွေမှာ ရာထူးတိုးမြှင့်ခံလိုက်ရတဲ့ မန်နေဂျာတစ်ဝက်နီးပါးဟာ သူတို့ကိုယ်သူတို့ စိတ်မချနိုင်တဲ့ မယုံသံသယဖြစ်မှုတွေနဲ့ မသေချာမရေရာမှုတွေ ခံစားရပြီး နေရာသစ်ရဲ့ ခြောက်လှန့်မှုလည်း ကြုံရတယ်လို့ ဆိုကြပါတယ်။ စိတ္တဗေဒပညာရှင်တွေရဲ့ တွေ့ရှိချက်ကတော့ ရာထူးတိုးမြှင့်ခြင်းဟာ မိမိကိုယ်မိမိ ယုံကြည်မှုကို သပ်လျှိုမိုင်းထောင်တာနဲ့ မခြားပါဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ ရာထူးတက်သွားလို့ သူ့ထက်အဆင့်နိမ့်တဲ့ဝန်ထမ်းတွေထက် သာသွားပေမယ့် သူ့ထက်အစွမ်းထက်အောင်မြင်သူတွေကြားကို ရောက်သွားပြီး အားငယ်စိတ်တွေဝင်ခဲ့ရလို့ပဲဖြစ်ပါသတဲ့။

**ကက်စီရာနင့် ရပ်ရှ်ကင် (၂၀၀၀)**

(၂၁)

## သင်ပိုင်ဆိုင်တဲ့ ကိုယ့်ကိုယ်ကိုယ်အရေးထားမှုကို အသုံးချပါ ။

စနေ၊ တနင်္ဂနွေနားရက်တွေမှာ စိတ်ပါလက်ပါ အိမ်မှုကိစ္စတွေ ဝိုင်းလုပ်တဲ့လူနဲ့ အဲဒီ့အကြံမျိုးကို လှောင်ပြောင်သရော်တဲ့လူ ဘာခြားနားပါလိမ့်။

တစ်နေ့လုံး သည်းသည်းမဲမဲ အလုပ်လုပ်သူနဲ့ အလုပ်ကို အချောင်ခိုနိုင်သမျှ ခိုတဲ့လူ ဘာခြားနားသလဲ။

အချိန်ပို ကျောင်းတက်သူနဲ့ ဒါကို စိတ်မဝင်စားတဲ့လူ နှစ်ယောက်ကြားက ကွာခြားချက်က ဘာလဲ။

တက်ကြွလုံ့လရှိတဲ့သူနဲ့ ပျင်းရိသူကရော ဘယ်အချက်မှာ ကွာခြားသလဲ။

ခြားနားချက်ကတော့ "ကိုယ့်ကိုယ်ကိုယ် အရေးထားမှု"ပါပဲ။

ကျွန်တော်တို့ ဘာပဲလုပ်လုပ်၊ လုပ်သမျှအားလုံးဟာ ကိုယ့်ကိုယ်ကိုယ်အရေးထားမှုကြောင့်ပဲဖြစ်ပြီး အဲဒီ့စိတ်ထားဟာ ကျွန်တော်တို့အတွက် အကောင်းဆုံးလို့ သတ်မှတ်ယူဆထားကြတာလည်းဖြစ်ပါတယ်။



အလုပ်ကို အပြင်းအထန်ကြိုးစားတဲ့လူတွေဟာ ဆုလာဘ်ကောင်းတွေနဲ့အတူ ထူးမြတ်တဲ့ဂုဏ်ဒြပ်တွေကို ရရှိမယ်လို့ ယုံကြည်လို့ပါပဲ။

သူတို့ကိုယ်သူတို့ အသုံးမခံတဲ့လူတွေကျတော့ အပျင်းထူလို့ ဇိမ်ခံရတဲ့ရေတို အကျိုးလောက်သာကြည့်ပြီး ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှုကို မမြင်တာကြောင့်ပါ။

ဒီတော့ သင်လိုချင်တဲ့အရာတွေရဲ့ အဖိုးတန်ပုံတွေကို သင့်ကိုယ်သင် မပြတ်သတိပေးနေရင် ကြိုးပမ်းအားထုတ်ရမှုဟာ သိပ်များတယ်မထင်ရတော့ပါဘူး။

### သာဓက

ဂွမ်ဟာ ခွေးတွေကို လေ့ကျင့်ပေးမှုစခဲ့ရာက မကြာခင်မှာပဲ သူမဟာ တကယ်တမ်းကျတော့ ခွေးရှင်တွေကို လေ့ကျင့်ပေးနေရပါလားဆိုတာ သဘောပေါက်လာပါတော့တယ်။

"ကျွန်မအနေနဲ့ ခွေးတွေရဲ့အပြုအမူတွေပေါ်မှာ သူ့သခင်တွေ တပြေးညီတုန့်ပြန်ရမယ့်အကြောင်းကို သင်ပေးရာမှာ လိမ္မာရင် ဆုပေးပြီး အကျင့်ဆိုးရင်ဒဏ်ပေးဖို့ ပြောခဲ့ပါတယ်၊ ပြီးတော့ ကျွန်မဟာကျွန်မ ပြန်တွေးမိတာကတော့ စည်းဝါးမကိုက်ဘဲ ဒုံးဝေးနေတာက ခွေးတွေမဟုတ်ပဲ လူတွေဖြစ်နေတာကိုပါ"

ဂွမ့်အဖို့ လူပေါင်းစုံနဲ့ ဆုံစည်းခဲ့ရပါတယ်။

"တစ်ချို့က ခွေးလေးက သူတို့လက်ထဲက ခြေအိတ်ကို ကိုက်ချီကစားတာကို "အဲဒါလိမ္မာတာ မဟုတ်ဘူးလား" လို့ တခစ်ခစ်ရယ်မောရင်းပြောခဲ့ကြပေမယ့် ခွေးလေးက ခြေအိတ်တွေ၊ ဖိနပ်တွေ၊ သားရေဖုံးခုံတွေကို ကိုက်ပစ်တဲ့အခါကျတော့ စိတ်ဆိုးကြပြန်ရော · · တစ်ချို့လင်မယားတွေဆိုရင် ယောက်ျားက ခွေးတွေနဲ့ပတ်သက်လို့ တင်းကြပ်တဲ့ စည်းကမ်းတွေနဲ့ ဆက်ဆံပေမယ့် မိန်းမကတော့ ခွေးတွေကိုအလိုလိုက်

ပြီး အပြစ်တစ်ခုခုလုပ်ထားရင်တောင် ကာကွယ်ဖုံးဖိတတ်ကြတယ်"

ဒီနောက် ဂွမ်ကဆက်ပြောတာကတော့ -

"ခွေးတွေ တကယ်လိုချင်တာက သခင်ရဲ့ချစ်ခင်မှု၊ ဂရုစိုက်မှုနဲ့ ပြုစုယုယမှုတွေပါပဲ၊ ဒါကို သခင်က သိသိသာသာပြသပြီး အပေးအယူမျှအောင် လုပ်နိုင်ရင် ခွေးကလည်း သူ့ကိုယ်သူအရေးထားမှုနဲ့ အလိုက်သိလိမ္မာပြပါလိမ့်မယ်၊ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ သခင်ကိုယ်တိုင်ကလည်း ကိုယ့်ကိုယ်ကိုယ်အရေးထားရာရောက်ပြီးသားပါပဲ" တဲ့။

ပြီးတော့ ဂွမ်က ခုလိုယုံကြည်ပါသတဲ့။

"တကယ်လို့ ရှင့်အနေနဲ့ ရှင့်ခွေးနဲ့အပြန်အလှန်ညှိယူဖို့ သိပ်ပျင်းနေမယ်ဆိုရင် ဒါမှမဟုတ် ရှင့်ခြေအိတ်တွေ ဖိနပ်တွေ ဘာပဲဖြစ်ဖြစ် ဂရုမစိုက်ပါဘူးဆိုရင်တော့ ရှင့်ရဲ့စိတ်ဝင်တစား အရေးထားမှုတွေ လျော့ကျန်တော့မှာပဲ"

## အကိုးအကား

သုတေသီတွေက ကိုယ့်ကိုယ်ကိုယ် အရေးထားမှုဟာ လုပ်ဆောင်မှုနဲ့ဆက်နွယ်နေတဲ့ ဂုဏ်ဒြပ်တွေနဲ့ ပီတိသုခတွေကို ပေးစွမ်းနိုင်ကြောင်း တွေ့ရှိခဲ့ကြပါတယ်။ ဒီအချက်က အောင်မြင်မှုရဖို့ လှုံ့ဆော်အားပေးရာမှာလည်း ၇၅-ရာခိုင်နှုန်းလောက်ပါသွားတယ်လို့ တွက်ကြပါတယ်။

**ဒစ်ကင်ဆင် (၁၉၉၉)**

(၂၂)

## သင်ဘယ်သူလဲဆိုတာ ဘယ်နေရာမှာ ရောက်နေသလဲဆိုတာသတိရပါ ●

ရောမအဖွဲ့အစည်းကြီးတစ်ခုဆိုတာရဲ့ အဓိပ္ပာယ်အရ လူတွေဟာ သူတို့တစ်ယောက်ချင်းရဲ့ အရေးကိစ္စတွေကို ဘေးချိတ်ထားပြီး အုပ်စုလိုက်လုပ်ဆောင်မှုတွေကို ဦးစားပေးရပါတယ်။ ဒါနဲ့အမျှ သူတို့ရဲ့ဘာသာရေးယုံကြည်ချက်နဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေ ပဓာနအချက်တွေရဲ့နေရာဟာ ကျဉ်းမြောင်းသွားတတ်ပါတယ်။

လုပ်ငန်းခွင်မှာ ကိုယ်ပိုင်ယုံကြည်မှုတွေနဲ့ ရိုးရာဓလေ့တွေကို ချန်လုပ်မထားရင် တခြားလူတွေနဲ့ ဝိရောဓိဖြစ်တတ်သလို အခမ်းအနားပြင်ဆင်တာကအစ ဘာသာရေးဆိုင်ရာ ကျင့်ဝတ်တွေအဆုံး သူ့သာတယ်၊ ငါသာတယ် ငြင်းခုန်နေရတာနဲ့ အလုပ်တွင်ကျယ်အောင်မြင်တော့မှာ မဟုတ်လို့ပါပဲ။

ဘာပဲဖြစ်ဖြစ် လူတစ်ယောက်ဟာ အဲဒီကိုယ်ရေးကိုယ်တာကိစ္စတွေကို လုပ်ငန်းခွင်ထဲက ပ,ထုတ်ထားလိုက်တာဟာ သူ့ဘဝက ပစ်ပယ်လိုက်ရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ တစ်နည်းအားဖြင့် အဲဒီကိစ္စတွေနဲ့ သူ့ဘဝအောင်မြင်မှုဟာ တသီးတသန့်စီပဲလို့ ဆိုနိုင်ပါတယ်။

ပြီးတော့ အောင်မြင်မှုရလို့ ဝမ်းသာပီတိဖြစ်နေတဲ့ လူတွေဟာ သူတို့ရဲ့ ယုံကြည်မှု၊ လေ့ထုံးတမ်းနဲ့ စံတန်ဖိုးတွေ ယုတ်လျော့မသွားတဲ့အပြင် ပိုမြင့်လာတာတောင် တွေ့ရပါလိမ့်မယ်။ ဒီအရေးကိစ္စတွေကို သူတို့ကိုယ်ပိုင်အချိန်တွေမှာ စိတ်တိုင်းကျ ဆောင်ရွက်နိုင်ခဲ့ကြတာပဲဖြစ်ပါတယ်။

## သာဓက

ဘော်ဘီရစ်ချတ်ဆင်ဟာ ၁၉၅၀နဲ့ ၁၉၆၀-ခုနှစ်လွန်များအထိ "နယူးယောက် ယန်းကီးများ" ဘေ့စ်ဘောအသင်းရဲ့ နောက်တန်းလူအဖြစ် ကစားခဲ့သူပါ။ အားကစား သမားလောကဆိုတာ သိတဲ့အတိုင်း ပေါးလားဝါးလား ဘရုတ်သုက္ခနေကြရတာဆိုတော့ သူ့အဖို့ သူယုံကြည်တဲ့ ဘာသာရေးကျင့်ဝတ်စည်းကမ်းတွေနဲ့ ပြင်ပြင်ကြီးခြားနားခဲ့ရ တာကို သူ့အိမ်က မိဘတွေကို ပြန်မပြောဝံ့လောက်အောင်ပါပဲ။

ရစ်ချတ်ဆင်အဖို့ သူ့ဘာသာရေးကိစ္စတွေကို တစ်ကိုယ်ရည်ဘဝထဲမှာ ဆက် ထိန်းထားရသလို အဝတ်လဲခန်းနဲ့ ကစားကွင်းထဲကို ယူမလာဖို့လည်း နားလည်ခဲ့ပါ တယ်။ ဒီလိုကြောင့်လည်း သူက ဘေ့စ်ဘောလ်အသင်း ဘုရားရှိခိုးကျောင်းလေးထောင် တော့ အင်တိုက်အားတိုက် ပါဝင်ကူညီခဲ့မိတာပေါ့။

သူနဲ့ဝါသနာတူ သူငယ်ချင်းတွေ ကစားကွင်းပြင်ပနဲ့ အထင်ကရနေရာတွေ မှာ တခြားပြိုင်ဖက်အသင်းတွေက ကစားသမားတွေနဲ့ပါ မိတ်သင်းဖွဲ့ပြီး ယုံကြည်ချက်ကို ဖော်ဆောင်ခဲ့ကြပါတယ်။

ဘော်ဘီက ခုလိုရှင်းချက်ထုတ်ပါတယ်။

"ရောမအသင်းအဖွဲ့ကြီးတစ်ခုနဲ့ ပါဝင်ပတ်သက်ခဲ့ရာမှာ ခင်ဗျားရဲ့ရုပ်ရောစိတ် ပါ တစ်ကိုယ်လုံးရှိသမျှ သိမ်းကျုံးဝါးမြိုမခံရအောင်တော့ တင်းခံထားရပါလိမ့်မယ်။



ဒါမှမဟုတ်ရင်တော့ ခင်ဗျားဟာ ဘယ်တော့မှ ခင်ဗျားဖြစ်လာမှာမဟုတ်တော့ပါဘူး။ သို့ပေမယ့် ငါဘယ်သူပဲဆိုပြီး အသင်းအဖွဲ့က လူတွေနဲ့ကင်းကွာလို့လည်း မရပြန်ပါဘူး။ ဒီလိုနဲ့ ဘေ့စ်ဘောလ်ဘုရားကျောင်းငယ်ဟာ အသင်းချိန်မှာ ကျွန်တော်တို့ ကစားဖော်ဖြစ် စေခဲ့သလို ကျွန်တော့်ကိုယ်ပိုင်အချိန်မှာ "ပကတိ ကျွန်တော်" ဖြစ်ခွင့်ပေးခဲ့တယ်ဆိုရ မှာပါပဲ"

## အကျိုးအကား

သူတို့ဘဝနဲ့ အသက်မွေးဝမ်းကြောင်းမှုတွေမှာ ကျေနပ်အားရမှုအရှိဆုံးလူတွေ က သူတို့ကိုယ်သူတို့ နှစ်ကိုယ်ခွဲမြင်ပြီး အသုံးချလေ့ရှိခဲ့ကြပါသတဲ့။

သူတို့ဟာ အလုပ်ထဲမှာ အဖွဲ့အသင်းကို တန်ဖိုးထားပြီး စုပေါင်းလုပ်ဆောင် သူတွေဖြစ်အောင် တတ်စွမ်းနိုင်သမျှ ကြိုးစားတာနဲ့အမျှ အိမ်ကျတော့ ယဉ်ကျေးမှု ဓလေ့အရကော စိတ်ဓာတ်ပိုင်းဆိုင်ရာအရပါ ပီပြင်ထူးခြားတဲ့လူအဖြစ် ကျင့်ကြံနေထိုင် ကြတယ်လို့ ဆိုပါတယ်။

သူတို့ရဲ့ တသီးပုဂ္ဂလ ယုံကြည်မှုတွေနဲ့ နောက်ကြောင်းရာဇဝင်တွေကို လုပ်ငန်းထဲမှာ ယာယီစွန့်လွှတ်ထားသူတွေမှာ စိတ်ကြည်နူးမှု သုံးပုံတစ်ပုံသာရပြီး ကျန်တဲ့ကိုယ်ပိုင်ဘဝက သုံးပုံနှစ်ပုံရတယ်လို့ 'ထုတ်ဖော်ဖွင့်ဟကြပါတယ်။

**ဖရန်ကလင်နှင့် မီဇဲလ် (၁၉၉၅)**

## (၂၃)

## ယုံကြည်မှုထားပြီး ညှိနှိုင်းပါ ။ မဟုတ်ရင်တော့ မညှိနှိုင်းပါနဲ့ ။

သင့်ရဲ့တစ်သက်တာ ဘဝမှာ စေ့စပ်ညှိနှိုင်းမှုပေါင်းများစွာနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရမှာဖြစ်ပါတယ်။ ဥပမာ လစာတိုးမြှင့်ပေးရေးနဲ့ ကားဝယ်ဖို့ ငွေသွင်းရာမှာ ကာလသတ်မှတ်ချက်တွေ ထားရှိရေးတွေ အပါအဝင်ပေါ့။ စေ့စပ်ညှိနှိုင်းမှုတစ်ရပ် အောင်မြင်မှု မအောင်မြင်မှုကို ဘာတွေက အဆုံးအဖြတ်ပေးပါသလဲ။

ဒီနေရာမှာ ပါးနပ်ကျွမ်းကျင်မှုက စကားပြောပါလိမ့်မယ်။ ပါးနပ်ကျွမ်းကျင်မှုနဲ့ မျှတတဲ့ သဘောတူညီချက်ရလောက်တဲ့ အခြေအနေကို ရယူနိုင်တယ်ဆိုပါတော့။

ဒါပေမယ့် ညှိနှိုင်းဆွေးနွေးမှုက အချိန်ကြာလာရင် ရှေ့ဆက်ဖို့ အာသီသဟာ သင်ကိုယ့်သင် ယုံကြည်မှုအနည်းအများပေါ်မှာ မူတည်သွားပါတယ်။ ယုံကြည်မှုအားနည်းရင်တော့ သင့်အတွက် အကျိုးကျေးဇူး အခွင့်အရေး ဘာတွေပဲရှိရှိ စေ့စပ်ညှိနှိုင်းမှုကို မြန်မြန်ဆန်ဆန်ပြီးချင်ပါလိမ့်မယ်။ ဒါဟာ အကျိုးကျေးဇူးလျော့နည်းတဲ့ ဆုံးဖြတ်ချက်ချရလဒ်ကို ချမှတ်မိတဲ့အဓိပ္ပာယ်ပါပဲ။

### သာဓက

ရောဘတ်ဂေါ့လီယက်ဆ်ဟာ ထုတ်ဝေရေးလုပ်ငန်းမှာ စာရေးဆရာတွေနဲ့ တစ်သက်လုံးလက်တွဲလုပ်ခဲ့တဲ့အဆုံးမှာ "နယူးယောက်ကာ" သတင်းစာကြီးရဲ့ အယ်ဒီတာ



ဖြစ်လာပါတယ်။ သူ့ရဲ့ဝေဖန်ချက်တွေကို ဂျိုးဇက်၊ ဟယ်လာတို၊ တိုနီမော်ရစ်ဆင်တို့လို နာမည်ကျော်စာရေးဆရာများကတောင် အလေးထားရပါတယ်။

သူဟာ စာတစ်ပုဒ်နဲ့ပတ်သက်ရင် စာမူခကိစ္စကအစ စာပိုဒ်အဖြတ်အတောက် ပုဒ်မချတဲ့အဆုံးထိ ညှိနှိုင်းမှုတွေလုပ်ရပါတယ်။ တစ်ခါက ဂျိုးဇက်ဟဲလားကို စာအုပ်နာမည်ကအစ အကြံပေးခဲ့ဖူးပါတယ်။

သူ့ရဲ့ စေ့စပ်ညှိနှိုင်းရေးသီဝရီကတော့ ရိုးရိုးလေးပါပဲ။

"ခင်ဗျားက "ဟုတ်ပြီ ဒါကိုကျွန်တော်သိပ်မသိပါဘူး။ မိတ်ဆွေကကော ဘယ်လိုထင်သလဲ" လို့ ပြောချင်ပြောမိမယ်၊ ဒီအပြောမျိုးဟာ အလုပ်မဖြစ်ပါဘူး။ ဖြစ်သင့်တာက ကိုယ်အခိုင်အမာယုံကြည်တာကို ဒေါသမပါဘဲ အေးအေးဆေးဆေးနဲ့ စိတ်ရှည်လက်ရှည် ပြောတာပါပဲ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိရင်တော့ ခင်ဗျားအဖို့ အဆင်ပြေမှာမဟုတ်ပါဘူး။ ဒီ့အပြင် အတင်းအကြပ် ဖိအားပေးခံရမှာသေချာပါတယ်"

### အကိုးအကား

မိမိကိုယ်မိမိ တန်ဖိုးထားမှု နိမ့်ကျခြင်းသည် စေ့စပ်ညှိနှိုင်းရန် စိတ်အားထက်သန်မှု၌ ၃၇-ရာခိုင်နှုန်း လျော့ပါးသွားစေသလို စေ့စပ်ညှိနှိုင်းမှု နည်းပရိယာယ်များ၌ ၁၁-ရာခိုင်နှုန်းအားနည်းစေသည်ဟု အဓိပ္ပာယ်ထွက်၏။ မိမိကိုယ်မိမိ တန်ဖိုးထားမှုတိုးများခြင်းဟာ စိတ်အားထက်သန်မှုကြီးမားခြင်းနှင့် အပြန်အလှန်ဆက်စပ်နေပြီး ကြာမြင့်တဲ့ ညှိနှိုင်းမှုတွေနဲ့ ဖြစ်လာတဲ့အခြေအနေနဲ့ လျော်ညီအောင် ဆွေးနွေးနိုင်စွမ်းတွေကို ဖြစ်ထွန်းစေပါသည်။ လိုရင်းပြောရပါမူ သင့်ရင်ထဲ၌ ယုံကြည်ချက် လျော့နည်းနေခြင်းက သင်လိုချင်သည်များကို ရရှိဖို့ကြိုးပမ်းမှုကို စွန့်လွှတ်လိုက်ခြင်းပါပေတည်း။

**ဂရင်နီမားလ်ရှိ (၁၉၉၇)**

## (၂၄)

## စိတ်ချမ်းသာအောင် အကျိုးဆောင်ပါ ။

သင်အလုပ်တွေရှုပ်နေတယ်။ လုပ်ငန်းခွင်မှာကော အိမ်မှာပါ လုပ်စရာတွေပုံနေလို့ မလုပ်နိုင်ဘူးတောင် ထင်ရတယ်။ ဒါပေမယ့် သင်က လုပ်နိုင်တာထက် ပိုလုပ်ချင်သလို အလုပ်တွေပြီးသွားတာနဲ့အမျှ စိတ်ချမ်းသာရရမယ်လို့ အောက်မေ့မိတယ်။

ဒါဆိုရင် ဒီတစ်ပတ်မှာ တစ်နာရီလောက် အချိန်ယူပြီး စေတနာ့ဝန်ထမ်းအကျိုးဆောင်လိုက်ပါ။ ဟုတ်တယ်။ သင့်အချိန်လေးကို နည်းနည်းပဲပေးရမှာပါ။

သင့်ပတ်ဝန်းကျင်က လူမှုရေးအကျိုးဆောင်လုပ်ငန်းတွေမှာ စေတနာ့ဝန်ထမ်းဝင်ကူညီတာဟာ သင့်ကိုယ်သင်လည်း ကြီးမားစွာ အကျိုးဆောင်ရာရောက်သလို စိတ်ဓာတ်ခွန်အားတွေ တိုးမြင့်လာရာက ဘယ်အလုပ်မှာမဆို လုပ်နိုင်စွမ်းတွေ ပိုရှိလာတာတွေ့ရပါလိမ့်မယ်။ အထူးသဖြင့်တော့ လူနွမ်းပေမယ့် စိတ်အပန်းပြေပြီး ချမ်းမြေ့ပျော်ရွှင်မှုကို ရနိုင်တာပဲပေါ့။

### သာဓက

"မစ်ချယ်လေး"ဟာ ဘော့စတွန်မြို့စွန်က ကုန်မျိုးစုံစတိုးဆိုင်က ရုံးခန်းမှာတာဝန်ထမ်းနေရပါတယ်။ သူ့အဖို့ တစ်နေကုန်အလုပ်နဲ့လက်နဲ့မပြတ်အောင် တရကြမ်းလုပ်ခဲ့ရာက ဆိုင်ပိတ်ချိန်မှာ စိတ်မောလူမောနဲ့ အနားယူဖို့လိုအပ်လာပါပြီ။ အဲ့ဒါ သူဘာလုပ်တယ်ထင်ပါသလဲ၊ သူတို့ ရပ်ကွက်မှာရှိတဲ့ ဝိုင်အမ်စီအေ(ခရစ်ယာန်လူငယ်



များ ကြီးပွားရေးအသင်း)ကို တန်းပြေးခဲ့တာပါ။ အဲ့ဒီမှာသူက စေတနာ့ဝန်ထမ်း လုပ်အားပေးတစ်ယောက်ကို…။ မစ်ချယ်လေးက အသင်းရဲ့အကျိုးပြုလုပ်ငန်းစဉ်တွေမှာ ရံပုံငွေရရှိဖို့ ကြိုးပမ်းခဲ့ရပုံတွေကို ပြောပြတယ်လေ။

"အဲ့ဒီအလုပ်တွေက စိန်ခေါ်မှုတွေနဲ့ ရှင်လန်းဝမ်းမြောက်စရာတွေ တွေကြုံခဲ့ရတာပေါ့၊ ဒါပေမယ့် ကျွန်မက မြတ်နိုးနှစ်သက်တာကြောင့် လုပ်ခဲ့တာပါ၊ ဒီလောကမှာ ကျွန်မအတွက် အများကြီးရခဲ့ပြီးဖြစ်လို့ နည်းနည်းပါးပါး ပြန်ပေးရတာကိုပဲ ပီတိဖြစ်ရပါတယ်"

သူ့အဖို့ အားလပ်ချိန်များများစားစား မရှိတဲ့ကြားကပဲ ရှားရှားပါးပါးခွဲဝေပေးခဲ့ရတာဟာ မစ်ချယ်လေးအဖို့ အပန်းဖြေနည်းတစ်နည်းဖြစ်ခဲ့သလို စိတ်ရောကိုယ်ပါနွမ်းနယ်မှုတွေ သက်သာရာရခဲ့ပါသတဲ့။

"ဒီလိုအကျိုးဆောင်မှုကြောင့် ကျွန်မရဲ့ စိတ်ဖိစီးမှုဒဏ်တွေကို လျှော့ချနိုင်ခဲ့သလို စိတ်ဓာတ်တွေမြင့်မားခဲ့ရပြန်ပါတယ်။ ဒါကလည်း အဖိုးတန်လုပ်ငန်းတစ်ခုကို အချိန်ပေးရင်းနှီးမြှုပ်နှံမှုဟာ ကိုယ်ကိုယ်တိုင် စိတ်ချမ်းသာပြီး ဝမ်းသာပီတိဖြစ်ရသလို အများအတွက်လည်း ကောင်းကျိုးရလို့ပဲဖြစ်ပါတယ်။

### အကိုးအကား

စေတနာအကျိုးဆောင်များဟာ သူတို့လုပ်ရပ်တွေက ၂၅-ရာခိုင်နှုန်းသောပီတိသုခကို ရရုံသာမက လုပ်နိုင်စွမ်းရည်တွေ ပိုတိုးမြင့်လာပြီး ရေရှည်ပန်းတိုင်နဲ့ အောင်မြင်မှုဆုလာဘ်တွေကို အရယူဖို့ သွားရာလမ်းခရီးမှာ ခံနိုင်ရည်ရှိပြီး ဇွဲသတ္တိတွေ ပိုကောင်းလာတာတွေ့ရပါတယ်။

**ဝှုန်ဆင်၊ ဘီးဘေး၊ မော်တီမားနှင့် စနိုက်ဒါ (၁၉၉၈)**

## (၂၅)

## ရာထူး၊ ဂုဏ်ပုဒ်၊ အဆင့်အတန်းတွေကို မေ့လိုက်ပြီး အလုပ်ကိုသာ အာရုံစိုက်ပါ ●

သင့်ရုံးဌာနမှာရှိသမျှလူတွေက လုပ်ထုံးလုပ်နည်း အသစ်တစ်ခုကို တတ်မြောက်ခဲ့ကြရာက သင်ကတော့ လိုက်မမီဘူးဆိုရင် သင်ဘယ်လိုတုန့်ပြန်မလဲ။

လူတွေများသောအားဖြင့်ကတော့ သူတို့ရဲ့ပညာနံ့ချာမှုကို လုပ်ဖော်ကိုင်ဖက်တွေ မသိအောင် ဖုံးကွယ်ထားကြမယ်လို့ ပြောကြပါတယ်။ ဒီအဓိပ္ပာယ်က သူတို့နားမလည်တာကို တတ်သိအောင် ထုတ်ဖော်ရာဖွေဖို့ထက် ပိုအရေးကြီးတဲ့ သူတို့ရဲ့ အကူအညီလိုအပ်မှုအတွက် လူသိမခံတာပဲဖြစ်ပါတယ်။



သင်ဆိုရင်ကော ဘယ်လိုရှိမလဲ၊ တင်းခံမလား။ ငြင်းဆန်မလား၊ ဝန်ခံအောက်ကျို့မလား။

ကိုယ်က အားလုံးကို သိတတ်နားလည်တယ်လို့ အပေါင်းအသင်းတွေက ယုံကြည်အောင် ဟန်ဆောင်လှည့်စားနိုင်မယ် ထင်ပါသလား။

ဒါမှမဟုတ် လုပ်ငန်းအဆင်ပြေအောင်မြင်ရေးမှာ သိသင့်သိထိုက်တာတွေကို သင်ယူတာက ပိုကောင်းမလား။ ခေါင်းအေးအေးထားပြီး စဉ်းစားစရာတွေပါပဲ။

### သာဓက

ပက်ဖလင်းဆိုတာက ဗာဂျီးနီးယားမြောက်ပိုင်းမှာ စက်ရုံငယ်လေးတစ်ခု တည်ထောင်ထားသူပါ။

ပက်ဟာ သူ့ဝန်ထမ်းတွေကို အပေါ်ယံအသွင်အပြင်နဲ့ အတွင်းကိုယ်ထည် ခြားနားမှုတွေကို သင်ကြားပေးဖို့ ကြိုးစားခဲ့ပါတယ်။ တစ်နည်းအားဖြင့် အကာနဲ့အနှစ် သာမညနဲ့အဓိက သဘောတွေပဲပေါ့။

"လူတွေဟာ အပေါ်ယံကြောနဲ့ ဟန်လုပ်၊ စတိုင်လုပ်ဖို့သာ ဦးစားပေးပြီးအတွင်း အနှစ်သာရက ဘာမှမရှိဘူးဆိုရင် ဘယ်ကိစ္စကိုမှ အောင်မြင်ပြီးမြောက်အောင် လုပ်နိုင်မှာမဟုတ်ပါဘူး။

ဒီသဘောတရားအရ လပေါ်မှာ လူတစ်ယောက်ဆင်းလျှောက်တာလည်း မြင်ရစရာ အကြောင်းမရှိတော့ဘူးလေ။ ဘာကြောင့်ဆို ယာဉ်မှူးသုံးယောက်သား တီဗီထဲမှာ သူတို့ရုပ် ပေါ်ချင်ဇောနဲ့အာကာသယာဉ်တံခါးပေါက်မှ အလုအယက်တိုးရင်း ထွက်မရလို့ပဲဖြစ်သွားမယ်၊ အရေးကြီးတာက ဘယ်သူပဲဖြစ်ဖြစ် သူတို့မျက်နှာပြဖို့ထက် လပေါ်ဆင်းတဲ့ အလုပ်လုပ်ပြဖို့ပဲမဟုတ်လား"

တဆက်တည်း ပက်ကပြောပါသေးရဲ့။

"ကျွန်တော်တို့ဟာ အတွင်းအနှစ်သာရ အရည်အသွေးထက် အပြင်သဏ္ဌာန် ပုံစံတိုင်တွေကိုသာ ဦးစားပေးလက်ခံမယ်ဆိုတဲ့နေ့မှာ ရည်ရွယ်ချက်ကောင်းနဲ့လုပ်တဲ့ ဘယ်လုပ်ငန်းမဆို ရပ်ဆိုင်းသွားမှာသေချာတယ်၊ အနှစ်သာရထက် အပြင်ပုံစံကို ဦးစားပေးချင်တယ်ဆိုရင်တော့ အရေးမပါတာတွေ သွားလုပ်ရုံပဲရှိတာပေါ့"

## အကျိုးအကား

သုတေသီများက ကျောင်းသားငယ်များ၏ စိတ်ဝင်စားဖွယ်ပြောင်းလဲတတ်ပုံ တစ်ခုကို တွေ့ရှိခဲ့ကြရသည်။

ကျောင်းနေစ ပညာသင်ခါစတွင် ဉာဏ်ကောင်းသူရော ဉာဏ်ထိုင်းသူပါ သူတို့နားမလည်သည်များကို သိချင်ဇောဖြင့် မေးခွန်းထုတ်တတ်ကြ၏။

သို့သော် . . . သူတို့ကြီးပြင်းလာရာမှ အတန်းထဲ၌ အပြိုင်အဆိုင်ဖြစ်လာကြသောအခါ ဉာဏ်ထိုင်း၍ ညံ့ဖျင်းသူများမှာ သူတို့မသိနားမလည်ကြောင်း ဖော်ပြောရန်နှင့် မေးခွန်းထုတ်ရန် နောက်တွန့်သွားကြတော့သည်။

ဘတ်တလာ (၁၉၉၉)

# (၂၆)
# အတွေးလွန် သွက်ချာပါဒကို ရှောင်ကြဉ်ပါ ။

ကျွန်တော်တို့ဟာ တစ်ချိန်လုံးဆုံးဖြတ်ချက်တွေချနေကြရတယ်။ တစ်ခါတစ်ရံ သိပ်အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေတောင်ပါပါတယ်။ အကောင်းဆုံး ဆုံးဖြတ်ချက် တွေကို ကိုယ်ရထားတဲ့ သတင်းအချက်အလက်တွေပေါ်မှာ အခြေခံပြီး စဉ်းစားကြတာပါ။

ကိုယ့်လုပ်ရပ်တစ်ခုအောင်မြင်လို့ကျေနပ်အားရဖြစ်ကြရတာဟာ ဆုံးဖြတ်ချက် မှန်ကန်မှုရဲ့ ရလဒ်ဖြစ်ရုံသာမက အခြေခံအချက်တွေကို အချိန်ယူပြီး အပြန်ပြန်အလှန်လှန် သုံးသပ်စဉ်းစားခဲ့တာကြောင့်လို့လည်း ဆိုရပါလိမ့်မယ်။

ဒါပေမယ့် တွေးသင့်တွေးထိုက်တာထက် ပိုတွေးပြီး အတွေးလွန်သွားရင်တော့ သွက်ချာပါဒလည်ပြီး လမ်းချော်သွားနိုင်ပါတယ်။

ငါဒီအလုပ်ကို ဝင်မလုပ်ခဲ့ရင် ဘာဖြစ်မလဲ။

မကြာခင်မှာ လခတိုးပေးဖို့ ပြောရင်ကောင်းမလား။

လက်ရှိဘွဲ့အစား တခြားဘွဲ့တစ်ခုခုကို ယူခဲ့ရင်ကော။

ဒီမေးခွန်းတွေဟာလည်း မရေမရာ မသေမချာတဲ့ အဖြေတွေထွက်မှာမို့

ဦးကျောက်စားပြီး အချိန်ကုန်ရုံသာရှိပါတယ်။ ဒါလုပ်မယ်လို့ ဆုံးဖြတ်ပြီးမှ ဟိုဟာလုပ်ရင် ပိုကောင်းမယ်ထင်တယ်လို့ စဉ်းစားတာဟာ တွေဝေသွားတာဖြစ်တဲ့အပြင် မူလဆုံးဖြတ်ချက်ကို အနှောင့်အယှက်ပေးနိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် တိကျသေချာတဲ့ အချက်အလက်တွေကို စုစည်းပြီးခိုင်မာတဲ့ ဆုံးဖြတ်ချက်ကို ချမိဖို့အရေးကြီးပါတယ်။ မတွေးသင့်တာတွေတွေးပြီး တွေးသင့်တာထက် ပိုတွေးတာဟာ အန္တရာယ်ရှိတယ်ဆိုတာ သတိချပ်ဖို့ပါလိုတယ်ဆိုပါရစေ။

ဆုံးဖြတ်ချက်တစ်ခု ပိုင်ပိုင်နိုင်နိုင်ချပြီးပြီဆိုတာနဲ့ နဝေတိမ်တောင် ယောင်မနေဘဲ ဖြစ်မြောက်အောင်မြင်အောင် တစိုက်မတ်မတ်ကြိုးစားသင့်တာပါပဲ။

## သာဓက

မစ်ဂူးယဲလ် အာတက်တာရဲ့ ရုပ်ရှင်ရိုက်တဲ့လုပ်ငန်းက ပထမဆုံးအရသာဟာ စိတ်မချမ်းမြေ့စရာတွေ၊ ခြိမ်းခြောက်မှုတွေနဲ့ ပြည့်နေပါတယ်။

"ဒါရိုက်တာတစ်ယောက်အနေနဲ့ ပထမဆုံးကားစရိုက်တဲ့လူတွေဟာ ဘာမဆို စိတ်ကြိုက်လုပ်ချင်တာနဲ့အမျှ စိတ်ညစ်စရာပြဿနာတွေနဲ့လည်း အဆက်မပြတ်တွေ့ရတာပါပဲ၊ ကိုယ့်ဆုံးဖြတ်ချက်မှန်သမျှ ငွေရှင်တွေ သဘောကျဖြစ်စေရသလို သူတို့မကြည်ဖြူရင် ငွေထုတ်မပေးမှာကိုငဲ့ပြီး ဆုံးဖြတ်ချက်တွေကို ပြင်သင့်ပြင်ဖို့လည်း ထည့်စဉ်းစားရတယ်။

ဒီလိုနဲ့ ငွေနောက်လိုက်ရတာဟာ ခွေးတစ်ကောင် သူ့အမြီးသူပြန်ဟပ်ဖို့ ကြိုးစားသလို ချာရပတ်ရမ်းနေရတာနဲ့တူကြောင်း ပြောပြပါတယ်။ ပြီးတော့ . . .

"စီမံကိန်းမှန်သမျှဟာ သူတို့က နှုတ်တာပယ်တာတွေ မခံရမချင်း ယာယီသဘောပဲဆောင်တယ်၊ ပြီးတော့ အစအဆုံး ပြန်စရတော့တာပါပဲ"



နောက်ဆုံး မစ်ဂူးယဲလ်က သူ့ရုပ်ရှင်ကားကို တကယ်ဖြစ်အောင်ရိုက်မယ်၊ သူ့စိတ်တိုင်းကျ သူ့လက်ရာအစစ်ဖြစ်စေရမယ်လို့ ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်ပါတော့တယ်။ သူ့ကုမ္ပဏီပိုင်ရှင်တွေအလိုကျ ပြောင်းလဲပြင်ဆင်မှုတွေကို ထပ်အလုပ်မခံတော့ဘူးပေါ့။

"ကျွန်တော်တို့အနေနဲ့ အလုပ်ပျက် အကိုင်ပျက်နဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေ ပြန်မပြင်ရအောင် ကျွန်တော်တို့အပေါ် နားလည်မှုရှိတဲ့လူတွေဆီက အရင်းအနှီးယူပြီး လက်တွဲလုပ်သင့်ပါတယ်"

မစ်ဂူယဲလ် နောက်ဆုံးမှာ ဝေဖန်ရေးဆရာတွေ ချီးကျူးထောပနာပြုခံရတဲ့ Star Maps ဆိုတဲ့ ရုပ်ရှင်ကားကြီးကို အောင်မြင်စွာ အသက်သွင်းရိုက်ကူးနိုင်ခဲ့တာဟာ ခေါင်းခြောက်အောင် ဦးကျောက်မများရလို့ပဲဖြစ်ပါတော့တယ်။

## အကိုးအကား

အတွေးတွေ ထွေပြားပြီး ဆုံးဖြတ်ချက်အမျိုးမျိုးနဲ့ ဝေဝါးနေသူတွေဟာ အချိန်ကုန်ခံသိပ်မစဉ်းစားဘဲ ဆုံးဖြတ်ချက်ပြတ်သားသူတွေထက် ကျေနပ်အားရမှု ၄၆-ရာခိုင်နှုန်းလျော့နည်းပါတယ်။

**မက်ဂရီဂါ (၁၉၉၉)**

## (၂၇)
## ရှည်လျားတဲ့ ကုန်းပြင်မြင့်ကိုသာရှာပါ ။ တောင်ထွတ်ကို မရှာပါနဲ့ ။

ထိပ်ဖျားကလူတွေက ထိပ်ဖျားမှာပဲ နေချင်ကြပါတယ်။ ဒါဟာ အံ့သြစရာတော့ မဟုတ်ပါဘူး။ သို့ပေမယ့် မယုံနိုင်လောက်အောင် အောင်မြင်မှုရပြီး အထွတ်အထိပ်ကို ရောက်ဖူးတဲ့လူတွေဟာ အရှိန်ကုန်လို့ပြန်ကျသွားတဲ့နောက် ကြာရှည်ကြာမြောတသသနဲ့ တမ်းတမဆုံးဖြစ်နေတတ်ပါတယ်။

ဒီတော့ ဖြစ်လွယ်ပျက်လွယ်၊ မတည်မြဲတဲ့ သဘောကိုမြင်ပြီး အဆုံးစွန်သော အောင်မြင်မှုဆိုတာကို မျှော်မှန်းမယ့်အစား တက်သာဆုတ်သာနဲ့ ကျေနပ်အားရလောက်တဲ့ ထိုက်ထိုက်တန်တန် အောင်မြင်မှုမျိုးကိုသာ အရယူတာက ပိုကောင်းပါလိမ့်မယ်။



### သာဓက

နယူးယောက်မြောက်ပိုင်းက ပန်းသည်ဖြစ်သူ ပက်ထရစ်ရှာ ဝိုက်ရှနာဟာ ပန်းရောင်းခဲ့တာ နှစ်လေးဆယ်ရှိခဲ့ပါပြီ။

သူဟာ သူ့မြို့က ထောင်သောင်းများစွာသော လူများကို ပန်းတွေရောင်းခဲ့ရာက ပန်းသည်တစ်ယောက် မက်မောမျှော်လင့်ရတဲ့ အကောင်းဆုံးတာဝန်တစ်ရပ်ကိုတောင် လက်ခံရရှိခဲ့ပါတယ်။ အဲ့ဒါကတော့ ပျော်ရွှင်သာယာ ခရစ်စမတ်ချိန်ခါမှာ သမ္မတအိမ်ဖြူတော်မှာ ပန်းအလှဆင်ခွင့်ရရှိလိုက်ခြင်းပါပဲ

"ကျွန်မ အသက်ရှူတွေတောင် မှားသွားရပါတယ်၊ နေရာအနှံ့က မြင်ကွင်းဖွေအစုံရောက်ဖူးချင်ကြတဲ့အထဲမှာ သမ္မတကြီးရဲ့ ဘဲဥပုံရုံးခန်းကို ဝင်ခွင့်ရတာလည်း တစ်ခုပါတာပေါ့"

ပက်ထရစ်ရှာဟာ ရင်ခုန်စိတ်လှုပ်ရှားခဲ့ရလင့်ကစား လိုအပ်တဲ့လေ့လာသင်ယူမှုတွေ ပြည့်စုံအောင် နေ့စဉ်နှင့်အမျှ ကြိုးစားခဲ့ပါတယ်။

"အိမ်ဖြူတော်မှာ တာဝန်တစ်ခုယူရတာဟာ ဝမ်းသာဂုဏ်ယူစရာကောင်းတဲ့ ဆုထူးဆုမြတ်ကြီးဖြစ်ပေမယ့် ကျွန်မအနေနဲ့ ကိုယ့်အလုပ်ကို တာဝန်ကျေပွန်အောင် လုပ်ဖို့သာ အားထုတ်ခဲ့ပါတယ်၊ ကျွန်မလက်ရာကို အမှတ်တရစွဲလမ်းကျန်ရစ်ခဲ့ဖို့နဲ့ သားသမီးတွေကို လက်ဆင့်ကမ်းအမွေပေးနိုင်ဖို့ပဲ ဖြစ်ပါတယ်"

သူ့အဖို့ ပန်းအကြောင်း အကုန်အစင်နီးပါး နားလည်တဲ့တိုင်အောင် ဈေးကွက်ရာတဲ့အပိုင်းမှာ ကျွမ်းကျင်လှသူမဟုတ်ပါဘူးတဲ့။

"ကျွန်မတတ်သင့်တတ်ထိုက်တဲ့ပညာတွေက ပန်းလုပ်ငန်းတွေနဲ့ နီးနွယ်နေပါတယ်၊ ဒီတော့ ဘဝတူတစ်ခြားလူတွေဆီက ပညာတွေဆည်းပူးရပါသေးတယ်၊ ဘာကြောင့်ဆို သူတို့ကြုံရတဲ့ ပြဿနာမျိုးပဲ ကျွန်မလည်း ထပ်တူကြုံရမှာဖြစ်လို့ပါပဲ။

ဒါနဲ့အမျှ ပက်ထရစ်ရာဟာ လုပ်ငန်းခွင်နီးနှောဖလှယ်ပွဲတွေကို တက်ရောက်ခဲ့သလို သူ့လုပ်ငန်းကိုတိုးတက်သထက် တိုးတက်မြင့်မားအောင် မွမ်းမံခဲ့ပါတယ်။ အဲဒီသင်တန်းတွေက အထောက်အကူအများကြီးရခဲ့ပြီး သူ့ဖောက်သည်တွေကို အမာခံထားနိုင်ခဲ့ရုံမက အိမ်ဖြူတော်ကလည်း အလုပြင်ဖို့ နောက်ထပ်ခေါ်ယူခြင်းခံခဲ့ရသေးတယ်။

စင်စစ်တော့ သူ့အနေနဲ့ တောင်ထိပ်ပေါ်မှာ နန်းတော်ဆောက်တာထက် တောင်ခါးပန်းမှာ ပန်းခြံကြီးပျိုးခဲ့တာပဲ မဟုတ်ပါလား။

## အကိုးအကား

အိုလံပစ် အားကစားသမားပောင်းတွေကို လေ့လာရာမှာ သူတို့ဟာ စွမ်းဆောင်နိုင်ရည်ပြည့်ဝသလောက် ရည်ရွယ်ချက်မြင့်မားကြောင်းတွေကြရတာ မဆန်းလှဘူးလို့ ဆိုရမှာပါပဲ။

ဒါပေမယ့် ဒီကြားထဲက ထက်ဝက်ကျော်ကျော်ဟာ သမားရိုးကျလွန် ပြေးခုန်ပစ်ကစားနည်းတွေကို နှိမ်းကြရာက အခက်အခဲဒုက္ခတွေကြုံရပါတယ်။ အရင်းစစ်လိုက်တော့ သူတို့ဟာ ပိုမိုမြင့်မားတဲ့ အောင်မြင်မှုကို ရယူနိုင်စွမ်းမရှိကြတော့သလို တစ်ချိန်က အောင်မြင်မှုမှာ ဝမ်းသာပျော်ရွှင်ပြီး နစ်မျောနေမိကြလို့ပဲဖြစ်လို့ပါတဲ့။

**စပတ်ကက်စ် (၁၉၉၈)**

(၂၈)

## ကံပေးလာတာကို ဉာဏ်နဲ့သိပြီး ဝီရိယနဲ့အရယူပါ ။

ဘယ်ကိစ္စမဆို အခွင့်အရေးလမ်းစတစ်ခု ပွင့်နေစမြဲပါ။

ပညာရေးနဲ့ အလုပ်အကိုင်တွေရဲ့ အနေအထားမှန်သရွေ့မှာ ကံကြမ္မာလှည့်ကွက်တွေရဲ့ ရိုက်ခတ်မှုတွေ ကြုံတတ်ပါတယ်။

ဘာမလုပ်ငန်းကြီးတွေဟာ သိသူဖော်စား၊ မသိသူကျော်သွားဆိုသလို ဖြစ်လေ့ရှိတာကလား။

အခွင့်အလမ်းသစ်ဆိုတာတွေကလည်း ဂရုတစိုက်ရှာဖွေနေသူရဲ့ မျက်စိလျှင်မှု မလျှင်မှုအပေါ်မှာ အဓိကမူတည်နေပါတယ်။

ဒါပေမယ့်လည်း ကြုံကြိုက်လာချိန်မှာ အခွင့်အရေးက ကိုယ့်အတွက်ပေးသည်ဖြစ်စေ၊ မပေးသည်ဘဲဖြစ်စေ ပြီးတော့ . . . အကျိုးရလဒ်က မသေချာတာ သေချာတာ နောက်ထားပြီး လုပ်သင့်လုပ်ထိုက်တာတော့ ယုပ်ရမှာပါပဲ။

ဘာပဲဖြစ်ဖြစ် လုံ့လဝီရိယနဲ့ကြိုးစားအားထုတ်မှုဟာ ကံကောင်းကံပွင့်လာစေတဲ့ အခွင့်အရေးကို ပိုမိုကြီးကျယ်စေမှာ မလွဲပါဘူး။

ယုတ်စွအဆုံး ကံပေးလာတယ်ဆိုရင်တောင် ဉာဏ်နဲ့မြင်ပြီး ဝီရိယနဲ့အရယူဖို့လိုတယ်ဆိုတာ ပြောချင်ပါတယ်။

## သာဓက

စတီဖင်တစ်ယောက် တစ်ပတ်ကြာအပမ်းဖြေခရီးက ပြန်လာချိန်မှာ အီးမေးလ်အစောင်ပေါင်း ၆၆၀ က သူ့အတွက် ဆီးကြိုနေပါတယ်။

ဒီစာတွေကို တစ်ရက်တည်းနဲ့ ဘယ်လိုမှရှင်းထုတ်နိုင်မှာ မဟုတ်တာတော့ သေချာပါတယ်။

"ဒါဖြင့် ဆက်ပြီးထိန်းသိမ်းထားရမှာလား··· စဉ်းစားရင်းက ကျွန်တော် ချွေးပြန်လာပါတယ်၊ အခြေအနေက စိုးရိမ်ထိတ်လန့်စရာကောင်းပြီး တကယ်မလွယ်ပါဘူး။ ဘုရားရေ···ကျွန်တော်က ဒီစာတွေအားလုံး ဘယ်လိုလုပ်ပြန်ကြားရပါ့မလဲ"

အီးမေးလ်ဆိုတာက အလုပ်ကိစ္စရော၊ ကိုယ်ရေးကိုယ်တာရော၊ အရေးကြီးတာရော၊ အရေးမကြီးတာရောပါတာမို့ မဖတ်မဖြစ်ဖတ်ပြီး ပြန်သင့်တာပြန်ရမှာပါပဲ။ ဒီကြားထဲက တချို့စာတွေဆိုရင် ကျော်ချင်းကပ် ရုံးခန်းကလာတာတွေတောင် ဖြစ်နေသေးရဲ့။

ဒီ့အတွက် အချိန်တွေစားပြီး တစ်ခြားအလုပ်တွေပျက်ရပါဦးမယ်။

"အပြန်အလှန်စကားပြောသလို အဝင်အထွက်တွေလုပ်နေရတာနဲ့ တစ်ဖက်က ကုန်ထုတ်စွမ်းအားတွေ အကြီးအကျယ်ကျမယ့်ကိန်းပါပဲ"

ဒါပေမယ့် အီးမေးလ်ကို စက်ပိတ်ပစ်လိုက်မယ်ဆိုရင်ကော တဲ့။



"ဒါလည်း လောလောဆယ် အကြပ်အတည်းက လွတ်သွားရုံရှိပြီး ထိခိုက်နစ်နာမှုက ပိုများသွားပါလိမ့်မယ်"

နောက်ဆုံးတော့ စတီဖင်ဟာ ကြိုးစားပမ်းစားနဲ့ပဲ အရေးကြီးတာတွေကို မလွတ်စေဘဲ အရေးမကြီးတဲ့စာတွေကို ရွေးထုတ်နိုင်ခဲ့ပါတယ်။

"ဒီလိုနဲ့ ကျွန်တော်ဟာ အလုပ်မျိုးစုံကို တစ်ပြိုင်တည်းလုပ်တတ်တဲ့ အမြတ်ထွက်လာပါတော့တယ်၊ အီးမေးလ်ကို ပြန်ကြားရင်း တစ်ချိန်တည်းမှာ တယ်လီဖုန်းကိုပါ ဆက်တတ်နေပါပြီ၊ ဒါဟာ တကယ့်ကို သိမ်မွေ့ခက်ခဲပြီး မဖြစ်နိုင်ဘူးထင်ရတဲ့အလုပ်ပါပဲ။ ဒါပေမယ့် စာအစောင်တစ်ထောင်မှာ ကျွန်တော်လိုအပ်တဲ့ တစ်စောင်ကို တွေ့အောင်ရှာနိုင်စွမ်းရှိတဲ့အဓိပ္ပာယ်ပေါ့၊ စင်စစ်တော့ အခွင့်အရေး ကစားပွဲပဲဖြစ်ပြီး ကျွန်တော်ကလည်း မလွဲမသွေ ဆက်ကစားနေတော့မှာပါ···"

## အကိုးအကား

အသက်မွေးဝမ်းကြောင်းဘဝတွေကို လေ့လာသုံးသပ်သူတွေအနေနဲ့ လက်ရှိလုပ်ကိုင်နေဆဲ ကျွမ်းကျင်သူတွေရဲ့ ၈၃-ရာခိုင်နှုန်းက သူတို့ရဲ့ဘဝလမ်းတစ်လျှောက်မှာ အခွင့်အရေးဆိုတာ သိသိသာသာ အရေးပါတယ်လို့ ယုံကြည်ကြသလို မမျှော်လင့်ဘဲရလာတဲ့အခွင့်အလမ်းတွေကို မြင့်မြင့်မားမား တန်ဖိုးထားပြီး လက်ကမ်းကြိုဆိုနေတယ်လို့ သိရှိရပါတယ်။

ဝီလီယမ်စ်၊ ဆိုပရက်တို၊ လိုက်ခ်၊ တိုရက်ကျီနှင့် ဟီးလ် (၁၉၉၈)

## (၂၉)

## အတိတ်သည် အနာဂတ်မဟုတ်ပါ •

ကိစ္စရပ်တွေနဲ့ လုပ်ဆောင်ချက်တွေကို စဉ်းစားသုံးသပ်ကြည့်သင့်ပါတယ်။ ကစားပွဲကတော့ မတရားသဖြင့် ကလိန်ကကျစ်ကျနေတာပါပဲ။ တချို့လူတွေက အခွင့်အရေးတွေ သိမ်းကျုံးရရှိပြီး အောင်မြင်သွားကြတယ်။ တချို့ကျတော့ ဘာအခွင့်အရေးမှ မရဘဲ ရှုံးနိမ့်ခဲ့ကြရတယ်။

ဘာပဲဖြစ်ဖြစ် ဒါဟာ ကြောက်စရာကောင်းအောင် လွဲချော်မှုလို့ ဆိုနိုင်ပါတယ်။

သင်ရဲ့အောင်မြင်မှုဟာ လက်ရှိလောလောဆယ် ပြုမူဆောင်ရွက်ချက်တွေပေါ်မှာသာ ပိုပြီးအမှီသဟဲပြုပါတယ်။



သင်ကြီးပြင်းခဲ့တဲ့နေရာ၊ သင်နေခဲ့တဲ့ကျောင်း၊ သင့်ရဲ့ တစ်ချိန်က ဘဝလမ်းချောမွေ့ဖြောင့်ဖြူးတာ ကြမ်းတမ်းခက်ခဲတာတွေနဲ့ သိပ်မပတ်သက်ပါဘူး။

အခွင့်အလမ်းတွေက သင့်ရှေ့လက်တစ်ကမ်းမှာပဲ ရှိနေတာပါ။ သင်က အမိအရဆုပ်ဖမ်းဖို့ကြံကြံ မကြံကြံ အခွင့်အလမ်းဆိုတာကတော့ ပေါ်ပေါက်နေစမြဲပါပဲ။

### သာဓက

ဂျွန်ပီတာမင်မှာ သူ့ကိုယ်သူ ဂျေပီတာမင်အဖြစ် ဘဝပြောင်းနိုင်အောင် ဘယ်သူမှ မထွင်ဖူးသေးတဲ့ လက်လီဆိုင်ကြော်ငြာဂျာတ်တလောက်တစ်ခု ထုတ်ဖို့အကြံရှိထားပါတယ်။

ရင်းနှီးမြှုပ်နှံသူ သုံးဆယ့်ငါးယောက်က အရှုံးပေါ်မယ့် ကမ်းလှမ်းချက်ပဲဆိုပြီး ပယ်ချခဲ့ပါတယ်။

သုံးဆယ့်ခြောက်ယောက်မြောက်ပုဂ္ဂိုလ်ကတော့ ဒေါ်လာတစ်သန်း အရင်းအနှီးစိုက်ထုတ်ပေးခဲ့ပါတယ်။

သူ့ရဲ့ ရောင်းချရေးဒဿနကို စိတ်ကူးဉာဏ်ကွန့်မြူးမှုအပေါ်မှာ အခြေခံထားပါသတဲ့။

"ဘာကြောင့်လဲဆိုတော့ စိတ်ကူးဉာဏ်ဆိုတာက ပါးစပ်ကပြောတာ လက်ကလုပ်ပြတာတွေထက် ပိုအားကောင်းလို့ပါပဲ"

ပီတာမင်အနေနဲ့ ငြင်းပယ်မှုတွေ တစ်ပုံကြီးကို ဘယ်လိုရင်ဆိုင်ဖြတ်သန်းခဲ့ရပါသလဲ မေးတဲ့အခါသူက -

"ဘဝမှာ ရှုံးနိမ့်မှုတွေ ကြုံခဲ့ရတာမနည်းပါဘူး။ အောင်မြင်မှုဆိုတာ အဲ့ဒီရှုံးနိမ့်မှုတွေကို ကျော်လွှားနိုင်ခြင်းသာဖြစ်ပါတယ်"တဲ့။

သူက ဘော့စ်ဘောကစားတာနဲ့ နှိုင်းယှဉ်ပြီး ပွဲတစ်ပွဲရှုံးသွားတဲ့နောက်ပိုင်း ဆက်လက်ကြိုးစားရတဲ့ ဖြစ်စဉ်ကို ထောက်ပြပါတယ်။

"ခင်ဗျားရဲ့ အမှားကိုသာ တွေးနေမယ်ဆိုရင်တော့ နောက်တစ်ခါထပ်မှားဦးမှာပဲ၊ အမှားကျူးလွန်မိတာဟာ သင်ခန်းစာတစ်ခု သင်ယူတာမျှသာဖြစ်ပါတယ်"

ပီတာမင်ရဲ့ အောင်မြင်မှုလမ်းကြောင်းဟာ ကလေးဘဝက ခြိုးခြိုးခြံခြံနေခဲ့ရတာနဲ့ အစပျိုးခဲ့တာပါ။

"ဒီနေ့ လူမှုအဆင့်အတန်းအရပြောရင် ကျွန်တော်တို့ဟာ အတော်ဆင်းရဲခဲ့ပါတယ်၊ ဒါပေမယ့် အဲ့ဒါကို ပြန်မစဉ်းစားတော့ပါဘူး"

သူဟာ အတိတ်ကိုပြန်တွေးမယ့်အစား လက်ရှိပစ္စုပ္ပန်အခြေအနေကိုသာ အာရုံစိုက်ထားခဲ့ပါသတဲ့။

"ကျွန်တော့်မှာ ဘာမှလုပ်စရာမရှိတဲ့ အခွင့်အလမ်းတွေသာ အများအပြားရခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော်က သူမတူအောင်ထူးခြားပြီး ထက်မြက်တောက်ပတဲ့ စိတ်ကူးညာဏ်တွေ မွေးမြူနိုင်ခဲ့ပါတယ်"

## အကိုးအကား

အလုပ်သမားတွေရဲ့ မျက်မှောက်ကာလ အပြုအမူလုပ်ဆောင်ချက်တွေ (ရုံးတွင်းရုံးပြင်နှစ်ခုစလုံးမှာ) သူတို့ရဲ့ နောက်ကြောင်းဘဝတွေ အလုပ်လုပ်တဲ့ရာဇဝင်တွေထက် ခြောက်ဆလောက် စွမ်းဆောင်နိုင်အားရှိပါတယ်။

**အာရစ်ဆင် (၁၉၉၈)**

## (၁၀)

## ညအိပ်ရေးဝအောင် အိပ်ပါ ၊

နေ့ဘက်မှာ အချိန်နာရီတွေ အများကြီးရှိသလို လုပ်စရာတွေလည်း တပုံကြီးပဲရှိရာက ဆုံးရှုံးသူတွေဟာ အလဟဿ အိပ်ပစ်လိုက်ကြတာ တွေ့ရပါတယ်။

ဒါပေမယ့် အိပ်စက်ခြင်းဟာ လုပ်အားထုတ်လုပ်မှုစွမ်းရည်ရဲ့ အရေးကြီးတဲ့ ကဏ္ဍတစ်ရပ်ပဲဖြစ်ပါတယ်။ အိပ်စက်ခြင်းနဲ့ ဦးနှောက်ကို အာဟာရတိုက်ကျွေးရတာပါ။

အအိပ်ပျက်ခံပြီး အချိန်ပိုရအောင် ယူနိုင်ပေမယ့် ရည်မှန်းချက်နဲ့ လိုအင်ဆန္ဒပြည့်ဝဖို့အတွက် စွမ်းအားစိုက်ထုတ်ပြီး လုပ်ရတာကိုလည်း သတိပြုသင့်ပါတယ်။

### သာဓက

မက်ဟာ နှစ်ပေါင်းများစွာ အိပ်ရေးမဝခဲ့သူဖြစ်ပါတယ်။

"အလုပ်ပိတ်ရက်မှာ ကောင်းကောင်းမအိပ်ခဲ့ရင် တနင်္လာနေ့မနက်မှာ ဘယ်လိုကြုံရသလဲဆိုတာ လူတိုင်းလိုလိုသိပါတယ်၊ ကဲ… ဒီတော့ ငါးနှစ်လောက် အိပ်ရေးမဝသူတစ်ယောက် ဘာဖြစ်မလဲဆိုတာ မှန်းသာကြည့်ပေတော့"

မက်က ညဘက်အိပ်ရေးပျက်တော့ မနက်နေမြင့်မှ အပျင်းတစ်ပြီးနိုးလာရပြန်ပါတယ်။

"ဒီလိုနဲ့ ကျွန်တော့်ဘဝဟာ တိုးတက်မှုတွေ နှေးကွေးခဲ့ရတယ်ဆိုပါတော့"

တစ်နေ့ . . . အိပ်လို့မရတဲ့ ပြဿနာနဲ့ ပတ်သက်လို့ သုတေသနလုပ်မယ့် ကြော်ငြာတစ်ခုကို ဖတ်မိရာက မက်က အစမ်းသပ်ခံဖို့ လျှောက်ခဲ့ပြီး ဆရာဝန်တွေက သူတို့ဆေးရုံမှာ သုံးလေးည လာအိပ်ခိုင်းခဲ့ပါတယ်"

မက်အိပ်ဖို့ကြိုးစားတာကို ဗီဒီယိုရိုက်ပြီး အကဲခတ်ကြည့်ခဲ့ရာက သူ့မှာ အသက်ရှူမမှန်လို့ လန့်လန့်နိုးခဲ့ရာက ညလုံးပေါက်မအိပ်နိုင်တာ စစ်ဆေးတွေ့ရှိခဲ့ကြပါတယ်။

ဒီပြဿနာဟာ သူအိပ်နေချိန်အတွင်းမှာ အသက်ရှူလို့ကောင်းအောင် အထူး မျက်နှာဖုံးတစ်ခုတပ်ထားရင် သက်သာပြေလည်သွားမယ်လို့ ဆိုခဲ့ကြပါတယ်။

မက်အဖို့တော့ အဲဒီအသက်ရှူကိရိယာဟာ ဘဝသစ်တစ်ခုကို ဖန်တီးပေးခဲ့တာပါပဲ။

"ကျွန်တော် နေ့ဘက်မှာ ပိုအလုပ်လုပ်နိုင်တယ်၊ အိမ်ထောင်ရင်ခင်ပွန်းကောင်းတစ်ယောက် ပိုပီသလာတယ်၊ ဘာမဆို ပိုလုပ်နိုင်လို့လည်း ဝမ်းသာပျော်ရွှင်ခဲ့ရတယ်"

## အကိုးအကား

အမေရိကန်အတော်များများ အလုပ်ခွင်မှာ အိပ်ငိုက်ကြရာက သူတို့ထဲက ငါးယောက်မှာ နှစ်ယောက်လောက်ဟာ အိပ်မှုန်စုံမွှားနဲ့ အမှားတွေလုပ်မိကြတယ်လို့ အစီရင်ခံစာတွေမှာ ဖော်ပြခဲ့ကြပါတယ်။ အိပ်ရေးမဝမှုဟာ ဆန်းသစ်တီထွင်တဲ့ အတွေးအခေါ်တွေကို ၆၀-ရာခိုင်နှုန်း အားလျော့စေပြီး ဆုံးဖြတ်ချက် ချောချောမောမော ချမှတ်နိုင်ရေးမှာ ၃၉-ရာခိုင်နှုန်း အားနည်းသွားစေပါတယ်။

**ဟာရစ်ဆင်နင့် ဟွန်း၊ (၁၉၉၉)**

(၃၁)

## သင်နဲ့စပြီး သင်နဲ့ပဲအဆုံးသတ်ပါတယ် ။

ခုဆိုရင် ကျွန်တော်တို့ဟာ အင်အားကြီးမားတဲ့ နိုင်ငံတကာ ကော်ပိုးရေးရှင်းခေါ်တဲ့ တိုင်းပြည်တစ်ပြည်ထက် ပိုစွမ်းအားကောင်းတဲ့ ကုမ္ပဏီစုပေါင်းလုပ်ငန်းကြီးတွေရှိရာ ခေတ်ကမ္ဘာထဲ ရောက်နေပါပြီ။ ဒါနဲ့အမျှ များသောအားဖြင့် လူတွေဟာ ဘဝလွတ်မြောက်ရေးကို ရှေ့ရှုပြီး ကိုယ်ပိုင်ပုံစံတွေနဲ့ တစ်ဦးချင်းတာဝန်ထမ်းရွက်နိုင်မှုတွေကို ချမှတ်လုပ်ဆောင်နေကြပါတယ်။ သာမန်လူတွေအတွက် နေရာများများစားစား မရှိကြတော့သလို အလုပ်သမားတစ်ယောက်ကို သေတပန်သက်တဆုံး ကုမ္ပဏီက တာဝန်ယူထားတာမျိုးလည်း အတိတ်မှာ ကျန်ရစ်ခဲ့ပါပြီ။

သင့်အနေနဲ့ လက်ရှိအခြေအနေက ဘယ်တော့မှ ရုန်းထွက်ရေတက်နိုင်စွမ်း မရှိဘူးဆိုတဲ့တိုင်အောင် ကိုယ်လုပ်ချင်တဲ့နေရာ၊ လုပ်ချင်တဲ့အလုပ်နဲ့ ပတ်သက်လို့ မြင့်မားပြီးအရေးပါတဲ့ ဆုံးဖြတ်ချက်တစ်ရပ်တော့ ချမှတ်ထားဖို့လိုပါတယ်။ ဒီဆုံးဖြတ်ချက်များအပေါ်မှာ တစ်ကိုယ်ရည်တာဝန်ရှိမှုကို လက်ခံထားရမှာဖြစ်သလို အနာဂတ်မှာ ဖြစ်ထွန်းလာမယ့် အခွင့်အလမ်းတွေအတွက်လည်း သင့်ကိုယ်သင့်ပြင်ဆင်ထားသင့်ပါတယ်။

## သာဓက

"ခင်ဗျားမှာ အစွမ်းအစရှိတယ်ဆိုရင် ခင်ဗျားကိုယ်ခင်ဗျား ယုံကြည်မှုထားပြီး အကြံတွေဉာဏ်တွေထုတ်နေရာက လက်တွေ့လုပ်ဖို့ ဆုံးဖြတ်ချက်ချမှတ်ရပါလိမ့်မယ်"

ဒီစကားကိုပြောခဲ့သူကတော့ အာကာသလွန်းပျံခရီးကို အခေါက်ပေါင်းမရေနိုင်အောင် မိုင်လေးသန်းကျော်သွားခဲ့သူ အာကာသယာဉ်မှူးဟောင်း ဘားနဒ်ဟဲရစ်စ်ပါပဲ။

ဟဲရစ်စ်ဟာ နယူးမက္ကဆီကိုပြည်နယ်ရဲ့ အစွန်အဖျား ဇနပုဒ်ရွာလေးဖြစ်တဲ့ ဂေါလက်ပ်မှာ မွေးဖွားကြီးပြင်းခဲ့ရသူဖြစ်ပါတယ်။ ဒါပေမယ့် တီဗီထဲက အပိုလို အာကာသယာဉ်ပျံသန်းမှုတွေကို ကြည့်ခဲ့ရတဲ့အချိန်ကစပြီး မဆုံးနိုင်တဲ့ အိပ်မက်တွေ မက်ခဲ့မိပါတော့တယ်။

အာကာသသူရဲကောင်း ဖြစ်မလာခင်မှာ ဒေါက်တာဟဲရစ်စ်ဟာ ဆေးကျောင်းတက်ခဲ့ပါတယ်။ နောက်မှ လေတပ်မတော်ထဲကို လေကြောင်းဆရာဝန်အဖြစ် ဝင်ခဲ့တာပါ။

"ကျွန်တော်တို့ ဂေါလက်ပ်ရွာက ကျွန်တော့်လို အောင်မြင်မှုလမ်းကြောင်းပေါ်



ချောချောမောမောရောက်ခဲ့သူတစ်ယောက်မှ မရှိပါဘူး၊ လူဆိုတာ ကိုယ်ပိုင်လမ်းကို ကိုယ်တိုင်ဖောက်ရတာပါ။ ပြီးတော့ ဟိုဟာတော့မဖြစ်နိုင်ဘူး၊ ဒီဟာတော့ မလုပ်နိုင်ဘူးလို့ လာပြောရင် ဘယ်သူ့ကိုမှ ကျွန်တော်အပြောမခံပါဘူး"

သူဟာ ကျောင်းသားလေးတွေကို သူ့ဘဝဇာတ်လမ်းကို ကြိမ်ဖန်များစွာ ပြောပြလေ့ရှိပါတယ်။

ဒီလိုပြောတဲ့အခါ သူ့အနေနဲ့ အာကာသထဲမှာ ပျံသန်းဖို့အခွင့်အရေးရခဲ့တဲ့ နည်းတစ်နည်းထဲ ရှိခဲ့တယ်ဆိုခဲ့ပါသတဲ့။

အဲဒါကတော့ . . .

"မင်းတို့ရဲ့ စိတ်နေစိတ်ထားက မင်းတို့ရဲ့အမြင့်ပေကို အဆုံးအဖြတ်ပေးတာပဲ" တဲ့။

## အကိုးအကား

လုပ်ငန်းအောင်မြင်ရေးအတွက် တစ်ကိုယ်ရည် တာဝန်ရှိမှုကို လက်ခံတဲ့ အစွမ်းသတ္တိနဲ့ တစ်ဦးချင်းစိစစ်မှုလုပ်ဖန်များတာဟာ သမားရိုးကျကုမ္ပဏီကြီးတစ်ခုမှာ အမှုထမ်းနေရာက လုပ်ငန်းစုလေးတစ်ခု (ဒါမှမဟုတ်) လွတ်လပ်တဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ပြောင်းရွှေ့လုပ်ကိုင်ရေး အောင်မြင်ဖို့ ၆၅-ရာခိုင်နှုန်းအခွင့်အရေးရှိပါတယ်။

ဝီပါးလ် နှင့် ဘာရပ်ချ် (၁၉၉၇)

## (၃၂)

## စံကွက်များကို သတိပြုပါ ●

ပညာရေးဆိုင်ရာ အောင်မြင်မှုတွေရဲ့ တန်ဖိုးရှိလှတဲ့ အများသဘောတူသတ်မှတ်ချက်တစ်ရပ်ဟာ ဘာပါလိမ့်။

သင်္ချာ၊ သိပ္ပံ၊ ဘောဂဗေဒ၊ သမိုင်းနဲ့ ဘယ်ဘာသာရပ်တွေမှာမဆို အဖြေကတော့ တစ်ခုတည်းပါပဲ။ အဲဒါကတော့ ဉာဏ်ကြီးတဲ့အတွေးအခေါ်သမားတွေဟာ နမူနာပုံစံ (ဝါ) စံကွက်တွေကို သတိထားရှာဖွေကြတယ် . . . ဆိုတာပဲပေါ့။

သူတို့က တခြားသူတွေ မတွေးမိတဲ့အကွက်တွေကို မြင်ကြတယ်လေ။ တစ်နည်းဆို တခြားလူတွေ အာရုံမစိုက်၊ ဂရုမထားမိတဲ့အကွက်တွေကို စဉ်းစားကြတာဖြစ်ပါတယ်။ ဒီ့ထက်ရှင်းအောင်ပြောရရင်တော့ တခြားလူတွေ မမြင်တဲ့ရှုထောင့်ကို ရှာပြီးမြင်ကြတာပဲ။

သင့်ရဲ့ပတ်ဝန်းကျင်ကမ္ဘာမှာ အဲဒီ့လို စံကွက်တွေကို သင်ဘယ်တုန်းကမှ မစဉ်းစားမိတဲ့စံကွက်တွေကို ရှာဖွေတွေ့ရှိနိုင်ဖို့ အချိန်ပေးပြီး စဉ်းစားပါ။



## သာဓက

ဂျော့ချ်ဘော့ဒ်ရော့စ်ကပြောပါတယ်။

"ခင်ဗျားဘာလုပ်တယ်ဆိုတာ အရေးမကြီးပါဘူး။ အဲဒီ့အလုပ်ကို ဘယ်လိုလုပ်ရမယ်ဆိုတာ နားလည်ဖို့ပဲလိုပါတယ်၊ ပြီးတော့ ခင်ဗျားဘာလုပ်နေတယ်ဆိုတာကိုသာ မစဉ်းစားပါနဲ့၊ ခင်ဗျားမလုပ်မိတာတွေ အကြောင်းကိုပါ စဉ်းစားလိုက်ပါ"

ပြီးတော့ သူက တစ်ဆက်တည်း ပြောပါတယ်။

"လောလောဆယ် ကျွန်တော်လုပ်နေတာက အမှိုက်စွန့်ပစ်တာကို သိမ်းဆည်းတာပါ။ အဲဒီ့အလုပ်က ဂုဏ်မရှိပေမယ့် အရေးကြီးတယ်လေ၊ ဒါပေမယ့် အမှိုက်စွန့်ပစ်မှုတွေလျော့ပါးသွားစေမယ့် သဘာဝနည်းနာတွေကို ပြည့်စုံလုံလောက်အောင် ရှာဖွေနိုင်ခြင်းမရှိသေးတာတော့ အမှန်ပါပဲ"

ဒီအတွေးအမြင်တွေ ရှိခဲ့တာကြောင့်လည်း ဂျော့ချ်ဟာ ကာလီဖိုးနီးယားပြည်နယ်ရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစခန်းဆိုတဲ့ စီးပွားဖြစ် စွန့်ပစ်ပစ္စည်းထိန်းသိမ်းရေးကုမ္ပဏီကြီးရဲ့ "ပိုးမွှားဗေဒဆိုင်ရာ သုတေသနမှူး" ဖြစ်ခဲ့ရတာပဲ ဆိုပါတော့။

သူ့ပညာအရ ပိုးမွှားတွေကို အသုံးချပြီး အမှိုက်တွေကို အသုံးဝင်ပစ္စည်းတွေအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ခဲ့ပါတယ်။

ဘောဒ်ရော့စ်ဟာ တီကောင် သန်း-၁၆၀ ကို အမှိုက်ပုံတွေထဲမှာ နေ့စဉ်စိတ်တိုင်းကျ စားသောက်စေခဲ့ရာက အဲ့ဒီ အမှိုက်မြေတွေကို အဆီအနှစ်ပြည့်ဝတဲ့ မြေဩဇာတွေဖြစ်စေခဲ့ပါတယ်။

"ဒါဟာ မြစိမ်းရောင်စွန့်ပစ်မှု ပြဿနာရဲ့တစ်ခုတည်းသော တကယ့်အဖြေမှန်ပါပဲ၊ လူတွေအနေနဲ့ သူတို့ရဲ့ခြံမြေတွေ၊ ပန်းဥယျာဉ်တွေနဲ့ ဂေါက်ကွင်းတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မစွန့်လွှတ်နိုင်ပါဘူး။ ကျွန်တော်တို့အနေနဲ့ သူတို့လွှင့်ပစ်ခဲ့သမျှတွေ

**ကိုယူပြီး ပြန်အသုံးပြုနိုင်အောင် ဖန်တီးနိုင်စွမ်း တစ်ရာ ရာခိုင်နှုန်းရှိခဲ့ပါတယ်"**

**ဘော့ ရှော့စ်က သူ့ပိုးမွှားတွေကို အမှိုက်တွေစားလို့မဝတဲ့ သတ္တဝါတွေလို့ ကင်ပွန်းတပ်ပါတယ်။**

"သူတို့ကို မရပ်မနားလည်ပတ်နေတဲ့ စက်တွေနဲ့တန်းတူ ခိုင်နှိုင်းရမှာပါပဲ" သူက တစ်ဆက်တည်းပြောခဲ့ပါသေးရဲ့။

"ကျွန်တော်တို့ဟာ တစ်စကြာဝဠာအတွင်းမှာ ကုဋေချီနေတဲ့ တွက်ချက်မှုတွေကို လုပ်ပေးနိုင်တဲ့ စူပါကွန်ပျူတာတွေကို တီထွင်နိုင်ပါလိမ့်မယ်၊ ဒါပေမယ့် မြစိမ်းရောင် အမှိုက်တွေ (မြက်တွေ)နဲ့ပတ်သက်လာရင်တော့ ဖြေရှင်းပေးနိုင်မယ့် ကွန်ပျူတာရယ်လို့ မပေါ်သေးပါဘူး။ ဒီပဟာကွက်ကို ကျွန်တော်တို့ ဖြည့်ဆည်းပေးရမှာဖြစ်သလို ဒီ့ထက်ဒီ ပိုကောင်းတဲ့နည်းဗျူဟာတွေကိုရှာကြံပေးရပါလိမ့်မယ်။ ဒီအပြင်နည်းမှန်လမ်းမှန် လုပ်နိုင်တာဟာ ကမ္ဘာမြေကြီးကို ကူညီရာရောက်ရုံမက ခင်ဗျားကိုယ်တိုင် ကြွယ်ဝချမ်းသာမှုကို ရလာမှာဖြစ်ပါတယ်။

## အကိုးအကား

ထူးချွန်ဆုတွေရရှိကြတာဟာ သူတို့ရဲ့ဆိုင်ရာဘာသာရပ်တွေကို အရေးထားတာနဲ့ မဆိုင်လှတဲ၊ ခက်ခဲနက်နဲတဲ့ပြဿနာတွေနဲ့ နောက်ဆက်တွဲဆက်နွယ်မှုကို အဓိပ္ပာယ် ဖော်ထုတ် အဖြေရှာတဲ့ပေါ်မှာ ထူးထူးခြားခြား စွမ်းဆောင်နိုင်လို့ပါပဲ။ ဘာသာဗေဒ၊ သင်္ချာဗေဒနဲ့ သိပ္ပံပညာရပ်တွေက လက်တွေ့စမ်းသပ်တွေ့ရှိမှုတွေဟာ ပညာသင်ကြားရေးရဲ့အခြေခံအုတ်မြစ်တွေဖြစ်တာနဲ့အမျှ စံကွက် (ဝါ)နမူနာပုံစံတွေကို လွတ်လပ်စွာ တွေးတောကြံဆ လေ့လာရှာဖွေခြင်းပဲဖြစ်ပါတယ်။

**ဆီးလ်ဗားမင်း (၁၉၉၈)**

(၃၃)

## အရာရာမှာ အချိန်ကုန် လူပမ်းမဖြစ်အောင် စွမ်းဆောင်နိုင်ရမယ် ●

အဖွဲ့အစည်းလုပ်ငန်းဌာနတိုင်းမှာ ပြုန်းတီးမှုဒဏ်တွေကို ခံစားရပါတယ်။ ဒီလိုနဲ့ ပြည်ထောင်စုအစိုးရတွေဟာ ဒေါ်လာထောင်ချီတန်တဲ့ တူတွေနဲ့ ဒေါ်လာရာဂဏန်းရှိသော သံတွေကိုဝယ်ယူမိတဲ့ ဇာတ်လမ်းတွေလည်း ကြားခဲ့ရပါတယ်။

ဒီဖြစ်ရပ်တွေကို ကျွန်တော်တို့ဟာ တစ်ခါတစ်ရံ ရယ်မောမိကြပေမယ့် နောက်ဆုံးမှာ ကျွန်တော်တို့အတွက် အလွန့်အလွန်အရေးကြီးနေတာ တွေ့ရပါတယ်။ ကျွန်တော်တို့က အမှတ်တမဲ့ အရေးမစိုက်တာတွေက ကျွန်တော်တို့ကို အမြန်ဆုံးဦးချိုးပစ်တာလောက် ဆိုးတာမရှိပါဘူး။ အဖွဲ့အစည်းတစ်ခုအနေနဲ့ အမြန်ဆုံးဝန်ထမ်းတွေရဲ့လုပ်အားလိုအရေးကြီးတဲ့အရင်းအမြစ်တွေပြုန်းတီးသွားတာဟာကျွန်တော်တို့ရဲ့ စိတ်ဓာတ်စွမ်းအားတွေနဲ့ လှုံ့ဆော်တက်ကြွမှုတွေကို ဖြုန်းတီးပစ်လိုက်တာပဲဖြစ်ပါတယ်။

## သာဓက

"အနာဂတ်ရဲ့ စိုက်ပျိုးရေးစနစ်ကို ကြိုဆိုပါတယ်"

အဲ့ဒီစကားကို ပြောခဲ့သူကတော့ ရိဒီကျွန်းက မှန်လုံအိမ်စိုက်ပျိုးရေးကို စမ်းသပ်ခဲ့တဲ့ မိုက်ကယ်လင်ဒန်ပါပဲ။

ကေတစ်မတ်လောက်ရှိတဲ့မြေမှာ တခြားစိုက်ခင်းတွေထက် အဆနှစ်ဆယ်ထွက်တဲ့ ခရမ်းချဉ်သီးတွေကို မှန်လုံအိမ်စနစ်နဲ့ စံထားလောက်အောင် မိုက်ကယ်က စိုက်ပျိုးခဲ့ပါတယ်။

"တခြားယာသမားတွေက သီးနှံဆိုတာ ရာသီဥတုအခြေအနေပေါ် အားကိုးထားရပါတယ်၊ သူတို့ကို ရေပေးနိုင်ဖို့လည်း သိပ်အရေးကြီးပါတယ်၊ အပင်တွေဟာ ပိုးမွှားတွေကျတာနဲ့ ရောဂါတွေကိုလည်း ခုခံတိုက်ခိုက်ရပါတယ်။ သူတို့ဟာ အတိုင်းအဆမသိအောင် ငွေကုန်အချိန်ကုန်ခံပြီး ပြုစုစောင့်ရှောက်နိုင်မှ တော်ကာကျတယ်…စသဖြင့်ပြောသမျှ အန္တရာယ်တွေလည်း ကျွန်တော့်အနေနဲ့ ဘာမှမကြုံရပါဘူး" တဲ့။

မိုက်ကယ်ဟာ ဒီစိုက်ခင်းလုပ်ငန်းက ဒုတိယငွေဝင်လမ်းအနေနဲ့ မလုပ်ဆောင်ခင်က အင်ဂျင်နီယာတစ်ယောက်ဖြစ်ခဲ့ပါတယ်။

ဒီနောက် သူက စိုက်ပျိုးရေးကိစ္စကို အင်ဂျင်နီယာတစ်ယောက်အမြင်နဲ့ ကြည့်ခဲ့ရာက အလဟဿ ပြုန်းတီးမှုတွေကို အမြစ်လှန်ရှင်းထုတ်ပြီး အထွက်တိုးအောင် ကြိုးပမ်းနိုင်ခဲ့ပါတယ်။

"မှန်လုံအိမ်နဲ့စိုက်ပျိုးမှုနဲ့ အရည်အသွေးကို ပိုထိန်းနိုင်အောင် ကျွန်တော့်ရဲ့ ကျွမ်းကျင်မှုတွေက ကောင်းကောင်းကြီး အထောက်အကူပြုခဲ့ပါတယ်"

သူ့ရဲ့မှန်လုံအိမ်က သမရိုးကျစိုက်ခင်းတွေထက်ပိုပြီး အထွက်ကောင်းခဲ့ရာမှာ စိုက်ပျိုးရာသီတွင်မကပဲ နှစ်လုံးပေါက် အချိန်ပြည့်နီးပါးဖြစ်ခဲ့တာကလည်း ညဘက်



အအေးဒဏ်တွေက ကာကွယ်နိုင်ခဲ့လို့ပါပဲ။

နှစ်ပေါင်းကြာမြင့်စွာ သူ့ရဲ့ခရမ်းချဉ်သီးတွေဟာ ဒေသတွင်းက စတိုးဆိုင်တွေမှာ မင်းမူနေရာယူခဲ့ကြပါတယ်။ ပြီးတော့ ခရမ်းချဉ်သီးဆိုတာက မမှည့်ခင်ဆွတ်ခူးနိုင်မှ နိုင်ငံအနှံ့အပြားကို သယ်ပို့ရာမှာလည်း ပုပ်သိုးမှုမရှိနိုင်တာဖြစ်ပါတယ်။ မိုက်ကယ်ရဲ့ ခရမ်းချဉ်သီးတွေကတော့ မှည့်ချိန်မှာ ဆွတ်ပြီးဈေးကွက်ကို တန်းပို့နိုင်ပါတယ်။

မိုက်ကယ်ဟာ အနာဂတ်စိုက်ပျိုးရေးဟာ မှန်လုံအိမ်ထဲမှာပဲဖြစ်လိမ့်မယ်လို့ ဟောကိန်းထုတ်လိုက်ပါတယ်။

"ခင်ဗျားအနေနဲ့ စိုက်ပျိုးရေးလောကမှာ တာရှည်ရှိနေချင်တယ်၊ အဆက်မပြတ်အထွက်ကောင်းချင်တယ်ဆိုရင်တော့ မှန်လုံအိမ်ထဲမှာပဲ စိုက်ပါ" တဲ့။

## အကိုးအကား

အလဟဿပြုန်းတီးမှုတွေကို စုပေါင်းလိုက်မယ်ဆိုရင် လုပ်ငန်းအောင်မြင်မှုကို ၂၁-ရာခိုင်နှုန်းလျော့နည်းကျဆင်းစေတာ တွေ့ရမှာဖြစ်ပြီး အလုပ်သမားတွေရဲ့ အလုပ်သစ်ရှာလိုမှုကို တိုးပွားကြီးများစေပါတယ်။

**မဲလ်နာရစ်ခ် (၁၉၉၉)**

## (၃၄)

### မနက်ဖြန်ဆိုရင် ပိုကောင်းတဲ့နေ့ဖြစ်သွားမယ် ၊ ဒါပေမယ့် သေချာအောင် ဘယ်လိုလုပ်မလဲ

သင်…ဘာလိုချင်သလဲ။

လိုချင်တာရဖို့ ဘာလုပ်ရမလဲ။

သင့်ရဲ့စွမ်းအားတွေနဲ့ ပျော့ညံ့ချက်တွေက ဘာတွေလဲ။ သင့်အနေနဲ့ နောက်တစ်ဆင့်တက်ဖို့ ဘာတွေလိုအပ်သလဲ။

ဝေဝါးတဲ့အယူအဆတွေနဲ့ လွဲမှားတဲ့ထင်မြင်ချက်တွေကို မေ့ပစ်လိုက်ပါ။ တကယ့်အချက်တွေက ဘာပါလိမ့်။

ကျွန်တော်တို့အများစုမှာ စီမံကိန်းတွေရှိပါတယ်။ ရှိတာမှ တစ်ပုံတစ်ပင်ပါ။

ပြီးတော့ ကျွန်တော်တို့မှာ အကြံဉာဏ်တွေလည်း ရှိပါတယ်။ အဲဒါတွေကလည်း တစ်ပုံတစ်ပင်ကြီးပါပဲ။

ဒါပေမယ့် ကျွန်တော်တို့ဟာ အကြံဉာဏ်တွေကို အနာဂတ်ကြမ္မာကို



ဖန်တီးပေးမယ့် စီမံကိန်းနဲ့ အဝင်အောင် သွတ်သွင်းနိုင်ဖို့ ခက်ခဲကြပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ရဲ့ တိုးတက်ကြီးပွားရေးအတွက် တွေးသမျှဟာ အယူအဆတွေနဲ့ အထင်အမြင်တွေနဲ့ ကီးမကိုက်တာပဲဖြစ်ပါတယ်။

စင်စစ်အားဖြင့် ကျွန်တော်တို့ဟာ အယူအဆတွေနဲ့ ထင်မြင်ချက်တွေကို သွေဖယ်ဆန့်ကျင်ပြီး ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ဘယ်တော့မှ တိုင်းတာတွက်ဆလို့မရနိုင်ပါဘူး။ ဒါကလည်း အယူအဆ၊ ထင်မြင်ချက်ဆိုတာ အဓိပ္ပာယ်ဖွင့်ဆိုဖို့ အင်မတန်နက်နဲလို့ပါပဲ။

ဒီတော့ ကျွန်တော်တို့ဟာ အောင်မြင်တိုးတက်အောင် လုပ်နေသလား၊ ဒါမှမဟုတ် ပြောင်းလဲဖို့လိုအပ်နေသလားဆိုတာ တိတိကျကျ မပြောနိုင်တဲ့အဖြစ် ရောက်သွားပါတော့တယ်။

သင့်ရဲ့ရည်မှန်းချက်ပန်းတိုင်ကို ရှင်းလင်းပြတ်သားအောင် အနက်ဖွင့်ပါ။ ပြီးတော့ အဲဒီပန်းတိုင်ကို လှမ်းကိုင်မယ့် သင့်ရဲ့စီမံချက်တွေကို ပြတ်ပြတ်သားသား ချမှတ်ပါ။

### သာဓက

နန့်စီက အသေးစားလုပ်ငန်းရှင်တွေရဲ့ အတိုင်ပင်ခံအကြံပေးတစ်ယောက်လေ။ သူ့တာဝန်က အသေးစားလုပ်ငန်းတွေရဲ့ အနာဂတ်အတွက် လမ်းညွှန်မြေပုံဆွဲရာမှာ ကူညီ ပေးရတာပဲပေါ့။

နန့်စီအနေနဲ့ သူ့အလုပ်ရှင်တွေနဲ့ တစ်လတစ်ခါတွေ့ပြီး သူတို့ဘယ်နေရာ ရောက်နေတယ်၊ ဘယ်ကို ဦးတည်သွားနေတယ်ဆိုတာတွေကို ဆွေးနွေးပြောဆိုရပါတယ်။

"အသေးစားလုပ်ငန်းရှင် အတော်များများဟာ သူတို့အလုပ်ကို ကောင်းကောင်း

မွန်မွန်လည်ပတ်အောင် ကြပ်မတ်ဖို့ထက် အကြပ်အတည်းပြဿနာတစ်ခုပြီးတစ်ခု ဖြေရှင်းရင်းနဲ့သာ အချိန်ဖြုန်းနေကြတာတွေ့ရတယ်။ သူတို့အတွက် အေးအေးလူလူ စဉ်းစားဖို့ အချိန်မရသလို လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့လည်း အချိန်မရဘဲ တစ်နေ့စာတစ်နေ့လုပ်ရုံပဲ အချိန်ယူနေကြတယ်"

ဒီနောက် နန်စီက အကြံပြုပါတယ်။

"အခက်ခဲဆုံးအတားအဆီးကတော့ နိုင်မာတဲ့ရည်မှန်းချက်ပန်းတိုင်ကို ပြန်တာ စုဖို့ပဲဖြစ်ပါတယ်။ ဒါမှလည်း သူတို့လုပ်ငန်းမှာ သူ့ပိုင်ရှင်ဖြစ်သူက ရေတိုဖြေရှင်းရမယ့် ကိစ္စလေးတွေအတွက် အချိန်ဖြုန်းနေတာထက် ပိုအကျိုးရှိမယ့်ရေရှည်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်"

## အကိုးအကား

လူတွေအနေနဲ့ သူတို့ရဲ့ရည်မှန်းချက်ပန်းတိုင်ကို ကာလအပိုင်းအခြား သတ်မှတ်ပြီး တည်ဆောက်တာဟာ သူတို့လက်တွေ့ရရှိမယ်လို့ ယုံကြည်တာထက် ၅၀-ရာခိုင်နှုန်းပိုနီးစပ်ပြီး သူတို့ရဲ့ဘဝ လုံခြုံရေးအာမခံချက်အနေနဲ့ ၃၂-ရာခိုင်နှုန်းပိုရပါတယ်။

ဟောဝပ်တ် (၁၉၉၉)

(၃၅)

## သင်ခန်းစာတွေဟာ မခြောက်လှန့်နိုင် ●

ကွန်ပျူတာ မကိုင်တတ်တဲ့လူကို ကွန်ပျူတာတစ်လုံးက သူ့အလုပ်ကို ဘယ်အထိအဆင်ပြေလွယ်ကူအောင် လုပ်ပေးနိုင်သလဲဆိုတာ ပြောပြပြီး သင်ကြားပေးဖို့ ကြိုးစားကြည့်ပါ။

များသောအားဖြင့် တွန့်ဆုတ်တွန့်ဆုတ်လုပ်နေကြတာ တွေ့ရမှာပါပဲ။

သူတို့အလုပ်ကို အထောက်အကူပြုမယ့် သင်ယူမှုကို ဘာကြောင့် ကပ်သီးကပ်ဖဲ့နဲ့ ငြင်းဆန်နေကြတာ ဘာကြောင့်လဲ။

အရင်းစစ်လိုက်တဲ့အခါ သူတို့အလုပ်ကို လွယ်ကူချောမောအောင် လုပ်လိုက်တဲ့အချက်က တစ်နေ့နေ့ သူတို့အလုပ်ကို လွှမ်းမိုးကြီးစိုးသွားမှာ ကြောက်လို့ပဲဖြစ်နေတတ်ပါတယ်။

လေ့လာသင်ယူတယ်ဆိုတာ ခရီးသွားတုန်း လမ်းမသိလို့လမ်းမေးရတာနဲ့ မခြားပါဘူး။ လမ်းပြသူက လမ်းမှားပြပြီး ချောက်တွန်းမှာလည်း မဟုတ်ပါဘူး။ ဒါပေမယ့် လူတော်တော်များများမှာ သူတို့ခေတ်နောက်ကျပြီး နားမလည်တော့တဲ့ အကြောင်းအရာကို သင်ယူဖို့ ရှက်ရွံ့နောက်တွန့်နေတတ်ကြစမြဲပါ။

တစ်ယောက်ယောက်ကို အသစ်အဆန်းတစ်ခု သင်ပေးမယ်ဆိုရင်တော့ ဦးတည်ချက်တစ်နေရာကို လက်တွဲသွားဖို့ ကူညီနေတယ်ဆိုတာ သိသာနားလည်အောင် ရှင်းပြဖို့ လိုအပ်ပါတယ်။

## သာဓက

"ငါက ဘာလုပ်ဖို့ သင်ရမှာလဲ"

ဂျက်ဟာ သူ့မြေးမလေးက ဘာကြောင့်ကွန်ပျူတာတစ်လုံး မသုံးတာလဲလို့ မေးလာတာကို တုံ့ပြန်တဲ့အဖြေပါ။

ဂျက်ဆိုတာက တစ်သက်လုံး လယ်သမားကြီးဖြစ်ခဲ့ရာက အနှစ်ငါးဆယ်တိုင်တိုင် ကွန်ပျူတာမပါဘဲ အဆင်ပြေကောင်းစားခဲ့သူပဲ မဟုတ်လား။

ဒီတွင် သူ့မြေးမလေးက ကွန်ပျူတာက အသုံးဝင်တဲ့အချက်တွေကို ဥပမာနှစ်ဆယ်လောက်ပေးခဲ့ပါတော့တယ်။ ကွန်ပျူတာက သူ့ရဲ့ကုန်ကျစရိတ်တွေကို ထိန်းချုပ်နိုင်ပုံ၊ လုပ်ငန်းစဉ်တွေ ချဲ့ထွင်ရာမှာ စီမံချက်ရေးသွင်းနိုင်ပုံတွေလည်း ပါဝင်ခဲ့ပါတယ်။ အဲ့သလိုပြောတိုင်း ဂျက်ကတော့ ဒီကိစ္စတွေကို ကွန်ပျူတာမသုံးဘဲ သူလုပ်နိုင်တယ်လို့သာ တွင်တွင်သားပြောခဲ့လေရဲ့။

"မိုးလေဝသအခြေအနေတွေကျတော့ကော မိုးလေဝသနဲ့ပတ်သက်တဲ့ အရေးပေါ်သတင်းတွေကို ချက်ချင်းသိဖို့ ဘယ်လိုလုပ်မှာလဲ"

မြေးမလေးက နားပူအောင်ပြောတဲ့အဆုံး… ဂျက်လည်း အလျှော့ပေးလိုက်ရပါတယ်။ ဒီလိုနဲ့ အသက် ၇၀ အရွယ်လယ်သမားကြီးဟာ ကွန်ပျူတာတစ်လုံးအသုံးပြုပြီး သူ့ရဲ့ယာခင်းပြင်အနံ့အပြားကို မြင်သိနိုင်တဲ့ ဗီစီအာစက်ကိုတပ်ဆင်ခဲ့ပါတော့



ဒီနောက်တော့ အယူအစွဲဟောင်းဆိုတာ ဖျောက်ဖျက်ဖို့ ခက်လှကြောင်းနဲ့ ဂျက်က ဝန်ခံခဲ့ပါတယ်။

"ငါက ရှေးလူကြီးပီပီ ခေါင်းမာမိသကိုးကွဲ့…ငါ့လုပ်ငန်းမှာ ဒီလိုပစ္စည်းအသစ်အဆန်းတွေ သုံးဖို့မလိုဘူးလို့ တွက်ခဲ့တာပဲ၊ ဒါပေမယ့် ခုတော့ ခေတ်မီကိရိယာတွေဟာ သူ့နေရာနဲ့သူ အချိန်တိုင်းမှာ အကူအညီပေးနိုင်တယ်ဆိုတာ နားလည်လိုက်ပါပြီ" တဲ့။

## အကိုးအကား

မိမိကိုယ်မိမိ ခြောက်လှန့်သော ခံစားချက်များမှာ အစီအစဉ်သစ်တစ်ခုတွင် ပါဝင်ဆောင်ရွက်နေရသူ အလုပ်သမားများ၌ ဖြစ်ပေါ်လေ့ရှိသည့် အကြီးမားဆုံးအနှောင့်အယှက်ပါပေတည်း။ ထိုသို့ မိမိကိုယ်မိမိ လိပ်ပြာလန့်နေမှုများ ပိုမိုကြီးမားလာလျှင် လုပ်ဖော်ကိုင်ဖက်များဆီသို့ပါ ပျံ့နှံ့သွားရာမှ အခြေအနေပိုဆိုးသွားနိုင်၏။

**ဝီစင်ဖီးလ်၊ ရက်ဂျရမ်နှင့် ရက်ဂူး (၁၉၉၉)**

## (၃၆)

### အောင်မြင်မှုဆိုတာ ပုံသေနည်းဖြစ်တယ် • စိတ်ကူးယဉ်မဟုတ် •

ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်းတွေထဲမှာ ဘယ်လိုချမ်းသာပြီး ဘယ်လောက်ပျော်ရွှင်ခဲ့ရတယ်ဆိုတဲ့အကြောင်းတွေ ရိုက်ပြတာ ကြည့်ဖူးမှာပါ။ အမှန်တော့ အဲဒါတွေက ပဉ္စလက်ဆန်ဆန် တန်ခိုးဣဒ္ဓိပါတ်တွေသုံးထားတာ (ဝါ) လုပ်ဇာတ်တွေများပါတယ်။

တကယ့်လက်တွေ့ဘဝမှာတော့ အောင်မြင်ရတဲ့လူတွေနဲ့ အောင်မြင်မှုကို စိတ်လှုပ်ရှားစရာ၊ သည်းထိတ်ရင်ဖိုစရာလို့ မထင်တဲ့လူတွေကြားမှာ အဓိကကွာခြားချက်တွေ ရှိနေပြီး ဒါဟာအရေးကြီးတဲ့အချက်လည်း ဖြစ်ပါတယ်။

အဲ့ဒါကတော့ ရိုးသားမှုနဲ့ ဂရုတစိုက်ကြိုးစားမှုပါပဲ။

လုပ်ငန်းဆောင်တာတွေကို စနစ်ကျတဲ့အစီအစဉ်၊ သာမန်ဦးနှောက်ဉာဏ်ရည်လိုက်လျောညီထွေဖြစ်တဲ့ ဆောင်ရွက်မှုနဲ့ ကြံ့ခိုင်တဲ့ဥ္စနဘဲတွေ အသုံးပြုပြီး လုပ်ကိုင်သူတွေဟာ အဆုံးတစ်နေ့မှာ အောင်မြင်ကြတာတွေ့ရပါတယ်။

### သာဓက

၁၉၅၀-ခုနှစ်များရဲ့အစပိုင်းက လီလီယန်ဗာနွန်ဟာ သူ့ရဲ့ပထမဆုံးကြော်ငြာအတွက် ဒေါ်လာငါးရာအကုန်ခံခဲ့ပါတယ်။ သူက အက္ခရာစာတမ်းတွေပါတဲ့ ခါးပတ်နဲ့ လက်ဆွဲအိတ်တွေကို ထုတ်လုပ်ခဲ့တာဖြစ်ပြီး ပထမတစ်ကြိမ် အမှာစာအော်ဒါတွေကို ပေးသွင်းလိုက်တဲ့နောက်မှာ ဒေါ်လာ သုံးသောင်းနှစ်ထောင်မြတ်ခဲ့ပါတယ်။



သူ့ရဲ့ပထမဆုံးကြော်ငြာရဲ့ အောင်မြင်မှုရပြီး အနှစ်ငါးဆယ်ကြာတဲ့အခါမှာတော့ လီလီယန်ဗာနွန်ဟာ တခြားအိမ်သုံးပစ္စည်းမျိုးစုံနဲ့ လက်ဆောင်ပစ္စည်းတွေ ထုတ်လုပ်ရောင်းချရာက ရောင်းအားတွေပုံမှန်တိုးမြှင့်နိုင်ခဲ့ပါတယ်။

ခုဆိုရင် သူ့ကုမ္ပဏီဟာ နှစ်စဉ်ဒေါ်လာသန်း နှစ်ရာ့ငါးဆယ်ကျော်ဖိုး အရောင်းစံချိန်တင်နိုင်တဲ့အထိ လည်ပတ်အားကောင်းနေသလို လီလီယန်ဟာလည်း အမေရိကန်ပြည်ထောင်စုရဲ့ အကြီးဆုံးအမျိုးသမီးပိုင် ကုမ္ပဏီကြီးငါးဆယ်မှာ တစ်ခုအပါအဝင်ဖြစ်နေခဲ့ပါပြီ။

လီလီယန်အနေနဲ့ သူ့အပေါ် မယုံသံသယဖြစ်မှုတွေနဲ့လည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။

"ကျွန်မ သက်တမ်းတစ်လျှောက်လုံး မကောင်းပြောအပုပ်ချသူတွေ တပုံကြီးရှိခဲ့တာပေါ့၊ ဒါပေမယ့် ကျွန်မကဒူးထောက်အရှုံးမပေးခဲ့ပါဘူး။ ဘာကြောင့်ဆို တကယ်တမ်းအရေးပါတာက သာမန်အသိဉာဏ်လောက်နဲ့ အလုပ်ကြိုးစားဖို့သာလိုတာကို နားလည်ခဲ့လို့ပါပဲ။

ဒီအချက်က အသက်ခုနစ်ဆယ့်တစ်နှစ်ရှိနေပြီဖြစ်တဲ့ စီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးကြီးကို တစ်ပတ်မှာ ၆-ရက်အလုပ်လုပ်နေစေခဲ့တာပဲ မဟုတ်ပါလား။

### အကိုးအကား

စီးပွားရေး သင်တန်းကျောင်းဆင်းတွေက မကြာခင်က လေ့လာချက်တစ်ခုမှာ အလုပ်သမားတွေရဲ့ ရိုးသားပြီးကြိုးစားမှုဟာ သူတို့ရဲ့အသိဉာဏ်စွမ်းရည်ထက် ၅-ဆပိုပြီး လုပ်ငန်းကြီးကြပ်ရေးတာဝန်ခံတွေကို ကျေနပ်နှစ်သက်မှုပေးပါသတဲ့။

**ဖေါလင်း၊ အေဗစ်စ်၊ ကူဒစ်ရှ်၊ ဂေါ်နက် နှင့် ဖရော့စ်(တ်) (၂၀၀၀)**

## (၃၇)

## ပင်ကိုယ်အစွမ်းအစရှိရုံမက သိသင့်တာတွေ သိရဦးမယ် ●

အောင်မြင်ရေးမှာ ယုံကြည်ခြင်းလိုအပ်ပါတယ်။ ဒီအချက်ကို သင်မြင်ပြီးသား၊ ဖတ်ပြီးသား၊ နားလည်ပြီးသားလည်းဖြစ်ပါတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် အကောင်းမြင်စိတ်ဟာ ကိုယ့်ကိုယ်ကိုယ် လေးစားမှုအပေါ်မှာ အခြေပြုတည်ဆောက်ရမှာကို သိဖို့လည်း အရေးကြီးပါတယ်။

ကျွန်တော်တို့တတွေ ရှုံးနိမ့်သွားတဲ့အခါမျိုးမှာ မိမိကိုယ်မိမိ အကောင်းမြင်မှုကို ထိုးနှက်ထိခိုက်ခြင်းခံရပါတယ်။ ကျွန်တော်တို့ရဲ့ ပြင်းထန်တဲ့ယုံကြည်ချက်တွေကို လျစ်လျူရှုမိရင် အပျက်သဘောဆောင်တဲ့ အကျိုးတရားတွေရဲ့ လွှမ်းမိုးမှုကို ခံရတော့မှာမလွဲပါဘူး။

ဒါကြောင့်လည်း သင်ဘယ်လောက် စွမ်းဆောင်နိုင်တယ်ဆိုတာလောက်သာ မကဘဲ သင်ဘယ်သူလဲဆိုတာကိုပါ နားလည်ထားဖို့ လိုအပ်တာဖြစ်ပါတယ်။



ဖြစ်ပေါ်လာသမျှ အကြောင်းအကျိုးတွေက ကိုယ့်ကိုယ်ကိုယ် အကောင်းမြင်မှုကို ယုတ်လျော့အောင် ဖြိုဖျက်လာတဲ့အခါကျရင် သင့်ကိုယ်သင် ယုံကြည်သစ္စာထားရမယ်ဆိုတာ ပြင်းစရာမေးစရာတောင် မလိုပါဘူး။

သင့်ရဲ့ ရိုးဖြောင့်မှုနဲ့ လူပီသမှုတွေမှာ အဲဒီယုံကြည်ချက် ထည့်သွင်းထားလိုက်ခြင်းအားဖြင့် ဆုံးရှုံးမှုတစ်ခု (ဒါမှမဟုတ်) ဆက်တိုက်ကြုံလာရတဲ့ ဆုံးရှုံးမှုများကို ကြံ့ကြံ့ခံတွန်းလှန်တိုက်ခိုက်နိုင်မှာ သေချာတယ်။

ဒီလိုနဲ့ သင့်ရဲ့ ကိုယ့်ကိုယ်ကိုယ် အကောင်းမြင်မှုကို ပြန်လည်တည်ဆောက်နိုင်ရာက ကောင်းမွန်တဲ့အခြေအနေတစ်ခုကို ပြန်လည်နိဒါန်းပျိုးနိုင်ပါလိမ့်မယ်။

### သာဓက

သူ့အမည်က ပီတာရိုန်း။ ပစ်(စ)ဘတ်ဂ် တက္ကသိုလ် ဥပဒေတန်းက ပါမောက္ခဌာနမှူး။ ဆရာကြီးက ဥပဒေပညာသင်ပြီး ဘွဲ့ရသွားရာက သူတို့ကိုယ်သူတို့ ယုံကြည်မှုအပြည့်ရှိနေကြတဲ့ ကျောင်းသားတွေကို မှာကြားရာမှာ သူတို့တတ်ထားတဲ့ပညာဟာ မလုံလောက်ပါဘူးလို့ အစချီခဲ့ပါတယ်။

"မင်းတို့မှာ အများကြီးလိုသေးတယ်၊ ဥပမာ- မင်းတို့နေတဲ့ထိုင်တဲ့နေရာ၊ အလုပ်ခွင်နဲ့ ကိုးကွယ်မှုတွေမှာ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ချင်တယ်ဆိုရင် အထူးသဖြင့် လိုအပ်တာက သတ္တိပဲဆိုပါတော့ . . . မင်းထောက်ခံမှု ပြောင်းမယ်ဆိုရင် ဘယ်သူ့ကိုမှ မထိပါးတဲ့ သိပ်သေးငယ်တဲ့ပြောင်းလဲမှုမျိုး မရှိဘူးဆိုတာ နားလည်ရမယ်"

ပါမောက္ခဌာနမှူးကြီးက လောကကြီးမှာ ပေါ့ပေါ့ဆဆနဲ့ ချေပ်တပြက် လုပ်မိစရာတွေ၊ ခိုင်ခန့်မှုနည်းတဲ့လမ်းကြောင်းကို ရွေးမိတာတွေစတဲ့ ဖြားယောင်းမှုတွေနဲ့ ပြည့်နေကြောင်း၊ ဒီအခက်အခဲတွေကို ကျော်လွှားနိုင်အောင် သူတို့အနေနဲ့ တခြားလူတွေ

အတွက် နမူနာစံပြအဖြစ် ကိုယ့်လုပ်ရပ်တွေကို ကိုယ်သုံးသပ်ဆင်ခြင်ရမှာဖြစ်ကြောင်းလည်း သတိပေးခဲ့ပါတယ်။

"မင်းတို့အနေနဲ့ ခေါင်းဆောင်တစ်ယောက်၊ ရှေ့နေတစ်ယောက်၊ တိုင်းသူပြည်သားကောင်းတစ်ယောက်၊ နောက်ဆုံး မိဘကောင်းတစ်ယောက်ဖြစ်ဖို့ တစ်ဖက်သားတခြားလူတွေအပေါ်မှာ ယဉ်ကျေးသိမ်မွေ့စွာ စေတနာကရုဏာထားတာထက် သာလွန်ကောင်းမွန်တဲ့ စံနမူနာမရှိပါဘူး။ မင်းတို့ဟာ မိတ်ဆွေ (ဒါမှမဟုတ်) ရန်သူနဲ့ပဲဖြစ်ဖြစ်၊ လုပ်ဖော်ကိုင်ဖက် (ဒါမှမဟုတ်) ပြိုင်ဖော်ပြိုင်ဖက်တွေနဲ့ပဲဖြစ်ဖြစ်၊ အထက်လူကြီး (ဒါမှမဟုတ်) အောက်လက်ငယ်သားတွေနဲ့ပဲဖြစ်ဖြစ် ထိတွေ့ဆက်ဆံရာမှာ ဒီအချက်ကို နှလုံးမူရမှာ အမှန်ပဲ။

## အကိုးအကား

မိမိကိုယ်မိမိ အကောင်းမြင်ခြင်းဆိုတာ သူ့တစ်မျိုးတည်းနဲ့တော့ အောင်မြင်မှုပေးစွမ်းနိုင်မယ်လို့ မဆိုနိုင်ပါဘူး။ တကယ်စင်စစ် မိမိကိုယ်မိမိ အကောင်းမြင်လွန်းသွားတာဟာ ဆုံးရှုံးမှုတွေနဲ့ အောင်မြင်မှုနှေးကွေးသွားခြင်းရဲ့ အကျိုးဆက်ကို ၂၆-ရာခိုင်နှုန်း ပိုမိုသွားစေပါတယ်။

ဒါဟာ ဆုံးရှုံးပျက်စီးမှုဒဏ်ကြောင့်ဖြစ်လာတဲ့ ဆိုးကျိုးတွေအဖြစ် ကိုယ်ပိုင်အကြံအစည်စိတ်ကူးလည်း ပျက်ယွင်းသွားရခြင်းလည်းပဲ ဖြစ်ပါတယ်။

ကူးဗားနှင့် မာဇီ (၂၀၀၀)

## (၃၈)

### စံပြပုဂ္ဂိုလ်ဆိုတာ အားလုံးနဲ့တော်မယ့် ကိုယ်တိုင်းတစ်ခုမဟုတ်ပါ •

ကျွန်တော်တို့ဟာ ထက်မြက်ထူးချွန်သူတွေနဲ့ သူတို့ရဲ့အောင်ပွဲခံဇာတ်လမ်းတွေကို မကြာခဏကြားမြင်ဖတ်ရှုရပါတယ်။ တစ်ချို့က သူတို့ရဲ့ ရုပ်ပုံတွေကို နံရံမှာချိတ်ကြသလို သူတို့ပြောခဲ့တဲ့ မှတ်သားစရာအဆိုအမိန့်တွေကို ကပ်ထားကြတာကလား။

ဒါပေမယ့် ကျွန်တော်တို့ဟာ အဲဒီ့ပညာကျော် ပညာရှင်တွေရဲ့ စွမ်းဆောင်မှုတွေကို ခြေဖျားတောင်မမီတဲ့အဖြစ်မျိုး ဒါမှမဟုတ် လိုက်လုပ်နိုင်စွမ်းမရှိတဲ့အခြေအနေများဆိုက်ခဲ့ရင် အချည်းအနှီးပါပဲ။

ကျွန်တော်တို့အများစုအဖို့ စံပြပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်တာဟာ နှိုင်းတုစံထားရအောင်ဖြစ်ပြီး တကယ်လို့ကျွန်တော်တို့ရဲ့ အရည်အသွေးနဲ့ရလဒ်က သူတို့ကို မယှဉ်သာတဲ့အခါ အဆိုပါစံပြပုဂ္ဂိုလ်ဟာ ကျွန်တော်တို့အတွက် အားကျစရာမဟုတ်တော့တဲ့အပြင် ကျွန်တော်တို့ကို စိတ်ပျက်လက်ပျက်နဲ့ စိတ်ဓာတ်ကျပြီး ရှုံးနိမ့်သူအဖြစ်သို့ပါ ပို့ပေးသူဖြစ်သွားနိုင်ပါတယ်။

ဒီတော့ သင်အောင်မြင်နိုင်ချေရှိသလို အောင်မြင်လိုတဲ့ကဏ္ဍက ထူးချွန်အောင်မြင်သူတွေကိုသာ စံပြပုဂ္ဂိုလ်အနေနဲ့ရွေးချယ်ပါ။ အထူးသဖြင့် ကိုယ်နဲ့လုပ်ဖော်ကိုင်ဘက်တွေ၊ မိသားစုဝင်တွေထဲက ကြည်ညိုလေးစားထိုက်သူတွေကို စံပြုတာဟာ နာမည်ကျော် အားကစားသမားတွေ၊ ခေါင်းဆောင်တွေ၊ သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတွေကို အားကျအတုယူတာထက်ပိုပြီး အံ့မခန်းအဖိုးတန်ပါတယ်။ နိုင်ငံကျော် ကမ္ဘာကျော်ပုဂ္ဂိုလ်တွေဆိုတာက ရောမအောင်မြင်မှုကြီးတွေ ရရှိထားခဲ့ကြပေမယ့် သူတို့ရဲ့အတွေ့အကြုံဟာ သင်နဲ့ကိုက်ညီမှု သိပ်ရှိမှာမဟုတ်လို့ပါပဲ။

## သာဓက

ဟောဒီမီလာဟာ နိုင်ငံတကာ ငွေကြေးစီးပွားရေးလုပ်ငန်းစုတွေထဲမှာ မဟာကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ စီတီဂရု(ပ်)ရဲ့ ဘဏ္ဍာရေးအရာရှိချုပ်ဖြစ်ခဲ့ပြီးနောက်ပိုင်းမှာ ပရိုက်စ်လိုင်း(ကွမ်း)ဆိုတဲ့ အင်တာနက်ရောင်းချရေးလုပ်ငန်းကို ဝင်လုပ်ခဲ့ပါတယ်။

သူဟာ စုပေါင်းကမ္ဘာကြီးထဲကို ပုံမှန်တက်လှမ်းရင်းက ခြေလှမ်းတိုင်းမှာ သူ့ပတ်ဝန်းကျင်နဲ့ ဝေးသထက်ဝေးသွားပြီး အထီးကျန်ဘဝကို ရောက်မှန်းမသိရောက်သွားခဲ့ရပါတယ်။

သူ့ရဲ့မိတ်ဆွေအပေါင်းအသင်းဟောင်းတွေက ကမ္ဘာအနှံ့ဖြန့်ကျက်နေရတဲ့ လုပ်ငန်းသဘောကို လိုက်မမီကြပါဘူး။

"မင်းက ဘဏ်တစ်ခုအတွက် လုပ်ပေးနေတာလား၊ သစ္စာဖောက်ဆိုတာ မင်းလိုလူစားမျိုးပဲ" လို့ အထင်လွဲအမြင်လွဲ စကားနာထိုးကြပါတယ်။

အဲ့ဒီကာလအတွင်း သူ့အသိုင်းအဝန်းက သူ့ကို နည်းနည်းလေးမှ ထောက်ခံအားမပေးခဲ့ပါဘူး။



"ကျွန်မဟာ တကယ်ပဲ ဘေးရောက်ပြီး အပယ်ခံဖြစ်ခဲ့ရတယ်လို့ ခံစားခဲ့ရပါတယ်"

ဟောဒီက ပူဆွေးသောကအပြည့်နဲ့ ရင်ဖွင့်ခဲ့တာပါ။

သူ့အနေနဲ့ မြော်လင့်တဲ့အတိုင်း ထောက်ပံ့ကူညီမှုတွေ မရခဲ့တာနဲ့အမျှ တခြားလူတော်တော်များများလည်း သူ့လိုပဲတစ်ထပ်တည်း တွေ့ကြုံခံစားရမှာပဲလို့ နားလည်းလိုက်မိပါတယ်။

ဒါကြောင့်လည်း "အမျိုးသမီးများနှင့် ကုမ္ပဏီ"ဆိုတဲ့ လုပ်ငန်းရှင်အမျိုးသမီးတွေချည်းပါဝင်တဲ့ အသင်းတစ်ခုကို တည်ထောင်ခဲ့တာဖြစ်ပါတယ်။ သူတို့အဖွဲ့ဝင်တွေဟာ သတ်မှတ်ချိန်တွေမှာ တွေ့ဆုံပြီး သူတို့ရဲ့ ရဲဝံ့ပြောင်မြောက်တဲ့လုပ်ရပ်တွေကို ဖလှယ်ရင်း တစ်ယောက်ကိုတစ်ယောက် အားပေးခဲ့ကြသလို မှန်ကန်တဲ့နမူနာကောင်းတွေကို ထုတ်ဖော်ပြသနိုင်ခဲ့ကြပါတယ်။

ဟောဒီက သူတို့အုပ်စုကို ခုလိုမြင်ပါသတဲ့။

"ကျွန်မတို့အဖွဲ့ဟာ အံ့မခန်းစရာပါပဲ၊ ဘာဖြစ်လို့လဲဆို အထပ်ထပ်အားသစ်တွေ ပေါင်းပေးနိုင်ခဲ့လို့ပဲပေါ့"

## အကိုးအကား

မိမိနဲ့စပ်ဆိုင်ပတ်သက်မှုနဲ့ ရနိုင်ဖွယ်ရှိမှု နှစ်ခုစလုံးပါတဲ့ အောင်မြင်မှုပိုင်ရှင်တစ်ယောက်ကိုသာ စံပြပုဂ္ဂိုလ်အဖြစ် သတ်မှတ်ရွေးချယ်သင့်ပါတယ်။ ဒီဖော်ပြချက်နဲ့ အံမဝင်တဲ့ စံပြပုဂ္ဂိုလ်ကို ရွေးမိသူတွေဟာ စံပြပုဂ္ဂိုလ်မထားတဲ့လူတွေထက် သူတို့ဘဝ သူတို့လုပ်ငန်းမှာ ကျေနပ်နှစ်သိမ့်မှု ၂၂-ရာခိုင်နှုန်း ပိုလျော့နည်းသွားတာ တွေ့ရပါတယ်။

**လော့ခ်ဝုဒ် နှင့် ကွန်ဒါ (၂၀၀၀)**

## (၃၉)

### အရှုံးထဲမှ အမြတ်ထုတ်ခြင်း

တိုးတက်မှုနောက်ဆုတ်သွားတဲ့ အဖြစ်တွေဟာ သင်ခန်းစာယူဖို့ အခွင့်အလမ်းကောင်းတွေပါပဲ။

ငါ ဘာတွေများ မှားသွားလို့ပါလိမ့်ဆိုပြီး ဝေဖန်ပိုင်းခြားဉာဏ်နဲ့ သင်ယူနိုင်ရုံမက ဘာကြောင့် ဒီလိုမှားရတာလဲဆိုတာကိုပါ နားလည်နိုင်ပါတယ်။

သင်ဟာ အမှန်တကယ်လိုလားတဲ့ ရည်မှန်းချက်ပန်းတိုင်ကို အရယူဖို့ကြိုးစားနေပါသလား။ ပြီးတော့ ရည်မှန်းချက်အဆင့်ဆင့်ဟာ သင်နဲ့အပ်စပ်လျော်ညီမှုရှိနေပါသလား။ ဒါဆိုရင် မရရအောင်ယူရင်းက မရတဲ့အကြိမ်တိုင်းက အတွေ့အကြုံတွေကို သင်ယူပြီး ထပ်မံကြိုးစားလေ့ကျင့်ဖို့လိုပါလိမ့်မယ်။



### သာဓက

တက္ကသိုလ်တက်တုန်းက အဓိကဘာသာရပ်ထဲမှာ အခက်ဆုံးဖြစ်တဲ့ ဆေးဝါးလုပ်ငန်းရဲ့စီမံခေါ်မှုအောက်မှာ မေရီအန်းတစ်ယောက် ချွေးပြန်ခဲ့ရပါတယ်။ ဒီ့နောက် သူဟာ လစာကောင်းသလောက် လူထုအကျိုးပြုလုပ်ငန်းတစ်ခုကို မျက်စိကျခဲ့မိပါတယ်။

ကျောင်းက ဘွဲ့ရခဲ့တာနဲ့ ဒီနေ့ဆေးဝါးဗေဒပညာရှင်တစ်ယောက်နဲ့ ထိုက်တန်တဲ့အလုပ်ကို စိတ်ကြိုက်ရွေးချယ်ခဲ့တယ်ဆိုပါတော့။

"အခြေခံကျကျ ပြောရရင်တော့ အကြီးစားဆေးဝါးလုပ်ငန်းကြီးတစ်ခုမှာ တစ်သက်လုံးဝင်လုပ်ဖို့ လက်မှတ်ထိုးလိုက်နိုင်သလို ပြတင်းပေါက်မရှိတဲ့ ကုန်လှောင်ရုံထဲမှာ နာရီပေါင်းများစွာ တကုပ်ကုပ်လုပ်နေပြီး ဆေးပုလင်းတွေကို တံဆိပ်ကပ်ရမယ်၊ ပြီးတော့ ကိုယ့်ဖောက်သည်တွေကို မြင်ဖူးဖို့ဝေးလို့ စကားတစ်ခွန်းပြောခွင့်တောင်မရတဲ့ ဘဝကို ရောက်သွားမယ်။ ဒါမှမဟုတ် အိမ်နဲ့အလှမ်းမဝေးလှတဲ့ လုပ်ငန်းငယ်တစ်ခုမှာ ဝင်လုပ်ရင် အချိန်မရွေး အလုပ်ကထွက်လို့ရတယ်၊ နောက်တစ်နည်းကတော့ ထိပ်တန်းကုမ္ပဏီကြီးတွေက ခေါ်တာကို ၆-လလောက်စောင့်ဖို့ပါပဲ"

မေရီအန်းဟာ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကြီးကို ရွေးခဲ့ရာက သူ့အလုပ်ထဲမှာ မပျော်နိုင်အောင်ဖြစ်ခဲ့ရပါတယ်။

ခြောက်နှစ်ကြာအောင် ဒီလုပ်ငန်းကို လေ့လာသင်ကြားခဲ့တဲ့နောက် သူနဲ့စိတ်တူကိုယ်တူ သူငယ်ချင်းနှစ်ယောက်နဲ့ပေါင်းပြီး ကိုယ်ပိုင်ဆေးဆိုင်လေးစဖွင့်ခဲ့ပါတော့တယ်။ ဒါဟာ သူတို့စိတ်တိုင်းကျလုပ်ပိုင်ခွင့်ရှိသလို လူတွေကို တိုက်ရိုက်ကူညီခွင့်ရတယ်လို့ ယူဆကြပါတယ်။

"ဒီလို အလုပ်ပြောင်းချင်တဲ့ဆန္ဒပြင်းပြနေမှုကတို့များကိုယ်ပိုင်ဆိုင် ဖွင့်လိုက်ရင်ဘာတွေများ အခက်အခဲကြုံရမလဲဆိုတဲ့ စိုးရိမ်ကြောက်လန့်မှုကို လွှမ်းမိုးအနိုင်ယူခဲ့ပါတယ်"

မေရီအန်းက ရှင်းပြတာပါ။

"အစက ကျွန်မဟာ နေရာမှန်ကို မရောက်ခဲ့ပါဘူး၊ နေရာမှားပြီး လုပ်နေပြီလို့ သိလိုက်တာနဲ့ အပြောင်းအလဲလုပ်ဖို့ လိုအပ်ခဲ့ပါတယ်၊ ပြီးတော့ ငါဟာ အသက်မွေးဝမ်းကြောင်းရွေးတာတောင် မှားခဲ့လေရော့သလားလို့ သောကရောက်ခဲ့ပါသေးတယ်၊ ဒါပေမယ့် ကျွန်မရဲ့ဆုံးဖြတ်ချက်ကို ဒုက္ခသည်တစ်ယောက်ဘဝက မကြည့်ခဲ့ပါဘူး။ လူတိုင်းဟာ ကျွန်မလိုပဲ မှားယွင်းဆုံးရှုံးမှုတွေ ကြုံနေကျဆိုတာ နားလည်ခဲ့ပါတယ်၊ ဒါပေမယ့် ဒီဆုံးရှုံးပျက်စီးမှုတွေထဲက သင်ယူနိုင်မယ်ဆိုရင် ဘယ်သူမဆို တိုးတက်မှုရပြီး အောင်မြင်မှုတစ်ခုခုကို ပိုင်ဆိုင်မှာပဲလို့ ယုံကြည်ပါတယ်။

## အကိုးအကား

တက္ကသိုလ်မှာ စာမေးပွဲကျတဲ့ ကျောင်းသားအများစုဟာ နောက်ပိုင်းမှာ ကျောင်းထပ်တက်ပြီး ဘွဲ့ရအောင်ယူနိုင်ခဲ့ကြပါတယ်။ သူတို့စကားအရ သူတို့ဟာ ဒုတိယနှစ် ပြန်ကြိုးစားရာမှာ ပထမနှစ်နဲ့အကြီးအကျယ်ကွာသွားသလို သူတို့လုပ်နိုင်စွမ်းတွေ လုပ်ဆောင်မှုတွေ ပိုကောင်းလာပြီး သူတို့ကိုယ်သူတို့ သိနားလည်မှုတွေ ပိုတိုးလာကြတယ်လို့ ဆိုပါတယ်။

**ရှီဘီဆင် (၁၉၉၈)**

(၄၀)

## အလုပ်ကို ရာသက်ပန်မြတ်နိုးပါ ●

ကျွန်တော်တို့ဟာ စောစီးစွာအောင်မြင်မှုရဲ့ နောက်မှာကပ်ပါလာတဲ့ စောစီးစွာ အငြိမ်းစားနေထိုင်နိုင်မှုဆိုတဲ့ အိပ်မက်ကို မက်မောမြတ်နိုးနေတဲ့ ယဉ်ကျေးမှုခေတ်တစ်ခေတ်မှာ နေနေရပါတယ်။ အငြိမ်းစားရမှုဆိုတဲ့ စိတ်ကူးယဉ်မှုဟာ တတ်စွမ်းနိုင်တဲ့လူတွေကို မြော်လင့်စောင့်စားနေတယ်လို့လည်း သိရပါတယ်။

အမှန်တရားအရကတော့ အငြိမ်းစားယူသူအများစုဟာ သူတို့ရဲ့လုပ်ငန်းကို အသိအမှတ်ပြုမှုအပေါ်မှာ အဓိကထားသလို သူတို့ဘဝမှာ သေတစ်ပန်သက်တစ်ဆုံး တာဝန်ရှိမှုတွေနဲ့ လုပ်ကိုင်နိုင်စွမ်းရှိတာတွေကို ခြွင်းချန်ထားတာတွေ့ရပါတယ်။

အရှင်းဆုံးပြောရရင် လူဆိုတာ အငြိမ်းစားယူပြီးချိန်တိုင်အောင် အလုပ်လုပ်နေရမှ ကျေနပ်တယ်ဆိုတာပါပဲ။

## သာဓက

အသက် ၇၁-နှစ်ရှိပြီဖြစ်တဲ့ မစ္စတာဗင်းဆင့်အဖို့ နယူးယောက်မြို့သားကြီး အဖြစ် တစ်သက်လုံးနေထိုင်ခဲ့ရာက အသက် ၆၀-ပြည့်လို့ အငြိမ်းစားယူလိုက်တဲ့နောက် ပိုင်းအထိ စိတ်ကူးယဉ်ခဲ့သလို ဒူးနံ့မနေနိုင်ခဲ့တာတော့ အမှန်ပါပဲ။

"လူတချို့က အငြိမ်းစားဘဝမှာ အရမ်းပျော်သွားမယ်လို့ ထင်ကြပေမယ့် ကျုပ်ကတော့ ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းကုန်ဆုံးခဲ့ရတယ်လို့ အောင်းမေ့တယ်၊ ပြီးပြည့် စုံမှုလို့ဆိုရမယ့် တစ်စုံတစ်ရာ ပျောက်ဆုံးနေတာကလား။

ဒါပေမယ့် သူနေထိုင်ရာဒေသက မြေခွဲဝေချထားရေးနဲ့ အသုံးချမှုဘုတ်အဖွဲ့ တစ်ခုမှာ ပါဝင်ဆုံးဖြတ်ခွင့်ရခဲ့တာက သူ့အသက်ရှည်နည်းတစ်ရပ်ဖြစ်ခဲ့တယ်လို့ သိရှိ ခဲ့ရပါတယ်။

"ဒီဘုတ်အဖွဲ့က ကျုပ်ကို ရှေ့ဆက်လျှပ်ရှားခွင့်တွေ ပေးခဲ့ပါတယ်" လို့ ဗင်းဆင့်က ပြောပါတယ်။

အဲ့ဒီဘုတ်အဖွဲ့အနေနဲ့ လစာရိက္ခာမပေးသလို မကြာခဏဆိုသလိုပဲ အိမ်နီးနား ချင်းအချင်းချင်း မြေယာအငြင်းပွားမှုတွေ မှန်မှန်ကန်ကန် ဖြေရှင်းပေးရပါတယ်။

ဘာဘဗင်းဆင့်အနေနဲ့ လူတိုင်းအေးငြိမ်းချမ်းသာနေကြရအောင် ကူညီပေးဖို့ ကြိုးစားသလို အမြဲတမ်း သက်သက်ညှာညှာ ဆုံးဖြတ်ညှိနှိုင်းပေးလေ့ရှိပါတယ်။

"အဘက ပြောစရာရှိရင်လည်း ပြောရကျိုးနပ်အောင် တရားသဖြင့်ပြောတတ် ပါတယ်"

ဒါပေမယ့် တကယ်လို့ အခြေအတင်ဖြစ်လာပြီး မဲခွဲဆုံးဖြတ်ရမယ့်အခြေအနေ ဆိုက်လာပြီဆိုရင်တော့ သူ့တစ်သက်စာ အတွေ့အကြုံတွေကို ထုတ်သုံးတော့တာပါပဲ။



"အဘ အဖွဲ့အစည်းပေါင်းများစွာမှာ လုပ်ခဲ့တဲ့အတွေ့အကြုံတွေဟာ အဘ ခေါင်းပေါ်မှာပေါက်နေတဲ့ ဆံပင်တွေထက်တောင် များလိမ့်ဦးမယ်၊ အဘကတော့··· ကဲ·· ဒါဆို ဘာလုပ်မလဲဆိုတာပဲ စဉ်းစားတယ်၊ စဉ်းစားတဲ့အတိုင်းလည်း အဆင်ပြေ သွားတာကလား···"

## အကိုးအကား

အငြိမ်းစားပုဂ္ဂိုလ်တစ်ဦးရဲ့ဘဝကို ပုံဖော်ရာမှာ တစ်ခုတည်းနှင့် အကြီးမားဆုံး အပိုင်းကတော့ သူ့ရဲ့အသက်မွေးဝမ်းကြောင်းရာဇဝင်ကို အလေးထားမှုနဲ့ ပတ်သက်ပြီး သူ့မိသားစုဘဝနဲ့တောင် မဆိုင်ပါဘူးလို့ ဆိုရမှာဖြစ်ပါတယ်။

**ဇီနီဗက်ဇ် နှင့် ဒီဗင်နေး (၁၉၉၉)**

## (၄၁)

## လေ့ကျင့်ခန်းလုပ်ပြီး အချိန်မှန်စား •

အချိန်ကို တန်ဖိုးရှိရှိ အသုံးပြုခြင်းအားဖြင့် လုပ်ငန်းတွေပြီးမြောက်အောင်မြင်မှုကို ရယူနိုင်ပါတယ်။

အလုပ်တွေများလွန်းတော့လည်း ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ဖို့ အချိန်မရသလို လွယ်လွယ်နဲ့ မြန်မြန်ရတဲ့အစာကို စားရတာပေါ့။

မကုန်သင့်တဲ့အချိန်ကို မကုန်စေရပါဘူး။ လေ့ကျင့်ခန်းအထူးတလည်မလုပ်နိုင်တောင် လမ်းများများလျှောက်ပေးတာ ကောင်းပါတယ်။

ကျန်းမာရေးကို ပျိုးထောင်စောင့်ရှောက်တာဟာ ခွန်အားကိုတိုးပွားပြီး လုပ်ငန်းခွင်မှာ စွမ်းဆောင်နိုင်မှုနဲ့ ကျေနပ်ပျော်ရွှင်မှုကို ပေးတာပါပဲ။

ကိုယ်လုပ်ချင်တာလုပ်ဖို့အတွက် ကျန်းမာရေးကောင်းဖို့လိုသလို ကျန်းမာဖို့ပြုရေးကို အချိန်ပေးဂရုစိုက်ရပါလိမ့်မယ်။

### သာဓက

ကက်သရင်းဟာ အရေးပါတဲ့ စာရင်းကိုင်လုပ်ငန်းအဖွဲ့ကြီးတစ်ခုမှာ ဝင်လုပ်နေရာက အချိန်စားခြင်းခံနေရသူဖြစ်ပါတယ်။



"ကျွန်မရဲ့ ဘဝပုံစံအရ သူတို့လိုချင်တာကို လိုချင်တဲ့အချိန်မှာ ရဖို့ပဲသိတဲ့ စီးပွားရေးကုမ္ပဏီ ၅၀၀ နဲ့ လက်တွဲလုပ်နေရတာဆိုတော့ စိတ်ဖိစီးမှုဒဏ်က မပြတ်တမ်းပါပဲ။ ဒါနဲ့အမျှ ကိုယ်ကာယလေ့ကျင့်ခန်းလုပ်ဖို့တို့ အချိန်မှန်စားဖို့ဆိုတာ အနစ်နှစ်ဆယ် လုံးလုံး အချိန်မရခဲ့ပါဘူး"

ဒီလိုနဲ့ သူ့ကျန်းမာရေးဟာ အန္တရာယ်သင့်မယ့်အခြေအနေရောက်နေပြီလို့ ဆရာဝန်တွေကသတိပေးခဲ့တယ်။ သူကလည်း ဆရာဝန်စကားနားထောင်ပြီး အကြံပေးချက်တွေကို လိုက်နာခဲ့တယ်။

အဆီအအိမ့်များတဲ့အစာတွေ၊ အမြန်စာတွေကို ရှောင်ပြီး အာဟာရဓာတ်ကြွယ်ဝတာတွေကို အချိန်မှန်မှန်စားခဲ့သလို အလုပ်ကစောစောပြန်လို့ အိမ်ရောက်တဲ့နောက် တစ်နာရီလောက် လမ်းလျှောက်တယ်။

အကျိုးကျေးဇူးကတော့ တကယ်ပဲ အံ့ဩလောက်ပါရဲ့။

"အခြေအနေက သိသိသာသာ ပြောင်းလဲသွားတယ်၊ နေရထိုင်ရကောင်းလာတဲ့အပြင် အလုပ်လည်းပိုလုပ်လာနိုင်တာကလား··· ချိန်ဆတတ်တဲ့ ဉာဏ်အားလည်း ပိုကောင်းလာတယ်၊ ကျွန်မရှေ့ဆက်လုပ်စရာတွေ အများကြီးကျန်သေးတယ်၊ ဒါပေမယ့် ကျွန်မနည်းအတိုင်း လိုက်လုပ်မယ့်ဘယ်သူ့ကိုမဆို အားပေးရမှာပဲ"

### အကိုးအကား

အလတ်တန်းစားအုပ်ချုပ်ရေးဝန်ထမ်းတွေကို နှိုင်းယှဉ်လေ့လာရာက ကျန်းမာရေးအလေးထားလိုက်စားသူတွေဟာ အလုပ်သာမဲလုပ်နေသူတွေထက် ၅၃-ရာခိုင်နှုန်းပိုပြီး အလုပ်ကို အင်နဲ့အားနဲ့ အရှိန်တင်ပြီး လုပ်နိုင်ကြတယ်လို့ သုတေသီတွေက ဆိုကြပါတယ်။

**ရော့ဘတ်စ်နင့် ဖရင်းန် (၁၉၉၈)**

## (၄၂)

## ငြီးငွေ့ခြင်းဟာ ရန်သူ •

ငြီးငွေ့မှုဟာ သင့်ရဲ့ သန္နိဋ္ဌာန်နဲ့ စွဲမြဲကြံ့ခိုင်မှုကို ဖျက်ဆီးလွင့်ပါးစေပါလိမ့်မယ်။

အလုပ်တစ်ခုတည်းကို အဆက်မပြတ်စိတ်ဝင်စားမှုနဲ့ စိတ်အားထက်သန်မှုထားပြီး ဘယ်သူမှ မဆုတ်မနစ်တမ်း မလုပ်နိုင်ကြပါဘူး။ ဒါပေမယ့် . . .

အလုပ်လုပ်ပိုင်ခွင့်ကို တန်ဖိုးဖြတ်မယ်ဆိုရင် လစာဝင်ငွေနဲ့ လုပ်ငန်းရဲ့အတိုင်းအဆ ပမာဏတွေကို ပဓာနမထားပါနဲ့။ အဲဒီ့အလုပ်တွေထဲမှာ စွဲနစ်အောင် မငြီးငွေ့အောင် ဘယ်လိုအမျိုးမျိုးလှည့်လုပ်ခွင့်ရမလဲဆိုတာသာ တွက်ဆစဉ်းစားပါ။

### သာဓက

လိုရင်းရှူလ်စ်ဟာ ၄၅-နှစ်တိုင်တိုင် ကုမ္ပဏီတွေဖွင့်ခဲ့ရာက အချက်အလက်တွေ စီမံထိန်းချုပ်မှုဆိုင်ရာ နည်းပညာလိုင်းကို စီးခဲ့သူပါ။

သူ့အကြံအစည်တချို့ဟာ ကြီးကျယ်ဆန်းပြားပြီး ကောင်းကောင်းအလုပ်ဖြ ခဲ့သလို တချို့ကျတော့လည်း အရာလေးတောင်မထင်ဘဲ သူ့ထက်ပိုကောင်းတဲ့ အကြံတေ ရဲ့ လွှမ်းမိုးမှုခံလိုက်ပါတယ်။



"ကျွန်တော်တို့လုပ်သမျှ လူတစ်ယောက်အကြံဉာဏ်သစ်ရတဲ့ပေါ်မှာ အခြေခံပြီး လုပ်ခဲ့ကြသလို အကြံသစ်ဉာဏ်သစ်တွေ ထုတ်ဖို့ပဲ ကြိုးစားနေကြတာပါ"

သူဟာ ကုမ္ပဏီတွေကို ဖြစ်ကတတ်ဆန်းနဲ့ စမထောင်တော့ပါဘူး။ ခုဆိုရင် သူဟာကြီးမားတဲ့အတွေ့အကြုံတွေကို အရင်းခံပြီး အပ္ပငွေ့မပြတ်ပေးနေတဲ့ လုပ်ငန်းတစ်ခုအနေနဲ့ ရုံးခန်းရဲ့အကျယ်အဝန်း၊ ဆွေးနွေးတိုင်ပင်မှုတွေနဲ့ လုပ်ငန်းသစ်အတွက် ငွေရင်းငွေနှီးတွေကို အထောက်အကူပြုနိုင်ရေးကို ဦးစားပေးစဉ်းစားတွက်ဆပေးနေခဲ့ပါတယ်။

လိုရင်းက သူတတ်သိသမျှ ပညာတွေကို အသုံးချပြီး ကုမ္ပဏီသစ်တွေကို ထူထောင်ပေးဖို့ လိုလားနှစ်သက်ပါတယ်။

"နေ့စဉ်နေ့တိုင်းမှာ စွန့်စားခန်းတစ်ခုခုတော့ ရှိနေတာပါပဲ···ကျွန်တော်ဟာ ဒီဝန်းကျင်မှာ အဖိုးတစ်ယောက်နဲ့တူပါတယ်၊ ကျွန်တော့်အနေနဲ့ အရာခပ်သိမ်းကို ချုပ်ကိုင်ဖို့တာဝန်မရှိပေမယ့် ဘာမဆိုပြောရမှာတော့ဖြစ်ပါတယ်၊ ကျွန်တော့်မှာ အတွေ့အကြုံတွေ အမြောက်အများရှိထားတာကို ဘာဖြစ်လို့လူတွေကို ဝေမပေးနိုင်ရမှာလဲ···ပြီးတော့ အဲ့သလို အသွင်မတူကြတဲ့ ကုမ္ပဏီတွေနဲ့ တွဲဖက်လုပ်ကိုင်ရတာဟာ ပျော်စရာအကောင်းဆုံးပါပဲ"

### အကိုးအကား

တစ်မျိုးတည်းလုပ်ရတဲ့အလုပ်တွေက အမျိုးမျိုးလုပ်ရတဲ့ အလုပ်တွေထက် အလုပ်သမားအပြောင်းအလဲတွေ နှစ်ဆပိုများပြီး အလုပ်ပျော်မှု သုံးဆနည်းပါတယ်။

**မဲလ်နာရစ် (၁၉၉၉)**

## (၄၃)

## အကျိုးရလဒ်နဲ့ပတ်သက်လာရင် သင်ပါဝင်လုပ်ဆောင်မှုသန့်ပါစေ ။

သမ္မတကြီးကနေဒီဟာ ကွန်ဖြူးရှပ်စ်ရဲ့ အဆိုအမိန့်တစ်ခုကို နှစ်သက်သဘောကျခဲ့ပါတယ်။

"အောင်မြင်မှုမှာ ဖခင်တစ်ထောင်ရှိပြီး ရှုံးနိမ့်မှုကတော့ မိဘမဲ့တစ်ယောက်ပါပဲ"

ကျွန်တော်တို့ဟာ တခြားလူတွေရဲ့ လစ်ဟင်းမှုကြောင့် ဆုံးရှုံးထိခိုက်ရတာကို အပြစ်တင်ပြီး မိမိအောင်မြင်မှုကို ဖော်ကျူးဖို့တော့ ဝါသနာပါတတ်ကြပါတယ်။

အမှန်တော့ . . .ဘာအလုပ်ပဲဖြစ်ဖြစ် အကျိုးရလဒ်နဲ့ပတ်သက်ပြီး ကိုယ့်ကဏ္ဍနဲ့ကိုယ် သန့်သန့်လေးရှိနေသင့်ပါတယ်။ ကျွန်တော်တို့ဟာ အောင်မြင်မှုတစ်ခုက ကိုယ့်အခန်းကဏ္ဍကို ပုံကြီးချဲ့တာဟာ တကယ့်အစစ်အမှန်အောင်မြင်မှုပေးမယ့် အလုပ်တွေကို ထပ်လုပ်ဖို့ပြင်ဆင်ရာမှာ အားနည်းညံ့ဖျင်းစေတတ်တာကလား. . .။ တကယ်လို့ မအောင်မြင်တဲ့ ကြိုးပမ်းမှုတစ်ခုမှာ ကိုယ်ပါဝင်လှုပ်ရှားရတဲ့ကဏ္ဍကို ဥပေက္ခာပြုမိပြန်ရင်လည်း ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်အမှားတွေကို သခ်ျန်းစာယူဖို့နဲ့ သုံးသပ်တွေးတောဖို့ ပျက်ကွက်သွားပါလိမ့်မယ်။



ကျွန်တော်တို့ရဲ့ ဝွမ်းဆောင်ချက်က ထွက်ပေါ်လာသမျှကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်တာဟာ စိတ်သက်သာရာရစေပြီး သူတစ်ပါးကို အပြစ်ဖို့တာကတော့ အကျိုးမရှိတဲ့ အမှားပါပဲ။

တစ်ဖက်သားအပေါ် အပြစ်ပုံချတာဟာ အနာဂတ်အောင်မြင်မှုတွေ ဖန်တီးဖို့ ကျွန်တော်တို့ကို အကူအညီမပေးတဲ့အပြင် နှောင့်ယှက်ရာတောင် ရောက်ပါလိမ့်မယ်။

### သာဓက

လူအတော်များများက "အင်တာနက်ရဲ့ဖခင်ကြီး" ဖြစ်တဲ့ ပေါလ်ဘာရန်ကို အရေးထားလေးစားကြပါတယ်။

ပေါလ်ဟာ ၁၉၆၀-ခုနှစ်များအတွင်းက ရင်းန်ကော်ပိုရေးရှင်းကြီးရဲ့ အင်ဂျင်နီယာတစ်ယောက်ဖြစ်ခဲ့ပြီး အင်တာနက်ဖွံ့ဖြိုးတိုးတက်မှုရဲ့ အဓိကအစိတ်အပိုင်းတွေကို ကြံဆတီထွင်ရာမှာ အရေးကြီးတဲ့နေရာက ပါဝင်ခဲ့သူပါ။

ပေါလ်ဟာ ငယ်စဉ်ကလေးဘဝကတည်းက အမေရိကန်ပြည်ထောင်စုကို ပိုလန်နိုင်ငံက ပြောင်းဝင်လာသူဖြစ်ပြီး နောက်ပိုင်းမှာ အင်တာနက်နဲ့ပတ်သက်တဲ့ သူ့စိတ်ကူးစိတ်သန်းတွေကို နာမည်ကြီးဆက်သွယ်ရေး ကုမ္ပဏီကြီးတွေကို ရောင်းချဖို့ ကြိုးစားခဲ့ပါတယ်။

သူတို့က အင်တာနက်ဆိုတာ ကြားတောင်မကြားဖူးသလို စိတ်ဝင်စားလောက်စရာလို့လည်း မထင်ခဲ့ဘူး။

ကုမ္ပဏီအရာရှိတွေက အထင်အမြင်သေးခဲ့ကြတာကို သူမှတ်မိနေပါသေးရဲ့။

"ဒီကောင်လေးက တတွတ်တွတ်နဲ့ ဘာတွေလာပြောနေမှန်းကို မသိဘူး"

ပေါလ်ကတော့ အားမလျော့ပါဘူး။ သူ့စိတ်ကူးအကြံအစည်ကို စွန့်လွှတ်ပြီး သူ့ကိုယ်သူ အရှုံးမပေးခဲ့ဘူးလေ . . . သူ့အနေနဲ့ တခြားပစ္စည်းကို ထုတ်လုပ်စရာမလို အပ်မှန်းသိခဲ့သလို တခြားလူတွေကို ထပ်ရှာပြီးရောင်းချဖို့သာ နားလည်ခဲ့ပါတယ်"

ဒီလိုနဲ့ အမေရိကန်စစ်တပ်ကို သူ့အကြံအစည်ကို ထုတ်ဖော်ပြသခွင့်ရခဲ့ရာက သူ့ပစ္စည်းကိရိယာဟာ အဲဒီ့စစ်ရေးနယ်ပယ်က လိုအပ်ချက်နဲ့ အံဝင်ခွင်ကျနေတာတွေ့ရပါတော့တယ်။

ပေါလ်ဟာ သူ့ကြိုးပမ်းအောင်မြင်မှုက အကျိုးခံစားမှုတွေကိုလည်း ခြေသွက်လက်သွက်နဲ့ ဝေမျှပေးခဲ့ပါတယ်။

"အင်တာနက်က လူထောင်ပေါင်းများစွာကို အလုပ်ပေးနိုင်ခဲ့ပါတယ်၊ ကျွန်တော်တို့ တစ်ဦးချင်းအနေနဲ့လည်း တစ်စွန်းတစ်စ အမြတ်ရခဲ့ကြတာပါဘဲ"

"အင်တာနက်ကို ကမ္ဘာမြေပေါ်က လွှတ်တင်ပြီးတဲ့နောက် နှစ်ပေါင်းသုံးဆယ်ကြာခဲ့တဲ့ ခုချိန်မှာလည်း ဒီထက်အကျိုးအမြတ်ရှိမယ့် လုပ်ငန်းကြီးတွေကို ဖော်ဆောင်နိုင်မယ့် တီထွင်မှုတွေကို အကြံကြီးကြီးနဲ့ အကောင်အထည်ဖော်ဖို့ ကြိုးစားနေဆဲပါ"

"ကျွန်တော် ဒီကုမ္ပဏီတွေကို စထောင်ခဲ့ပြီးပါပြီ၊ ဒီ့နောက် ဒီလုပ်ငန်းကို ဆက်လုပ်ဖို့ ကျွန်တော့်ထက်တော်တဲ့လူတွေကိုရှာပြီး ကျွန်တော်ထွက်နားပါတော့မယ်"

## အကိုးအကား

လူတွေကို အောင်မြင်မှုနဲ့ ဆုံးရှုံးမှုတွေအကြောင်း ဆက်စပ်စဉ်းစားပြီး အကျိုးအကြောင်းတွေကို ရှင်းပြနိုင်းတဲ့အခါမှာ သူတို့ကြိုးစားအားထုတ်မှုရဲ့ အရေးပါပုံတွေ



အပေါ် အာရုံစိုက်ချင်တဲ့စိတ်က ခုနစ်ဆပိုများတာတွေ့ရပါတယ်။ ဒီဘက်လိုက်မှုက အတွေ့အကြုံနည်းပါးတဲ့ အလုပ်သမားတွေကြားမှာ ၁၉-ရာခိုင်နှုန်း ပိုကြီးမားပြီး သူတို့ဟာ အောင်မြင်မှုအတွက် ပိုဂုဏ်ယူကြသလို ဆုံးရှုံးမှုအတွက် အပြစ်တင်မခံချင်ကြတာနဲ့အမျှ ဘာမှပညာမတိုးကြတော့ပါဘူး။

## မိုရယ်လားနှင့် ကိုရယ်လာ (၂၀၀၀)

## (၄၄)

## ကြိုတင်တွက်ဆပြီးမှ ပြောင်းလဲမှုလုပ်ပါ ။

ကျွန်တော်တို့အားလုံးဟာ အပြောင်းအလဲလုပ်မှုရဲ့ လှုံ့ဆော်ဖြားယောင်းခြင်းကို ခံကြရတတ်ပါတယ်။ လုပ်ထုံးလုပ်နည်း ပြောင်းလဲရာမှာဖြစ်ဖြစ် အလုပ်အကိုင်ပြောင်းလဲတာပဲဖြစ်ဖြစ် စစ်မှန်တဲ့အကျိုးတရားတွေပေါ် အာရုံစိုက်ကြသလိုပဲ စိတ်အားထက်သန်မှု လှိုင်းဂယက်ရဲ့ရိုက်ခတ်ခြင်းကို ခံကြရစမြဲပါ။

ပင်ကိုယ်စွမ်းပကား ပြည့်ဝသူတွေအားလုံးက သူတို့ဘဝနဲ့ သူတို့ပတ်ဝန်းကျင်ကို ပြောင်းလဲအောင် လုပ်လိုကြပါတယ်။ သင့်ကိုယ်သင် ပင်ကိုယ်စွမ်းရည်ရှိတယ်လို့ ယုံကြည်ရင် သင်ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်မယ်ယူဆတဲ့ အသေးစားအလုပ်တွေက အစပျိုးပါ။ ဒါဆို သင်သေချာပေါက်စွမ်းဆောင်နိုင်ပါလိမ့်မယ်။

သို့ပေမယ့် အပြောင်းအလဲတိုင်းကို ဖုတ်ပူမီးတိုက် အရေးတကြီး လုပ်ဆောင်တာဟာ အဓိပ္ပာယ်မရှိသလို အပြောင်းအလဲဖြစ်နိုင်ချေရှိမှုတွေက ရောင်လွှဲသွေဖည်ရာ ရောက်သွားမှာတော့ သေချာတယ်။

### သာဓက

"ကျွန်မဟာ ဦးတည်ချက်တွေ တပုံတခေါင်းကြီးနဲ့ ဘဝခရီးကို သွားခဲ့ရာက မှန်းသလောက်မပေါက်ဘဲ လမ်းပျောက်သလို ဖြစ်နေရပါတယ်။ လုပ်ငန်းစဉ်တွေ အံ့မြောက်အများချမှတ်ဖို့ ကြိုးစားခဲ့ပေမယ့်လည်း တွက်ကိန်းတွေ လွဲခဲ့ပြန်ပါတယ်"



ဒီစကားကို ပြောခဲ့သူကတော့ ချာလော့တီမြို့သူ တာရီဆာပါပဲ။

"ခုလောလောဆယ် ကျွန်မအဖို့ လုပ်ငန်းစဉ်တွေ အများအပြားချမှတ်ကြ ခဲ့သူတွေအတွက် အစီအစဉ်တစ်ခု လိုအပ်နေပါတယ်"

သူက သူချာချာလည်နေရပုံကို ပြောပြပါတယ်။

"ကျွန်မအနေနဲ့ အရောင်းအဝယ်လုပ်ငန်းတစ်ခုကို မျက်စိကျပြီး ဝင်လုပ်သေးတယ်၊ ဒါပေမယ့် ရက်ပိုင်းလေးအတွင်းမှာ အဆင်မပြေဘူးလို့ ထင်လာတာ၊ ဒီလိုနဲ့ တစ်ချိန်လုံး ယောင်ဝါးဝါးတွေဖြစ်ကုန်တော့တာပါပဲ"

နောက်ဆုံး သူ့သူငယ်ချင်းမတစ်ယောက်က အကြံပေးပါသတဲ့။

"သူပြောတာက ကျွန်မဘဝကို ပြောင်းလဲရေးလုပ်ရာမှာ ဝတ်စုံတစ်စုံဝယ်တ ထက် အိမ်တစ်လုံးဝယ်သလို စဉ်းစားရမယ်တဲ့၊ ဒါဟာ အမြဲပုံသေမဟုတ်သလို ပြင်ဆ သင့်တာပြင်ရမှာဖြစ်ပေမယ့် အလေးအနက်ထား စဉ်းစားမှုနဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချ ချမှတ်ရာမှာ အထောက်အကူဖြစ်ပါသတဲ့"

ပြီးတော့ . . . တာရီဆာက ပြောပါသေးတယ်။

"ကျွန်မလုပ်ငန်းစဉ်အားလုံး အလုပ်မဖြစ်ခဲ့တာ တစ်နည်းတော့ ကောင်းတယ ဆိုရမှာပဲ၊ အကြောင်းကတော့ အလုပ်တွေအများကြီး လုပ်ခဲ့သလို အဲ့ဒါတွေသာ အဆင်ပြေရင် ကျွန်မဟာ ရိုးရိုးလူတစ်ယောက်ပဲဖြစ်နေမှာပေါ့"

### အကိုးအကား

သူတို့ကိုယ်သူတို့ အသိဉာဏ်ထက်မြက်လို့ အစွမ်းအစရှိတယ်။ သတ်မှတ် တဲ့ လူတွေဟာ သူတို့အသက်မွေးဝမ်းကြောင်းကို ပြောင်းလဲဖို့ ၄၇-ရာခိုင်နှုန်း အခွ ပိုသာပါတယ်။

## (၄၄)

## ကြိုတင်တွက်ဆပြီးမှ ပြောင်းလဲမှုလုပ်ပါ ။

ကျွန်တော်တို့အားလုံးဟာ အပြောင်းအလဲလုပ်မှုရဲ့ လှုံ့ဆော်ဖြားယောင်းခြင်းကို ခံကြရတတ်ပါတယ်။ လုပ်ထုံးလုပ်နည်း ပြောင်းလဲရာမှာဖြစ်ဖြစ် အလုပ်အကိုင်ပြောင်းလဲတာပဲဖြစ်ဖြစ် စစ်မှန်တဲ့အကျိုးတရားတွေပေါ် အာရုံစိုက်ကြသလိုပဲ စိတ်အားထက်သန်မှု လှိုင်းဂယက်ရဲ့ရိုက်ခတ်ခြင်းကို ခံကြရစမြဲပါ။

ပင်ကိုယ်စွမ်းပကား ပြည့်ဝသူတွေအားလုံးက သူတို့ဘဝနဲ့ သူတို့ပတ်ဝန်းကျင်ကို ပြောင်းလဲအောင် လုပ်လိုကြပါတယ်။ သင့်ကိုယ်သင် ပင်ကိုယ်စွမ်းရည်ရှိတယ်လို့ ယုံကြည်ရင် သင်ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်မယ်ယူဆတဲ့ အသေးစားအလုပ်တွေက အစပျိုးပါ။ ဒါဆို သင်သေချာပေါက်စွမ်းဆောင်နိုင်ပါလိမ့်မယ်။

သို့ပေမယ့် အပြောင်းအလဲတိုင်းကို ဖုတ်ပူမီးတိုက် အရေးတကြီး လုပ်ဆောင်တာဟာ အဓိပ္ပာယ်မရှိသလို အပြောင်းအလဲဖြစ်နိုင်ချေရှိမှုတွေက ရှောင်လွှဲသွေဖည်ရာ ရောက်သွားမှာတော့ သေချာတယ်။

### သာဓက

“ကျွန်မဟာ ဦးတည်ချက်တွေ တပုံတခေါင်းကြီးနဲ့ ဘဝခရီးကို သွားခဲ့ရာက မှန်းသလောက်မပေါက်ဘဲ လမ်းပျောက်သလို ဖြစ်နေရပါတယ်။ လုပ်ငန်းစဉ်တွေ အုံမြောက်အများချမှတ်ဖို့ ကြိုးစားခဲ့ပေမယ့်လည်း တွက်ကိန်းတွေ လွဲချော်ပြန်ပါတယ်”



ဒီစကားကို ပြောခဲ့သူကတော့ ချာလော့တီမြို့သူ တာရီဆာပါပဲ။

“ခုလောလောဆယ် ကျွန်မအဖို့ လုပ်ငန်းစဉ်တွေ အများအပြားချမှတ်ကြိုးစားခဲ့သူတွေအတွက် အစီအစဉ်တစ်ခု လိုအပ်နေပါတယ်”

သူက သူချာချာလည်နေရပုံကို ပြောပြပါတယ်။

“ကျွန်မအနေနဲ့ အရောင်းအဝယ်လုပ်ငန်းတစ်ခုကို မျက်စိကျပြီး ဝင်လုပ်ခဲ့သေးတယ်၊ ဒါပေမယ့် ရက်ပိုင်းလေးအတွင်းမှာ အဆင်မပြေဘူးလို့ ထင်လာတယ်၊ ဒီလိုနဲ့ တစ်ချိန်လုံး ယောင်ဝါးဝါးတွေဖြစ်ကုန်တော့တာပါပဲ”

နောက်ဆုံး သူ့သူငယ်ချင်းမတစ်ယောက်က အကြံပေးပါသတဲ့။

“သူပြောတာက ကျွန်မဘဝကို ပြောင်းလဲရေးလုပ်ရာမှာ ဝတ်စုံတစ်စုံဝယ်တာထက် အိမ်တစ်လုံးဝယ်သလို စဉ်းစားရမယ်တဲ့၊ ဒါဟာ အမြဲပုံသေမဟုတ်သလို ပြင်ဆင်သင့်တာပြင်ရမှာဖြစ်ပေမယ့် အလေးအနက်ထား စဉ်းစားမှုနဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်ချမှတ်ရာမှာ အထောက်အကူဖြစ်ပါသတဲ့”

ပြီးတော့ . . . တာရီဆာက ပြောပါသေးတယ်။

“ကျွန်မလုပ်ငန်းစဉ်အားလုံး အလုပ်မဖြစ်ခဲ့တာ တစ်နည်းတော့ ကောင်းတယ်ဆိုရမှာပဲ၊ အကြောင်းကတော့ အလုပ်တွေအများကြီး လုပ်ခဲ့သလို အဲ့ဒါတွေသာ အဆင်ပြေရင် ကျွန်မဟာ ရိုးရိုးလူတစ်ယောက်ပဲဖြစ်နေမှာပေါ့”

### အကိုးအကား

သူတို့ကိုယ်သူတို့ အသိဉာဏ်ထက်မြက်လို့ အစွမ်းအစရှိတယ်။ သတ်မှတ်တဲ့ လူတွေဟာ သူတို့အသက်မွေးဝမ်းကြောင်းကို ပြောင်းလဲဖို့ ၄၇-ရာခိုင်နှုန်း အခွင့်ပိုသာပါတယ်။

သူတို့က ဖြစ်နိုင်ချေရှိမှုနဲ့ အခွင့်အလမ်းတွေကို အမှန်အကန်မြင်တတ်ကြလို့ပါပဲ။ ဒါပေမယ့် ပြောင်းလဲမှုကိုငဲ့ပြီး အပြောင်းအလဲတွေ ထပ်လုပ်ရာမှာ အားဖြည့်ဖို့ ပျင်းရိငြီးငွေ့တတ်တာကိုလည်း ကြိုမြင်ကြိုတွေးထားရမယ်။

ဝုတ်လေ (၁၉၉၈)

(၄၅)

## ဆိတ်ဆိတ်နေ ယောင်တန် ။

ကျွန်တော်တို့ဟာ ဘာတွေပြောရမလဲ၊ ဘယ်လောက်များများပြောရမ၊ ဘယ်လိုအကောင်းဆုံးဖြစ်အောင် ပြောရမလဲဆိုတာတွေကို စဉ်းစားကြရပါတယ်။

ကျွန်တော်တို့အနေနဲ့ အပမ်းဖြေအနားယူချိန်မှာ ထွေရာလေးပါးပြောတာ၊ မဟုတ်ရင် စကားပြောရာမှာ အချိန်ကိုအလေးထားရသလို စကားတန်ဖိုးနဲ့အမျှ ရင်းမြှုပ်နှံမှုတွေ အများကြီးလုပ်ရပါတယ်။

အဲဒီ့အစား နားပါးပါးနဲ့ ဂရုစိုက်နားထောင်ခြင်းဟာလည်း တခြားလူပြောသအပေါ်မှာ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ အရင်းအနှီးစိုက်ထုတ်တာပဲဖြစ်ပြီး တစ်ဖသားဆီက ပညာယူတဲ့တစ်ခုတည်းသော နည်းလမ်းလို့ ဆိုရမှာပါ။ ပြီးတော့ ကျန်တဲ့တွေကို နားပေါက်အောင်ပြောဖို့ အတုခိုးရတာဆိုလည်း မမှားပါဘူး။

### သာဓက

ဒွန်ဟာ အိမ်ထောင်ပြုခဲ့တာ ၄၇-နှစ်ရှိပါပြီ။

သူ့ကို ခင်ပွန်းကောင်းတစ်ယောက်ပီသသူလို့ လူတိုင်းက မမြင်ကြဘူးဆိုတလည်း သူဝန်ခံပါတယ်။

"ကျွန်တော့်အမေကိုယ်တိုင်က ကျွန်တော့်မိန်းမဟာ ကျွန်တော်နဲ့ ဘယ်လိများ ပေါင်းနေပါလိမ့်လို့ တအံ့တညြဖြစ်ရတဲ့အထိပါပဲ၊ ကျွန်တော်တို့မှာ သဘောမတူဘဲ

သူတို့က ဖြစ်နိုင်ချေရှိမှုနဲ့ အခွင့်အလမ်းတွေကို အမှန်အကန်မြင်တတ်ကြလို့ပါပဲ။ ဒါပေမယ့် ပြောင်းလဲမှုကိုငဲ့ပြီး အပြောင်းအလဲတွေ ထပ်လုပ်ရာမှာ အားဖြည့်ဖို့ ပျှင်းရိငြီးငွေ့တတ်တာကိုလည်း ကြိုမြင်ကြိုတွေးထားရမယ်။

ဝတ်လေ (၁၉၉၈)

(၄၅)

## ဆိတ်ဆိတ်နေ ထောင်တန် ။

ကျွန်တော်တို့ဟာ ဘာတွေပြောရမလဲ၊ ဘယ်လောက်များများပြောရမလဲ၊ ဘယ်လိုအကောင်းဆုံးဖြစ်အောင် ပြောရမလဲဆိုတာတွေကို စဉ်းစားကြရပါတယ်။

ကျွန်တော်တို့အနေနဲ့ အပမ်းဖြေအနားယူချိန်မှာ ထွေရာလေးပါးပြောတာမျိုး မဟုတ်ရင် စကားပြောရာမှာ အချိန်ကိုအလေးထားရသလို စကားတန်ဖိုးနဲ့အမျှ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးလုပ်ရပါတယ်။

အဲဒီ့အစား နားပါးပါးနဲ့ ဂရုစိုက်နားထောင်ခြင်းဟာလည်း တခြားလူပြောသမျှအပေါ်မှာ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ အရင်းအနှီးစိုက်ထုတ်တာပဲဖြစ်ပြီး တစ်ဖက်သားဆီက ပညာယူတဲ့တစ်ခုတည်းသော နည်းလမ်းလို့ ဆိုရမှာပါ။ ပြီးတော့ ကျွန်တဲ့လူတွေကို နားပေါက်အောင်ပြောဖို့ အတုခိုးရတာဆိုလည်း မမှားပါဘူး။

•

## သာဓက

ဒွန်ဟာ အိမ်ထောင်ပြုခဲ့တာ ၄၇-နှစ်ရှိပါပြီ။

သူ့ကို ခင်ပွန်းကောင်းတစ်ယောက်ပီသသူလို့ လူတိုင်းက မမြင်ကြဘူးဆိုတာလည်း သူဝန်ခံပါတယ်။

"ကျွန်တော့်အမေကိုယ်တိုင်က ကျွန်တော့်မိန်းမဟာ ကျွန်တော်နဲ့ ဘယ်လိုများ ပေါင်းနေပါလိမ့်လို့ တအံ့တဩဖြစ်ရတဲ့အထိပါပဲ၊ ကျွန်တော်တို့မှာ သဘောမတူဘဲ

အငြင်းပွားစရာ အချက်တစ်ခုကို ပြောမိတိုင်း သူက အဘက်ဘက်က သုံးသပ်ပြီး ဆင်ခြေပေးဖို့ပြောတာပါပဲ၊ အဲ့ဒါ အချိန်တိုင်းပဲပေါ့"

သူဆက်ပြောတာက ···

"တစ်ခါတော့ ကျွန်တော် သိပ်အာရုံမထားမိတဲ့အချိန်မှာ ကျွန်တော့်မိန်းမက အိမ်နီးချင်းတစ်ယောက်အကြောင်း စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြခဲ့တယ်၊ နောက်တစ်နေ့ကျတော့ သူကိုယ်တိုင် ပြောခဲ့တယ်ဆိုတာကိုမေ့ပြီး ကျွန်တော်က အဲဒီ့အကြောင်းကို ပြန်ပြောမိခဲ့တော့တာပါပဲ"

မကြာပါဘူး ဒွန်ဟာ သူတို့ငြင်းခုန်မှုက အရေးကြီးတဲ့အချက်ကို နားလည်သွားပါတယ်။

"ပြဿနာက ကျွန်တော်တို့တစ်ယောက်နဲ့တစ်ယောက် သဘောတူထားပြီးသား ကိစ္စတစ်ခုကို မလုပ်တာ၊ အရေးကြီးတဲ့ကိစ္စတွေကို မေ့သွားကြတာပဲဖြစ်ပြီး အဲဒီပြဿနာရဲ့အရင်းအမြစ်က ပထမပြောကြတဲ့အချိန်မှာ ဂရုတစိုက်နဲ့ နားစွင့်မထားကြတာပါပဲ"

ခုကော့ ဒွန်သဘောပေါက်သွားပါပြီ···။

"နားထောင်ခြင်းဟာ တခြားလိမ္မာပါးနပ်မှုတွေလိုပဲ လိမ္မာပါးနပ်မှုတစ်ခုပဲဆိုတာ သိခဲ့ပါပြီ···အာရုံမစိုက်လိုက်ရင် အမှားတွေပိုလုပ်မိမှာ ကျိန်းသေပါတယ်၊ ခင်ပွန်းနဲ့စကားပြောဘက်ပုဂ္ဂိုလ်က ဒီအမှားတွေကို ခင်ပွန်းလုပ်မိတာကို တပ်အပ်သိနေတာကြောင့်လည်း ခင်ပွန်းကိုယ်ခင်ပွန်း မဖုံးကွယ်နိုင်တဲ့အမှားမျိုးလို့ ဆိုရမယ်"

## အကိုးအကား

အပြောသန်တဲ့လူတွေဟာ နားထောင်ကောင်းဖြစ်ဖို့ သိပ်ဂရုမထားကြပါဘူး။



အပြောသန်သူတွေဟာ သူတို့ကိုယ်သူတို့ လက်တွေ့ကျသူတွေလို့ အကဲဖြတ်ကြပြီး၊ နားထောင်တတ်သူတွေကတော့ အတွေးနက်သူတွေလို့ သူတို့ကိုယ်သူတို့ သတ်မှတ်ကြပါတယ်။ နားထောင်ကောင်းသူတွေဟာ လူပေါင်းဆန့်ရာမှာ ၆၀-ရာခိုင်နှုန်းပိုသာသလို အကြောင်းကိစ္စမှန်သမျှကို ကိုယ်ပိုင်သုံးသပ်ရှုမြင်မှုနဲ့ ဖောက်ထွင်းပြီး ကြည့်နိုင်ကြပါတယ်။

**ပေါက်ခ် (၁၉၉၇)**

## (၄၆)

## မျက်စိဘေးကာတွေကို ချွတ်ပစ်လိုက် ●

ကြည်လင်ပြတ်သားတဲ့အမြင်ရှိခြင်းဟာ စွမ်းအင်ထက်မြက်တဲ့ အင်အားတစ်ခုပါပဲ။ လူငယ်ဘဝကစပြီး ထိုထိုဤဤ မျှော်မှန်းချက်တွေ ကိုင်စွဲထားဖို့နဲ့ အဲဒီမျှော်လင့်ရည်မှန်းချက်တွေက လောကအမြင်ကို ဩဇာလွှမ်းမိုးတဲ့အကြောင်းတွေ သင်ကြားခဲ့ရပါတယ်။

ငယ်နုစဉ်က တရားသေ မှုသေပုံသေ စွဲမှတ်ထားမှုတွေဟာ တခြားလူတွေကို တန်ဖိုးဖြတ်ရာမှာ အရေးပါပြီး သင့်ကိုယ်သင် တန်ဖိုးဖြတ်တဲ့အထိတောင် တန်ခိုးထက်ပါတယ်။

မိမိတို့ရဲ့ စိတ်ကူးဉာဏ်ကွန့်မြူးမှုတွေကို ဘယ်သူမှ အကျိုးသင့်အကြောင်းသင့် ကန့်သတ်ရွေးချယ်နိုင်စွမ်းမရှိကြရင် သူတို့ကိုယ်ပိုင်အခွင့်အလမ်းကောင်းတွေကို ငြင်းပယ်မိကြသလို ပုံသေကိုင်စွဲထားတဲ့ တစ်ဖက်သားရဲ့ ပကတိစွမ်းရည်တွေကို မှားယွင်းစွာ အကဲဖြတ်မိတတ်ကြပါတယ်။

ဒါကို ဆင်ခြင်စဉ်းစားခြင်းကင်းမဲ့စွာ လုပ်မိကြတာဟာ အဲဒီတရားသေဝါဒက လောကကြီးနဲ့ ပတ်သက်တဲ့ ကျယ်ပြန့်တဲ့ အမြင်ကို ခြားခြားနားနား ကာဆီးထားတာကြောင့်ပဲဖြစ်ပါတယ်။

### သာဓက

နယူးဟမ့်ပ်ရှိုင်းယားမြောက်ပိုင်းက လယ်ယာမြေထွန်းကားတဲ့ ကျေးလက်



ဒေသမှာရှိတဲ့ အမျိုးသမီးများရဲ့ လယ်မြေဒေသဆိုင်ရာ ရှေ့ဆောင်ကွန်ယက်လုပ်ငန်း (WREN)က ရာပေါင်းများစွာသော အမျိုးသမီးများကို အိုးမကွာ အိမ်မကွာ ဝင်ငွေရဖို့ အကူအညီပေးနေပါတယ်။

အဲဒီအဖွဲ့ဝင်တွေဟာ သူတို့ရဲ့ အားလပ်ချိန်မှာ လက်မှုအနုပညာပစ္စည်းတွေကို ရောင်းတာကစ ဂရပ်ဖစ်ဒီဇိုင်းတွေနဲ့ စာရင်းကိုင်ပညာတွေကို သင်ကြားပို့ချတာတွေအဆုံး အသက်မွေးဝမ်းကြောင်းလုပ်ငန်းတွေကို ဖြန့်ဝေရယူနိုင်ခဲ့ကြပါတယ်။

WREN ရဲ့ ဒါရိုက်တာဖြစ်တဲ့ နာတာလီဝုဒ်ရဖီက သူတို့အဖွဲ့အစည်းဟာ အထီးကျန်တစ်ယောက်တည်းဖြစ်နေမယ့် အိမ်သူအမျိုးသမီးတွေ ဘာလုပ်ပိုင်ခွင့်မှ မရဘဲ ရှိနေတာကို စစည်းပြီး အားသစ်လောင်းပေးတာလို့ ပြောပါတယ်။

အဖွဲ့ဝင်အမျိုးသမီးတွေအဖို့လည်း အောင်မြင်မှု ခွန်အားသတ္တိတွေပြည့်လာတယ်လို့ ခံစားရပြီး အိမ်တွင်းအောင်းချောင်ပိတ်မိနေရတဲ့ လယ်သမားဘဝက လွတ်မြောက်ဖို့လမ်းစ မရှိတော့ပါဘူးဆိုတဲ့ သံသယကို ချေဖျက်နိုင်ရာက ဘဝရပ်တည်မှုတစ်ခုကို ထူထောင်နိုင်ကြတာလည်းဖြစ်ပါတယ်။

"ဒီကျေးလက်အမျိုးသမီးတွေအနေနဲ့ သူတို့ရဲ့တောင်ယာရေမှာ ခြံထွက်သီးနှံလေးတွေ ရောင်းချရုံသာတတ်နိုင်ကြတဲ့ ခုနစ်နှစ်သမီးလေးတွေလို နိမ့်ပြီးဆက်ဆံခံခဲ့ကြရာက အားငယ်နေရတဲ့ စိတ်တွေဟာ ခွန်အားသတ္တိနဲ့ ပိုပြည့်ဝလာကြရပါပြီ။

ခုဆိုရင် WREN က အိမ်တွင်းပုန်း လုပ်အားရှင်အမျိုးသမီးတွေကို အသက်ကြီးငယ်ပျိုအိုမရွေး ကွန်ယက်ဆက်သွယ်ရေးစနစ်နဲ့ အသက်မွေးဝမ်းကြောင်းလုပ်ငန်းတွေကို ပေါင်းကူးပေးနိုင်ခဲ့ပါတယ်။

"ခုဆိုရင် ကျွန်မတို့ WREN လုပ်ငန်းတွေမှာ ရှေ့နေတွေ၊ ရိုးရာလုပ်ငန်းမန်နေဂျာတွေနဲ့ လုပ်ငန်းရှင်တွေဟာ သူတို့အချိန်တွေကို ပေးလှူခဲ့ကြပါပြီ။ အဆင့်မြင့် သိပ်ကွာခြားတဲ့ အမျိုးသမီးတွေဟာ လမ်းကြောင်းတစ်ခုပေါ်မှာ ဆုံဆည်းခဲ့ကြသလို

လုပတဲ့သဘောတူညီချက်တစ်ခုနဲ့ တစ်သွေးတည်း တစ်သားတည်း ကျနေခဲ့ကြပါပြီ။ ကျွန်မတို့ အဖွဲ့အစည်းဟာ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေးစတဲ့ နယ်ပယ်အားလုံးက အတားအဆီးတွေကို ကျော်လွှားဖြတ်သန်းခဲ့ကြတာနဲ့အမျှ သူတို့ရဲ့စွမ်းဆောင်နိုင်အားတွေကို သိမြင်ခဲ့ကြပြီး တစ်ယောက်ကိုတစ်ယောက် အဆက်အသွယ်တွေရခဲ့ကြပါပြီ။

နာတာလီက ထပ်ပြောပါသေးရဲ့ . . .။

"အမျိုးသမီးတွေ သူတို့ဘဝကို သူတို့ဖန်တီးထူထောင်နိုင်ကြပြီဖြစ်သလိုပဲ သူတို့ဟာ လုပ်တာတွေကို ကျေနပ်ဝမ်းသာနေကြပါတယ်၊ ဒါဟာ ကျွန်မတို့အဖွဲ့က အဲ့သလိုဖြစ်အောင် မျက်စိဖွင့်ပေးပြီး လိုအပ်သလို ကူညီခဲ့လို့ပါပဲ"

## အကိုးအကား

တရားသေဝါဒကို သူတို့ကိုယ်သူတို့ တန်ဖိုးသတ်မှတ်ရာမှာ လက်ခံသုံးစွဲတာတ်ကြသူတွေဟာ အခွင့်အလမ်းဆိုတာ သူတို့ကိုယ်တိုင်နဲ့ တခြားလူတွေအတွက်ပါ ကန့်သတ်မှုရှိတယ်လို့ ယုံကြည်ဖို့ ၃၉-ရာခိုင်နှုန်းပိုပြီး နီးစပ်ပါတယ်။

**ဖရှမ်းစ် (၁၉၉၉)**

(၄၇)

## သင် စိုးရိမ်နေတာကို သင်ရလိမ့်မယ် •

ကျွန်တော်တို့ဟာ ဟိုကိစ္စ ဒီကိစ္စတွေမှာ အမှားလုပ်မိမှာစိုးတာနဲ့ အချိန်ကုန်ခံပြီး စိုးရိမ်စိတ်ပွားနေမိကြတာဟာ တိုးတက်ကြီးပွားအောင် ကြံဆအချိန်ဖြုန်းနေတာမဟုတ်ပါဘူး။ ဒီစကားရဲ့ဆိုလိုရင်း အဓိပ္ပာယ်က ကိစ္စရပ်အသီးသီးနဲ့ပတ်သက်လို့ အစိုးရိမ်ကြီးတာဟာ မှားယွင်းဖို့ ပိုများစေတယ်လို့ပါပဲ။

နိုင်တဲ့အခါနိုင်မယ်၊ ရှုံးတဲ့အခါရှုံးမယ်၊ အောင်မြင်ခြင်းရှိသလို မအောင်မြင်မှုတွေလည်း ရှိမှာပဲလို့ နှလုံးသွင်းထားတာဟာ စိုးရိမ်သောကက လွတ်ကင်းပြီး အောင်မြင်မှုတွေပေးစွမ်းနိုင်သလို ကျွန်တော်တို့ မလုပ်နိုင်တာတွေအစား လုပ်နိုင်တာတွေကို စဉ်းစားဖို့ အချိန်ပိုရစေပါတယ်။

## သာဓက

"လုပ်ငန်းအများစုဟာ ငြင်းပယ်မှုအပေါ်မှာ အခြေခံတည်ဆောက်ထားတတ်ကြပါတယ်၊ လုပ်ငန်းတစ်ခုက အလုပ်လာလျှောက်တဲ့ လူတိုင်းကို ငှားလိုက်တာ (ဒါမှမဟုတ်) လာရောင်းသမျှ ပစ္စည်းအကုန်ဝယ်လိုက်ရင် ဒီကုမ္ပဏီဟာ ဆယ်မိနစ်

အတွင်း မွဲသွားမှာပဲ" လို့ ပြောခဲ့သူကတော့ သရုပ်ဆောင် မင်းသား၊ မင်းသမီးရာပေါင်း များစွာကို မွေးထုတ်ခဲ့တဲ့ သရုပ်ဆောင်နည်းပြဆရာ မာတင်ပါပဲ။

"ခင်ဗျာ ဘာကိုမှ မလိုချင်ဘဲနဲ့ ငြင်းပယ်မှုကို နှစ်သက်တတ်အောင်သင် ကြားရလိမ့်မယ်၊ ဘာကြောင့်ဆို ငြင်းပယ်မှုဟာ မလွဲမသွေကြုံရမှာမို့ပါဘဲ"

သူက သရုပ်ဆောင်လုပ်ငန်းကို အထင်ရှားဆုံး ဥပမာအနေနဲ့ ထောက်ပြခဲ့ ပါတယ်။ သူ့ယုံကြည်ချက်ကိုလည်း ခုလိုတင်ပြခဲ့တာပါ။

"ဘယ်လောက်ပဲ အရည်အချင်းရှိရှိ အပယ်မခံရဖူးတဲ့ သရုပ်ဆောင်ရယ်လို့ တစ်ယောက်မှမရှိပါဘူး။ ဒါဟာ ဆုံးရှုံးနစ်နာမှုကို လိုလားတဲ့သဘောမဆောင်ပါဘူး။ ဒါပေမယ့် ခင်ဗျားလိုချင်တဲ့ အောင်မြင်မှုကိုရဖို့ မလွှဲမရှောင်သာနဲ့ ကျေကျေနပ်နပ် လက်ခံရမယ်ဆိုတဲ့ ဖြစ်စဉ်ပါပဲ‥ နောက်ပြီး ငြင်းပယ်မှုဆိုတာ တိုးတက်မှုရဲ့လေ့ကျင့်ခန်း တစ်ထစ်ပဲဖြစ်တယ်လေ" တဲ့။

## အကိုးအကား

အဆင့်မြင့်နည်းပညာ လုပ်သားတွေကို လေ့လာဆန်းစစ်မှုတစ်ရပ်အရ သူတို့ အလုပ်အတွက် စိုးရိမ်သောကများပြီး အချိန်တွေအများကြီးတွေ အကုန်ခံနေတဲ့လူတွေ ဟာ စိုးရိမ်မှုကင်းတဲ့ (ဒါမှမဟုတ်) စိုးရိမ်မှုနည်းပါတဲ့ လူတွေထက် ထုတ်လုပ်မှုစွမ်း အား ၁၇-ရာခိုင်နှုန်းလျော့နည်းသွားပါတယ်။

**ဗာဘက်ကီနဲ့ ဘာဂေါ့ဇ် (၂၀၀၀)**

(၄၇)

## ဖြစ်သင့်ဖြစ်ထိုက်တာကိုသာ စဉ်းစား •

သင့်လက်ချောင်းလေးတွေမှာ မှောင်ဝင်တန်ခိုးရှိပြီး သင့်တစ်ကိုယ်လုံးနဲ့ သင့်ဘဝကို ကြိုက်သလို ပြောင်းလဲပြစ်နိုင်မယ်ဆိုရင် ဘာတွေဘယ်လိုပြောင်းပစ်မှာလဲ။

ချမ်းသာကြွယ်ဝဖို့နဲ့ နာမည်ကျော်ကြားဖို့ ဖန်တီးမလား။ ဒါမှမဟုတ် လုံ့လ ဝီရိယရှိသူအဖြစ်လား။ အလုပ်ကို အာရုံစိုက်ကြိုးစားသူလုပ်မလား။ ရိုးသားဖြောင့်မတ် မှုကို ယူမလား။

စိတ်ကူးယဉ်ဘဝတစ်ခုကို ပိုတမ်းတလေ‥‥ကျေနပ်ဝမ်းသာမှု ပိုနည်းလေ ပါပဲ။

ကိုယ်မျှော်မှန်းတဲ့ဘဝကို မရလေလေ‥‥စိတ်ညစ်ရတာပိုများလေလေပါပဲ။

ကောင်းတာကတော့ သာယာချမ်းမြေ့မှုနဲ့ လက်ရှိထက်ပိုပြီးပြည့်စုံတဲ့ ဘဝကို ဦးတည်ရှေ့ရှုတာဟာ လက်တွေ့မှုပိုကျပြီး ကောင်းမွန်ပြည့်စုံတဲ့ဘဝကို တကယ်တမ်း ရနိုင်မှာဖြစ်ပါတယ်။

## သာဓက

လီဆာဟာ ဆက်သွယ်ရေးလုပ်ငန်းတွေမှာ ဝန်ထမ်းလုပ်နေပေမယ့် သူ့ကိုယ်သူ တီဗီက ရုပ်ရှင်ကားဟောင်းဖြစ်တဲ့ Bewitched ထဲက "ဒါရင်း" လိုဖြစ်ရင်ကောင်းမှာပဲလို့ စိတ်ကူးတွေယဉ်နေမိခဲ့ပါတယ်။

လက်တွေ့ဘဝမှာတော့ စိတ်ကူးယဉ်ဘဝနဲ့ မိုးနဲ့မြေလို ကွာခြားတဲ့အခြေအနေနဲ့ နေ့တိုင်းလိုအလုပ်တွေ ကျုံးလုပ်နေရရှာပါတယ်။ သူ့အဖြစ်ကို ဘယ်သူမှ ရိပ်မိဟန်မတွေ့ပါဘူး။

လီဆာ့ခမျာ သူ့ကုမ္ပဏီက ဘဝတူဝန်ထမ်းတွေနဲ့အတူ နေ့စဉ်ရက်ဆက်ဆိုသလို အလုပ်ကျတာဝန်ထမ်းဆောင်နေရသူပါ။

သူ့အဖို့ သူ့ကလေးနဲ့အတူနေနိုင်အောင် အချိန်တွေပိုယူချင်ပေမယ့် တာဝန်ကျယောအရ ဘယ်လိုမှ မလုပ်သာဘူးဆိုပါတော့။

"ကျွန်မတို့အလုပ်က လက်ဆင့်ကမ်းပြေးပွဲတစ်ခုပါပဲ၊ ကိုယ့်တာဝန်ကိုယ်ကျေအောင် အလုအယက်လုပ်နေရပါတယ်၊ လုပ်ငန်းသဘောအရလည်း ပူးပေါင်းဆောင်ရွက်မှု၊ ညီညွတ်မှုနဲ့ အပြန်အလှန်လေးစားမှုတွေ ကြီးကြီးမားမားလိုအပ်နေတာပါ"

အလုပ်ရှင်သူဌေးက အလုပ်တာဝန်ခွဲဝေမှု စီမံကိန်းတစ်ရပ်ကို အတည်ပြုလိုက်လို့ ဝမ်းသာသွားပေမယ့် လီဆာက ခုလိုရင်ဖွင့်စကားဆိုခဲ့လေရဲ့။

"စိတ်ကူးယဉ်မှုတိုင်းမှာ အမှန်တရားတစ်ခုရှိပါတယ်၊ ရွေးချယ်မှုဆိုတာကလည်း အချိန်(ဒါမှမဟုတ်) ငွေနဲ့အတူ ယှဉ်ပြီးကျလာတာပါ။ ဒီတော့ ဘယ်ဟာကိုပိုဦးစားပေးရမလဲဆုံးဖြတ်ချက်ချရတော့မှာဖြစ်ပါတယ်"

သူ့လစာကို ဖြတ်ချလိုက်ရာက အိမ်မှာနည်းနည်းကြပ်တည်းမှုတွေ ကြုံရပါတယ်။ ပြီးတော့ အိမ်မှာအဆင်ပြေပြေ တိုးတက်မှုရအောင် လုပ်မယ်ဆိုရင်လည်း အချိန်ပြည့် အလုပ်ဆင်းရတာနဲ့ ပင်ပန်းဦးမှာပါပဲ။



ဒါပေမယ့် သူ့ဆုံးဖြတ်ချက်က ပြတ်သားပြီး လုပ်သင့်လုပ်ထိုက်တာကို လုပ်ရာရောက်ခဲ့ပါတယ်။

"ကျွန်မရဲ့ဘဝအမြင်တွေကို ကြံ့ခိုင်သန်စွမ်းမှုရှိသလို မိသားစုဘဝဟာလည်း နိုင်မာတောင့်တင်းမှုရှိနေပြီဆိုရင် ကျွန်မအတွက် တောင့်တစရာ ဘာတွေများ ထပ်လိုဦးတော့မှာလဲလို့ . . ."

## အကျိုးအကား

လေထဲမှာ တိုက်အိမ်ဆောက်သလို အဆမတန်ကြီးမြင့်တဲ့ဘဝကို မျှော်မှန်းကြသူတွေဟာ ကိုယ့်ကိုယ်ကိုယ် မလုံမလဲနဲ့ အရက်ရပြီး စိုးရိမ်သောကရောက်ကြရတာ တန်ရာတန်ရာပဲ မှန်းကြသူတွေထက် ၃၇-ရာခိုင်နှုန်းပိုပါတယ်။ ပြီးတော့ ကိုယ်နဲ့တန်ရာတန်ရာ မှန်းသူတွေက သူတို့ထက် ထူးကဲတဲ့အောင်မြင်မှုရဖို့ ၂၁-ရာခိုင်နှုန်းပိုသွားပြန်ပါတယ်။

**ဘိုင်ဘီ၊ လူသာ နှင့် ဖေ်ဂလာ (၁၉၉၇)**

## (၄၉)

## ခေါင်းဆောင်မှုက အရောင်ဟပ်တတ်၏ ။

စစ်မှန်တဲ့ခေါင်းဆောင်မှုဟာ နောက်လိုက်နောက်ပါတွေကို အားရှိစေပါတယ်။ နမူနာကောင်းပြသလို သင်ကြားပေးမှုလည်းဖြစ်ပြီး တခြားလူတွေကို စွမ်းအားတိုးမြှင့်ပေးရာလည်းရောက်ပါတယ်။

သင်က ခေါင်းဆောင်မှုနေရာကို ယူထားတယ်ဆိုရင် သင့်အရည်အချင်းပြည့်မပြည့် သင့်ပတ်လည်က လူတွေရဲ့ အောင်မြင်မှုတွေနဲ့ တိုင်းတာရမှာပဲဖြစ်ပါတယ်။



## သာဓက

"ဒီအလုပ်က တစ်ဦးကောင်းတစ်ယောက်ကောင်းလုပ်လို့ရတာမဟုတ်ဘူး။ အဖွဲ့လိုက် တက်ညီလက်ညီ ဝိုင်းလုပ်ရတာမျိုးပဲ"

ကာလီဖိုးနီးယားအလယ်ပိုင်းမှာ ရဲအရာရှိတစ်ရာရှိတဲ့ ခရိုင်ရဲဝန်ရာထူးကို ယူထားတဲ့ရဲမှူးကြီးဖရန့်ဘလိန်းက ပြောတာပါ။

"ဒီတာဝန်တွေကို ချောမောပြေပြစ်တဲ့သံစဉ်တွေထွက်အောင် သံစုံတီးဝိုင်းကြီးတစ်ခုကို ဦးဆောင်ကြီးကြပ်ရတဲ့ ဂီတမှူးတစ်ယောက်အဖြစ်နဲ့လည်း နှိုင်းကြည့်မိပါတယ်" ရဲတပ်ဖွဲ့ အကြီးအကဲတစ်ယောက်အနေနဲ့ဘလိန်းဟာ သူ့ဌာနက အရေးကိစ္စမှန်သမျှကို စီမံညွှန်ကြားရပါတယ်။

"ခင်ဗျားအနေနဲ့ လက်အောက်က အရာရှိတွေအပေါ်မှာ အလွန်အထူးကို တရားမျှတပြီး နမူနာကောင်းတွေပြဖို့လိုပါတယ်၊ ဒါမှလည်း ပြည်သူပြည်သားတွေနဲ့ ဆက်ဆံပေါင်းသင်းရာမှာ ဒီနမူနာကို အတုယူနိုင်ကြပါလိမ့်မယ်"

ပြီးတော့ ဘလိန်း တစ်ဆက်တည်းပြောတာက -

"အကြီးအကဲခေါင်းဆောင်တွေအနေနဲ့ အကြပ်အတည်းဒုက္ခတွေ့ရင်တောင်မှ အပြုံးမပျက် ဣန္ဒြေဆောင်ထားနိုင်ရမယ်၊ ထိပ်ပိုင်းက ဆိုးရင်ကျန်တဲ့အဖွဲ့အစည်းတစ်ခုလုံးဆိုးသွားမှာပဲ၊ ဒါပေမယ့် ထိပ်ပိုင်းက ပုဂ္ဂိုလ်တွေ နည်းမှန်လမ်းမှန်နဲ့ လုပ်ရပ်တွေ ကောင်းမွန်မှန်ကန်ရင်လည်း လူတိုင်းက သူဦးဆောင်မှုအတိုင်း နောက်ကလိုက်ကြမှာသေချာတယ်"

## အကိုးအကား

ခေါင်းဆောင်ကောင်းတစ်ယောက်၏ ကြံရည်ဖန်ရည်နဲ့ ဦးဆောင်မှုရှိမည်ဆို

လျှင် အဖွဲ့အစည်းတစ်ခုကို အမှန်တကယ် ဦးဆောင်နေသော ပုဂ္ဂိုလ် ၉၃-ရာခိုင်နှုန်းသည် သူ့ဩဇာလွှမ်းမိုးသော အဖွဲ့ဝင်သူများအပေါ် ကျိုးကျိုးနွံနွံဖြင့် အနစ်နာခံ၍ အစေအပါးတစ်ယောက်အဖြစ် သူ့ကိုယ်သူသဘောထားမှာ သေချာ၏။

ဘွိုင်ယာ (၁၉၉၉)

(၅၀)

## ထောက်ခံမှုလိုရင် ထိုက်တန်စွာရယူပါ •

ရုံးထဲက တစ်ယောက်ယောက် ရာထူးတက်သွားတဲ့အခါ လုပ်ဖော်ကိုင်ဖက်တွေက အားရဝမ်းသာ ထောက်ခံပြီး လှိုက်လှိုက်လှဲလှဲ ချီးကျူးဂုဏ်ပြုကြပါလိမ့်မယ်။ ဒါမှမဟုတ် ကွယ်ရာမှာ အမနာပပြောပြီး မေးငေါ့ရင်းက မကျေမနပ်နဲ့ ကန့်ကွက်ကြောင်း ပြကြမှာလား။

ခြားနားချက်ဟာ ဒီရာထူးတိုးမြှင့်မှုဟာ ထိုက်ထိုက်တန်တန်ရတယ်၊ မရဘူးဆိုတဲ့ အချက်က ထွက်ပေါ်လာတာဖြစ်ပါတယ်။

မိမိရဲ့တိုးတက်မှုအပေါ် ရောင်းရင်းရဲဘော်တွေရဲ့ ထောက်ခံမှုကို ရဖို့က ကိုယ်ဘယ်လောက်လုပ်သက်ရှည်စွာနဲ့ ကြိုးစားခဲ့တယ်ဆိုတာ သူတို့နားလည်သိမြင်ဖို့ အရင်ရှေ့နောက်ပါ ပြသရမှာဖြစ်ပါတယ်။

ကိုယ့်မှာ ထိုက်တန်တဲ့အရည်အချင်း ဘယ်လောက်ရှိပြီး ဘယ်လိုထူးခြားပြောင်းပြောက်မှုတွေ ရှိတယ်ဆိုတာလည်း သူတို့ကို အသိပေးဖို့လိုပါတယ်။

သူတို့က ကိုယ့်ကိုတိုးမြှင့်တဲ့ ရာထူးနဲ့တန်တယ်လို့ ထင်တာမထင်တာထက် သင့်ရဲ့ထူးထူးခြားခြား အစွမ်းပြမှုနဲ့ သူတို့ရဲ့ပိုမိုထောက်ခံမှုကို ရယူဖို့ အရေးကြီးပါတယ်။

### သာဓက

စတာလင်နဲ့ ရာနွှန်ရတ်ပီတို့ဟာ ဂျော်ဂျီယာပြည်နယ်က ဂလင်းဗီလီမြို့လေးမှာ အတူတူဘောလုံးကစားရင်း ကြီးပြင်းခဲ့ကြသူတွေဖြစ်ပါတယ်။

အစ်ကိုဖြစ်တဲ့ စတာလင်ကို ဘောလုံးလောကမှာ အရှိန်အဝါကြီးမားတဲ့ "တောင်ကာရိုလိုင်းနား တက္ကသိုလ်အသင်းက ရွေးချယ်ခေါ်ယူလိုက်ရာက အမျိုးသား ဘောလုံးအဖွဲ့ချုပ်လက်ရွေးစင် ဖြစ်ခဲ့ရပြန်ပါတယ်။

သူညီ ရှန်နွန်ကတော့ ဆာဗင်နားပြည်နယ် ကောလိပ်မှာ လိမ်ဖည်လိမ်ဖည် နဲ့ပဲ မထင်မရှား ဘောလုံးသမားလေးအဖြစ် ကစားနေရတာပေါ့။

နောက်အတော်လေးကြာပြီး ၁၉၉၀-ပြည့်နှစ်ကျမှ နည်းပြဆရာကြီး ဒင်ဗာ ဘာရွန်ကော့စ်က မျက်စိကျသွားပြီး အမျိုးသားဘောလုံးအဖွဲ့ချုပ်ရဲ့ လက်ရွေးစင် ၁၁-ယောက်စာရင်းမှာ နောက်တန်းသမားဖြစ်လာရပါတယ်။

စတာလင်ဟာ သူ့အသင်းက အကောင်းဆုံးလူတွေကြားမှာ ထူးထူးခြားခြား ခြေစွမ်းပြနိုင်ခဲ့သလို ဆူပါဘောင်းလ် ဆုဖလားလုပွဲကိုတက်နိုင်အောင် စွမ်းဆောင်ပေး ခဲ့ပေမယ့် လည်ပင်းမှာ ဒဏ်ရာရတာနဲ့ ဘောလုံးသမားဘဝက အနားယူခဲ့ရပါတယ်။

ညီငယ် ရှန်နွန်က အောင်မြင်မှုတွေရခဲ့ရာက အဆင့်မြင့်တန်းမှာ နာမည်ကြီး လာပြန်ပါတယ်။

ရှန်နွန်ဟာ သူ့ဆရာဒင်ဗာဘာရွန်ကော့စ်အလိုကျ ဆူပါကောင်းလ် ဖလားကြီး ကို ၂-နှစ်ဆက်တိုက် ဆွတ်ခူးပေးခဲ့ရုံမက ဘဲလ်တီမိုး ရေဗင်စ်အသင်းကနေပြီး ဆုဖလား ကြီးကို တတိယအကြိမ်ယူပေးလိုက်နိုင်ခဲ့ပါတယ်။

သူ့အစ်ကို စတာလင်ကို သူ့ညီရှန်နွန်ရဲ့ အောင်ပွဲတွေဆက်နေတဲ့အပေါ်မှာ မနာလိုဝန်တိုမဖြစ်မိဘူးလားလို့ မေးတဲ့အခါ သူက -

"ဒီဆုဖလားကို သူ့အရယူဖို့ တကယ့်ကိုလွယ်လွယ်လေးပါ။ ဒီပြိုင်ပွဲကြီးနဲ့ ဆုဖလားဟာ သူ့အတွက် ဘယ်လိုအဓိပ္ပာယ်ရှိတယ်ဆိုတာ ကျွန်တော်သိတယ်၊ အဲဒီ့နေရာ ကိုရောက်ဖို့ သူဘယ်လောက် ခက်ခက်ခဲခဲကြိုးစားခဲ့ရတယ်ဆိုတာလည်း ကျွန်တော်



နားလည်တယ်၊ ရည်မှန်းချက်အတူတူ၊ အိပ်မက်တွေမက်ရင်း စိတ်ရောကိုယ်ပါ ကျင့်ကြံ အားထုတ်မှုတွေနဲ့ လိုအပ်တဲ့စွမ်းရည်မှန်သမျှ ထုတ်သုံးခဲ့မှုက ရှန်နွန်ကို စင်ပေါ်တင် ပေးလိုက်တာပါပဲ၊ ဒီနေရာကိုရောက်ဖို့ ကိုယ်တိုင်ကြိုးစားခဲ့တဲ့ ဘောလုံးသမား တစ်ယောက်အနေနဲ့ ကျွန်တော့်မှာလည်း အတွေ့အကြုံတွေ ရှိထားတာပဲဥစ္စာ..."

## အကိုးအကား

လူဆယ်ယောက်မှာ ရှစ်ယောက်ဟာ သူတို့ရဲ့မိတ်ဆွေ သူတို့ကို ကျော်တက် သွားကြတာကို ထောက်ခံကြပါလိမ့်မယ်။ ရာထူးတိုးမြင့်မှုဟာ စွမ်းဆောင်ရည်နဲ့ အောင် မြင်မှုရလဒ်တွေအပေါ် အခြေခံပြီးဖြစ်လာရိုးမှန်ရင် မရှင်းနီးတဲ့လူတွေတောင် ကျေကျေ နပ်နပ် အားပေးထောက်ခံကြမှာပါ။

**ဖဲသား (၁၉၉၉)**

## (၅၁)

## လွယ်လွယ်နဲ့အရှုံးမပေးမိအောင် စိတ်ထိန်းခြင်း •

တချို့လူတွေဟာ အခက်အခဲနှင့် ရင်ဆိုင်လိုက်ရတာနဲ့ လက်လျှော့အရှုံးပေးလိုက်ကြတယ်။ တချို့လူတွေကတော့ ပျက်စီးမှုနဲ့ ဆုံးရှုံးမှုတွေ နစ်နာကြုံတွေ့ခဲ့တဲ့ကြားကပဲ သူတို့ရည်မှန်းချက်ပန်းတိုင်ကိုရောက်အောင် စိုက်လိုက်မတ်တပ် လှမ်းတက်ခဲ့ကြတယ်။

အဲဒီလူနှစ်မျိုးရဲ့ အဓိကကွာခြားချက်က ဘာလဲ။ ဒါဟာ စွမ်းရည်တစ်ရပ်မဟုတ်သလို သည်းခံစိတ်ရှည်ခြင်းတောင် မဟုတ်ပါဘူး။ စင်စစ်က စိတ်ထိန်းနိုင်မှုပါပဲ။

ရည်မှန်းချက်ထားရှိဖို့နဲ့ အကောင်အထည်ဖော်ဖို့ သိပ်အရေးမထားချင်သူတွေဟာ အကျိုးရလဒ်ကို မယုံကြည်လို့လည်း ဖြစ်ပါတယ်။ သူတို့အတွက် အောင်မြင်မှုဆိုတာ အပတ်တကုတ်ကြိုးစားယူရတဲ့အရာ (ဒါမှမဟုတ်) အောင်မြင်မှုရဖို့ ထိုက်သင့်တဲ့ အစွမ်းအစတွေ ထုတ်သုံးရတယ်ဆိုတာ ပဓာနမထားဘဲ အောင်မြင်မှုကို ကံစမ်းမဲပေါက်တာလို့ မှတ်ထင်ကြပါတယ်။ ကံတိုက်သက်သက်ပဲလို့ ယူဆကြတယ်ပေါ့။



ဒီအယူအဆအရ သူတို့ဟာ အလုပ်ကြိုးစားဖို့နဲ့ အိပ်မက်တစ်ခု၊ ပန်းတိုင်တစ်တိုင်ကို ရှေ့ရှုသွားဖို့ ဉာဏ်မသုံးတတ်ကြတော့ပါဘူး။

သူတို့နဲ့ ပြောင်းပြန်ဖြစ်ပြီး လုံ့လဝွဲသန်တဲ့လူတွေကတော့ ရည်မှန်းချက်ပန်းတိုင်ကို အရောက်သွားဖို့ တာဝန်ရှိတယ်လို့ ယုံကြည်ကြတာနဲ့အမျှ လိုအပ်တဲ့ပုံစံတွေ ချမှတ်ထားကြပါတယ်။

သင့်မှာ အထိန်းအကွပ်တွေရှိထားရင် ဘယ်အခြေပဲရောက်ရောက် လွယ်လွယ်နဲ့ လက်မြှောက်အရှုံးမပေးတတ်တော့ပါဘူး။

## သာဓက

ဒန်နဲလ် အဲလစ်စ်ဟာ အလွမ်းသမား၊ ဂစ်တာသမားတစ်ယောက်ဖြစ်ပြီး တစ်ချိန်တုန်းက "ဘီ၊ ဘီ၊ ကင်း"အဖွဲ့ကြီးနဲ့ လက်တွဲဖျော်ဖြေခဲ့သူပါ။

ဒီ့နောက် အရက်စွဲခဲ့ရာက ဘဝပျက်ပြီး ဒုက္ခအကြီးအကျယ်ရောက်ခဲ့ရပါတော့တယ်။

ဒီ့နောက် ခြေထောက်သွေးကြောတွေပိတ်တဲ့ ရောဂါရပြီး ဆေးကုရတဲ့အချိန်မှာတော့ ပိုက်ဆံမရှိတော့သလို မျှော်လင့်ချက်လည်း ကုန်သွားပါပြီ။

သူဆေးရုံတက်နေတုန်း သူငှါးထားတဲ့အခန်းကို ပြန်သိမ်းသွားရာက တီးနေကျ ဂစ်တာလေးအပါအဝင် သူပိုင်ဆိုင်သမျှ ပစ္စည်းအားလုံးကို အိမ်ရှင်က ရောင်းစားပစ်လိုက်ပါပြီ။

ဒန်နဲလ် အဲလစ်စ်ဟာ အိုးမဲ့အိမ်မဲ့၊ အပေါင်းအသင်းမဲ့၊ အလုပ်လက်မဲ့ဘဝနဲ့ စိတ်ဓာတ်တွေ အရမ်းကျသွားရပါတယ်။

လူမှုဝန်ထမ်းအဖွဲ့ဝင်တွေက လမ်းပေါ်ရောက်ပြီး ဒုက္ခတွေ့နေတဲ့ ဒန်နဲလ်ကို

စိတ်ဓာတ်မြှင့်တင်ပေးပြီး တတ်နိုင်သမျှ ကူညီကြပါတယ်။

သူ့ဘဝက "လွန်သွား"လို တွင်းနက်အောက်ကို ရစ်ခွေဆင်းသွားရာက အနာဂတ်ကို စိတ်မဝင်စားနိုင်အောင် ဖြစ်နေမိပါတယ်။

ဒီတွင် လူမှုကယ်ဆယ်ရေးသမားတွေက ဒန်နဲလ်အဖို့ ဂစ်တာတစ်လက်ပြန်ရဖို့ အသက်လောက်အရေးကြီးကြောင်း နားလည်လိုက်ကြတာပါပဲ။

"ကျွန်တော်ဟာ ဒီဂစ်တာလေးပြန်မရခင်က အားလုံးကို လက်မြှောက်အရှုံးပေးထားပြီး ဆန္ဒမှန်သမျှ ပျောက်ဆုံးနေခဲ့ပါတယ်၊ လူတွေဟာ တူရိယာတစ်ခုကို တီးခတ်လိုက်မှ စိတ်ငြိမ်မှုရကြတယ်လို့ အောင်းမေ့ပါတယ်၊ လောကကြီးဟာ ဂီတာကြိုးတစ်ချောင်းပေါ်မှာ ရပ်တည်နေသလို ဂီတက ကိုယ်ဖြစ်ချင်တဲ့ဘဝလမ်းကို ဖြောင့်တန်းအောင် လုပ်နိုင်စွမ်းရှိပါတယ်။

ဂစ်တာလက်ကိုင်ရှိတာနဲ့ ဒန်နဲလ်မှာ ရည်မှန်းချက်နဲ့ အာသီသပြင်းပျမှုတွေလည်း ပေါ်လာပါတယ်။ သူ့လက်ထဲက ဂစ်တာနဲ့အတူ သောကဒုက္ခမှန်သမျှကို သည်းခံနိုင်စွမ်းရှိလာပြီး မျှော်လင့်ချက်တွေလည်း ရောင်ခြည်သမ်းလာပါပြီ။

"လိုဏ်ခေါင်းတစ်ခုရဲ့အဆုံးမှာ အလင်းရောင်ရှိစမြဲပါပဲ၊ ခုဆို ကျွန်တော်ဟာ အလင်းရောင်တွေ့တဲ့ လူတစ်ယောက်ဖြစ်ခဲ့ပါပြီ၊ နောက်ပြီး ဘာဆိုတာခင်ဗျားသိသလား။ အဲ . . . ကျွန်တော်က အဲဒီ့ကို အလောတကြီးလျှောက်မှာမဟုတ်ဘူး။ မှန်မှန်လေးပဲ လျှောက်သွားမယ်၊ ဒီလိုနဲ့ လမ်းတစ်ဝက်ရောက်နေပြီလေ"

## အကို၊အကာ၊

သတေသနပြုချက်အရ စွမ်းရည်တူကျောင်းသားချင်း ယှဉ်လိုက်ရင် တာဝန်သိစိတ်နဲ့ စည်းကမ်းတကျ ကြိုးစားသူတွေနဲ့ ပြီးစလွယ်လုပ်တတ်သူတွေမှာ အသိ



ဉာဏ်နဲ့ ထိန်းကွပ်နိုင်စွမ်းမတူကြတာတွေ့ရပါသတဲ့။ ထိန်းကွပ်နိုင်စွမ်းရှိသူတွေဟာ လွယ်လွယ်နဲ့ အလျှော့မပေးတတ်ပဲ အောင်မြင်မှုမြင့်မားစွာနဲ့ အမှတ်ကောင်းကောင်း ရကြတာပါပဲ။

မင်ဒိုဇာ (၁၉၉၉)

## (၅၂)

## ဘဝဆိုတာ ချိန်ခွင်လျှာလို ညှိလို့မရ •

အကြွေးမတင်အောင် ငွေအသုံးအစွဲဆင်ခြင်တာ၊ စနစ်တကျ ငွေကိုသုံးတာဟာ ချိန်ခွင်လျှာညှိတဲ့သဘောပါပဲ။

အိမ်အတွက် ငွေပိုသုံးမယ်ဆိုရင် ကားအတွက် အသုံးစရိတ်လျှော့ချရပါလိမ့်မယ်။ ငွေသုံးစွဲရာမှာ တစ်ဖက်က အပိုဆောင်းလာတဲ့ ငွေပမာဏများလာသလောက် တစ်ဖက်က လျှော့သုံးပေးမှ ဟန်ချက်ညီနိုင်ပါတယ်။

တချို့လူတွေက သူတို့ဘဝကို ဒီပုံဒီနည်းအတိုင်း နေရာတော်တော်များများမှာ ကျင့်သုံးဖို့ကြိုးကြပါတယ်။ အလုပ်တစ်ခုကို ဦးစားပေးချင်ရင် မိသားစုပိုင်အချိန်ကို စွန့်လွှတ်ရမယ်။ မိသားစုဘဝကို မက်မောရင် အလုပ်ချိန်ကို လျှော့ပစ်ရမယ်ဆိုတာမျိုးပေါ့။



သို့ပေမယ့် ဒီညီမျှခြင်းက မပြည့်စုံသလို လမ်းလွဲနေပါတယ်။ အချိန်ဆိုတာက ရသုံးငွေစာရင်းက ဒေါ်လာတွေကို ရေတွက်ပြသလို မိနစ်တွေကို ရေတွက်ပြရုံ သက်သက်မဟုတ်ပါဘူး။

သင့်အချိန်ဟာ ဆောင်ရွက်မှု၊ အကြောင်းကိစ္စနဲ့ လိုလားချက်ပြည့်ဝပြီး မြောက်မှုတွေရဲ့ အတိုင်းအတာသာဖြစ်ပြီး အရေအတွက်သက်သက်မျှ မဟုတ်ပါဘူး။

အချိန်တွေကို ကောင်းကောင်းအသုံးချတတ်ရင် ပိုပြီးအလုပ်လုပ်နိုင်တယ်။ အလဟဿ အချိန်ဖြုန်းပစ်မယ့် အလေနတောက်စွတွေကို ပ,ထုတ်ပြီး အချိန်ကိုတန်ဖိုးထား အလုပ်လုပ်မယ်ဆိုရင် ဘဝရဲ့ညီမျှခြင်းအနေနဲ့ ချိန်ခွင်နှစ်ဖက်စလုံးမှာ အလေးချိန်အပြည့်ထိုးနိုင်ပါလိမ့်မယ်။ တစ်နည်းပြောရင် နှစ်ဖက်စလုံး အလေးသာမှုနဲ့ ဘဝကို ညီမျှခြင်းချရမှာပဲဖြစ်ပါတယ်။

### သာဓက

"အဖေက ကျွန်တော့်ကို ရေနေတွေကို လှောင်ထားတဲ့ ဟာသပြက်လုံးတွေပါတဲ့ စာတစ်အုပ်ပေးခဲ့ပါတယ်၊ ဒီဟာသတွေအားလုံး ကျွန်တော်ကြားဖူးပြီးသားတွေပါ၊ စာအုပ်ထဲပါတဲ့အတိုင်း ရှေ့နေဆိုတာ လျှာရှည်ပြီး ပေါက်ပေါက်ဖောက်သလို စကားများတာတော့ အမှန်ပါပဲ၊ ဒါပေမယ့်··· ကျွန်တော်တို့ဟာ မလွှဲမရှောင်သာနဲ့ မပြောမဖြစ်လို့ပြောနေရတဲ့ ဘဝပါ"

အဲသလို ဆိုလာသူကတော့ မစ်ချီဂန်က တရားရုံးရှေ့နေ ဒေါက်ဂလပ်စ် သီအိုဗိုရော့ဖ်ပဲ။

ဒေါက်ဂလပ်စ်ဟာ အမှုလိုက်ရာမှာ နာမည်ကြီးသလောက် စိတ်ကောင်းရှိသူပါပဲ။

သူက လေ့ကျင့်ချိန်တွေထဲက အချိန်တွေနှုတ်ပြီး ရေနေမငိုးနိုင်တဲ့ အမှုသည်တွေကို အခမဲ့ရှေ့နေလိုက်ပေးလေ့ရှိပါတယ်။

"ကျွန်တော့်ကိုယ်ကျွန်တော် "တရားဝင်လူမှုဝန်ထမ်းသမား"တစ်ယောက်လို့ ခေါ်ရမတတ်ပါပဲ၊ ကျွန်တော်က လူတွေရဲ့ပြဿနာပေါင်းစုံကို ဖြေရှင်းပေးရတာ ပျော်ပါတယ်၊ ကျွန်တော်ပေးနိုင်သလောက် ဝေစုခွဲပေးတာလည်း ဖြစ်ပါတယ်၊ ကံမကောင်းအကြောင်းမလှတဲ့လူတွေကို ကူညီခွင့်ရရင် ကူညီချင်လို့ပါ"

တကယ့်တကယ်ကျတော့ သူ့မှာ အလုပ်တွေပုံနေပြီး အချိန်ပိုရယ်လို့ မရှိလှပါဘူး။ ဒီကြားထဲကပဲ သူ့ကိုယ်သူ အမိန့်ပေးပြဌာန်းချက်ထုတ်ပြီး ဒီလိုအကျိုးဆောင်ခဲ့တာပါလို့ ဒေါက်ဂလပ်စ်က ပြောပါတယ်။ ဆက်လက်ပြီး -

"ခင်ဗျားအသက်ကြီးလာတာနဲ့အမျှ လုပ်သက်ပိုရင့်လာပြီး ဦးစားပေးမှုကို အလွယ်တကူလုပ်နိုင်မှာပါ၊ ဒီအခါ အခကြေးငွေပေးတဲ့ အမှုသည်တိုင်းရဲ့ တာဝန်ကို ထမ်းဆောင်ရတဲ့အတွက်လည်း သိပ်ဝန်လေးရတော့မှာ မဟုတ်ပါဘူး"

လို့ သူက ရှင်းပြပါတယ်။

ဒေါက်ဂလပ်စ်အနေနဲ့ တရားခွင်ပြင်ပမှာလည်း သူ့အမှုသည်တွေကို အချိန်ပေးပြီး တိုင်ပင်ဆွေးနွေးအကြံပေးတတ်ပါသေးရဲ့။

"တရားရုံးသွားတယ်ဆိုတာ ငွေအကုန်အကျ အများဆုံးကိစ္စဖြစ်ပြီး အချိန်ကုန်လူပန်းလည်း ဖြစ်ရလေတော့ မတတ်သာတဲ့အဆုံးမှ ရောက်သင့်တာမဟုတ်လား"

## အကိုးအကား

အလုပ်လုပ်တဲ့အချိန် အလုပ်အကြောင်း စဉ်းစားရတဲ့အချိန်နာရီတွေရော မိသားစုနဲ့အတူနေတဲ့ အချိန်နာရီတွေပါ အောင်မြင်မှု (သို့မဟုတ်)ဘဝပီတိကိုပေးနိုင်



ငွမ်ရှုံတယ်လို့ မဆိုနိုင်ပါ။ အဲဒီ့အချိန်နာရီတွေကို အရေအတွက်နဲ့မှတ်မယ့်အစား အရည်အချင်းအနေနဲ့ တန်ဖိုးထားတဲ့သဘောအရ သူတို့က ဘယ်လောက်စွမ်းအားပေးတယ် (ဝါ) ဘယ်လောက်အပန်းပြေစေတယ်ဆိုတာတွေကို စဉ်းစားမယ်ဆိုရင် မိသားစုဘဝပျော်ရွှင်ချမ်းမြေ့မှုနဲ့ အသက်မွေးဝမ်းကြောင်းဖြောင့်ဖြူးဖို့ကို ပိုပြီးအာမခံချက်ပေးနိုင်တာ တွေ့ရလိမ့်မယ်။

ဘရောင်း (၁၉၉၉)

## (၅၃)

## "အေ"အဆင့် ထပ်ရဖို့မလိုပါ ။

ကျွန်တော်တို့အားလုံး ပထမဆုံးတန်ဖိုးဖြတ်ခံရတာကို မှတ်မိကြမှာပါ။ ပညာရည်တိုးတက်မှုအစီရင်ခံစာ ရီပို့ကဒ်တွေလေ။ ရီပိုကဒ်ရတာနဲ့ အိမ်ယူသွား မိဘတွေကိုပြ၊ သူတို့ရဲ့ အတည်ပြုချက်ယူ ဒီလိုမဟုတ်လား။ ဒီလိုနဲ့ကြိုးစားမှုရလဒ်ရဲ့ သိသာထူးခြားမှုကို ကလေးသာသာအရွယ် ခပ်ငယ်ငယ်ကတည်းက သင်ကြားခဲ့ရတယ်ပေါ့။ " အဆင့်Aရတိုင်း" ဆုငွေတစ်ဒေါ်လာ ရတာမရတာ အသာထား အပြုံးလေးတစ်ပွင့်၊ စကားလေးတစ်ခွန်းနဲ့ မြှောက်စားခြင်းခံရပြီး နှိမ့်ချကဲ့ရဲ့မခံရရင်ပဲ ရီပို့ကဒ်ရဲ့အရေးပါမှုကို တွေ့ခဲ့ရသလို လုပ်သမျှအလုပ်မှာ အမှတ်ကောင်းရဖို့လိုတယ်လို့ သဘောပေါက်ခဲ့ကြပါတယ်။

ဒီသင်ခန်းစာကို ပုံသေထားပြီး အောင်မြင်မှုကို သတ်မှတ်အတည်ပြုပေးတဲ့ "စ"တွေထားရမယ်လို့ အမှတ်တမဲ့ ဖွဲလမ်းခဲ့ကြပါရော . . .။



ဒါနဲ့အမျှ ကျွန်တော်တို့ရဲ့ အောင်မြင်မှုကို ရှာကြံကြိုးစားရာမှ မိဘတွေ အိမ်ထောင်ဖက် ဇနီးခင်ပွန်းတွေ၊ လုပ်ဖော်လုပ်ဖက် အပေါင်းအသင်းတွေ အဝိုင်ပင်ခံ ပုဂ္ဂိုလ်တွေဆီက အတည်ပြုချက်ရဖို့ပါ လိုလားခဲ့ကြတယ်။

သို့ပေမယ့် မိဘတွေ ကျေနပ်ဝမ်းသာလောက်အောင် အဆင့်ကောင်းအမှတ်ကောင်းတွေရရုံနှင့် စာဖတ်တဲ့အကျင့်ကို ချစ်မြတ်နိုးစေတာမဟုတ်သလိုပဲ။ တခြားလူတစ်ယောက်ဆီက အသိမှတ်ပြုချက်ရတာဟာလည်း သင့်တိုးတက်အောင်မြင်မှုကို ပျော်ပျော်ရွှင်ရွှင်ရအောင် လုပ်ပေးနိုင်မှာမဟုတ်ပါဘူး။

အဓိပ္ပာယ်က အောင်မြင်ဖို့ဆိုတာ ရလဒ်အဖြေပေါ်မှာရှိတာမဟုတ်ပဲ ဖြစ်စဉ်အပေါ်မှာသာ မူတည်နေလို့ပါပဲ။

တစ်နည်းပြောရင် အောင်မြင်ဖို့ကိုယ့်အားကိုယ်ကိုး ကြိုးစားရမှာသာဖြစ်ပြီး တခြားလူတွေရဲ့ အတည်ပြုချက်တွေရဖို့ မလိုပါဘူးလို့ . . .။

### သာဓက

အန်းအော်တစ်ခ်ဟာ အန်းကျောက်မျက်ရတနာဆိုင်ကို အမျှော်အမြင်ရှိရှိ ဒေါ်လာတစ်ထောင့်ငါးရာနဲ့ စရင်းပြီး စိတ်ရှည်မှုအပြည့်နဲ့ ဖွင့်ခဲ့တာပါ။

သူ့အမြင်ကတော့ တိုပီကာဝန်းကျင်မှာ မရှိသေးတဲ့ကျောက်မျက်ရတနာ ပန်းပုလက်ရာတွေနဲ့ အထည်တွေရောင်းချတဲ့စတိုးဆိုင်လေးဖွင့်ရင် စွံမှာပဲလို့ တွက်ခဲ့တာပဲဖြစ်ပါတယ်။

လုပ်ငန်းအဆင်ပြေဖို့ အချိန်ယူကြိုးစားရမယ်ဆိုတာလည်. အန်းနားလည်ပြီးသား . . .။

"ကျွန်မတို့အနေနဲ့ ဒီဆိုင်လေးကို တဖြည်းဖြည်းချင်း တိုးတက်အောင်ပဲ

လုပ်ခဲ့ကြပါတယ်၊ ဒါကလည်း မြန်းကနဲ့ တရိန်ထိုးအောင်မြင်သွားတာဟာ ကျွန်မတို့ရဲ့ ရည်ရွယ်ချက်အထမြောက်နိုင်မယ်လို့ မထင်လို့ပါပဲ"

အန်းရဲ့စတိုးဆိုင်ဟာ သင်မျှော်မှန်းထားတာထက် ပိုအခြေအနေကောင်းခဲ့ပါတယ်။ ဒါကြောင့်လည်း အချိန်တန်လို့ရှိရင် နောက်တစ်နေရာမှာ ထပ်ဖွင့်ဖို့စဉ်းစားနေပါတယ်။

ခုလိုစတိုးဆိုင်တစ်ဆိုင်ဖွင့်လိုက်တာဟာ သူ့အတွက်ပညာတွေအများကြီးရလိုက်တယ်လို့ အန်းကပြောပါတယ်။

"အဲဒီပညာကတော့ အလုပ်တစ်ခုခုကို တကယ်တမ်း နှစ်သက်ပြီးပျော်နေတယ်ဆိုရင် လုပ်နေရင်းမှာပဲ သိသိသာသာ အဖြေထွက်လာပါတယ်၊ ခုလည်း လူတစ်ယောက်အနေနဲ့ အောင်မြင်အောင် ဘာလုပ်ရမလဲသိလာတယ်၊ ရှင့်အနေနဲ့ ကမ္ဘာပေါ်မှာ အကြီးဆုံးနဲ့ အကောင်းဆုံးလုပ်ငန်းဖြစ်အောင် လုပ်စရာမလိုပါဘူး။ ရှင့်ရဲ့စိတ်ကူးအတိုင်း ပြီးပြည့်စုံအောင် ရုပ်လုံးဖော်ဖို့သာ လိုတာပါ"

## အကိုးအကား

လူဆယ်ယောက်မှာ ကိုးယောက်ဟာ ကလေးဘဝတုန်းက မိဘမေတ္တာကို ထိုက်ထိုက်တန်တန်ရရှိဖို့ အရည်အချင်းတွေပြဖို့ လိုအပ်တယ်လို့ ထင်ခဲ့ကြပါတယ်။ သူတို့ကြီးလာလို့ လုပ်ငန်းခွင်ဝင်ကြပြန်တော့လည်း စိတ်ပျက်စရာ၊ သောကရောက်စရာ အဖြေတွေထွက်လာနိုင်မှန်းသိပါလျက်နဲ့ သူတို့ရဲ့အချစ်ဆုံးလူတွေဆီက အဘည်ပြုချက်၊ အသိအမှတ်ပြုမှုတွေ ရယူအသုံးချဖို့ ဆက်ဆံတတ်ကြလေရဲ့ ··။

ဂျွန်းစ် နှင့် ဘဂ်လက်စ် (၁၉၉၉)

(၁၄)

## အောင်မြင်မှုကို အရသာခံတတ်အောင် ကြိုးစားပါ •

အရသာခံတာဟာ လူ့ရဲ့သဘာဝ ဗီဇဥာဉ်တစ်ခုပါပဲ။

ဒီကိစ္စကို ကျွန်တော်တို့ အထူးတလည်ဖန်တီးနေစရာ မလိုပါဘူး။ သူ့အလိုလို တတ်သိပြီးသားဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံးအသက်ရှင်နေထိုင်ရေးအတွက် အရသာခံတတ်တဲ့ အဆင့်အမျိုးမျိုးနဲ့ မွေးဖွားလာခဲ့ကြတာပါ။ အောင်မြင်မှုအတွက် မိမိကိုယ်မိမိ လှုံ့ဆော်အားပေးကြတာဟာလည်း လူ့သဘာဝဗီဇဥာဉ်တစ်ခုပါပဲ။ ဒီကိစ္စကို ကျွန်တော်တို့ အထူးတလည်ဖန်တီးနေစရာမလိုပါဘူး။ သူ့အလိုလိုတတ်သိပြီးသားဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံး အသက်ရှင်နေထိုင်နိုင်ရေးအတွက် လှုံ့ဆော်နိုင်စွမ်းအဆင့်အမျိုးမျိုးနဲ့ မွေးဖွားလာခဲ့ကြတာပါ။

အရသာခံမှုနဲ့ လှုံ့ဆော်တတ်မှုဟာ မွေးရာပါဗီဇဖြစ်သလို ကျွန်တော်တို့ရဲ့ အသိဉာဏ်မှာ စောစီးစွာဖြစ်ထွန်းခဲ့ပါတယ်။ ဒါပေမယ့် အဲဒီစကားအဓိပ္ပာယ်က သူတို့ကို ပြောင်းလဲပစ်နိုင်စွမ်း ကျွန်တော်တို့မှာ မရှိဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။

ကျွန်တော်တို့ဟာ ဘယ်လိုအရသာခံရမယ်ဆိုတာ ကောင်းကောင်းကြီးနားလည်ခဲ့ကြပါတယ်။ အစားမစားခင် ဖန်ခွက်ကြီးကြီးနဲ့ ရေအပြည့်နှစ်ခွက်သောက်လိုက်ရင် ခံတွင်းပျက်ပြီး အစားလျော့သွားမယ်ဆိုတာ သိသလိုပါပဲ။

ဒီလမ်းစဉ်အတိုင်းပါပဲ။ ကျွန်တော်တို့ဟာ အောင်မြင်မှုအတွက် အရသာခံမှုကို ချိုးနှိမ်နိုင်သလို ထက်သန်အောင် တိုးမြှင့်နိုင်ပါတယ်။ တကယ်လို့ စိုးရိမ်ကြောင့်ကြမှုတွေနဲ့ အချိန်ကုန်ပြီး အဆင်ပြေတဲ့ဘဝရောက်တဲ့အထိ စိတ်ရှည်လက်ရှည်စောင့်စားနေမယ်ဆိုရင် အောင်မြင်မှုရဖို့ လှုံ့ဆော်အားဟာ ကျသွားမှာသေချာပါတယ်။ နောက်တစ်ဖက်ကလည်း ဂရုတစိုက်နဲ့ အစွမ်းသတ္တိတွေမွေးမယ်ဆိုရင်တော့ သင့်မှာ လှုံ့ဆော်အားမှာမြင့်မားလာပါလိမ့်မယ်။

သင့်ရဲ့ပင်ကိုယ်စိတ်နဲ့ ထိုးထွင်းဉာဏ်ထဲကို ကိုယ်သွားချင်တဲ့လမ်းကြောင်းအတိုင်း ဦးဆောင်ခေါ်သွားဖို့ အသိပျိုးလိုက်ခြင်းအားဖြင့် အောင်မြင်မှုကို အလွယ်တကူရစေမယ့် လှုံ့ဆော်အားတွေ ဖွံ့ဖြိုးအောင် အားသွင်းပေးလိုက်ရာ ရောက်ပါတယ်။

## သာဓက

ကျွန်တော်ဟာ ဆရာ၊ ဆရာမတွေကို တကယ့်ကို စိတ်ညစ်စေခဲ့တဲ့ ကျောင်းသားမျိုးပါပဲ။ ဖြစ်ပုံက သူတို့က ကျွန်တော့်ကို ပညာတော်တဲ့ကျောင်းသားကောင်းတစ်ယောက်ဖြစ်မယ်လို့ ယုံကြည်တဲ့ကြားက ကျွန်တော်က စာမကြိုးစားလို့ပေါ့၊ အထက်တန်းကျောင်းတက်ခဲ့တဲ့တစ်လျှောက်လုံး ကျွန်တော်က ဒုတိယတန်းစားထဲမှာသာ ညပ်နေ



ခဲ့ပါတယ်။ ဓါတုဗေဒ၊ အက္ခရာသင်္ချာ၊ သမိုင်း၊ အင်္ဂလိပ်နဲ့ ကျန်တဲ့ဘာသာတွေအားလုံးမှာ "အေ"စာရင်းက ပါတယ်လို့ကို မရှိပါဘူး။

ဒီစကားတွေကို ဟားဘတ်ဘရင်နန်က ပြောခဲ့တာပါ။

ဟားဘတ်က သူဟာ သူတို့ပြည်နယ်က ကောလိပ်ကို ရှီးရှီးအောင်ရုံလေးနဲ့ ရောက်သွားပါတယ်။

"ကောလိပ်ရောက်တော့လည်း စာမေးပွဲတွေဖြေခဲ့တဲ့တစ်လျှောက်လုံး ဂလေရိက်ခဲ့တာကလား . . .၊ ဒီတော့ သတ်မှတ်တဲ့ အဆင့်ကိုမရောက်ခဲ့ပြန်ဘူးပေါ့"

ဒါပေမယ့် ကောလိပ်ပထမနှစ်မှာပဲ သူ့ကိုယ်သူ အချိန်မီပြုပြင်လိုက်နိုင်ပါတယ်။

"ကျွန်တော်ဟာ အဲဒီတုန်းက အောက်ကျနောက်ကျနဲ့ မျက်နှာငယ်ခဲ့ရတာတွေ မှတ်မိပါသေးတယ်၊ ဒီတော့မှ အလန့်တကြားဖြစ်ပြီး စာတွေကျူးဖတ်တော့တာကိုး။ သမိုင်းအတန်းထဲမှာ ဘယ်သူရှိရှိ၊ မရှိရှိ ကျွန်တော်ကရှိနေပြီး စာတစ်အုပ်အုပ်ကို အသည်းအသန်ဖတ်နေရာက အလေ့အကျင့်ရခဲ့သလို စာထဲမှာပျော်လာတယ်၊ ဒီလိုနဲ့ အချိန်ရသမျှ စာဖတ်ဖို့ကြံနေသလို ကျွန်တော့်ကိုယ်ကျွန်တော် စာထဲမှာ မြှုပ်နှံထားလိုက်တယ်။

ဟားဘတ်က သမိုင်းဂုဏ်ထူးနဲ့ ကောလိပ်ကျောင်းအောင်ခဲ့ရာက ဘွဲ့ရတက္ကသိုလ်ကို ဆက်တက်ခဲ့ပါတယ်။ နောက်ဆုံးမှာ ဘွဲ့လွန်တက်ပြီး ပါမောက္ခတောင်ဖြစ်ခဲ့ရတော့တာကလား . . ။

"ကျွန်တော်ကြိုက်တဲ့ဘာသာကို ရှာတွေ့တာနဲ့ အချိုးပြောင်းသွားခဲ့တာပါပဲ၊ အဲဒီမှာ အရသာခံမိကတည်းက မရပ်မနားကြိုးစားမိတော့တယ်ဆိုပါတော့"

## အကိုးအကား

လှုံ့ဆော်မှုကို နစ်ရည်လမျှား လေ့လာချက်များက လူတွေအနေဖြင့် သူတို့၏ အသက်မွေးလုပ်ငန်းအတွင်း လှုံ့ဆော်နိုင်စွမ်းကို ၅၈-ရာခိုင်နှုန်း အတိုးအဆုတ်လုပ်နိုင်ကြောင်း ပြဆိုခဲ့သည်။

**အယ်လ်ဒါမင် (၁၉၉၉)**

## (၅၅)

### လူတိုင်းနှင့်သင့် မတူတာကို သတိမူပါ •

ညနေသတင်းတွေကို ဖွင့်ကြည့်လိုက်တာနဲ့ လွန်ခဲ့တဲ့နေ့က ထိတ်လန့်ခြောက်ခြားစရာနဲ့ စိတ်ထိခိုက်စရာတွေ တစ်သီကြီးတွေ့ရပါလိမ့်မယ်။ စီးပွားရေးကဏ္ဍကို ဖတ်လိုက်ဦး။ ဘယ်ကုမ္ပဏီဖြင့် အခြေအနေဆိုးလို့ ပျက်ကိန်းဆိုက်နေပြီဆိုတာ မြင်ရမှာပဲ။ အာရုံကျရာ အဖြစ်အပျက်တွေပေါ်မူတည်ပြီး အတွေးအမြင်တွေကို ကြိုက်သလိုပုံဖော်လိုက်ကြပါတယ်။

ဒါပေမယ့် ဒီသတင်းတွေဟာ ထူးထူးခြားခြား နေ့ကောင်းရက်သာကြဲ့ပြီး ပျော်ရွှင်နေတဲ့ သူ့မိသားစုရှိရာ အိမ်ကိုပြန်လာဂူတစ်ယောက်ကိုတော့ ဖြေဘာလွှမ်းမိုးနိုင်မှာမဟုတ်ပါဘူး။ ဒီသတင်းတွေဟာ ကျန်းမာရေးကောင်းတဲ့ မိသားစုရဲ့ဆက်လက်ဖြစ်တည်မှုကိုလည်း အနှောင့်အယှက်မပေးနိုင်ပါဘူး။

သင့်အမြင်တွေကို ကမ္ဘာကြီးရဲ့ အနိဋ္ဌာရုံရုပ်ပုံတွေနဲ့ တိမ်သလ္လာဖုံးခွင့်မပြုလိုက်ပါနဲ့။

## သာဓက

အန်ထော်နီဂွျန်ဆင်ဟာ နယူးဂျာစီ စက်မှုတက္ကသိုလ်က ရူပဗေဒပါမောက္ခတစ်ဦးဖြစ်ပြီး နာနိုစက္ကန့်ခေါ် တစ်သန်းပုံတစ်ပုံစက္ကန့်ထက် အကြိမ်တစ်သန်းပိုမြန်တဲ့ Femto Seconds ဖမ်တိုစက္ကန့်နဲ့ သွားနိုင်တဲ့ လေဆာရောင်ခြည်တွေနဲ့ အလုပ်လုပ်နေပါတယ်။

အန်ထော်နီဟာ ဘတ်စကားဒရိုင်ဘာတစ်ယောက်ရဲ့သားဖြစ်သလို တစ်ခွေလုံးတစ်မျိုးလုံးက ယောက်ျားမှန်သမျှ ကား(သို့မဟုတ်)ရထားမောင်းပြီး ဝမ်းစာရှာကြတဲ့ မိသားစုက ဆင်းသက်လာသူပဲဆိုပါစို့။

သူ့မိသားစုဝင်တိုင်းလိုလို အကြွေးတွေခေါင်ခိုက်နေတဲ့ ဘဝမှာ ယက်ကန်ယက်ကန် ရုန်းထွက်ကြီးပြင်းလာကြရတာပါ။

ဒါပေမယ့် အန်ထော်နီကတော့ အထက်တန်းကျောင်းမှာကတည်းက သူ့လမ်းသူရှာခဲ့ပြီး ကောလိပ်တက်၊ တက္ကသိုလ်ဘွဲ့တွေရတဲ့အထိ ကိုယ့်လမ်းကိုယ်ထွင်ခဲ့ပါတယ်။ ဒီလိုနဲ့ ခုတော့ နောက်မျိုးဆက် ရူပဗေဒပညာရှင်တွေကို အသစ်ရှာဖွေမွေးထုတ်ဖို့ ကြိုးစားနေရပါပြီ။

"သိပ္ပံပညာကို စာရင်းမသွင်းတဲ့လူငယ်တွေ အလွန်အထူး များပြားလာတာဟာ ကျွန်တော်တို့အတွက် တကယ့်ကို မလွယ်တဲ့ပြဿနာကြီးပါပဲ၊ ကျွန်တော်တို့ဟာ ကျောင်းသားတွေကို နမူနာကောင်းတစ်ခု မပြနိုင်ရင် သူတို့ဘဝမှာ သိပ္ပံပညာနဲ့ အသက်မွေးဖို့သာမက တခြားတစ်ခုနဲ့ အသက်မွေးဖို့တောင် စိတ်ကူးကြတော့မှာ မဟုတ်ပါဘူး။



သူတို့ရဲ့ ဒူးထောက်အရှုံးပေးမှုများလွန်းတာဟာ သူတို့ပတ်ဝန်းကျင်မှာ အရှုံးပေးရေးသမားတွေ စုပြုံဝိုင်းဝိုင်းလည်နေလို့ပဲ။

အန်ထော်နီက "ကျွန်တော့်ရင်ထဲဝင်စားပြီး ကျွန်တော်ဘာလုပ်သင့်တယ်ဆိုတာ မြင်အောင်ကူညီခဲ့တဲ့ ပုဂ္ဂိုလ်ကျော်ကြီးတွေသာ မရှိရင် ကျွန်တော်ကိုယ်တိုင် ခုလို ရူပဗေဒပါမောက္ခနေရာ ရောက်လာမှာမဟုတ်ပါဘူး" လို့ ဖွင့်ဟရှင်းပြပါတယ်။

ပြီးတော့လည်း -

"ကျွန်တော်ဟာ ငုပ်တုပ်ထိုင်နေရုံနဲ့ နောက်မျိုးဆက်တွေကို ဆွဲခေါ်နိုင်မှာမဟုတ်ဘူးဆိုတာ သိနေသလို၊ ကျွန်တော်တို့ဘာတွေ လုပ်သလဲဆိုတာ သူတို့သိအောင်ပြနေတာပါ။ ဘာကြောင့်ဆို ကျွန်တော်တို့လုပ်တာတွေဟာ အနာဂတ်ကို ပုံဖော်ပေးမှာဖြစ်လို့ပါ" တဲ့။

## အကိုးအကား

လူတွေအနေဖြင့် သူတို့မျိုးဆက်များ၏ အနာဂတ်ထက် သူတို့ကိုယ်ပိုင်အနာဂတ်နှင့်ပတ်သက်၍ အကောင်းမြင်ခွင့် ခုနစ်ဆပိုရနိုင်ချေရှိနေသည်။

**အားနက် (၂၀၀၀)**

## (၅၆)

## အလုပ်နဲ့အိမ်နေမှုဘဝ အံ့ဝင်ခွင်ကျဖြစ်ရမယ် •

သင့်ကား အစိတ်အပိုင်းတွေဟာ ၉၉ · ၉ ရာခိုင်နှုန်း ကောင်းမွန်ပြီး ၁-ရာခိုင်နှုန်းသာ ချွတ်ယွင်းနေပြီး ဘီးတစ်လုံးပြားနေမယ် (ဒါမှမဟုတ်) ဘက်ထရီဒေါင်းနေမယ်ဆိုရင် ဒီကားကို သုံးလို့ရမှာမဟုတ်ပါဘူး။

သင့်ဘဝမှာလည်း အဖက်ဖက်က ကျန်းမာရေးပြည့်စုံပြီး ကျေနပ်အားရစရာကောင်းနေပေမယ့် အရေးကြီးတဲ့ အစိတ်အပိုင်းတစ်နေရာရာက အလုပ်ကောင်းကောင်းမလုပ်ဘူးဆိုရင် အောင်မြင်မှုအပြည့်အဝခံစားရမှာ မဟုတ်ပါဘူး။

အောင်မြင်တဲ့ ဘဝနေနည်းဆိုတာ လုပ်ငန်းခွင်အောင်မြင်မှုနဲ့ အိမ်မှာအောင်မြင်မှုချည်းသက်သက်မဟုတ်ပဲ ဒီနှစ်ခုရဲ့ဆက်စပ်မှုက ပေါင်းစပ်ဖြစ်ထွန်းလာတာသာဖြစ်ပါတယ်။



## သာဓက

အက်ဒဝင်နဲ့ ဗဒ်ကီဝယ်သာစပွန်းတို့ဟာ ဘဝခရီးဖော်တွေအဖြစ်နဲ့ အစပျိုးခဲ့ကြရာက လုပ်ငန်းအရ လက်တွဲဖော်တွေလည်း ဖြစ်ခဲ့ကြပါတယ်။

ကာလီဖိုးနီးယားက အဲဒီစုံတွဲဟာ လက်ထပ်ခဲ့ကြတာ သုံးနှစ်ကြာပြီးမှ ဗစ်ကီက သူ့ခင်ပွန်းအလုပ်ထဲ ဝင်လုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူတို့အလုပ်ကတော့ စုပေါင်းအိမ်ယာတွေက လုံခြုံရေးအစောင့်လုပ်ငန်းပါပဲ။

သူတို့လင်မယားဟာ တက်ညီလက်ညီလုပ်ခဲ့ကြတာ အိပ်မက်တစ်ခုဟာ ကြုံတောင့်ကြုံခဲ လက်တွေ့ဖြစ်လာတာပဲ မဟုတ်ပါလား။

"အစ ပထမတော့ အခက်အခဲရှိတာပေါ့"

ဗစ်ကီက ရှင်းပြခဲ့တာပါ။

နောက်ပိုင်း ဘယ်လိုလုပ်ကြမယ်ဆိုတာ သူတို့ချင်း ညှိယူလိုက်ရာက အဆင်ပြေအောင် ကြံလိုက်နိုင်ကြပါတယ်။

"ကျွန်မတို့နှစ်ယောက်စလုံးက စွမ်းအားကို ကစားတတ်သူတွေပါ၊ ဒီတော့ အလုပ်ခွင်မှာရော အိမ်မှာပါ သတ်မှတ်ချက်ဘောင်တွေကို ကျော်လုပ်နိုင်ကြပါတယ်"

သူတို့နှစ်ယောက်စလုံးဟာ အလုပ်နဲ့အိမ် ကမ္ဘာနှစ်ခုမှာ တံပိုးထမ်းညီအောင် အချိန်ပိုလုပ်ခဲ့ကြတာပဲဆိုပါတော့။

"ကျွန်မတို့အဖို့ တစ်ယောက်စီခွဲလုပ်ရမယ့် တာဝန်တွေခွဲယူထားကြသလို မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ဘယ်အချိန်မှာ နေကြမလဲဆိုတာလည်း နားလည်မှုနဲ့ သတ်မှတ်ထားကြပါတယ်၊ ဒီပုံစံအတိုင်းပဲ အိမ်မှာနေနေ၊ အလုပ်ထဲပဲရောက်ရောက် မိတ်ဆွေတွေနဲ့ပဲတွေ့တွေ့. တစ်ချိန်လုံး အလုပ်အကြောင်း ပြောစရာမလိုတော့ပါဘူး"

ဗစ်ကီနဲ့ အက်ဒဝင်တို့ရဲ့ လုပ်ငန်းအောင်မြင်မှုဟာ သူတို့ရဲ့ အိမ်ထောင်ရေး

ဘဝအုတ်မြစ်ချ ဝတည်ခဲ့ပုံနဲ့လည်း သက်ဆိုင်တယ်လို့ ဆိုပါတယ်။

"ကျွန်မတို့ဟာ စိတ်တူသဘောတူ ရှိခဲ့ကြသလို တကယ်တမ်း ဘာအရေးကြီးဆုံးလဲဆိုတာကို သိနိုင်တဲ့ အမြင်တွေလည်း ကိုယ်စီရှိခဲ့ကြလို့ပါပဲ"

## အကိုးအကား

ထိပ်တန်းရောက် ဘဝအောင်မြင်သူတွေရဲ့ ဖွင့်ဟချက်အရ သူတို့ရဲ့လုပ်ငန်းရည်မှန်းချက်ပြည့်ဝခဲ့ရတဲ့အကြောင်းမှာ သူတို့ရဲ့အိမ်ထောင်ရေးဘဝ အဆင်ပြေအောင်နေထိုင်နိုင်ခဲ့တာလည်း အဓိကပါဝင်တယ်လို့ ဆိုပါတယ်။ လုပ်ငန်းအဆင်ပြေလို့ လုံခြုံစိတ်ချရတဲ့ဘဝကို ရရှိခြင်းအားဖြင့်လည်း အလုပ်ခွင်ပြင်ပက သူတို့ရဲ့မိသားစုနေထိုင်ရေးကို သာယာဖွံ့ဖြိုးအောင် အချိန်ပေးလုပ်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်တဲ့။

**ပါစလေ (၁၉၉၈)**

(၅၇)

## ရှုံးသူမရှိပဲ ဘယ်သူမှ အနိုင်မရပါ ။

အောင်မြင်မှုကို သွားရာလမ်းကြောင်းမှာ တစ်ခါတစ်ရံ တစ်ယောက်ယောက်နဲ့ ပြိုင်ဆိုင်ရပြီး ထိပ်တိုက်ရင်ဆိုင်ရတဲ့အခြေအနေမျိုး ရောက်သွားတတ်ရာက အောင်နိုင်မှုကိုလည်း ခါးသက်သက်လေးဖြစ်အောင်လုပ်တတ်လေရဲ့။

ကြိမ်ဖန်များစွာဆိုသလိုပဲ သင့်ရဲ့အောင်မြင်မှုက တခြားသူတွေအဖို့ သင်နဲ့သူတို့ကိုယ်သူတို့ နှိုင်းယှဉ်ဖို့အကြောင်း ဖန်တီးပေးသလို သင့်အစွမ်းအစနဲ့ပတ်သက်လို့ မနာလို ဝန်တိုမှုတွေနဲ့ တုန့်ပြန်ကြတာလည်း ဖြစ်ပါတယ်။

ဒါဟာ သင့်ကို ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု သာမကပဲ ရှိုးသားဖြူစင်ပေမယ့် စိတ်မချမ်းမြေ့စရာကောင်းတဲ့ ချီးမြှောက်မှုပုံစံတစ်မျိုးပဲလို့ ပညာဉာဏ်နဲ့ ဆင်ခြင်သိမြင်လိုက်ခြင်းဖြင့် အေးဆေးသက်သာမှုယူလိုက်ပါ။

### သာဓက

"နှစ်စဉ်နှစ်တိုင်း ကျွန်မဟာ ပူညံပူညံတွေကြားနေကျပါပဲ၊ လုပ်ငန်းထဲမှာ ရာထူးတစ်ဆင့်တက်မယ်ဆိုလိုက်တာနဲ့၊ လူတော်တော်များများက မိတ်ဆွေလို့မထင်တော့ပဲ ရန်သူလို့သတ်မှတ်လိုက်ကြတာကလား . . .။

ငွေကြေးဝန်ဆောင်မှု ကုမ္ပဏီတစ်ခုမှာအလုပ်လုပ်နေရာက တစ်ဆင့်ပြီးတစ်ဆင့် ရာထူးတွေခုန်တက်ခဲ့ရာက ကြုံရတဲ့အဖြစ်ကို ရှီလာက ရင်ဖွင့်ခဲ့တာပါ။

"အဲဒီတစ်ချိန်တည်းမှာပဲ ကျွန်မကို လုပ်ဖော်ကိုင်ဖက်တွေက ကျေကျေနပ်နပ်ပြန်လက်ခံလာအောင် တက်တဲ့ရာထူးကို မယူပဲစွန့်ပစ်လိုက်ရင်ကောင်းမလားလို့တောင် စဉ်းစားမိတဲ့အထိ ခံစားရပါတယ်။

ဒီအခြေအနေမှာပဲ ၄၅-နှစ်လုံးလုံး ဘာတိုးတက်မှုမှမရပဲ ပင်ပင်ပန်းပန်းလုပ်ခဲ့တဲ့သူ့အဖေက ဆယ်နှစ်တောင်မပြည့်ခင် ရာထူးတွေတက်ပြီး အောင်မြင်နေတဲ့ ရှီလာ့ကို အကောင်းဆုံးအကြံဉာဏ်တွေ ပေးခဲ့ပါတော့တယ်။

"ဘယ်လောက်ရာထူးပဲကြီးကြီး လူတိုင်းကို လေးလေးစားစားဆက်ဆံပါ သမီးရယ်၊ ကိုယ့်ထက်နိမ့်သူ၊ မြင့်သူ ဘယ်သူ့ကိုမဆို သူတို့အဆင့်အတန်းကိုသာကြည့်ပြီး မဆက်ဆံနဲ့ အဲ . . . အထက်ဖား အောက်ဖိအလုပ်မျိုးကို ရှောင်ကြဉ်ဖို့ပေါ့၊ ဒါဆိုရင် သမီးကို အားလုံးကလေးစားပြီး မေတ္တာထားလာကြမှာ ကျိန်းသေပဲ"

### အကျိုးအကား

အထက်တန်းမန်နေဂျာဆယ်ယောက်မှာ ခြောက်ယောက်ဆိုသလို သူတို့လောက် မြန်မြန်ရာထူးမတက်ပဲကျန်ခဲ့တဲ့ သူတို့ရဲ့အတူလုပ်ဖော်တွေဟာ သူတို့အပေါ် အခဲမကျေ ပျက်ခဲ့ကြတယ်လို့ ဖွင့်ဟခဲ့ကြပါတယ်။

**အော်စတင် (၂၀၀၀)**

(၅၈)

## အပြစ်ကင်းသော ဟာသများပြောပါ ။

ရယ်စရာတွေဟာ လူတွေရဲ့အာရုံကို ဆွဲဆောင်နိုင်သလို သူတို့ကိုပျော်ရွှင်ချမ်းမြေ့စေပါတယ်။ ဒါပေမယ့် ကောင်းတဲ့ဟာသနဲ့ မကောင်းတဲ့ဟာသဆိုပြီး အဓိကနှစ်မျိုးခွဲခြားထားပါတယ်။ မကောင်းတဲ့ဟာသက လူတစ်ဖက်သားကို ထိပါးစော်ကားပုတ်ခတ်တိုက်ခိုက်ရာရောက်သလို သူတို့ရဲ့အကြံအစည်တွေ၊ သူတို့ရဲ့လုပ်ရပ်တွေအပေါ်မှာ သရော်လှောင်ပြောင်တာလည်း ဖြစ်ပါတယ်။ ညစာဝိုင်းမှာ မပြောသင့်တဲ့ဟာသမျိုးတွေပါ။ ကောင်းတဲ့ဟာသတွေကတော့ ရွှန်းလုံးနှောက်လုံးသက်သက်အနေနဲ့ ဘယ်သူ့ကိုမှ မထိခိုက်စေပါဘူး။ ပြက်လုံးထုတ်သူကိုယ်တိုင်က သူ့ဘာသူ လူကြောင်လူပြောင်ထလုပ်တာမျိုးလည်း ဖြစ်ပါတယ်။

လုပ်ငန်းခွင်မှာ ကောင်းတဲ့ဟာသတွေ ပြောချင်သလိုပြောပါ။ မကောင်းတဲ့ဟာသတွေတော့ မပြောပါနဲ့။

### သာဓက

လူးဝစ္စ ဆစ်ဖရိုင်းဆိုတာက ဒေါ်လာသန်းပေါင်းများစွာ အမှာစာတွေ ရခဲ့တဲ့ ကွန်ပျူတာရောင်းတဲ့လုပ်ငန်းကြီးကို တည်ထောင်ဖွင့်လှစ်ထားသူဖြစ်ပါတယ်။

သူကအလုပ်ကို အလေးအနက်ထားသလိုပဲ စစ်မှန်ကောင်းမွန်တဲ့ သဘောထားအမြင်တစ်ရပ်ကိုလည်း အလေးအနက်ကိုင်စွဲထားပါတယ်။

"လူတစ်ယောက်ဟာ ရှင်မြူးနေရင် အလုပ်ပိုတွင်မယ်လို့ ထင်ပါတယ်၊ အလုပ်ကိုစိတ်မပါတဲ့ လူတွေကို ကျွန်တော်တို့ သည်းခံနိုင်မှာမဟုတ်ပါဘူး"

လူးဝစ္စဟာ တကယ်တမ်းအလုပ်လုပ်ချင်သူတွေကို ရှာဖွေပြီး သူတို့အလုပ်ခွင်မှာ ပျော်ရွှင်အောင်လည်း ကြိုးစားဖန်တီးတတ်ပါတယ်။

"အစည်းအဝေးတွေ၊ မှတ်တမ်းတွေ၊ မူဝါဒတွေမှာ ကြည့်လိုက်ရင် လုပ်ငန်းအများစုဟာ ပျင်းရိငြီးငွေ့မှုရှိရင် ထပ်ပြီးတော့ ပျင်းသွားတတ်တယ်ဆိုတာ ကြိုပြီးပြောထားတတ်ကြပါတယ်၊ ဒီလိုအပျင်းပျောက်ပြီး အလုပ်ပျော်ဖို့ အကောင်းဆုံးနည်းကို သတ်မှတ်ချက်နဲ့ ဆောင်ရွက်ခဲ့ကြပါတယ်၊ အဲဒီအကောင်းဆုံးနည်းကတော့ သူဘာပဲလုပ်လုပ် လုပ်တဲ့နေရာမှာ ရယ်ရယ်မောမော ပျော်ပျော်ပါးပါး ဖြစ်နေဖို့ပါပဲ"

## အကိုးအကား

အလုပ်ခွင်ထဲ၌ မကောင်းသောရယ်စရာဟာသများ၊ို အသုံးပြုပါက အဖွဲ့အစည်းတစ်ခုလုံးကို ပျံ့နှံ့သွားစေပါတယ်။ ၄၁-ရာခိုင်နှုန်းဟာ အဲ့သလို မကောင်းတဲ့ဟာသဟာ သူတို့အလုပ်ဌာနကို သွေးကွဲအောင်လုပ်တာပဲလို့ ယူဆကြပါတယ်။ တစ်ဖက်က ပြောမယ်ဆိုရင်လည်း ကောင်းသောဟာသတစ်ခု ပျံ့နှံ့သွားတာဟာ အလုပ်မှာပျော်ရွှင်နှစ်သက်မှုကို ၅-ရာခိုင်နှုန်းတိုးပွားစေပါတယ်။

ဒက်ကာ နှင့် ရိုတန်ဒို (၁၉၉၉)

(၁၉)

## အရာရာတိုင်းကို မလိုချင်နဲ့ ။

ကျွန်တော်တို့ဟာ ဘဝရဲ့သွင်ပြင်လက္ခဏာကို ပြေးပွဲပြိုင်ပွဲတစ်ခုနဲ့ နှိုင်းမြင်ကြပါတယ်။

ရာထူးတိုးမြှင့်မှုရတဲ့လူတွေ၊ အမြင့်ဆုံးလစာရတဲ့လူတွေ၊ အကောင်းဆုံးကားစီးနိုင်တဲ့လူတွေဟာ အနိုင်ရတဲ့ချန်ပီယံတွေပေါ့။ ကျွန်တော်တို့အချင်းချင်းနဲ့ ပတ်ဝန်းကျင်က လူတွေကြားထဲမှာလည်း ဒီရုပ်ဝတ္ထုပစ္စည်းတွေ၊ ရာထူးဩဇာအရှိန်အဝါတွေရဖို့အတွက် ပြိုင်ဆိုင်အနိုင်ကြဲနေကြတာပါပဲ။

သို့သော်လည်း အောင်မြင်မှုဆိုရာမှာ အဲဒီအရာဝတ္ထုတွေ အားလုံးရရှိဖို့မလိုပါဘူး။ ကျွန်တော်တို့ဘာတွေလိုအပ်သလဲ လိုအပ်တာလောက်ရရင်ပြီးတာပေါ့။ ဒီတော့ တချို့လူတွေ ထိပ်ဆုံးတကာ့ထိပ်ဆုံးတက်ချင်ကြတာ အလုပ်ကို မနားမနေလုပ်ကြတာတွေဟာ ဒီပစ္စည်းတွေရဖို့ချည်းလို့ မဆိုနိုင်ပါဘူး။

ဘဝအောင်မြင်မှုဆိုတာ ပစ္စည်းအားလုံး အရာခပ်သိမ်းကိုရတာနဲ့မဆိုင်ပါဘူး။

ဒီလိုရဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ ဖြစ်နိုင်တဲ့တိုင်အောင်လည်း ဝမ်းသာပျော်ရွှင်မှု များများစားစားရမယ်လို့ မဆိုသာပါဘူး။ အောင်မြင်မှုအစစ်က သင်လိုအပ်တာ၊ ရသင့် ရထိုက်တာကို ရခြင်းပဲဖြစ်ပါတယ်။

အောင်မြင်မှုကို သေတ္တာတစ်လုံးကို ဖြည့်ရတာလို့ စဉ်းစားပါ။ အမြန်ပြည့်ဖို့ ဆိုတာ အလုပ်ကို ဖိဖိစီးစီးလုပ်ရုံသာမက သင်ရွေးချယ်တဲ့သေတ္တာက သိပ်မကြီးဖို့၊ အရွယ်တော်လေးဖြစ်ဖို့လည်း လိုတယ်လေ။

## သာဓက

ဘက်ကီက ရည်မှန်းချက်တွေ အများဆုံးထားရှိပြီး သူ့ကိုယ်သူတော့ ပုံမှန်ပဲလို့ ထင်ခဲ့တယ်လေ။ သူ့မှာအလုပ်ရှိတယ်။ ခင်ပွန်းနဲ့ကလေးနှစ်ယောက်ရှိတယ်။ အချိန်ကတော့ မရှိသလောက်ပဲ။

"ရင့်အနေနဲ့ အိပ်ရာကနိုးချိန်မှာ မှောင်မိုင်းနေတဲ့ ဒေသတစ်ခုကို ရောက်နေတာသိလိုက်ရင် ဘယ်လိုခံစားရမလဲ၊ အင်း・・・ကျွန်မအဖြစ်ကလည်း လုပ်စရာတွေက အဆက်မပြတ်များသထက်များလာလေ လုပ်ဖို့အချိန်က နည်းသထက်နည်းလာလေပေါ့။ ကျွန်မအဖို့ နေ့တိုင်းမှာ စတိုးဆိုင်လေးကို မနေ့ကထက် ပိုကြီးအောင် ချဲ့ဖို့ကြိုးစားတာနဲ့အမျှ အချိန်တစ်ဝက်စာလောက်ပဲ လုပ်နိုင်တော့တယ်။

ဘက်ကီက နေထိုင်မှုဘဝရဲ့ သော့ချက်က အူရားဖားရား ပြေးလွှားရန်းကန်နေမယ့်အစား ကိုယ့်နေရာလေးမှာကိုယ် အိန္ဒြေမပျက်နေနိုင်ဖို့ပါလို့ ကောက်ချက်ချခဲ့ပါတယ်။

"သိထားဖို့က တကယ်စင်စစ် အရေးကြီးတာတွေကိုသာ နားလည်ထားဖို့ပါပဲ၊ ကျွန်မဟာ ဒီအချက်ကို မသိခဲ့လို့ တကယ်တမ်းဒုံရေးမပါ၊ မလိုအပ်တာတွေကို



ရလိုဇောနဲ့ အချိန်ကုန်လူပမ်းဖြစ်ခဲ့ရပါတယ်၊ တံလျှပ်ကို ရေထင်မိသလို လိုက်လေငေးနဲ့ အမောသာအဖတ်တင်ခဲ့တယ် ဆိုရမှာပေါ့"

ဘက်ကီဟာ မှောင်မိုင်းနေတဲ့ ရပ်ဝန်းက အလွတ်ရုန်းထွက်ဖို့ ပစ္စည်းပေါင်းရဲ့နောက်တကောက်ကောက်ပြေးလိုက်တာကို ရပ်ပစ်လိုက်ပါတယ်။

"အံကုန်လုံးတစ်ခုမကျန်လိုချင်၊ လုပ်ချင်တဲ့ လောဘကို အရှိန်သပ်လိုက်တာနဲ့ မိုက်မဲမှုက ဂိတ်ဆုံးသွားသလို ကိုယ်ဘာတွေဖြစ်ပြီး ဘယ်အခြေဆိုက်နေတယ်ဆိုတာနဲ့ အရင်းသားဖော်ထုတ်သိလိုက်ရတော့တာပါပဲ"

## အကိုးအကား

အောင်မြင်မှုရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်တွေက အများဆိုင်မဟုတ်သေးပါဘူး။

အလုပ်ဌာနတွေမှာ အသိအမှတ်ပြုလောက်တဲ့ အောင်မြင်မှုတွေ ရတဲ့လူတွေကို လေ့လာချက်အရ သူတို့အဆင့်နဲ့သူတို့ ပီတိဖြစ်ရာမှာ အကြီးအကျယ်ကွဲလွဲနေတာတွေ့ရပါတယ်။ တချို့က သူတို့ကိုယ်သူတို့ မကြုံစဖူး အောင်မြင်မှုရတယ်လို့ ယူဆကြပြီး တချို့ကတော့ အချိန်နှောင်းလို့ အရွယ်လွန်နေမှရတာမို့ အရင်းတောင်ရှုံးသေးတယ်လို့ အောင်းမေ့ကြလေရဲ့။

**မေဆင်နင့် လန်းရှီးယား (၂၀၀၀)**

## (၆၀)

## တန်ဖိုး •

လူတွေကို ပထမဆုံးစတွေ့ချိန်မှာ ကျွန်တော်တို့ရဲ့ သဘာဝစိတ်ညွှတ်တိမ်းမှုက သူတို့တကယ်ရှိတဲ့ပမာဏထက် ပိုတွက်မိတာပဲဖြစ်ပြီး သူတို့ရဲ့စွမ်းပကားနဲ့ တာဝန်ပိုင်းတွေကို တွေ့တွေ့ချင်း တစ်ခဏအတွင်း တန်ဖိုးဖြတ်လိုက်မိကြတာပါပဲ။

ရုံဖန်ရံခါဆိုသလို ကံခေစွာနဲ့ အဲသလို မရေမရာနဲ့ တဒင်္ဂကောက်ချက်ချလိုက်တာတွေကို ပြန်လှန်သုံးသပ်ဆန်းစစ်မှုတွေလည်း မလုပ်မိကြပါဘူး။

ဒီအမိပ္ပါယ်က ကျွန်တော်တို့ဟာ လူတွေရဲ့ပင်ကိုယ်အရည်အသွေးတွေကို ကျော်ပြီး အပေါ်ယံကြောနဲ့ သမန်ကာရန်ကာ အချက်အလက်တွေကို အခြေခံပြီး တွက်ချက်လိုက်တဲ့သဘောပေါ့။

လူတော်များများက သူတို့ပစ္စည်းတစ်ခုခုဝယ်တဲ့အခါမှာ တန်မတန်တွက်တတ်ကြပေမယ့် သူတို့ဝန်းကျင်က လူတွေရဲ့တန်ဖိုးကို အစစ်အမှန်နားလည်ဖို့ အကြီးအကျယ်လိုအပ်မှန်းတော့ မသိကြပါဘူး။



လူတစ်ယောက်ရဲ့တန်ဖိုးကို အမှန်အကန်သိဖို့ တော်တော်လေးအရေးကြီးတယ်လို့သာ ဆိုလိုက်ပါရစေ။

## သာဓက

နှစ်တွေနဲ့ချီကြာခဲ့ပြီးမှ တစ်ယောက်ယောက်က ဂျိန်းကို ရေတွက်ရုံသက်သက်ထက်ပိုတဲ့စိမ်ခေါ်မှုတစ်ခုခုလုပ်ခိုင်းခဲ့မယ်ဆိုရင် တအံ့တသြဖြစ်သွားရမှာအမှန်ပါပဲ။

ဂျိန်းရဲ့အလုပ်က အလုကုန်စက်ရုံတစ်ရုံမှာ ပစ္စည်းထုတ်လုပ်ရာ လိုင်းကြောင်းတွေကို ကွပ်ကဲစစ်ဆေးရတဲ့ ကြီးကြပ်ရေးမှူးဖြစ်ပါတယ်။

တစ်နာရီတစ်ကြိမ်ဆိုသလို လိုင်းကြောင်းတစ်ကြောင်းချင်းက ထုတ်လုပ်မှုစံချိန်တွေကို မှတ်သားပြီး လုပ်ငန်းတာဝန်ခံမန်နေဂျာဆီကို သတင်းပို့ရပါတယ်။

သူ့အနေနဲ့ထွက်ကုန်တွေကို ရေရတယ်။ အသုံးပြုတဲ့ကုန်ကြမ်းတွေနဲ့ ကိုက်မကိုက်တွက်ရတယ်။ ဒီနောက် • • •နောက်တစ်ဆိုင်း ပြန်စရတယ်။

ဘယ်သူကမှ ဒီလမ်းကြောင်းတွေ နေ့းတာမြန်တာနဲ့ပတ်သက်လို့ သူ့ကိုစစ်ကြောမေးမြန်းမှုမလုပ်ကြဘူး။

ဒါသူ့အလုပ်မှ မဟုတ်ပဲ။ သူ့အလုပ်က ရေတွက်ရုံပဲဥစ္စာ။

ငါးနှစ်ကျော်ကျော်လုပ်ပြီးတဲ့အခါမှာ ဂျိန်းက ဘယ်သူမှ အာရုံမစိုက်မိတဲ့ကုန်ထုတ်လမ်းကြောင်းတွေက အထွက်နှုန်းကို ကောင်းကျိုးဆိုးကျိုးသက်ရောက်စေတဲ့ အကြောင်းရင်းတစ်ရာလောက်ကို မှတ်တမ်းတင်ခဲ့မိပါတယ်။

ဥပမာတစ်ခုအနေနဲ့ ရေဒီယိုက အသံသိပ်တိုးသွားရင် အလုပ်သမားတွေ တစ်ယောက်နဲ့တစ်ယောက် ပိုစကားပြောကြပြီး ကုန်လုပ်စွမ်းအားတွေ ကျသွားတာမျိုး။

မန်နေဂျာချုပ်က တစ်ခါတော့ လုပ်ငန်းအခြေအနေချောမွေ့အဆင်ပြေမှုရှိ

မရှိ ခြုံငုံသုံးသပ်ချက်ပေးဖို့ အမှတ်မထင် ပြောမိတယ်။

ဂျိန်းက လုပ်ငန်းထုတ်လုပ်မှု ၂-ရာခိုင်နှုန်းကျဆင်းနေကြောင်းနဲ့ အကြောင်းပြဖြေရှင်းချက် စာရင်းသုံးခုကို တင်ပြလိုက်ရာက မန်နေဂျာချုပ်လည်း ယိုင်လဲမတတ်ဖြစ်သွားရပါတော့တယ်။

နောက်ဆုံးတော့ ဂျိန်းဟာ စီမံရေးရာတော်သူအဖြစ် ထင်ပေါ်ခဲ့ရာက သူနှစ်ပေါင်းများစွာ စူးစမ်းလေ့လာမှုတွေလုပ်ခဲ့တာကို အသုံးချနိုင်တဲ့ ရာထူးအဆင့်ကို တိုးမြှင့်ခန့်ထားခြင်းခံလိုက်ရပါတော့တယ်။

## အကိုးအကား

သုတေသီတွေရဲ့ တွေ့ရှိချက်အရ တခြားလူတွေရဲ့စွမ်းရည်ကို အလေးသုံးဆယ်အကဲဖြတ်တာမှန်သမျှ အများအားဖြင့် အဖိုးတန်တဲ့ကျွမ်းကျင်မှုထက် ပိုလွန်မြင့်မားနေတယ်လို့ ဆိုပါတယ်။

တကယ်တမ်းကျတော့ ဒီအလေ့အထဟာ ထုတ်လုပ်မှုစွမ်းအားကို လျော့နည်းစေပြီး ကမောက်ကမနဲ့ ကသောင်းကနင်းတွေ ပိုဖြစ်စေတာ အမှန်ပါပဲ။

အောင်မြင်ပြီး စီးပွားရေးလုပ်ငန်းမှာ ခေါင်းဆောင်တွေရဲ့ အဓိကထူးခြားချက်တစ်ရပ်အနေနဲ့ (သူတို့ထဲက ၆၁-ရာခိုင်နှုန်းရဲ့ အဆိုကတော့)ဝန်ထမ်းတွေကို အရည်အချင်းပြည့်အောင် အားပြန်ဖြည့်ဖို့ အာသီသပြင်းပြကြပြီး ဝန်ထမ်းတွေရဲ့အလုပ်စွမ်းရည်ကို အမြဲမပြတ်အကဲခတ်စောင့်ကြည့်နေရာက လိုအပ်တဲ့စံချိန်မီအောင် ကူညီပံ့ပိုးပေးတာပဲဖြစ်ပါတယ်။

ဘွိုင်ယာ (၁၉၉၉)

(၆၁)

## ရနိုင်တဲ့နေရာက တွန်းအားကိုအရယူပါ •

လူတွေဟာ ဘာမဆို ကောင်းသထက်ကောင်းအောင် ဂရုစိုက်လုပ်ကြပါတယ်။ ဘာကြောင့် ဒီလိုဂရုစိုက်ကြတာလဲ။ ဘာက သူတို့ကို ဒီဥာဏ်တွေသက်ဝင်စေသလဲ။ အဖြေကတော့ သင်စိတ်ကူးမိသမျှ အားလုံးလိုလို မလွဲပါဘူးဆိုတာပါပဲ။

တချို့လူတွေဟာ သူတို့ရဲ့အရင်းခံ ယှဉ်ပြိုင်လိုမှုဆိုတဲ့ အတွင်းအားနဲ့မောင်းနှင်လုပ်ရှားကြပါတယ်။ တချို့ကလည်း အပြင်အားအနေနဲ့ တခြားလူတွေရဲ့ဝန်ဖိုးဖြတ်မှုနဲ့ သဘောတူခွင့်ပြုမှုတွေကို တမက်တမောအားယူကြပါတယ်။ တချို့ကျတော့ သူတို့မိသားစုဘဝအတွက် အောင်မြင်လိုတဲ့ဆန္ဒတစ်ခုနဲ့ ရုန်းကန်ကြပြီး တချို့ကျပြန်တော့ သူတို့ရဲ့မိသားစုကို အောင်မြင်ကြောင်းပြလိုမှုက သူတို့အတွက် မောင်းနှင်အားဖြစ်သွားတာပါပဲ။

အကျိုးဆက်ရလာဒ်ကောင်းတွေထွက်လာဖို့ သင့်ကိုယ်သင် စိတ်ဓာတ်ပြင်းထန်သူတစ်ယောက်ဖြစ်အောင် အစစ်အမှန်ဂရုစိုက်ကြိုးပမ်းမှုအတွက် ဘယ်နည်းမဆို အသုံးပြုသင့်ပါတယ်။

## သာဓက

"ကျွန်မဟာ အိမ်ထောင်ပရိဘောဂတွေ ရွှေ့ပြောင်းနိုင်သူတစ်ယောက် ဖြစ်နေတာကိုပဲ ကျေနပ်လှပါပြီ"

ဆိုတဲ့စကားက ဆရာဝန်တွေက သူ့ကိုလေ့ကျင့်ခန်းတွေ ပုံမှန်လုပ်ဖို့ပြောခဲ့တာကို တုန့်ပြန်ခဲ့တဲ့ လော်နာ (၇၀)နှစ်ရဲ့ စကားပါပဲ။ လော်နာက လေ့ကျင့်ခန်းလုပ်တာတွေဟာ သူ့ကိုရှုးမတတ်ငြီးငွေ့စေတယ်လို့ ဆိုပါတယ်။

သူ့ဆရာဝန်တွေကလည်း လော်နာပြောတာကို သဘောပေါက်ပါတယ်။ ဒီလိုနဲ့ ဆရာဝန်တွေက သူ့ကို ဝစ္စကိုဆင်တက္ကသိုလ်မှာ တစ်ပတ်သုံးကြိမ်တက်ရတဲ့ အမျိုးသမီးများလေ့ကျင့်ရေးအဖွဲ့ကို ပို့ပေးခဲ့ပါတယ်။

လေ့ကျင့်ခန်းလုပ်ဖို့ နည်းနည်းမှ ဝါသနာမပါတဲ့ လော်နာကို အဖွဲ့ဝင်အမျိုးသမီးကြီးငါးဆယ်က စိတ်ပြောင်းသွားအောင် ကူညီနိုင်ခဲ့ကြပါတယ်။

"အံ့ဩစရာကောင်းတဲ့မိန်းမတွေပါပဲ၊ ကျွန်မကို ငယ်စိတ်တွေပြန်ပေါ်အောင် စွမ်းဆောင်ပေးခဲ့ကြတယ်၊ ကျွန်မတစ်သက် တွေ့ခဲ့သမျှတော့ အပါးနပ်ဆုံးအဖွဲ့အစည်းပါပဲ၊ သူတို့က ကျွမ်းကျင်ရာမှာလည်း ရှားမှရှားပါပဲ"

အချိန်တွေကုန်လွန်လာရာက လေ့ကျင့်ခန်းလုပ်လို့ ဖြစ်ထွန်းလာတဲ့ အကျိုးကျေးဇူးတွေက လော်နာ့ဘဝအတွက် ဆုလာဘ်တွေဖြစ်လာသလို သူတို့အတွက်လည်း ဝမ်းသာစရာကောင်းလှပါတယ်။

"အဲဒီအဖွဲ့နဲ့ လေ့ကျင့်ခန်းလုပ်ခါစမှာ ရောဂါပြန်ထလာတာနဲ့ ဒူးခေါင်းကို လေဆာရောင်ခြည်နဲ့ ခွဲစိပ်ကုသမှုခံယူခဲ့ရပြီး အတော်လေးနာလိုက်ရသေးတယ်၊ ခုတော့ အားလုံးကောင်းသွားပါပြီ၊ ကိုယ်ရောစိတ်ပါ သွက်သွက်လက်လက် တက်တက်ကြွကြွနဲ့



တနိုင်တပိုင်တော့ ငယ်ငယ်တုန်းကလို လုပ်နိုင်နေပါပြီ ဒီတော့ ဒါဟာ အင်မတိအင်မတန် အံ့ဩစရာကြီးပါပဲ"

## အကိုးအကား

တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အသိဉာဏ်၊ စွမ်းရည်၊ လုပ်ခလစာ · · စတဲ့ အချက်တွေရဲ့ အရေးကြီးတဲ့အကြောင်းရင်းကို လေ့လာဆန်းစစ်ရာက လှုံ့ဆော်အားပေးမှုအနည်းနဲ့အများ ရရှိတာဟာ လုပ်ငန်းအောင်မြင်ရေးကို ထူးခြားသိသာစွာ အထောက်အကူပြုနိုင်တယ်လို့ သိရပါတယ်။

လှုံ့ဆော်အားပေးမှု မြင့်မားသလောက် အောင်မြင်မှုဟာ ကြီးမားနိုင်ပြီး အရေးကြီးတဲ့ အချက်အနေနဲ့ လှုံ့ဆော်အားပေးမှု အရင်းခံအကြောင်းတွေ ကွဲပြားသွားတဲ့အလျောက် လူတွေကြားမှာ အကြီးအကျယ်ခြားနားမှုတွေ ဖြစ်ပေါ်လာပြီး အောင်မြင်မှုတွေနဲ့ ဝေးသွားတာလည်း တွေ့ရပါတယ်။

**ဘက်ရ်ဟော နှင့် ဂရန့် (၁၉၉၄)**

## (၆၂)

## ကျွမ်းကျင်သူဖြစ်ပါစေ ။

လွှတ်တော်အဖွဲ့ဝင်အမတ်တွေဟာ နှစ်စဉ်နှစ်တိုင်း အငြင်းပွားစရာကိစ္စတွေကို ထောင်ချီပြီး မဲခွဲဆုံးဖြတ်ကြရပါတယ်။ သူတို့အခြေအတင် ဆွေးနွေးကြတဲ့အကြောင်းတွေကလည်း သဲသဲကွဲကွဲထင်ရှားတာလည်းရှိမယ်။ မသဲမကွဲဝေဝါးတာလည်း ရှိမယ်။ ပြည်တွင်းရေးကိစ္စတွေ ဖြစ်ချင်ဖြစ်မယ်။ နိုင်ငံခြားရေးကိစ္စတွေလည်း ဖြစ်နိုင်တယ်။ လူတိုင်း တစ်ချိန်လုံးတွေးဆ စဉ်းစားနေကြတဲ့အကြောင်းတွေပါသလို တစ်ကမ္ဘာလုံး တစ်ယောက်မှ မစဉ်းစားဖူးတဲ့ကိစ္စတွေလည်းပါတယ်။

ဒါတွေကို သူတို့ဘယ်လိုဘယ်ပုံ စဉ်းစားဆွေးနွေးကြမှာလဲ။ တစ်ချိန်တည်းမှာ ဘယ်လိုဆုံးဖြတ်ဖြေရှင်းပေးနိုင်ကြတာလဲ။ သူတို့တွေက ကျွမ်းကျင်သိတတ်မှုဆိုတဲ့ စနစ်တစ်ခုကို လက်ကိုင်ထားပြီး ဖြေရှင်းကြတာပါ။

အဖွဲ့ဝင်တွေဟာ သူ့ဆိုင်ရာဆိုင်ရာ နယ်ပယ်တွေမှာ ပါရဂူမြောက် အထူးကျွမ်းကျင်ထားကြရာက ကိစ္စရပ်တစ်ခုကို မဲခွဲဆုံးဖြတ်ဖို့ကြုံလာတဲ့အခါမှာ သူတို့ရဲ့ တစ်ဖက်ကမ်းခတ် တတ်ကျွမ်းမှုကို ဖော်ထုတ်ပြသ ဝေငှပေးကြရတာလည်း ဖြစ်ပါ



တယ်။ ကျွမ်းကျင်သူ ပါရဂူဖြစ်ရတဲ့ အကျိုးအခွင့်ကတော့ သူ့လောက်သုတပညာနဲ့ အကြောင်းအကျိုးမသိကြတဲ့လူတွေက သူ့အတွေးအခေါ်နဲ့ အထင်အမြင်တွေကို အလေးထားနားထောင်ရတာပဲပေါ့။

အဲဒီ့ပါရဂူကိုယ်တိုင်လည်း သူနားမလည်တဲ့ အကြောင်းအရာသစ်တစ်ခုပေါ်လာရင် တခြားလူတွေကို အားကိုးရပြန်တာပါပဲ။

ဒီတော့ သင် ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်တဲ့ နယ်ပယ်တစ်ခုကို တိတိကျကျရွေးချယ်ပါ။ ပြီးရင် အဲဒီ့နယ်ပယ်နဲ့စပ်လျဉ်းလို့ တတ်သိနားလည်သင့်တာ မှန်သမျှကို လေ့လာသင်ကြားပါ။ သင့်အကြံပေးချက်တွေကို အများက လေးလေးစားစားလိုက်နာကြရမယ့် လူ့အဖိုးတန်တစ်ယောက်ဖြစ်ရေးမှာ ဒီ့ထက်ကောင်းတဲ့နည်း မရှိတော့ပါဘူး။

### သာဓက

ဖရက်ဝီလ်ဘာဟာ ထူးခြားဆန်းသစ်ပြီး သူ့စတိုးဆိုင်ကလွဲလို့ ဘယ်မှာမှ ရှာမရနိုင်တဲ့ ဂီတသီချင်းတွေကို ဗားမောင့်ပြည်နယ် မွန့်ပလိုင်းယားမြို့မှာ ရောင်းခဲ့တာ ၂၇-နှစ်ရှိခဲ့ပါပြီ။

ဒါပေမယ့် အင်တာနက်တွေပေါ်လာရာက အထူးသဖြင့် အကြီးစားဝက်ဘ်ဆိုက်က ပစ္စည်းမျိုးစုံတင်ပို့ရောင်းချနိုင်တဲ့ တစ်ဆင့်ခံအရောင်းသမားတွေ ပေါ်လာတဲ့နောက် သူ့လုပ်ငန်းပျက်စီးဖို့ အရိပ်အယောင်သမ်းလာတာကို စိုးရိမ်ခဲ့ရတယ်ပေါ့။

ဒါကြောင့်လည်း သူကိုယ်တိုင် အင်တာနက်လောကထဲဝင်ဖို့ ဆုံးဖြတ်လိုက်တော့တာပါ။

ဖရက်အနေနဲ့ ရုပ်ပါစတိုးဆိုင်ကြီးတွေရဲ့ဝက်ဘ်ဆိုက်ကို တိုက်ရိုက်စစ်ခင်းလိုက်မရှိသလို အရင်းအနှီးစွမ်းအားလည်း မရှိပါဘူး။ ဒီလိုနဲ့ သူဟာ သူ့စတိုးဆိုင်လေးရဲ့

## (၆၂)

## ကျွမ်းကျင်သူဖြစ်ပါစေ •

လွှတ်တော်အဖွဲ့ဝင်အမတ်တွေဟာ နှစ်စဉ်နှစ်တိုင်း အငြင်းပွားစရာကိစ္စတွေကို ထောင်ချီပြီး မဲခွဲဆုံးဖြတ်ကြရပါတယ်။ သူတို့အခြေအတင် ဆွေးနွေးကြတဲ့အကြောင်းတွေကလည်း သဲသဲကွဲကွဲထင်ရှားတာလည်းရှိမယ်။ မသဲမကွဲဝေဝါးတာလည်း ရှိမယ်။ ပြည်တွင်းရေးကိစ္စတွေ ဖြစ်ချင်ဖြစ်မယ်။ နိုင်ငံခြားရေးကိစ္စတွေလည်း ဖြစ်နိုင်တယ်။ လူတိုင်း တစ်ချိန်လုံးတွေးဆ စဉ်းစားနေကြတဲ့အကြောင်းတွေပါသလို တစ်ကမ္ဘာလုံး တစ်ယောက်မှ မစဉ်းစားဖူးတဲ့ကိစ္စတွေလည်းပါတယ်။

ဒါတွေကို သူတို့ဘယ်လိုဘယ်ပုံ စဉ်းစားဆွေးနွေးကြမှာလဲ။ တစ်ချိန်တည်းမှာ ဘယ်လိုဆုံးဖြတ်ဖြေရှင်းပေးနိုင်ကြတာလဲ။ သူတို့တွေက ကျွမ်းကျင်သိတတ်မှုဆိုတဲ့ စနစ်တစ်ခုကို လက်ကိုင်ထားပြီး ဖြေရှင်းကြတာပါ။

အဖွဲ့ဝင်တွေဟာ သူ့ဆိုင်ရာဆိုင်ရာ နယ်ပယ်တွေမှာ ပါရဂူမြောက် အထူးကျွမ်းကျင်ထားကြရာက ကိစ္စရပ်တစ်ခုကို မဲခွဲဆုံးဖြတ်ဖို့ကြုံလာတဲ့အခါမှာ သူတို့ရဲ့ တစ်ဖက်ကမ်းခတ် တတ်ကျွမ်းမှုကို ဖော်ထုတ်ပြသ ဝေငှပေးကြရတာလည်း ဖြစ်ပါ



တယ်။ ကျွမ်းကျင်သူ ပါရဂူဖြစ်ရတဲ့ အကျိုးအခွင့်ကတော့ သူ့လောက်သုတပညာနဲ့ အကြောင်းအကျိုးမသိကြတဲ့လူတွေက သူ့အတွေးအခေါ်နဲ့ အထင်အမြင်တွေကို အလေးထားနားထောင်ရတာပဲပေါ့။

အဲဒီ့ပါရဂူကိုယ်တိုင်လည်း သူနားမလည်တဲ့ အကြောင်းအရာသစ်တစ်ခုပေါ်လာရင် တခြားလူတွေကို အားကိုးရပြန်တာပါပဲ။

ဒီတော့ သင် ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်တဲ့ နယ်ပယ်တစ်ခုကို တိတိကျကျရွေးချယ်ပါ။ ပြီးရင် အဲဒီ့နယ်ပယ်နဲ့စပ်လျဉ်းလို့ တတ်သိနားလည်သင့်တာ မှန်သမျှကို လေ့လာသင်ကြားပါ။ သင့်အကြံပေးချက်တွေကို အများက လေးလေးစားစားလိုက်နာကြရမယ့် လူ့အဖိုးတန်တစ်ယောက်ဖြစ်ရေးမှာ ဒီ့ထက်ကောင်းတဲ့နည်း မရှိတော့ပါဘူး။

### သာဓက

ဖရက်ဝီလ်ဘာဟာ ထူးခြားဆန်းသစ်ပြီး သူ့စတိုးဆိုင်ကလွဲလို့ ဘယ်မှာမှ ရှာမရနိုင်တဲ့ ဂီတသီချင်းတွေကို ဗားမောင့်ပြည်နယ် မွန့်ပလိုင်းယားမြို့မှာ ရောင်းခဲ့တာ ၂၇-နှစ်ရှိခဲ့ပါပြီ။

ဒါပေမယ့် အင်တာနက်တွေပေါ်လာရာက အထူးသဖြင့် အကြီးစားဝက်ဘ်ဆိုက်က ပစ္စည်းမျိုးစုံတင်ပို့ရောင်းချနိုင်တဲ့ တစ်ဆင့်ခံအရောင်းသမားတွေ ပေါ်လာတဲ့နောက် သူ့လုပ်ငန်းပျက်စီးဖို့ အရိပ်အယောင်သမ်းလာတာကို စိုးရိမ်ခဲ့ရတယ်ပေါ့။

ဒါကြောင့်လည်း သူကိုယ်တိုင် အင်တာနက်လောကထဲဝင်ဖို့ ဆုံးဖြတ်လိုက်တော့တာပါ။

ဖရက်အနေနဲ့ ရှုပါစတိုးဆိုင်ကြီးတွေရဲ့ဝက်ဘ်ဆိုက်ကို တိုက်ခိုက်စစ်ခင်းလိုစိတ်မရှိသလို အရင်းအနှီးစွမ်းအားလည်း မရှိပါဘူး။ ဒီလိုနဲ့ သူဟာ သူ့စတိုးဆိုင်လေးရဲ့

ရှိရင်းစွဲမြင်ကွင်းကိုသာ ထုတ်လွှင့်ဖို့ သူ့ဝက်ဘ်ဆိုက်ကို ဒီဇိုင်းဆွဲခဲ့ပါတယ်။

သူ့ရဲ့ထူးခြားတဲ့အစီအစဉ်က မကြုံစဖူးတဲ့အရသာတွေကို ပေးစွမ်းနိုင်ခဲ့သလို ရုပ်ရှင်အသံထွက်ပုံတွေနဲ့လည်း မတူခဲ့ပါဘူး။

သူကိုယ်ပိုင်တီထွင်တဲ့ ကျွမ်းကျင်မှုကို ကွက်ကွက်ကွင်းကွင်းပြသနိုင်ခဲ့တာကြောင့် သူ့လုပ်ငန်းဟာလည်း အဆင်ပြေပြေ အောင်မြင်ခဲ့ရပါတယ်။

"ခင်ဗျားအနေနဲ့ ဒီနေ့ "ပေါက်"နေတဲ့ နောက်ဆုံးပေါ်ဗီဒီယိုခွေကို ကြိုက်တဲ့နေရာက သွားဝယ်နိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားမကြားဖူးသေးတဲ့ ကြီးကျယ်တဲ့ဗီဒီခွေအကြောင်းကို ဘယ်သူကပြောပြမှာလဲ၊ ရုပ်ရှင်အသံဖလင်က ကူးထားတဲ့ "ဂေါ်ဒီသိပ်စွဲတဲ့ဝက်ကလေး"လို သီချင်းမျိုးကို ကျွန်တော့်ဝက်ဘ်ဆိုက်က ကူးထားဖို့ တစ်နည်းပဲရှိတယ်။ ဘယ်သူမှ မလုပ်နိုင်တဲ့ ဒီအလုပ်မျိုးကို ကျွန်တော်ပဲလုပ်နိုင်တယ်"

"ကိုယ့်ရုပ်ကို ကိုယ်ပြန်မိမိရရ အာရုံစိုက်ကြည့်ရင် အကောင်းဆုံးကို နားလည်မှာပါပဲ"

ဖရက်ဟာ စတိုးဆိုင်နဲ့ဝက်ဘ်ဆိုက် တွဲရောင်းခဲ့ရာက တစ်နှစ်ကို ၁၀-ရာနိုင်နှုန်းကျော်ကျော် အရောင်းတက်ခဲ့သလို ဖောက်သည်တွေလည်း ၂၀-ရာနိုင်နှုန်း တိုးလာတာတွေ့ရပါတယ်တဲ့။

## အကိုးအကား

**သူတို့ကိုယ်သူတို့ အောင်မြင်သူတွေလို့ ယူဆတဲ့ လူ ၆၇-ရာနိုင်နှုန်းကပြောတာတော့ သူတို့ဟာ အနည်းဆုံးအနေနဲ့ လုပ်ငန်းတစ်နေရာရာ တစ်ခုခုမှာ ဝိဇ္ဇာဖြစ် ကျွမ်းကျင်သူတွေပါတဲ့။**

**ဖော်စတင် (၂၀၀၀)**

## (၆၃)

## မကြိုးစားလို့ ရှုံးတာပါ •

ရှုံးမှာကြောက်တဲ့စိတ်ဟာ တန်ဖိုးကြီးပါတယ်။

ကိုယ်ကြိုးစားပမ်းစားလုပ်ရမယ့်အလုပ်ကို လုပ်နိုင်စွမ်းရှိမယ် မထင်ဘူးလို့ သူတို့ကိုယ်သူတို့ရော တခြားလူတွေကိုရော ဘယ်သူမှ ဖွင့်ဟမပြောလိုကြပါဘူး။

ဒီကြောက်စိတ်ကို သင့်လိုရာပန်းတိုင်ကို ရောက်ဖို့ကျားကုတ်ကျားခဲဆက်လုပ်ရာမှာ တွန်းအားတစ်ခုအဖြစ် အသုံးပြုနိုင်ပါတယ်။ သို့နှင့်အမျှ ဒီကြောက်စိတ်ကပဲ သက်တောင့်သက်သာ လွတ်မြောက်နိုင်ရေးကို ဖန်တီးပေးတတ်ပါတယ်။ ကြိုးစားဖို့ တွန့်ဆုတ်မနေရင် ဘယ်တော့မှ ဆုံးရှုံးမှာမဟုတ်ပါဘူး။

မကြိုးစားရင်တော့ အဆုံးစွန်သောအားဖြင့် ရှုံးရမှာအမှန်ပဲ။ ဒါကလည်း ရည်မှန်းချက်ကို အရောက်ပို့တဲ့ တိုးတက်အောင်မြင်မှုတွေကို မရတော့ဘူးဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့။

## သာဓက

ဂျက်ဖ်ဝိုးဝဒ်ဟာ ပညာရေးဆိုင်ရာ စိတ္တဗေဒပညာရှင်တစ်ဦးဖြစ်ပါတယ်။ သူက ကလေးလူငယ်တွေကို ပညာသင်ကြားပုံတွေနဲ့ သူတို့ရဲ့သင်ယူပုံတွေကို လေ့လာခဲ့သူပါ။

ကျောင်းအတော်များများရဲ့ ပညာပေးစနစ်က သူတို့ကျောင်းသားတွေကို သုံးအုပ်စုခွဲပစ်တယ်လို့ ဆိုပါတယ်။ ပညာထူးချွန်သူတွေ၊ တော်သူတွေနဲ့ ညံ့ဖျင်းသူတွေလို့ ဖြစ်ပါသတဲ့။

သူတို့ ၆-တန်းရောက်ချိန်မှာ ညံ့ဖျင်းတယ်လို့ သတ်မှတ်ခံရတဲ့အုပ်စုက ကျောင်းသားလေးတွေဟာ ဆရာတွေနှိမ်ထားတဲ့အဆင့်လောက်ပဲ တတ်ကျွမ်းကြတာ တွေ့ရပါသတဲ့။

"အလယ်တန်းကျောင်းတွေမှာ အဲ့သလိုကလေးတွေအတွက် အဆီးအတားတွေ လုပ်ထားပြန်ပါတယ်၊ သူတို့ကျော်လွှားနိုင်မယ် မထင်တဲ့ အဆီးအတားမျိုးတွေပေါ့ သူတို့ ကျော်လွှားလို့မရအောင် မြင့်တဲ့အဆီးအတားတွေပါပဲ"

ဥပမာပြရရင် ဂျပန်မှာဆိုရင် အထက်တန်းကျောင်းသားတွေမှပဲ ကားကူးလပ်စ် သင်္ချာကို သင်ရသလို အမေရိကန်က ကျောင်းတွေမှာလည်း ကားကူးလပ်စ် သင်္ချာကို ပညာထူးချွန်သူတွေမှပဲ သင်ရတာမျိုးဖြစ်ပါတယ်။

ဟိုးဝဒ်က ကျောင်းသားတိုင်းမှာ ဒီ့ထက်ပိုပြီး သင်ယူနိုင်တဲ့ဉာဏ်စွမ်း(ဝါ) ဦးနှောက်ပမာဏတွေ ရှိကြတယ်လို့ စောဒကတက်ပြီး ငြင်းချက်ထုတ်ပါတယ်။

**သူ့ရဲ့လေ့လာတွေ့ရှိချက်အရ သာမန်လေးနှစ်ရွယ်ကလေးအများစုရဲ့ သင်ယူနိုင်စွမ်းဟာ ဉာဏ်ထိုင်းတယ်လို့ သတ်မှတ်ခံရတဲ့ အလယ်တန်းကျောင်းသားလေးတစ်ယောက်ထက် ပိုကောင်းနေတာကို သာဓကထုတ်ပြပါတယ်။**



ဒီလို အတန်းအစားခွဲခြားမှုဟာ တကယ်များတယ်ဆိုတာ သက်ဆိုင်သူတွေ အဓိကထားသင်ကြားဆည်းပူးရမယ့် ရောမသင်ခန်းစာကြီးပါပဲ။

ထိပ်တန်းအုပ်စုတွေအဖို့ ဘာမဆိုဖြစ်နိုင်တာနဲ့အမျှ သူတို့ရဲ့ကြိုးစားမှုကို ဘယ်တော့မှရပ်တန့်ပစ်မှာ မဟုတ်ပါဘူး။ အောက်ဆုံးလွှာက အုပ်စုအဖို့တော့ ဘာမှဖြစ်နိုင်ချေမရှိတော့သလို ကြိုးစားချင်စိတ်ရှိမှာ မဟုတ်တော့ပါဘူး။ ဒီလိုနဲ့ အဲဒီ့ကျောင်းသားလေးတွေဟာ အောင်မြင်ဖို့ ဂရုတစိုက်ကြိုးစားအားထုတ်နေတဲ့ သူတို့ရဲ့အတန်းဖော်သူငယ်ချင်းတွေကို ပြက်ရယ်ပြုတဲ့ဘဝသာ ရောက်သွားမှာ သေချာပါတယ်။

ဟိုးဝဒ်ရဲ့ ကိုယ်တွေ့စမ်းသပ်မှုက အဖြေထုတ်လိုက်တာကတော့ ကျောင်းသားငယ်တွေကို အဆင့်အတန်းမခွဲခြားဘဲ တစ်တန်းတစ်စားတည်း အတူထားဖို့၊ ရှင်းလင်းပြတ်သားတဲ့ မျှော်လင့်ချက်တွေ အညီအမျှပေးထားဖို့နဲ့ သူတို့အားလုံးရဲ့ရှေ့မှာ ဆုလာဘ်ကောင်းတွေ ထားရှိဖို့ပဲဖြစ်ပါသတဲ့။ စောစောပိုင်းရလဒ်တွေအရ ချွန်၊ တော်၊ ညံ့ သုံးဆင့်စလုံးက ကျောင်းသားတွေဟာ မျှော်လင့်ချက်တွေ တိုးပွားကြီးမားလာသလောက် အစမ်းစာမေးပွဲက အောင်ချက်တွေလည်း ကောင်းလာတာတွေ့ရပါသတဲ့။

## အကိုးအကား

လူဆယ်ယောက်မှာ ရှစ်ယောက်ဆိုသလို သူတို့ရဲ့ဘဝမှာ သိသိသာသာ နောင်တရမှုတွေကို ဖော်ထုတ်ဖို့ မေးကြည့်တဲ့အခါ သူတို့လုပ်နိုင်တာထက် ပိုမကြိုးစားခဲ့မိဘူးဆိုတဲ့ သုံးသပ်ချက်နဲ့ ဝန်ခံစကားဆိုကြပါတယ်။

တစ်နည်းပြောရင်တော့ ကြိုးစားရင်း မအောင်မြင်တာထက် သူတို့လုပ်လိုက်ရင် ရှုံးမယ်ဆိုတာကိုသာ အာရုံစိုက်မိလို့ပဲဖြစ်ပါတယ်။

**ရီကော့တီ (၁၉၉၉)**

## (၆၄)

## ဒီလောကမှာ သင်တစ်ယောက်ထဲမဟုတ်ပါ ။

အမေရိကန် အိပ်မက် . . . တဲ့။

အမေရိကန် ကျင့်ဝတ် . . . တဲ့။

အမေရိကန်ရဲ့ ရှေ့ဆောင်စိတ်ဓာတ် . . . တဲ့။

ဒီဆောင်ပုဒ်တွေကို ကြားလိုက်ရုံနဲ့ ဖြုံသွားလောက်ပါတယ်။ ဒါပေမယ့် ဘယ်သူမဆို ကိုယ့်အတွက်ကိုယ် စဉ်းစားရမှာပဲဖြစ်ပြီး လူတိုင်းရဲ့အောင်မြင်မှု ဆုံးရှုံးမှုဟာ သူတို့တစ်ဦးချင်းနဲ့သာ လုံးဝသက်ဆိုင်တယ်ဆိုရင်ကော။

ခုလို တွေးခေါ်စားလိုက်မယ်ဆိုရင်တော့ မျက်ကန်းတစ္ဆေမကြောက် ဆင်ကန်းတောတိုးလုပ်တတ်တဲ့ ညာဉ်ကို မွေးမြူအားပေးရာ ရောက်သွားမှာ ကျိန်းသေတယ်။

လူတိုင်း စဉ်းစားလေ့ရှိကြတာကတော့ -



"ကောင်းကျိုးဆိုးကျိုးမှန်သမျှ ငါနဲ့ပဲ ဆိုင်တယ်၊ ဘာမဆိုဖြစ်တာ မဖြစ်တာလည်း ငါ့ကြောင့်ပဲ" တဲ့။

သို့သော်လည်း ဓမ္မဓိဋ္ဌာန်ကျကျပြောရရင်တော့ ကိုယ့်တစ်ကိုယ်တည်းအနေနဲ့ ပြည့်စုံပြီးမြောက်နိုင်တဲ့ စွမ်းအားဘယ်သူမှ မရှိကြပါဘူး။ လမ်းခရီးတစ်လျှောက်ခြေတစ်လှမ်းလှမ်းတိုင်းမှာ ကျွန်တော်တို့ကို ကာကွယ်စောင့်ရှောက်မယ့်လူတွေ၊ ကူညီသင်ကြားပေးမယ့်လူတွေနဲ့ တွေ့ကြရစမြဲပါ။

ပြီးတော့ အမေရိကန်တစ်ဦးချင်းရဲ့ စိတ်ဓာတ်အားလုံးကို စုပေါင်းလိုက်တဲ့စွမ်းအားကို ထောက်ခြင်းအားဖြင့် တစ်ယောက်တည်းနဲ့ (ဝါ) ရှေဦးစထွင်စွမ်းဆောင်ရှင်တွေတောင်မှ တစ်ဦးကောင်းတစ်ယောက် အောင်မြင်ခဲ့တာလို့ မဆိုနိုင်ပါဘူး။

### သာဓက

လွန်ခဲ့တဲ့ ဆယ်စုနှစ်တွေဆီက မီလ်ဝေါ်ကီးမြို့က "ကင်းဒရိုက်ဗ်"ဆိုတာ စည်စည်ကားကားနဲ့ အောင်မြင်လှတဲ့ လက်လီဈေးကြီးပါပဲ။

ဒီ့နောက် ပတ်ဝန်းကျင်ဒေသတစ်ဝှမ်း စီးပွားရေးအခြေအနေ ဆိုးဝါးကျဆင်းခဲ့ရာက ကင်းဒရိုက်ဗ်လည်း ခြောက်ကပ်ကပ်ဖြစ်ခဲ့ရတယ်။

ဒီနေ့ကျပြန်တော့ ဦးဆောင်လုပ်ငန်းရှင်တွေ တစ်ယောက်ကိုတစ်ယောက် ဖေးမလက်တွဲပြီး ဈေးရပ်ကွက်ကို ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြရာက အရင်အခြေအနေကို ပြန်ရောက်ခဲ့ပါပြီ။

လုပ်ငန်းရှင်တွေဟာ အသင်းတစ်သင်းထောင်လိုက်ကြသလို ဈေးလမ်းပေါ်မှာ ရှိတဲ့ သမိုင်းဝင်အဆောက်အဦးတွေကို အတူတကွပေါင်းစုပြီး ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းတွေ လုပ်ကြတယ်။

အလားတူပဲ လင်နီမော့စလီလို လုပ်ငန်းရှင်အသစ်တွေကို လိုအပ်သလို သင်ကြားလေ့ကျင့်ပေးပြီး ချေးငွေတွေ ထောက်ပံ့ကြတယ်။

လင်နီမော့စလီက ခုလိုရှင်းပြတယ်လေ။

"ကျွန်မတို့နေထိုင်ရာအုပ်စုကို ဒီ့ထက်နိုင်မာတောင့်တင်းအောင် လုပ်ချင်ကြသေးတယ်၊ လူတွေက အမေရိကန်အိပ်မက် မက်ဖို့ပြောနေကြတာမဟုတ်လား။ ဟုတ်ပြီ အဲဒီအိပ်မက်တွေဟာ ကျွန်မတို့ဆီမှာ တကယ်ဖြစ်နေပြီ"

"ဒီနေရာကို လာနေဖို့ကြိုးစားကြတဲ့လူတိုင်းကို ကျွန်မတို့က ရှင်းရှင်းလေးပဲ ပြောပါတယ်၊ ဒီနေရာမှာ ရှင်တစ်ယောက်တည်းမဟုတ်ပါဘူး။ ကျွန်မတို့အတူတကွ ပေါင်းစည်းနေကြမှာပါလို့"

လင်နီမော့စလီလိုပဲ မြို့ပြစီမံကိန်း သုတေသီအရာရှိတစ်ဦးကလည်း ခုလို ပြောပါတယ်။

"ဒီနိုင်ငံတစ်ဝှမ်း ကျွန်တော်တွေ့ဖူးသမျှထဲမှာတော့ ကင်းဒရိုက်ဖ်ဟာ မြို့တော် ပြန်လည်စည်ပင်ဖွံ့ဖြိုးရေးလုပ်တဲ့နေရာမှာ စံပြပါပဲ" တဲ့။

## အကိုးအကား

မိမိကိုယ်မိမိ အားကိုးတဲ့လူတွေရဲ့ ဝန်ခံချက်အရ လူလူချင်း ဆက်သွယ်မှုနဲ့ ပေါင်းစုလုပ်ဆောင်မှုဟာ တစ်သီးပုဂ္ဂလ အမြင်သက်သက်ကို ဆုပ်ကိုင်ရင်း အောင်မြင်မယ်လို့ ယူဆသူတွေထက် နှစ်ဆသာပါတယ်လို့ သိရပါတယ်။

ကာပင်တာ (၂၀၀၀)

(၆၅)

## ရည်မှန်းချက်ပန်းတိုင်တွေဟာ အသက်ဝင်လှုပ်ရှားနေတယ်

သင့်ရည်မှန်းချက်တွေဟာ သင်နဲ့တစ်သားတည်းဖြစ်နေရမယ်။ ရည်မှန်းချက်ဆိုတာ လူရယ်စရာကောင်းလောက်အောင် လက်လှမ်းမမီတာမျိုး မဖြစ်သင့်သလို အလွယ်တကူ ဆွတ်ချူလို့ရတာမျိုးလည်း မဖြစ်သင့်ဘူး။ ဒီလိုမှ မဟုတ်ရင်တော့ အဓိပ္ပာယ်မရှိတဲ့ ရည်မှန်းချက်တွေကြောင့် သင့်ကြိုးပမ်းအားထုတ်မှုတွေဟာလည်း အလဟဿဖြစ်သွားမှာပေါ့။

သင့်ရည်မှန်းချက်ကို ကြိုးစားရယူနိုင်တဲ့ မလှမ်းမကမ်း၊ မနိမ့်မမြင့်လွန်းတဲ့ နေရာမှာထားပါ။ သိပ်မဝေးလှတဲ့နေရာမှာ ရှိနေရင်လည်း တစ်နေ့တော့ အရောက်သွားနိုင်မှာပါ။

## သာဓက

၁၉၇၈-ခုနှစ်အတွင်းက ကူမီကို ဝါတာနက်ဗီဟာ အေတီအင်တီကုမ္ပဏီ အီရန်ဌာနခွဲမှာ ဘဝရည်မှန်းချက်ပန်းတိုင်ထားပြီး ဝင်လုပ်ခဲ့မိပါတယ်။

နောက်တော့ အီရန်တော်လှန်ရေးကြီးက နိုင်ငံတစ်ခုလုံး ဝါးမြိုသွားတယ်။ ကူမီကို ဝါတာနက်ဗီ ကိုယ်တိုင်လည်း ပြည်နှင်ဒဏ်ခံခဲ့ရပြီး နယူးယောက် ရုံးခန်းမှာ အနာဂတ်လမ်းညွှန်မရှိပဲ တစ်ကပြန်စခဲ့ရပါတော့တယ်။

သူဟာ လုပ်ငန်းသစ်စီမံကိန်းတစ်ခုကို ရေးဆွဲဖို့ကြံရင်းက အမေရိကန်ပြည်ထောင်စုကို ပြန်ရောက်တဲ့အကျိုးတရားကို အသည်းစွဲသွားရပါတော့တယ်။

"ခုဆို ကုမ္ပဏီစရိတ်နဲ့ ဘွဲ့လွန်တက်ဖို့ အခွင့်အရေးရခဲ့ပြီး ကုမ္ပဏီကဝန်ထမ်းရေးရာတာဝန်ခံကို ချဉ်းကပ်ခဲ့ရာက နိုင်ငံရပ်ခြားကို သွားမလုပ်လိုတော့ကြောင်းလည်း ပန်ကြားခဲ့မိပါတယ်"

ဒီတောင်းဆိုချက်က ကုမ္ပဏီက အထက်လူကြီးတွေ အကြိုက်တွေ့စရာ မဖြစ်ခဲ့ပေမယ့် ကူမီကိုမှာရှိပြီးသား နိုင်ငံတကာအတွေ့အကြုံက လုံလောက်နေတာလည်း နားလည်ခဲ့ကြပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီနေ့အဖို့တော့ ကူမီကိုဟာ နိုင်ငံတကာကုန်သွယ်ရေးကိစ္စတွေမှာ အကြံပေးနိုင်တဲ့ ကုမ္ပဏီတစ်ခုကို ဖွင့်နိုင်ခဲ့ပါပြီ။

"ကျွန်မဟာ ကျွန်မလုပ်ဖို့ လိုအပ်တဲ့အတိုင်းအတာနဲ့ အောင်မြင်မှုရဖို့ ငါးမိနစ်စီမံကိန်းချပြီး ဆောင်ရွက်နေပါတယ်၊ ကျွန်မအနေနဲ့ စီမံကိန်းအတိုင်း နိုင်နိုင်နင်းနင်း လုပ်ဆောင်ရင်းက ကွေ့ဝိုက်သွားရတဲ့နေရာလေးတွေ ရှိပေမယ့် ကျွန်မလိုရာပန်းတိုင်ကို ရောက်ခဲ့ပါတယ်၊ အဲ···လုပ်ငန်းစီမံကိန်းကို ကျွန်မဘဝရဲ့ လိုအပ်တဲ့အစိတ်အပိုင်းတစ်ခုအဖြစ် သွတ်သွင်းနိုင်ခဲ့တယ်ဆိုပါတော့··"



ရည်မှန်းချက်ပန်းတိုင်ဆိုတာ အသေမဟုတ်ဘဲ ပြောင်းသင့်ရင်ပြောင်းရမယ် ဆိုတဲ့ သာဓကလေးပါ။

## အကိုးအကား

မကြာခင်က ကောလိပ်က ဘွဲ့ရလာသူတွေကို သုတေသနပြုကြည့်တဲ့အခါ ၇၀-ရာခိုင်နှုန်းဟာ သူတို့ရဲ့လုပ်ငန်းခွင်မှာ သူတို့ရဲ့စွမ်းဆောင်နိုင်တဲ့ အရည်အချင်းတွေနဲ့ ပတ်သက်လို့ ထင်သလိုမဖြစ်ပဲ ခုခံချေပရတဲ့အတွက် စောစောပိုင်းအတွေ့အကြုံတွေကို ဘဝင်မကျသလို ငြင်းဆန်တုန့်ပြန်မိကြတယ်လို့ ဆိုပါတယ်။

ဒါဟာ လုပ်ငန်းတိုးတက်မှု တုန့်နှေးသွားရာက ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေကြုံရစဉ်မှာ သက်ဆိုင်ရာလူကြီးတွေကို ပြန်တင်ပြဖို့ ရှောင်လွှဲခဲ့တာကြောင့် သူတို့ရဲ့ အောင်မြင်မှုကို အထောက်အကူပြုမယ့် ရှုမြင်သုံးသပ်မှုတွေ အလေ့အထတွေကို လက်ခံဖို့ အခက်တွေ့ခဲ့ရတာပဲဖြစ်ပါတယ်။

ထရတ်ပ် နှင့် ပိုမာရန့်ဇ် (၁၉၉၈)

## (၆၆)

## အပြင်းအထန် စိတ်တက်ကြွလှုပ်ရှားမှုများကို ရှောင်ကြဉ်ပါ ။

ကျွန်တော်တို့ဟာ ရိုလာကိုစတာခေါ်တဲ့ မိုးပျံရထားကြီးစီးရလို့ ရင်ဖိုလှုပ်ရှားတဲ့အရသာကို နှစ်နှစ်သက်သက်ခံစားချင်ကြပါတယ်။

လူတိုင်းကလည်း သူတို့ဘဝမှာ ဒီလိုရင်ခုန်ပြီး တုန်လှုပ်ခြောက်ခြားစရာတချို့ကို ကြိုက်နှစ်သက်ကြတာပါပဲ။

ဒါပေမယ့် အမြင့်ကြီးရောက်လို့ ပျော်မြူးရတဲ့ခံစားမှုက ကောင်းသလောက်နောက်ဆက်တွဲကပ်ပါလာတဲ့ အောက်ကိုဆင်းချသွားရတဲ့ ခံစားမှုကတော့ ဆိုးဝါးလှပါတယ်။



အောင်မြင်တဲ့ဘဝတစ်ခုမှာ စိတ်ကြွရင်ခုန်စရာနေ့ရက်တွေ မရှိတော့သလို ကျေနပ်ရရ ပုံမှန်လေးနဲ့ ကိုယ့်အလုပ်ကိုယ် လုပ်ကိုင်နိုင်စွမ်းရှိဖို့ပဲ လိုပါတော့တယ်။

### သာဓက

တိုနီနဲ့ ကာလာတို့ဟာ အဆင်မပြေချို့တဲ့သော နှစ်တွေကို ရုန်းကန်ဖြတ်သန်းခဲ့ကြရသူတွေဖြစ်ခဲ့ပါတယ်။ တိုနီက ကျောင်းတက်နေတုန်း . . .။

ကာလာက သူတို့ဇနီးမောင်နှံရဲ့ စားဝတ်နေရေးစရိတ်တွေကို အသည်းအသန်ထွက်ရှာပြီး အိမ်ပြန်ရောက်တော့လည်း ချက်ရပြုတ်ရ သိမ်းဆည်းလျှော်ဖွတ်ရဆိုတဲ့ အိမ်မှုကိစ္စတွေကို နှစ်ယောက်စာလုံးပန်းရပြန်ပါတယ်။

"အတိတ်ကို ပြန်ကြည့်လိုက်ရင် အဲဒီ့အချိန်က တောင်တက်လမ်းမှာ ရုန်းကန်ရတာပါပဲ၊ ဒါပေမယ့် ကျွန်မတို့ရဲ့ ဘဝတောင်ကို ရုန်းတက်ရတာပါ။ ဒီ့နောက်လည်း နှစ်ယောက်သားလက်တွဲပြီး ဆက်ရုန်းနေဆဲဖြစ်ပါတယ်"

ကာလာက မှတ်မှတ်ရရ ပြန်တမ်းတခဲ့တာပါ။ ခုတော့ တိုနီဘွဲ့ရခဲ့သလို ဘဝသစ်ရဲ့အထွင့်အထိပ်ကို ရောက်ခဲ့ပါပြီ။ စီးပွားရေးအဆင်မပြေမှုတွေလည်း မရှိတော့ပါဘူး။ စင်စစ်အားဖြင့် သူတို့လက်ထပ်ခါစ အခြေအနေနဲ့ ဘာမှမဆိုင်တော့အောင် တိုးတက်ပြောင်းလဲခဲ့ပါပြီ။

**ဒီဘဝမှာ ကျေနပ်ပျော်ရွှင်မှုကို ပြရမယ့်အစား တိုနီက ကာလာအပေါ်မှာ မချင့်မရဲဖြစ်နေခဲ့မိတယ်။ အကြောင်းကတော့ သူဟာ လူသစ်စိတ်သစ်ဖြစ်လာပေမယ့် ကာလာကတော့ သူ့လို လူသစ်စိတ်သစ်မပြောင်းနိုင်ဘဲပါပဲ။**

**ကာလာကလည်း သူ့ဆိုလိုရင်းအဓိပ္ပာယ်ကို သဘောပေါက်ပြီး သောကတွေ ပွားနေခဲ့ရပါသတဲ့။**

"ကျွန်မကတော့ အစစအရာရာ ပြောင်းလဲမပစ်ချင်ဘူး။ လူသစ်စိတ်သစ်ဆိုတာလည်း မဖြစ်ချင်ဘူး။ ကျွန်မဟာ ဝတ္ထုရေးကျော့တဲ့ ဇနီးကောင်းတစ်ယောက်မှ ဟုတ်ပါတော့မလားဆိုတဲ့ စိုးရိမ်စိတ်ကြီးနေ့စဉ်ဖိစီးနေတဲ့ဘဝမှာ မနေချင်ဘူး။ တစ်နည်းပြောရင် သူ့စိတ်ဆင်းရဲ ကိုယ်ဆင်းရဲထပ်ကြုံစေမယ့် အဖြစ်မျိုးကို အရောက်မခံနိုင်တော့ပေါ့"

တိုနီကတော့ ကာလာဟာ သူတို့အိမ်ထောင်ရေးဘဝမှာ သုခခံစားရမယ့် အပိုင်းကို ဥပေက္ခာပြုပြီး ဒုက္ခဆက်ခံလို့ ရုန်းကန်နေဖို့ပဲ အာရုံရောက်နေတယ်။ ဒါဟာ အိမ်ထောင်ရေးသုခကို ပျက်စီးအောင်လုပ်တာပဲလို့ သူမကိုပြောနေတယ်။

ကာလာဘက်ကလည်း အဲဒီ့အချိန်ကိုပဲ တမ်းတမျှော်မှန်းနေတာပါတဲ့။

"ကျွန်မတို့ဘဝတည်ငြိမ်မှုရဖို့ပဲ ကြိုးစားနေတာပါ။ ပင်ပင်ပန်းပန်းရုန်းကန်ပြီးမှ တည်ငြိမ်မှုဆိုတာ ရမှာပါ" ဆိုပဲ။

ကဲ . . . ဘယ်သူမှန်မလဲ။

## အကိုးအကား

လုပ်ငန်းစုခေါင်းဆောင်တွေရဲ့ နှစ်ရှည်လများ လေ့လာသုံးသပ်ချက်အရ သူတို့ရဲ့အလုပ်မှာ တာရှည်ခွဲမြဲလုပ်ကိုင်ခဲ့သူ ဆယ်ယောက်မှာ ခုနစ်ယောက်ဟာ အကျိုးရလာဒ်အနေနဲ့ အကောင်းဆုံးရော အဆိုးဆုံးတွေပါကြုံရပြီး သူတို့ရဲ့စိတ်ခံစားမှုတွေကို တည်ငြိမ်အောင် ညှိနှိုင်းထိန်းသိမ်းနိုင်ကြတယ်လို့ ဆိုပါတယ်။

သူတို့ဟာ စိတ္တဗေဒပညာရှင်တွေရဲ့ အခေါ်အရ "လက်ခံနိုင်ဖွယ်ရှိတဲ့ သာမန်လူတစ်ယောက်အဖြစ် ချိန်ထိုးဆင်ခြင်တတ်သူ" တွေဖြစ်လာကြသလို အများတကာထက် ထူးထူးခြားခြား သာလွန်မှုတွေကို မမက်မောတော့ဘူးဆိုပဲ။



ဒီစိတ်ထားဟာ တကယ်အသုံးကျပါတယ်။

အကြောင်းကတော့ နေ့တိုင်းလိုလို ထူးကဲသာလွန်သူတွေဖြစ်ဖို့ထက် သာမန်သူလိုကိုယ်လို လူတွေအဖြစ်မှာနေရတာမို့ပဲဖြစ်ပါတယ်။

**အင်ဂရမ် (၁၉၉၈)**

(၆၇)

## ဂရုစိုက်

အိမ်မှာပဲဖြစ်ဖြစ် အလုပ်ခွင်မှာပဲဖြစ်ဖြစ် လူတွေဟာ သူနဲ့အနီးစပ်ဆုံး ပတ်ဝန်းကျင်မှာရှိသူတွေကို ဂရုတစိုက်စောင့်ရှောက်ရမှန်းသိကြပါတယ်။

သူတို့ကိုယ်တိုင်နဲ့ သူတို့ဘဝကို အဲဒီပတ်ဝန်းကျင်မှာ မြှုပ်နှံထားရတာနဲ့ အမျှ ဒီလူတွေရဲ့ဘဝ၊ ကိစ္စကြီးငယ်၊ စိတ်ဝင်စားမှုတွေနဲ့ ဖြစ်ထွန်းကောင်းစားရေးကို ကိုယ်နဲ့တန်းတူ အေးအတူပူအမျှ ဦးစားပေးတာဟာ ဂရုစိုက် စောင့်ရှောက်ခြင်းပါပဲ။



## သာဓက

၁၉၉၅-ခု ဒီဇင်ဘာလအတွင်းမှာ မာလ်ဒင်မီးလ်စ်ဆိုတဲ့ အထည်စက်ရုံကြီး မီးလောင်ပျက်စီးသွားရတဲ့အတွက် စက်ရုံပိုင်ရှင်ဖြစ်သူ အာရန်ဖောင်ဝါစတိန်းဟာ အထိ နာရသလို ယူကျုံးမရဖြစ်လို့မဆုံးတော့ပါဘူး။

ဒီစက်ရုံထဲမှာ ရှိသမျှငွေတွေနဲ့ သူ့ဘဝကိုပါ ပုံအောထားခဲ့တာဖြစ်သလို သူ့လုပ်ငန်းဟာ နိုင်ငံခြားဈေးကွက်မှာ ပြိုင်ယှဉ်ပြီး အောင်မြင်မှုတွေရခဲ့ဂုဏ အလုပ် သမားတွေကို ထိုက်ထိုက်တန်တန် လုပ်ခတွေပေးပြီး သူ့အကျိုးအမြတ်ကို လျှော့ယူခဲ့ တာဖြစ်ပါတယ်။

ဗိသုကာတွေ၊ ကံထရိုက်တာတွေနဲ့ စာရင်းကိုင်တွေက စက်ရုံသစ်ပြန်ဆောက် ဖို့ တွက်ချက်ပြတဲ့အခါမှာ အာရွန်ဟာ သူ့လုပ်ငန်းမှ ဆက်လုပ်နိုင်ပါ့မလားလို့တောင် ပူပင်သောကပွားခဲ့ရပါသေးရဲ့။

ဒါပေမယ့် သူဟာ လုပ်ငန်းအကြောင်းထက် သူ့အတွက်အလုပ်လုပ်ပေးနေ တဲ့ အလုပ်သမားနှစ်ထောင်ရဲ့အရေးကို ဦးစားပေးစဉ်းစားခဲ့ပါတယ်။

သူ့အလုပ်သမားတွေဟာ မနက်တိုင်း အလုပ်ဆင်းပြီး တစ်နေ့လုံး တစ်ကုတ်ကုတ်နဲ့, လုပ်ကြပြီးတခြားလူတွေ မမျှော်မှန်းတဲ့ အရည်အသွေးကောင်း မွန်တဲ့ထုတ်လုပ်မှုနဲ့ အကျိုးအမြတ်တွေ ရစေခဲ့တာကလား . . .။

ဒါကြောင့်လည်း အာရွန်က စက်ရုံပြန်တည်ရေးသာမက စက်ရုံပြန်ဆောက် စဉ်ကာလ ပေါင်းများစွာ အလုပ်ပိတ်ထားချိန်မှာ သူ့အလုပ်သမားတွေကို လုပ်ခလစာတွေ ထုတ်ပေးနေဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

သူ့အလုပ်သမားတွေရဲ့ မျက်နှာပေါ်က စက်ရုံကြီးမီးလောင်သွားလို့ ဝမ်းနည်း

ပက်လက်ကျတဲ့မျက်ရည်တွေဟာ ဝမ်းသာလုံးဆို့ပြီးကျတဲ့ ပီတိမျက်ရည်တွေဖြစ်သွားရပြန်ပါပြီ။

ဒီနေ့ဆိုရင် ပင်မစက်ရုံကြီးကို အသစ်တည်ပြီးလို့ လည်ပတ်နေသလို မာလ်ဒင်မီးလ်စ် အလုပ်သမားတွေကလည်း အာရွန်ရဲ့စကားနဲ့ဆိုရင် -

"ခင်ဗျားတွေဖူးသမျှထဲမှာ သစ္စာအရှိဆုံးနဲ့ အပင်ပန်းခံဆုံးလူတွေဖြစ်နေတာတွေ့ရမှာပဲဗျို့" တဲ့။

## အကိုးအကား

အမှုဆောင်အရာရှိချုပ် ဆယ်ယောက်မှာ ရှစ်ယောက်က ကျန်းမာတဲ့မိသားစုတစ်စုရဲ့ဘဝဟာ ကုန်ထုတ်စွမ်းအားကောင်းတဲ့ လုပ်ငန်းတစ်ခုအတွက် ပဓာနကျကျအရေးပါလှပြီး အလုပ်ရှင်နဲ့အလုပ်သမား ရင်းနှီးလိုက်လျောမှုနဲ့ သူတို့ချင်း အပြန်အလှန်ထားတဲ့ဆက်ဆံရေး အတိုင်းအဆဟာလည်း အိမ်မှာရော အလုပ်ခွင်ထဲမှာပါ အရေးကြီးတဲ့ဆုံးဖြတ်ချက်တွေကို ပေးတယ်လို့ ပြောကြပါတယ်။

**ဟင်ဒါဆင် (၁၉၉၉)**

## (၆၈)

## အပြော်အပြင်မရှိလျှင် ဇွဲလည်းမရှိနိုင်

သင်တကယ်လိုချင်တဲ့အရာ တော်တော်များများဟာ သင့်ဆီကို ညတွင်းချင်း၊ ၇-ရက်အတွင်း (ဒါမှမဟုတ်) နောက်လမှာ ရောက်လာမယ်လို့ မှချမပြောနိုင်ပါဘူး။

သင့်အတွက် အရေးကြီးဆုံးအရာတွေဆိုရင် နှစ်ချီကြာသွားပါလိမ့်မယ်။ တစ်ခါတလေ နှစ်ပေါင်းများစွာ အချိန်ယူသွားတတ်ပါတယ်။

ကိုယ်လိုချင်တာရဖို့ အကြာကြီးအဝေးကြီး ခရီးဆက်ရဦးမယ်ဆိုတာ သိရင်ကော သင်ဘာဆက်လုပ်မလဲ။

ဇွဲကောင်းတဲ့လူတွေကတော့ သူတို့လိုချင်တာ ရအောင်လုပ်နိုင်တယ်ဆိုတဲ့ အသိစိတ်ဓာတ်မွေးပြီး သူတို့ကိုယ်သူတို့ မောင်းတင်ပေးကြတယ်။ သူတို့က ခရီးအကွာအဝေးနဲ့ အချိန်ကာလကို သိပ်အာရုံထားတာ မဟုတ်ပါဘူး။ သူတို့လိုလားချက်တွေဟာ

ဖြစ်နိုင်တယ်၊ ရအောင်လုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်ကိုပဲ ဦးထိပ်ထားကြတာပါ။

စိတ်ရှည်လက်ရှည်နဲ့ ဇွဲကောင်းသူတွေဟာ သူတို့ရေ့က အခက်အခဲတွေက အရေးကြီးတန်သလောက်ကြီးတယ်ဆိုတာထက် သူတို့ကိုယ်သူတို့ နားလည်ဖို့နဲ့ အနာဂတ်အတွက် မြော်မြင်ဉာဏ်ရှိဖို့က ပိုအရေးကြီးတယ်လို့ ယူဆကြပါတယ်။

## သာဓက

တစ်ခါတစ်ခါ သူဒုက္ခရောက်သွားတယ်လို့ သူ့ဇနီးကတောင် ထင်ခဲ့ရပေမယ့် ရင်းနှီးမြှုပ်နှံမှု အကြံပေးပုဂ္ဂိုလ် ဝှါန်ကွန်နီဗာကတော့ စတော့ဈေးကွက်ဟာ ရေရှည် ရင်းနှီးမြှုပ်နှံရတဲ့ ရောမလုပ်ငန်းကြီးပါလို့ လူတိုင်းကိုပြောနေကျ။

"ဒီ့ထက်ကောင်းတဲ့ ရေရှည်ရင်းနှီးမြှုပ်နှံမှုဆိုတာလည်း မရှိနိုင်တော့ပါဘူး။ စတော့ရှယ်ယာအမျိုးမျိုးကို စည်းစနစ်တကျနဲ့ ရေရှည်ရင်းနှီးမြှုပ်နှံမှုလုပ်တာဟာ စွဲမက်စရာညှို့ငင်တာ၊ ရင်ခုန်စရာ၊ ခင်ဗျားကို နေ့ချင်းညချင်း ချမ်းသာသွားစေမှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သေသေချာချာ ပြန်စဉ်းစားကြည့်ရင် နေ့ချင်းညချင်း ချမ်းသာအောင် လုပ်ပေးနိုင်တာလည်း ဒီနည်းကလွဲလို့ တစ်ခြားနည်းမရှိဘူး"

တစ်ဆက်တည်းမှာ ဝှါန်က ရှင်းပြပါသေးတယ်။

"ကုန်ထုတ်လုပ်မှုကောင်းလို့ အခြေအနေကောင်းတဲ့ကုမ္ပဏီတွေက ငွေဖြစ်အောင်လုပ်ပေးနိုင်သလို ရေရှည်မှာ သူတို့ရှယ်ယာတွေဟာလည်း တန်ဖိုးရှိလာနိုင်တယ်၊ စီးပွားရေးကပ်ဆိုက်လို့ ဖြစ်စေ ဒါမှမဟုတ် ကုမ္ပဏီတွေ လုပ်ငန်းမကောင်းတဲ့နှစ်တွေကြုံရလို့ ဈေးထိုးကျတာကြုံရပေမယ့် စိတ်ရှည်လက်ရှည်စောင့်နေလိုက်ရင် နေ့ကောင်းရက်မြတ် ပြန်ရောက်လာပြီး တက်ဈေးမိနိုင်တာပဲ၊ အဲဒီနှစ်မျိုးမှာ အဆိုးတွေမှန်သမျှ ပျောက်သွားမှာ သေချာတယ်"



စတော့ရှယ်ယာဈေးကွက် ငွေချက်ချင်းပြန်ပေါ်ဖို့ ကြိုးစားတာနဲ့ပတ်သက်လို့တော့ ဝှါန့်အဆိုက -

"အဲဒါက အရှုံးတွေကစားနည်းပါ။ အဲ့ဒါဟာ ခင်ဗျားရဲ့ ငွေကြေးချမ်းသာမှုတွေကို ပုံအောပြီး ကံစမ်းရတာမျိုးသာဖြစ်ပြီး ရွှေဖြစ်ငွေဖြစ်မဟုတ်ပဲ ရှိသမျှကုန်ချင်ရင်တော့ စမ်းသာကြည့်လို့ ပြောရမှာပဲ"

## အကိုးအကား

ဘာအလုပ်မဆို လွယ်လွယ်နဲ့ လက်လျှော့အရှုံးပေးတတ်သူတွေနဲ့ အောင့်အီးသည်းခံပြီး ဆက်လုပ်သူတွေမှာ အခက်အခဲအကြပ်အတည်းတွေရဲ့ စိမ်ခေါ်မှုကို ရင်ဆိုင်ဖြတ်သန်းရပြီဆိုရင်တောင် ဇွဲကောင်းသူတွေက သူတွေကသာပါတယ်။

သူတို့ဟာ ဘာလုပ်ရမယ်ဆိုကာ ထည့်စဉ်းစားစရာမလိုပဲ သူတို့တယ်လောက်ခရီးပေါက် အောင်မြင်နေတာနဲ့ သူတို့ကြုံတွေ့ရတဲ့ အခက်အခဲကို အသာလေးကျော်လွှားနိုင်တယ်ဆိုတာ နှစ်ခါပြန်စဉ်းစားဖို့ အချိန်တွေအများကြီးရတာကို သုတေသီတွေ တွေ့ရှိခဲ့ကြပြီးသားပါ။

စပါးရီး (၁၉၉၈)

## (၆၉)

## အလုပ်အကိုင်ပြောင်းရုံနဲ့ သင်မပြောင်းလဲနိုင်

ကူးပြောင်းမှုတွေဟာ အစစအရာရာသိပ်ကိုကွာခြားသွားမယ်ထင်ရတာကြောင့် ကျွန်တော်တို့ကို မလှုပ်ဝံ့အောင် ခြောက်လှန့်ဟန့်တားထားပါတယ်။

ကျွန်တော်တို့ဘဝမှာ လုပ်စရာတွေ လုပ်နိုင်စွမ်းရှိဖို့ နိုင်မြဲတဲ့စိတ်ဓာတ်တွေ လိုပါတယ်။ ကိစ္စရပ်အသစ်တွေကို တာဝန်ယူဆောင်ရွက်တဲ့အခါမျိုးမှာ ကိုယ်ဘယ်သူပဲ ဆိုတဲ့ စိတ်ဓာတ်နိုင်မာမှုအပေါ် အားပြုထားခြင်းအားဖြင့် စိတ်ချယုံကြည်မှုနဲ့ သက်သာ အေးဆေးမှုကို ရပါလိမ့်မယ်။



### သာဓက

အေမီဟာ အလုပ်အကိုင် အတိုင်ပင်ခံတစ်ဦးဖြစ်ပြီး လူတွေအလုပ်အပြောင်းအရွှေ့လုပ်ကြတာကို နေ့စဉ်နဲ့အမျှ မြင်တွေ့နေရသူပါ။

ဒါနဲ့အမျှ လူတွေဟာ အကူးအပြောင်းကာလ စိုးရိမ်ကြောင့်ကျမှုတွေကို တစ်ချိန်လုံးခံစားနေတာလည်း သိမြင်နေပါတယ်။

“အဲဒီအချိန်မှာ သူတို့ဟာ ၅-နှစ်သားကလေးကို သူငယ်တန်းပထမဆုံးနေ့မှာ ကျောင်းကိုတစ်ယောက်တည်း လွှတ်လိုက်တာနဲ့မခြားပါဘူး။ ငါ ဘာတွေနဲ့များကြုံရမှာပါလိမ့်၊ ငါ့မှာ ဘာတွေများဖြစ်လာမှာပါလိမ့်ဆိုတဲ့ ကြောက်စိတ်တွေဖိစီးနေရတာပဲပေါ့၊ ဒါပေမယ့် တကယ်ဖြစ်မလာသေးတာကို တွေးကြောက်နေတတ်တဲ့ လူတစ်ချို့ရဲ့ကြောက်စိတ်ဟာ ရယ်စရာကောင်းလှပါတယ်”

အေမီက သူ့ကို ဆွေးနွေးတိုင်ပင်ဖို့ရောက်လာသူတွေမှာ အလုပ်အကိုင်ရွှေ့ပြောင်းတာနဲ့အတူ လိုက်မပြောင်းလဲနိုင်တဲ့ အာရုံတစ်ခုတော့ ရှိခဲ့ပါသတဲ့။ အဲဒါက တော့ “သူတို့ကိုယ်သူတို့”ပါပဲ။

တချို့လူတွေဟာ သူတို့ပတ်ဝန်းကျင်လောကမှာ ရှိသမျှအရာအားလုံး ပြောင်းသွားမယ်လို့ တကယ်ထင်ကြသလို အတူတကွယှဉ်တွဲနေထိုင်ရေးဆိုတဲ့ အသိဉာဏ်တွေပါ ကင်းလွတ်သွားချင်ကြတယ်၊ တချို့ကလည်း ပြောင်းလဲမှုတွေအပေါ် အပြုသဘောဆောင်ပြီး သူတို့ရဲ့အကျင့်ဟောင်းညာဉ်ဆိုးတွေ ပျောက်ကွယ်သွားမယ်လို့ ယူဆခဲ့ကြတယ်၊ ကျွန်မအနေနဲ့တော့ အလုပ်ပြောင်းတာနဲ့ ပေါင်းသင်းဆက်ဆံရေးပြောင်းတာကို နှိုင်းယှဉ်ပြချင်ပါတယ်၊ ရှင့်ရဲ့ ဘုရားမယုံကြည်တဲ့ဝါဒကို အပေါင်းအသင်းမိတ်ဆွေတွေ ပြောင်းပစ်ရုံနဲ့ ပြောင်းလို့မရပါဘူး။ ဒါဟာ ပြဿနာက ရှင်နဲ့အတူတွယ်ကပ်နေလို့ပဲဖြစ်ပါတယ်၊ ဒီအတိုင်းပဲ ရှင်လူသစ်စိတ်သစ်ဖြစ်ဖို့ အလုပ်ပြောင်းရုံနဲ့မရပါဘူး”

"ရှင်ဘယ်နေရာမှာ ဘာအလုပ်ပဲလုပ်လုပ်၊ ရှင်ဟာရှင်ပဲဖြစ်နေမှာပါ။ ပြီးတော့ ဘယ်ကိုပဲ ရှင်သွားသွား၊ ရှင်လုပ်ရမယ့်အလုပ်ကတော့ ရှိနေမှာပဲလေ"

## အကိုးအကား

လူတိုင်းနီးပါးဟာ အလုပ်သစ်တစ်လုပ် စလုပ်ချိန်မှာ ကြောင့်ကြစိုးရိမ်စိတ်တွေ ခံစားနေကျပါပဲ။ ဘာပဲဖြစ်ဖြစ် သူတို့ကိုယ်သူတို့ အသိအမှတ်ပြုပြီး အရေးစိုက်အာရုံထားလိုက်နိုင်သူတွေဟာ ဘာမှန်းမသိသေးတဲ့ ပတ်ဝန်းကျင်ဆိုတာရဲ့ ဖိစီးမှုဒဏ် လျော့နည်းသွားပါတယ်။ ပြီးတော့ သူတို့ရဲ့နေရာသစ်မှာ အချိန်ထက်ဝက်လောက်စောပြီး အဆင်ပြေ၊ သက်သာမှုရသွားကြတာလည်း တွေ့ရပါတယ်။

**အယ်လိုဗိုင်နီယို နှင့် မီဗီမီးကီ (၂၀၀၁)**

(၇၀)

## အကောင်းမလာခင် အဆိုးရှေ့ကာခံ ။

သင်လိုချင်တောင့်တခဲ့အရာတွေကို အလွယ်တကူရမှာတော့ မဟုတ်ပါဘူး။ သို့သော်လည်းပဲ သင့်အနေနဲ့ အချိန်မရွေး ရယူနိုင်စရာတော့ ရှိပါတယ်။ ကျွန်တော်တို့ရဲ့လိုလားချက်ကို အရယူဖို့ကြိုးပမ်းရာမှာ စိတ်ပျက်စရာ အနှောက်အယှက်တွေနဲ့ ရင်ဆိုင်ရမှာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဘဝ အဆုံးစွန်သောအားဖြင့် ကောင်းစားအောင် မြှင့်တင်ရေးမှာ ပထမတော့ စိတ်ရှည်သည်းခံပြီး စွန့်လွှတ်အနစ်နာခံရဦးမှာပါ။

ခု လက်ငင်းလောလောဆယ် သင့်ရဲ့ကြိုးစားအားထုတ်မှုကို လျှော့ချလိုက်မယ်ဆိုရင်တော့ ယာယီတဒင်္ဂအားဖြင့် သက်သာမှုရနိုင်ပါရဲ့။ ဒါပေမယ့် သင့်ရဲ့အနာဂတ် အောင်မြင်မှုကို စိတ်ချရတော့မှာမဟုတ်ပါဘူး။ ဒါမှမဟုတ် သင့်ရဲ့စွမ်းအားတွေကို

အမြင့်ဆုံးထုတ်သုံးလိုက်မယ်ဆိုရင်လည်း သူမတူအောင် လှပတဲ့ အနာဂတ်ကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။

## သာဓက

"ကျွန်တော်ဟာ ဘယ်အခြေဆိုက်မယ်ဆိုတာ တကယ့်ကို နားမလည်ပဲနဲ့ ညကလပ်တစ်ခုကို ဝယ်လိုက်မိပါတယ်"

ဒိန်းမာပဲလ်စ်က ဖွင့်ပြောတာပါ။

"ကျွန်တော့်ရဲ့ အစုစပ်သမားတွေကလည်း ကလပ်ကို ပြန်မဖွင့်ခင် မွမ်းမံပြင်ဆင်ရမယ်လို့ သဘောပေါက်ခဲ့ကြရာက ကျွန်တော်လည်း ငွေတွေသုံးဆလောက်ကုန်သွားပါလေရော . . . ဒီလိုနဲ့ ကလပ်ဖွင့်ခဲ့တယ်ဆိုပါတော့ တစ်နှစ်လောက် လူမလာဘူးဗျ။ လာတဲ့လူကလည်း လက်တစ်ဆုပ်စာလေးရယ်၊ သူတို့ကို ကျွန်တော့်ဧည့်ခန်းထဲတင်ထည့်ထားလို့ရတယ်"

ဒိန်းတစ်យောက် စိတ်မောလူမော ဖြစ်နေခဲ့ရပါပြီ။

ဒီတုန်းမှာ သူ့ရဲ့အကြံပေးပါရဂူတွေက ပြောတယ်။ နာမည်အသစ်ပြောင်း၊ အခမ်းအနားအသစ်ပြင်၊ အစီအစဉ်သစ်တွေလုပ်၊ စီမံခန့်ခွဲမှုတွေလည်း အသစ်လဲဖို့အချိန်တန်ပြီတဲ့။

ဒါပေမယ့် သူတို့စကားအရ ကလပ်ကိုပြန်ပိတ်ရမယ်၊ ငွေတွေ သောက်သောက်လဲ ထပ်ကုန်ရဦးမယ့် အဓိပ္ပါယ်ပေါ့။

"ကျွန်တော်လည်း မထူးဘူးဆိုပြီး သူတို့ပြောတဲ့အတိုင်း လိုက်လုပ်ရတော့တာပဲ၊ ကျွန်တော်တို့ သည်းခံမာန်တင်းပြီး အနစ်နာခံစွန့်လွှတ်မှုတွေ လုပ်ခဲ့တယ်ဆိုပါတော့ လုပ်လက်စကြီးနဲ့ လက်မြှောက်အရှုံးပေးလိုက်လို့ကတော့ ဘာတစ်ခုမှ ပြန်ရ



မှာ မဟုတ်တော့ပါဘူး"

ကဲ . . . ဒီနေ့ဆိုရင်ပဲ ပစ်ဖစ်ကာ ကလပ်မှာ လူတွေကြိတ်ကြိတ်တိုးနေသလို အမြတ်ကြီးမြတ်နေခဲ့ရပါပြီ။

"ခင်ဗျားဟာ လုပ်ငန်းတစ်ခုကို ခုလိုခြိမ့်ခြိမ့်သည်း အောင်မြင်အောင် နေ့ချင်းညချင်းတော့ ဖန်တီးနိုင်မှာမဟုတ်ပါဘူး"

ဒိန်းက ဒူးကလေးနံ့ရှင်း ဂုဏ်ယူဝံ့ကြွားစွာ ပြောလိုက်တာပဲဖြစ်ပါတယ်။

## အကိုးအကား

အထက်တန်း မန်နေဂျာတွေထဲက ၈၄-ရာခိုင်နှုန်းက သူတို့ဘဝမှာ အလူးအလဲ ဒုက္ခခံခဲ့ရတဲ့အချိန်ပိုင်းတစ်ခုရှိခဲ့ကြောင်း ဝန်ခံစကားဆိုခဲ့ကြပါတယ်။

တချို့က အလုပ်နဲ့ပတ်သက်လို့ စွန့်စားရတယ်၊ တစ်နေ့လုံးလိုလို အလုပ်လုပ်ခဲ့ကြရတယ်။ တချို့ကလည်း ပညာရပ်အသစ်တွေကို ကျွမ်းကျင်အောင် ဆည်းပူးသင်ယူခဲ့ကြရတယ်။

ဒါပေမယ့် သူတို့အားလုံးက အလုပ်တည်မြဲဖို့၊ ရာထူးတက်ဖို့၊ အောင်မြင်ဖို့ဟာ စွန့်လွှတ်အနစ်နာခံမှု ဖြစ်မယ်ဆိုတာ သိနားလည်ခဲ့ကြပါတယ်။

**အက်ကင်ဆန် (၁၉၉၉)**

## (၇၁)

## သင်ကိုယ်တိုင်မှ မယုံကြည်လျှင်တခြားလူဘယ်သူကယုံကြည်ပါတော့မလဲ •

တစ်ခါတစ်ရံမှာ ကျွန်တော်တို့ယုံကြည်ချင်တာတွေကို တခြားလူတွေကပါ သဘောပေါက် လက်ခံစေချင်ကြပါတယ်။

ဒီ့အတွက် "အဲ့ဒါကို ကျွန်တော်လုပ်နိုင်ပါတယ်…မလုပ်နိုင်ဘူး ထင်သလား" လို့ မေးခွန်းထုတ်လေ့ရှိပါတယ်လေ။

ဒီနေရာမှာ တခြားလူတွေက သူတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ မှန်မှန်ကန်ကန် သန္နိဋ္ဌာန်ချပြီး လုပ်ကြသလို ကျွန်တော်တို့လုပ်နိုင်တာ မလုပ်နိုင်တာတွေကို ထည့်စဉ်းစားမှာမဟုတ်ပါဘူး။ ဒါပေမယ့် သူတို့လုပ်နိုင်တာဟာ ကျွန်တော်တို့လုပ်နိုင်တယ်လို့ စဉ်းစားသလို စဉ်းစားကြတာပဲဖြစ်တယ်လို့ ရိုးသဲ့သဲ့လေးပြောရမှာပါပဲ။

တစ်နည်းဆိုရင်တော့ သင့်ပတ်ဝန်းကျင်က လူတွေဟာ သင့်ရဲ့ခံစားချက်တွေနဲ့ တစ်ထပ်တည်းတူနေမှာပါပဲ။ သင်က ကြောက်ရွံ့မှုကိုပြရင် သူတို့က ကြောက်ရွံ့မှု



ပြန်ပြမှာဖြစ်သလို ယုံကြည်မှုပြရင်လည်း ယုံကြည်ကြောင်းပြန်ပြဖို့ သေချာတယ်။ အဲ…လူဆိုတာ အရိပ်အခြေကြည့်ပြီး အလိုက်အထိုက်ပေါင်းတဲ့ သဘာဝရှိတာကိုး။

ဒီတော့ သင့်ကို နားလည်ယုံကြည်ဖို့ တခြားလူတွေကို အားမကိုးပါနဲ့တော့။ ဘာကြောင့်ဆို သူတို့လက်ခံယုံကြည်ဖို့ သင့်ကိုယ်သင့်သာ အားကိုးရမှာဖြစ်လို့ပဲပေါ့။

### သာဓက

ပေါလ်ဂွန်ဇာလေးစ်ဟာ လော့စ်အိန်ဂျလိစ်က ဆင်းရဲနွမ်းပါးတဲ့ရပ်ကွက်မှာ ကြီးပြင်းခဲ့ရပါတယ်။ သူ့အဖို့ သူတို့ကျောင်းကို အောင်မြင်ကျော်ကြားနေတဲ့ ပုဂ္ဂိုလ်တွေ အလည် ရောက်လာပြီး ကျောင်းသားတွေကို အားကျအတုယူစရာတွေ ပြောပြခဲ့တာတွေကို အမှတ်ရနေပါသေးတယ်။ ပေါလ်ကတော့ သူ့ကိုယ်သူ အဲဒီ့ပုဂ္ဂိုလ်တွေနေရာမှာ ဝင်စားဖို့ စိတ်မကူးမိပါဘူးလို့ ဆိုပါတယ်။

သူကြီးပြင်းလာတဲ့အချိန်မှာ အကြမ်းဖက်မှုတစ်ခုကို မျက်ဝါးထင်ထင်ကြုံတွေ့ခဲ့ရသလို သူ့ဝမ်းကွဲညီအစ်ကိုတစ်ယောက် အသတ်ခံလိုက်ရတဲ့အခါမတော့ စိတ်အထိခိုက်ဆုံးဖြစ်သွားရပါသတဲ့။

ပေါလ်ဟာ အပြောင်းအလဲတစ်ခု လုပ်တော့မယ်လို့ စိတ်ပိုင်းဖြတ်ခဲ့ပါတယ်။

"အဲဒီ့နေ့က ကျွန်တော့်ကိုယ်ကျွန်တော် ကတိသစ္စာပြုလိုက်ပါတယ်၊ ကျွန်တော်ဟာ ဘယ်သူ့ကိုမှ ဝမ်းနည်းကြေကွဲအောင် မလုပ်တော့ပါဘူးလို့ ကျွန်တော့်ရဲ့အောင်မြင်မှုတွေနဲ့သာ လူတွေကို ပျော်ရွှင်ဝမ်းသာစရာတွေ ပေးမယ်လို့ပါပဲ"

ပေါလ်ဟာ အသက် ၁၄-နှစ်အရွယ်မှာပဲ သူနေထိုင်ရာ ရပ်ကွက်လူဆိုးဂိုဏ်းတွေထဲက ထွက်ပြေးခဲ့ပြီး သူတို့မြို့က ရဲတပ်ဖွဲ့အားကစားအသင်းမှာ သင်တန်းစတက်ခဲ့ပါတယ်။

"ကျွန်တော့်အနေနဲ့ ကိုယ့်ဘဝကိုယ် ထူထောင်မှုဖြစ်မယ်လို့ သဘောပေါက်ခဲ့ပါတယ်"

ပေါလ်ဟာ ရဲတပ်ဖွဲ့မှာ မနက် ၅-နာရီထပြီး လေ့ကျင့်ရတာလည်း ပြောပြပါတယ်။ နောက်ဆုံးတော့ သူကလက်ဝှေ့အားကစားကို ဇောက်ချပြီးလိုက်စားခဲ့ရာက အိုလံပစ်ပြိုင်ပွဲဝင်ဖို့အထိ မျှော်မှန်းနိုင်တဲ့အဆင့်ကို ရောက်ခဲ့ပါတယ်။

၁၉၈၄-ခုနှစ်မှာ ပေါလ်ဟာ အမေရိကန်အိုလံပစ်လက်ဝှေ့အဖွဲ့ကို တည်ထောင်ပြီး ရွှေတံဆိပ်ရအောင် ကြိုးစားခဲ့ပါတယ်။ ခုဆိုရင် သူဟာ လော့စ်အိန်ဂျယ်လိစ်က သူတက်ခဲ့တဲ့ကျောင်းလေးကို ဧည့်သည်အဖြစ်ရောက်သွားခဲ့ရာက သူတိုးတက်အောင်မြင်ခဲ့တဲ့အကြောင်းတွေကို ပြောပြသူဖြစ်နေခဲ့ပါပြီ။ သူ…ကျောင်းသားတွေကို ပြောတဲ့အထဲမှာ အရေးကြီးဆုံးအချက်ကတော့ -

"မင်းတို့ဆန္ဒရှိရင် ဘာမဆိုလုပ်နိုင်တယ်၊ ဒါပေမယ့် ပထမဦးဆုံးကတော့ မင်းတို့ကိုယ်မင်းတို့ ယုံကြည်မှုထားရှိရလိမ့်မယ်"

## အကိုးအကား

လူတွေဟာ တစ်ပါးသူတွေရဲ့ ရည်မှန်းချက်ပန်းတိုင်နဲ့ ပတ်သက်လို့ အကောင်းမြင်ဖို့ ငါးဆပိုများခဲ့တာဟာ အဲ့ဒီတပါးသူတွေက သူတို့ကိုယ်သူတို့ အကောင်းမြင်ဝါဒစွဲကိုင်ထားလို့ပါပဲ။

ဒီ့ထက် လျော့တွက်မိတာကတော့ အဲဒီပုဂ္ဂိုလ်တွေရဲ့ ကိုယ်ပိုင်အတွေ့အကြုံတွေနဲ့ အကျိုးဖြစ်ထွန်းနိုင်ချေ အလားအလာတွေ အားနည်းနေလို့သာဖြစ်ပါတယ်။

**ဝမ်းနက်ဗီအယ်လ်မီးဇါ (၁၉၉၉)**

(၇၂)

## သင့်ကို လိုလားမယ်ဆိုရင် ပိုပြီးကြိုးစားလုပ် •

အသေးအဖွဲလေးတစ်ခုဆိုပေမယ့် သိပ်မှန်တဲ့စကား။ ကျွန်တော်တို့ဟာ တန်ဖိုးထားခံရမယ်ဆိုရင် အလုပ်ကိုကောင်းသထက်ကောင်းအောင် ကြိုးစားပမ်းစား အပင်ပန်းခံပြီး လုပ်ကြပါတယ်…တဲ့။

အလုပ်နဲ့ပတ်သက်တဲ့ အကျိုးတရားတွေအဖြစ် ငွေ၊ ဂုဏ်သိက္ခာနဲ့ တခြားဘယ်ပုံစံနဲ့မဆို ရသင့်ရထိုက်တာမှန်သမျှ ကိုယ်ကျိုးစီးပွားတစ်ခုတည်းသက်သက်ကို မငဲ့ပဲ လုပ်ဆောင်ရင် ရမှာမုချပါပဲ။

## သာဓက

မစ်ဆူရီပြည်နယ်က ဝိန်းရှိုက်စက်မှုလုပ်ငန်းကုမ္ပဏီကြီးဟာ သူ့ရဲ့အညတြ ဝန်ထမ်းတွေက နှစ်စဉ်ပေးတဲ့ ငါးဆယ့်ငါးခုမျှသော အကြံဉာဏ်တွေအရ မော်တော်ယာဉ် နဲ့ လေယာဉ်စက်ကိရိယာ အစိတ်အပိုင်းတွေကို တိုးတက်အောင်မြင်စွာ ထုတ်လုပ်နိုင် ခဲ့ပါတယ်။

ဝိန်းရှိုက်ရဲ့အကြီးအကဲ ဥက္ကဋ္ဌကြီးဝိန်းရှိုက်က ကုန်ထုတ်စွမ်းအားကောင်းလု တဲ့ သူ့အလုပ်သမားတွေကို ဂုဏ်တင်ပြီး ကုမ္ပဏီက ထားရှိတဲ့ သဘောထားကို ပြော ကြားခဲ့ရာမှာ -

"လုပ်ငန်းအဖွဲ့အစည်းအများစုက မန်နေဂျာတွေဟာ အိမ်ထောင်ဦးစီးမိဘတွေ ပုံစံနဲ့ စည်းကမ်းချက်တွေ သတ်မှတ်ပြီး ဆုပေးဒဏ်ပေးစနစ်နဲ့ အုပ်ချုပ်လေ့ရှိကြပါ တယ်၊ လက်အောက်ဝန်ထမ်းတွေကလည်း သားသမီးတွေနေရာက အမေအဖေတွေ နိုင်းသမျှလုပ်ပြီး စည်းကမ်းဘောင်ထဲမှာ အနေကောင်းအလုပ်ကောင်းအောင် ကြိုးစား ရတာကလား"

ဝိန်းရှိုက်စက်ရုံတွေမှာတော့ "လူကိုဦးစားပေးတဲ့မှု"ကို ကျင့်သုံးကြပါတယ်။ ဒီမူသစ်အရ -

**"အဲ့သလို မိဘဩဇာထောင်ခြောက်မျိုးကို ရှောင်ကြဉ်ပြီး အလုပ် သမားတိုင်းဟာ အကြံကောင်းဉာဏ်ကောင်းတွေရှိရင် သူ့ထက်ငါသာအောင် အထက်လူကြီးတွေကို ပေးနိုင်တယ်၊ ပြောရေးဆိုခွင့်တွေရှိတယ်၊ အထက် အရာရှိတွေကလည်း ကောင်းတဲ့အကြံတွေကို အရေးထားလက်ခံပြီး လုပ်ငန်းခွင်မှာ ပြန်အသုံးချရတယ်၊ နောက်ဆုံးအသုံးမတည့်ရင်တောင် အလုပ်သမားကို အပြစ်တင်လား၊ ကြိမ်းလားမောင်းလား၊ မလုပ်ရဘူးလေ"**



ဒီမူဝါဒအရ ကြီးမားတဲ့အောင်မြင်မှုတွေ ဖြစ်ထွန်းခဲ့သလို ဝိန်းရှိုက်အဖို့ ထုတ်လုပ်မှုကုန်ကျစရိတ် ၃၅-ရာခိုင်နှုန်းသက်သာခဲ့တဲ့အပြင် သုံးစွဲသူတွေရဲ့စောဒက တက်ပယ်ချမှုဟာလည်း ၉၁-ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရပါတယ်။

ပြီးတော့ မဲလ်ကွမ်ဘောလ်ဒရစ်ချ်ဆုကြီးကို အမေရိကန်နိုင်ငံအနေနဲ့ ဆွတ် ခူးရရှိခဲ့တာဟာ ဒီမူဝါဒရဲ့ကျေးဇူးပဲလို့တောင် ဒွန်ဝိန်းရှိုက်က ဆိုခဲ့ကြောင်းပါ။

## အကိုးအကား

အထက်အရာရှိတွေရဲ့ တန်ဖိုးထားအရေးပေးခြင်းကိုခံရတဲ့ အောက်ခြေဝန်ထမ်း အလုပ်သမား ၅၂-ရာခိုင်နှုန်းဟာ တခြားနောက်အလုပ်တွေကိုရှာဖို့ မကြံတော့ပါဘူး။

ဂျုန်းစ် (၂၀၀၀)

## (၇၃)

ကျွန်တော်တို့ဟာ သက်ဆိုင်ရာဘာသာရပ်အလျောက် သိရှိနားလည်ထားသမျှနဲ့ အတွေ့အကြုံရှိခဲ့တာတွေ အားလုံးပေါ်မှာ မြုံငုံသုံးသပ်တဲ့အမြင်အရ အဖြေတွေကလည်း အထင်အရှား သိသိသာသာ ပေါ်ထွက်လာမယ်လို့ ထင်ခဲ့ကြပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ရဲ့ အကြံအစည်တွေကို လက်တွေ့နဲ့ဆက်စပ်တဲ့အခါမှာတော့ ဒီအသိဉာဏ်ရလာပုံတွေကိုသာမက လုံးဝမတူခြားနားတဲ့ နောက်ခံသမိုင်းနဲ့ ပကတိအခြေအနေတွေကိုကြည့်ပြီး ဘာလုပ်သင့်တယ်ဆိုတဲ့ အသိရဖို့ကိုပါ ထပ်မံစဉ်းစားရပါလိမ့်မယ်။

သင့်အကြံဉာဏ်တွေကို အကောင်းဆုံးဖော်ထုတ်ရာရောက်တဲ့ တင်ပြပုံတင်ပြနည်းကတော့ ပရိသတ်ဟာ သင်ကိုယ်တိုင်မဟုတ်ပဲ တစ်ခါမှမမြင်ဖူးတဲ့လောကကို သင့်မျက်လုံးထဲကတဆင့် ကြည့်ရမယ့်ပရိသတ်တစ်ဦးဦးသာ ဖြစ်သင့်တာပါပဲ။



### သာဓက

"ရက်တူးနှင့်အပေါင်းပါများ" ဆိုတာ နယူးယောက်နဲ့ ပင်စီလ်ဗေးနီးယားက ထိပ်တန်းအင်ဂျင်နီယာလုပ်ငန်းအဖွဲ့တစ်ခုဖြစ်ပြီး မြေစမ်းသပ်တိုင်းတာမှုနဲ့ ပန်းခြံစီမံကိန်း လမ်းဖောက်လုပ်ရေးတွေနဲ့ ဖွံ့ဖြိုးရေးတည်ဆောက်မှုတွေကို တာဝန်ယူဆောင်ရွက်နေကြပါတယ်။

လူလေးယောက်တည်းနဲ့ စခဲ့ကြတဲ့ သူတို့လုပ်ငန်းဟာ ဆယ်စုနှစ်စွန်းစလေးမှာပင် တစ်နှစ်ကို ဒေါ်လာဆယ်သန်းဝင်ပြီး ဌာနခွဲ၅-ခုဖွင့်ထားရတဲ့ ကုမ္ပဏီကြီးတစ်ခု ဖြစ်လာခဲ့ရပါပြီ။

စဦးတည်ထောင်သူ ဂျော့ချ်ရက်တူးက သူတို့ရဲ့အောင်မြင်မှုအများစုဟာ မတူကွဲပြားတဲ့လုပ်ငန်းတွေကို တစ်လက်တည်းဖြစ်အောင် အတူတကွပေါင်းစည်းလုပ်ကိုင်နိုင်ခဲ့လို့သာ ဖြစ်ပါတယ်လို့ ပြောပါတယ်။

"အလုပ်အပ်သူတစ်ဦးရဲ့ စီမံကိန်းနဲ့ပတ်သက်လို့ ကျွန်တော်တို့တစ်ဖွဲ့တည်းနဲ့ ဆက်သွယ်လိုက်ရင် သူတို့အတွက် ပိုပြီးအဆင်ပြေသွားတော့တာပါပဲ"

လုပ်ငန်းမျိုးစုံကို ပေါင်းစပ်ရတာဟာ မလွယ်ပါဘူး။ အခက်အခဲတွေ ရှိတန်သလောက်ရှိပါတယ်။ ဒါပေမယ့်လည်း ဂျော့ချ်ရဲ့မှတ်ချက်တွေအရဆိုရင် -

"ဘူမိဗေဒပညာရှင်တွေနဲ့ အင်ဂျင်နီယာတွေဟာ ဘာသာရပ်ဆိုင်ရာ စကားအသုံးအနှုန်းတွေ မတူကြသလို တွေးတောဆင်ခြင်ရာမှာလည်း ကွဲပြားခြားနားကြပါတယ်"

ဒီပြဿနာတွေကို ဖြေရှင်းရာမှာ အလုပ်အပ်သူတွေရဲ့ အကျိုးနဲ့မတူတဲ့ ဌာနခွဲတွေ အလုပ်ဖြစ်ဖို့ နှစ်ခုစလုံးကို ထည့်တွက်ပြီး ဂျော့ချ်က ကြိုးကျယ်လေးနက်တဲ့ဆက်သွယ်မှုကို လုပ်ဆောင်ပေးရပါတယ်။

"ကျွန်တော်တို့အဖို့ လုပ်ငန်းတစ်ခု ချောမွေ့မှန်ကန်ရေးအတွက် တစ်ယောက်နဲ့တစ်ယောက် အသိပညာချင်းဖလှယ်စရာတွေ အများကြီးရှိတာနဲ့အမျှ တစ်ယောက်စကားတစ်ယောက် နားထောင်ခွင့်ရအောင် ခပ်ခွာခွာလေး နောက်ဆုတ်ပေးဖို့ လိုအပ်ပါတယ်"

ရှောချ်ဆိုလိုတာကတော့ ကိုယ့်တစ်ဖက်သတ်အမြင်နဲ့ တစ်ယူသန်အယူအဆကို ရှေ့တန်းမတင်ဘဲ တစ်ဖက်လူရဲ့ သဘောထားတွေနဲ့ ညှိနှိုင်းပေါင်းစပ်လို့ အဖြေရှာရမယ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။

## အကျိုးအကား

အကြံပေးပုဂ္ဂိုလ်တွေရဲ့ လေ့လာမှုတစ်ရပ်က ဖော်ပြချက်မှာ လုပ်ငန်းအဖွဲ့အစည်းတစ်ခုရဲ့ တည်ထောင်မှုနဲ့ ရေရှည်ကိုင်စွဲတဲ့ မူဝါဒထုံးတမ်းစဉ်လာတွေရဲ့ အရေးပါမှုတွေအရ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းနိုင်တာဟာ ဆန်းသစ်တဲ့နည်းသစ်၊ စနစ်သစ်မှုသစ်တွေကို အောင်မြင်စွာဆက်စပ်ပေါင်းစည်းပေးနိုင်ခြင်းပဲဖြစ်တယ်လို့ ဆိုပါတယ်။

**စမစ်သ် (၂၀၀၀)**

(၇၄)

## စည်းလုံးမှုနဲ့ ညီညွတ်ခြင်းကို ဆောင်ယူပါ ။

တစ်ဦးချင်းရဲ့ ဆုံးဖြတ်ချက်တွေဟာ ဘယ်လောက်ပဲထူးထူးကောင်းကောင်းကြီးမားတဲ့ စီမံကိန်းတစ်ခုထဲ ထည့်သွင်းအသုံးချလို့ ရချင်မှရပါလိမ့်မယ်။

သင့်ရဲ့ရည်မှန်းချက်၊ သင့်ရဲ့စီမံကိန်း၊ သင့်ရဲ့နေ့စဉ်စွမ်းဆောင်မှုတွေနဲ့ အကျင့်လေ့တွေဟာ တခြားလူတစ်ယောက်နဲ့ အံမဝင်ပဲ တစ်သီးတစ်ခြားဖြစ်ချင်ဖြစ်နေနိုင်ပါတယ်။

ရည်ရွယ်ချက်ဆိုတာ သူ့ဟာသူ သီးခြားလွတ်လပ်တဲ့ ဆုံးဖြတ်ချက်မဟုတ်ပဲ သင့်ဘဝအတွက် တခြားလူတွေနဲ့ တွဲဖက်ချမှတ်ရမယ့် ဆုံးဖြတ်ချက်များသာဖြစ်ပါတယ်။

## သာဓက

အစ္စဘဲလ်နဲ့ မိုက်ကယ်တို့ဟာ မိဘတွေဘဝရောက်တော့မယ့်အချိန်မှာ ကလေးငယ်နဲ့အတူ တစ်ယောက်ယောက်အိမ်မှာနေဖို့ သဘောတူလိုက်ကြရပါတယ်။

သူတို့က တကယ့်အခြေအနေမှန်ကို သေသေချာချာ မစဉ်းစားပဲ အစ္စဘဲလ်အနေနဲ့ သူနာပြုဆရာမအလုပ်က ထွက်လိုက်ဖို့ နှစ်ဦးသားဆုံးဖြတ်ခဲ့မိကြတာပါ။

မိဘတစ်ယောက် အိမ်စောင့်ကျန်ရမယ်ဆိုရင် မိခင်မှာသာ တာဝန်ရှိတယ်လို့ သမရိုးကျအတိုင်း တွေးခဲ့ကြတာလည်းဖြစ်ပါတယ်။

အစ္စဘဲလ်က မီးဖွားခွင့်ယူခဲ့ရာက သမီးလေးမွေးခဲ့ပါပြီ။ ဒီလိုခွင့်ယူထားခိုက်မှာ သူ့ဆုံးဖြတ်ချက်ကို ပြန်သုံးသပ်ကြည့်တယ်။ စင်စစ် သူ့ဝင်ငွေက သူ့ယောကျ်ားထက် အပုံကြီးများတယ်လေ။ သူ့ရဲ့ဆေးရုံလုပ်ငန်းက အကျိုးခံစားခွင့်တွေကလည်း ပိုပြီးကောင်းတာပဲ။ ဒီလောက်ကောင်းတဲ့အလုပ်ကို စွန့်ပစ်ဖို့ ဘာအကျိုးထူးမှာမို့ ဒီလိုစိတ်ကူးပေါက်ရပါလိမ့်။

သူတို့လင်မယားဟာ ဒီကိစ္စကို ပြန်ဆွေးနွေးကြတယ်။ အစ္စဘဲလ်ရဲ့အကြံကို မိုက်ကယ်အံ့အားသင့်သွားရလင့်ကစား စီးပွားရေးအကျိုးအမြတ်ကိုငဲ့ပြီး သူမငြင်းနိုင်ပြန်ပါဘူး။

စင်စစ်တော့ မိုက်ကယ့်အနေနဲ့ မပြောပလောက်တဲ့ သူ့ဝင်ငွေထက် အစ္စဘဲလ်ရဲ့လုပ်ခလစာကို ပိုအားထားနေရတာလည်း အမှန်ပဲ။

ဒါပေမယ့် သူတို့ရဲ့အပြီးသပ်ဆုံးဖြတ်ချက်က မိသားစုအတွက် ပိုအဓိပ္ပါယ်ရှိတာကို မိုက်ကယ်နားလည်လိုက်ရပါတယ်။

"အစ္စဘဲလ်ရဲ့လစာဟာ မိသားစုအတွက် လုံလောက်တဲ့ငွေကြေးပမာဏကို ရတာဖြစ်လို့ သမီးလေးအဖို့ လိုအပ်တဲ့ပြုစုစောင့်ရှောက်မှုကို ရနိုင်တာပဲလေ"



ဒီလိုနဲ့ မိုက်ကယ်ဟာ အိမ်စောင့် ကလေးထိန်းတာဝန်ကို လက်လွှဲယူလိုက်ရတော့တယ်ဆိုပါစို့။

## အကိုးအကား

ဆုံးဖြတ်ချက် ချမှတ်ရေးဗျူဟာအရ ဘဝမျက်နှာစာအားလုံးနဲ့ ဆုံးဖြတ်ချက်ကိုက်ညီဖို့ လိုအပ်ရာမှ ဆယ်ယောက်မှာနှစ်ယောက်ဟာ မဆီမဆိုင် သဘာဝမကျတာတွေလည်း စိတ်ကူးမိပါတယ်။

လူအများစုအနေနဲ့တော့ တိုက်ရိုက်ပတ်သက်တယ်ထင်တဲ့ အကြောင်းရင်းတွေကိုသာ စစ်ဆေးလေ့လာပြီး ဆုံးဖြတ်ချက်ချတာ တွေ့ရပါတယ်။

**အစ်ချ်နီအိုစကီ၊ လီဗိုင်း၊ အော်လ်ဆန်နှင့် စထရောက်ရပ်စ် (၂၀၀၀)**

(၇၅)

## သံသယထားရင် ရှုံးပြီသာမှတ် ●

ယုံကြည်မှုဆိုတာ ကောင်းကျိုးဆောင်တဲ့ ဗိုင်းရပ်စ်ပိုးတစ်မျိုးနဲ့တူပြီး တစ်ကိုယ်လုံးကို ပျံ့နှံ့သွားတတ်ပါတယ်။

ယုံကြည်မှုပိုးရှိရင် သင်လုပ်သမျှအလုပ်တိုင်းကို အပြုသဘောနဲ့ ဓာတ်ကူးပေးပါလိမ့်မယ်။ ယုံကြည်မှုမရှိရင်တော့ သင်လုပ်သမျှဟာ တအိအိနဲ့ ယိုယွင်းပျက်စီးဖို့များပါတယ်။

ယုံကြည်မှုအားနည်းသူတွေဟာ လုပ်ရမှာကြောက်ရွံ့နေရုံသာမက ကောင်းမွန်အောင်လည်း လုပ်နိုင်စွမ်းမရှိတော့ပါဘူး။

ဘာကြောင့်ဆို ကောင်းအောင်မှ လုပ်နိုင်ပါ့မလားဆိုတဲ့ သံသယက မလုပ်ခင်အစကတည်းက သူတို့ကို လွှမ်းမိုးပြီး မေးခွန်းပြန်ထုတ်ထားလို့ပါပဲ။

ယုံကြည်မှုက အောင်မြင်မှုတွေကို ဖြန့်ကြဲပေးသလို ယုံကြည်မှုနည်းမှုက ဆုံးရှုံးခြင်းတွေနဲ့ ပေါင်းစပ်ပေးပါတယ်။ သင့်ယုံကြည်ချက်တွေ ယိုင်နဲ့နေတယ်ဆိုရင် အကောင်းဆုံးဖြစ်အောင် အားဖြည့်ပြီး ဘယ်လောက်ပဲခက်ခဲတဲ့ အလုပ်ကိုမဆို စိမ်ခေါ်ပြီး လုပ်လိုက်ပါ။



## သာဓက

မာဂရက်ဟာ ရှေ့နေသက်တမ်းသုံးဆယ်ကျော်ခဲ့ပါပြီ။ သူဟာ ဥပဒေအကျိုးဆောင်အဖြစ်နဲ့ အရပ်ဘက်အမှုမျိုးစုံကို ကိုင်တွယ်ခဲ့ရသလို ကြောက်စရာကောင်းတဲ့ တရားလိုရှေ့နေတစ်ယောက်လို့လည်း ဂုဏ်သတင်းကြီးခဲ့ရပါတယ်။

တစ်ချိန်တုန်းက မာဂရက်ကတော့ ဒီလိုဘယ်ဟုတ်ပါ့မလဲ။

"ကျွန်မအလုပ်ဝင်ခါစမှာတော့ အမျိုးသမီးတစ်ယောက်အနေနဲ့ အဟန့်အတားအားလုံးကို ရင်ဆိုင်ရပြီး မလောက်လေး မလောက်စားအမှတ်နဲ့ မထီမဲ့မြင်အလုပ်ခံခဲ့ရတာပေါ့။ တရားသူကြီးတွေကလည်း တရားခွင်မှာ ဘယ်လိုဆံပင်ပုံစံထားရမယ်၊ ဘာတွေဝတ်ရမယ်ဆိုတာကအစ ပညာပေးကြတယ်လေ၊ တရားသူကြီးတစ်ယောက် တရားရုံးထဲဝင်လာပြီဆိုတာနဲ့ "ကောင်းသောမနက်ခင်းပါ လူကြီးမင်းတို့" လို့ နှုတ်ဆက်လိုက်တာဟာ ကျွန်မကို ငုပ်တုတ်ထားပြီး ရှိတယ်လို့တောင်မထင်တဲ့ အားမနာပါးမနာ ပြောလိုက်တဲ့စကားပါပဲ၊ တစ်ဖက်ရှေ့နေကဆိုရင်လည်း ကျွန်မကို ငချွတ်မလေးပဲဆိုပြီး နှိက်နှိက်ချွတ်ချွတ်ကို ပညာတွေစမ်းတော့တာကိုး"

ဒါတွေက မာဂရက်ကို သက်သက်အနှောက်အယှက်ပေးပြီး ခြောက်လှန့်တာတွေပါပဲ။

ဒါပေမယ့် ဒီလိုမခန့်လေးစား စော်ကားတာတွေက သူ့ကို တုန်လှုပ်တွန့်ဆုတ်အောင် မလုပ်နိုင်ခဲ့ပါဘူး။

"ကျွန်မက အဲ့ဒီအခြေအနေဆိုးက ဖောက်ထွက်ဖို့ ကြိုးစားရာမှာ သူတို့ရဲ့ သဘောထားအမြင်တွေပေါ်မှာ ပြန်အမြတ်ထုတ်ရမယ်လို့ နားလည်လိုက်တယ်၊ ဟုတ်တယ်⋯ကျွန်မဟာ မတန်မရာသိက္ခာချခံခဲ့ရတာဟာ သူတို့ ကျွန်မကို အထင်သေး အမြင်သေးနဲ့ လျှော့တွက်လို့ပဲ မဟုတ်လား။ ဒီလိုနဲ့ ကျွန်မလည်း အရာရာကို ကွဲပြား

ခြားနားတဲ့အမြင်နဲ့ စတင်ချဉ်းကပ်ခဲ့တော့တယ်၊ ဒီတော့ သူတို့ရဲ့ အသေးအဖွဲ့ မပြောပလောက်တဲ့ ခြောက်လှန့်မှုတွေဟာ ကျွန်မကို ပိုမိုကြံ့ခိုင်အားကောင်းအောင် လုပ်ပေးရာရောက်ပြီး ကျွန်မရဲ့ယုံကြည်ချက်တွေ ခိုင်မာသထက်ခိုင်မာလာရတော့တာပါပဲ"

နှစ်ကာလကြာသွားတာနဲ့အမျှ စော်ကားမော်ကားခံရတာတွေဟာ ကျေးဇူးတင်စရာကောင်းလောက်အောင် လျော့ပါးသွားပေမယ့် မာဂရက်ရဲ့ယုံကြည်မှုတွေကတော့ သူ့ရဲ့တရားရေးဝန်ထမ်းဘဝတစ်လျှောက်လုံးမှာ အရေးကြီးတဲ့ကဏ္ဍအဖြစ်နဲ့ စွဲကျန်နေခဲ့ရပါပြီ။

## အကိုးအကား

သူတို့ပတ်ဝန်းကျင်မှာ ရှိသူတွေထက် ပင်ကိုယ်အရည်အသွေးညံ့တယ်လို့ ယူဆတဲ့လူတွေဟာ သူတို့ကို စိမ်ခေါ်လာတဲ့ ဘယ်အလုပ်မဆို အောင်မြင်အောင်ပါဝင်လုပ်ဆောင်နိုင်မှာ မဟုတ်ဘူးလို့ပဲ စွဲမြဲယုံကြည်သွားကြပါတယ်။ ယုတ်စွအဆုံး သုတပဟေဠိတွေကအစ ဖန်တီးမှုစွမ်းရည်ပြတာအလယ် အားကစားပြိုင်ပွဲတွေအထိ သူတို့ဟာ ပွဲမတိုးရဲတဲ့ လူ့ဗလချာတွေ ဖြစ်နေတာတွေ့ရလိမ့်မယ်။

**မာယိုနှင့် ခရစ္စတင်ဖဲလ်ဒ် (၁၉၉၉)**

## (၇၆)

## ရွှေ့ဘာဖြစ်မယ်ဆိုတာ အမြဲကြိုတွေးထား ။

၁၉၀၀-ပြည့်နှစ်က ရိုးရိုးသာမန်အလုပ်ခွင်တွေကို မြင်ယောင်ကြည့်လိုက်စမ်းပါ။ ရုံးခန်းထဲမှာ အင်တာနက်ဝေးလို့ ကွန်ပျူတာနဲ့တူတာတောင် မရှိသေးဘူး။ ဂဏန်းပေါင်းစက်တွေလည်း မပေါ်သေးဘူး။ နေရာအတော်များများမှာ လျှပ်စစ်မီးတွေတောင် မရှိသေးဘူး။

၂၀၀၁-ခုနှစ်လောက်ကို ပြန်ကြည့်တဲ့အခါမှာတော့ အဲဒီ့ပစ္စည်းတွေမှ မရှိရင် ဘယ်ကိရိယာတွေကို တအံ့တသြနဲ့ သုံးရဦးမှာလဲ။ ဒီ့နောက်ပိုင်းမှာကော ဘယ်သူမှ စိတ်ကူးထဲတောင် ယောင်လို့ထည့်မစဉ်းစားမိသေးတဲ့ ဘယ်လိုဖန်တီးတီထွင်မှုတွေက နေရာတကာမှာ တွင်ကျယ်လာဦးမှာလဲ။

အနာဂတ် မျှော်မှန်းပြီး ပိုမိုစွမ်းဆောင်နိုင်သူတွေ၊ အသစ်အဆန်းပြောင်းလဲမှုကို မကြောက်တဲ့လူအဖို့တော့ ဘာတွေပေါ်လာလို့ ဘယ်လိုပဲဖြစ်ဖြစ် အေးဆေးပဲဆိုပြီး အလိုက်သင့်လေး မျှောလိုက်သွားရုံပါပဲ။

ကဲ·· သင်ကကော။

သင့်အလုပ်က ဒီနေ့အဖို့ ဘာမှမထူးပေမယ့် နောက်လာမယ့် အနှစ်နှစ်ဆယ်အတွင်းမှာ ခုလိုမဟုတ်တော့မှာ သေချာတယ်။

ဒါပေမယ့် ဒီစကားက အနာဂတ်မှာ သင်ဟာ ပိုကောင်းအောင်လုပ်နိုင်မှာမဟုတ်တော့ဘူးလို့ မဆိုလိုပါဘူး။

ဆိုလိုရင်းက သင့်အနေနဲ့ အပြောင်းအလဲ အသစ်အဆန်းတွေကို ထွေးပိုက်လက်ခံဖို့လိုအပ်တယ်လို့သာ ဖြစ်ပါတယ်။

ဒါမှမဟုတ်ရင်တော့ သင်ဟာခေတ်ရထားကြီးထွက်သွားတာကို ငေးကြည့်ကျန်ခဲ့သူဖြစ်ရုံဘဲ။ တစ်နည်း ထိပ်တန်းကိုမရောက်နိုင်တော့ဘူးလို့ပဲ သတိပေးလိုက်ပါရဲ့။

## သာဓက

ဘယ်ရီနဲ့ ဂျူဒီဝါ့သ်တို့ ဇနီးမောင်နှံဟာ "ပရိုပက်"ဆိုတဲ့ အိမ်မွေးတိရိစ္ဆာန်အစာရောင်းတဲ့ ကိုယ်ပိုင်ဆိုင်လေးကို ပင်စီလ်ဗေးနီးယား အလယ်ပိုင်းမှာ ဖွင့်လှစ်ထားကြသူတွေပါ။

ဝါ့သ်တို့မောင်နှံအဖို့ တိရိစ္ဆာန်အစာရောင်းတဲ့ စူပါစတိုးကြီးတွေ ပတ်ဝန်းကျင်မြို့တွေကို ရောက်လာကြတာကို တွေ့လိုက်ရပါတယ်။

အဲဒီဆိုင်တွေဟာ အင်အားတောင့်တင်းခိုင်မာတဲ့ ကုမ္ပဏီပိုင်စတိုးဆိုင်ကြီး



တွေဖြစ်သလို ထူးဆန်းတဲ့ အသုံးအဆောင်တွေနဲ့ ခွေးစာတွေကို ဈေးသက်သက်သာသာ ရောင်းနိုင်အောင် ဝယ်အားကောင်းကောင်းနဲ့ သိုလှောင်ထားနိုင်ရာက တိရိစ္ဆာန်ပစ္စည်းလုပ်ငန်းမှာ ရောင်းအားတွေတက်နေကြပါတယ်။

ဘယ်ရီနဲ့ ဂျူဒီဟာ သူတို့ဖာသာသူတို့ တပိုင်တနိုင် ဆိုင်လေးအဖြစ်နဲ့ဘယ်လိုအောင်မြင်အောင် လုပ်ရှားရမယ်ဆိုတာ နားလည်ခဲ့ကြပေမယ့် အင်ကြီးအားကြီးနဲ့ ပါဝါအပြည့်နဲ့ စတိုးဆိုင်ကြီးကို ပခုံးချင်းယှဉ်ပြိုင်တိုက်ဖို့အတွက်တော့ ကြံရာမရ ဦးနှောက်စားနေခဲ့ကြရပါပြီ။

"ကျွန်တော်ကတော့ လုပ်နိုင်သမျှ ပုံစံတွေအားလုံးကို စဉ်းစားတယ်၊ ပိုကောင်းသထက်ကောင်းမယ့် နည်းလမ်းတွေကိုရှာတယ်" ဘယ်ရီက ရှင်းပြတာပါ။

နောက်ဆုံးတော့ သူတို့တစ်ဆိုင်တည်း ရပ်တည်လို့မဖြစ်တော့ဘူးဆိုတာ သဘောပေါက်သွားတယ်လေ။

သူတို့ရဲ့အနာဂတ်မှာ စတိုးဆိုင်ငယ်လေးတွေကို စုပေါင်းဝယ်ယူခွင့်ပေးထားတဲ့ တိရိစ္ဆာန်ထောက်ပံ့ရေး သမဝါယမလုပ်ငန်းစုကြီးနဲ့ ပူးပေါင်းဖို့ ဆုံးဖြတ်လိုက်ကြတာပဲ။

ဆိုင်တစ်ရာနှစ်ရာပေါင်းပြီး အချိုကြီးဝယ်နိုင်သလို ချိုသာတဲ့ဈေးနှုန်းနဲ့ ပြန်ရောင်းချပေးတဲ့ သမဝါယမစနစ်နဲ့ မဟာစတိုးဆိုင်ကြီးတွေကို တိုက်ကွက်ပြန်ဆင်တာဆိုပါတော့။

အင်အားကြီးတဲ့ အဖွဲ့အစည်းတစ်ခုကို အမှီသဟဲပြုခဲ့ရာက သူတို့စတိုးဆိုင်လေး အောင်မြင်မှုတွေ ဆက်တိုက်ရခဲ့ကြောင်း ဘယ်ရီက ဖွင့်ဟခဲ့ပါတယ်။

"ဒီလုပ်ငန်းကို အနာဂတ်ဦးတည်ချက်တွေနဲ့ ဆက်ပြီးထိန်းထားဖို့ လိုအင်ပါလိမ့်မယ်၊ ဒီလိုမှ လိုက်လျောညီထွေ မထိန်းနိုင်ဘူး၊ ကိုယ့်ကိုယ်ကို မပြင်နိုင်ဘူးဆိုရင်တော့ မြောင်းထဲရောက်သွားမှာ ကျိန်းသေပဲ"

## အကိုးအကား

လက်ရှိအလုပ်နဲ့ အံမဝင်တော့လို့ အလုပ်က ခေတ္တထွက်ခဲ့ကြဖူးတဲ့ အလုပ်သမားတွေကို သုတေသနလုပ်ကြည့်လိုက်တဲ့အခါမှာ သူတို့အဖို့ အလုပ်မရှိဘဲ မနေနိုင်ကြဘာနဲ့အမျှ အတတ်ပညာအသစ်တွေ၊ နည်းပညာအသစ်တွေကို သင်ကြားပြီး ကြိုးစားမှုအသစ်တွေလုပ်ဖို့ ဆန္ဒပြင်းပျခဲ့ကြောင်းနဲ့ သူတို့အနာဂတ်အဖို့ ဒီ့ထက် အဆင်အပြေဆုံးနဲ့ အကောင်းဆုံးလမ်းလည်း မတွေ့တော့ကြောင်း သိရပါတယ်။

**အင်ဂရမ်း (၁၉၉၈)**

# (၇၇)

## လက်တွေ့ရတဲ့ပညာကို တန်ဖိုးထား ●

နှစ်တိုင်းမှာ လူငယ်တွေသန်းပေါင်းများစွာ ဘွဲ့ရလို့ကျောင်းထွက်ခဲ့ကြရာက ယုံကြည်မှုအပြည့်နဲ့ ကိုယ့်ကိုယ်ကို အထင်ကြီးမှုတွေနဲ့ အလုပ်ဌာနတွေကို ရောက်ခဲ့ကြတဲ့နောက် သူတို့မသိနားမလည်သေးတာတွေ အများအပြားကိုသာ တွေ့ခဲ့ကြရပါပကော။

လက်တွေ့ဆည်းပူးရမယ့် ပညာတွေရဲ့ မနိုင်းသာတဲ့အရေးကြီးမှုကို လုစ်လျူရှုလို့မဖြစ်ပါဘူး။ အလုပ်ထဲက သင်ယူရရှိမယ့် လက်တွေ့ပညာတွေဟာ အင်မတန်အရေးပါလှတာကို နားလည်ထားဖို့ လိုပါတယ်။

## သာဓက

ပက်တီဂရစ်ဖင်ဟာ ကော်ဖီဆိုင်တွေမှာ နှစ်ပေါင်းများစွာ လှည့်ပတ်ပြီး ဖျော်ဖြေပေးခဲ့တဲ့ ဂီတပညာရှင်အဆိုတော်မလေးဖြစ်ပါတယ်။

နယူးအင်္ဂလန်သူလေးဖြစ်တဲ့ ပက်တီဟာ နောက်ဆုံးကျတော့ အေ-အင်န် အမ် တေးသံသွင်းကုမ္ပဏီမှာ ကံထရိုက်အလုပ်ရခဲ့ရာက ဒီအခွင့်ကောင်းကြီးအတွက် ဝမ်းသာလုံးဆို့ခဲ့ရပါတယ်။

ပက်တီဟာ ဝါရင့်ထုတ်လုပ်သူတစ်ယောက်နှင့်တွေ့ရပြီး အသံသွင်းစတူဒီယို ထဲမှာ အရင်ဝင်လုပ်ခိုင်းပါတယ်။ နှစ်လကြာ စတူဒီယိုအလုပ်တွေလုပ်ပြီးတဲ့နောက် တေးသံသွင်းကုမ္ပဏီအတွက် ဓာတ်ပြားသွင်းခွင့်ရခဲ့ပါတော့တယ်။

ဒါပေမယ့် သီချင်းသွင်းပြီးပြီးချင်းပဲ အပယ်ခံခဲ့ရပါလေရော· · ။

ဒါဟာ သူ့အသံနဲ့ ဆိုပုံဆိုပေါက်တွေ မကောင်းလို့မဟုတ်ပဲ အသံသွင်းစနစ် နဲ့ မကိုက်ပဲ အံချော်နေလို့သာဖြစ်ပါတယ်။

"ပြန်ထုတ်လွှင့်ကြည့်တဲ့အခါမှာ ကျွန်မအသံက တိမ်နေတယ်၊ ကျွန်မ စိတ်ကြိုက်ဆိုရတာမဟုတ်ပဲ ထုတ်လုပ်သူရဲ့ အစီအစဉ်နဲ့ဆိုရတာလည်း ပါတာပေါ့လေ၊ ဘာပဲဖြစ်ဖြစ် ပထမအကြိမ်အနေနဲ့ ကျွန်မသွားချင်တဲ့ ဦးတည်ချက်နဲ့အတော်ကြီးဝေး ကွာသွားတာတော့ အမှန်ပါပဲ"

ဒီလိုနဲ့ပက်တီဟာ တေးသံသွင်းကုမ္ပဏီက ကူးခွေတွေနဲ့ အလွတ်ထပ်လေ့ ကျင့်ခဲ့ရာက တစ်စထက်တစ်စ သဘောပေါက်သွားတယ်။

"နောက်ဆုံးတော့ အသံဖမ်းချိန်မှာ ဘယ်လိုအသံမျိုးနဲ့ဆိုရမယ်၊ အသံနေ အသံထား အသံအလှည့်အပြောင်း အဆွဲအငင် အတင်အချတွေလုပ်တာကအစ အ



ကောင်းဆုံးဖြစ်အောင် ဆိုသွင်းနိုင်ခဲ့ပါတော့တယ်"

ဒါတောင်မှ ပက်တီမီးဖိုချောင်စားပွဲမှာ ထိုင်ရင်းဆိုတဲ့ တချို့သီချင်းတွေကို သဘာဝပင်ကိုယ်သံထွက်တယ်ဆိုပြီး ကုမ္ပဏီက ပိုနှစ်သက်ခဲ့ပါတယ်။

ဘာပဲပြောပြော ပက်တီဟာ လှပတဲ့သီချင်းတွေနဲ့ ဓာတ်ပြားတစ်ချပ်ရခဲ့ သလို ပညာတွေလည်း တပုံကြီးရလိုက်ပါပြီ။

"အဓိကတစ်ချက်ကတော့ သီချင်းသွင်းတဲ့အချိန်မှာ လူတိုင်းကြုံရသလို စိုးရိမ်စိတ်တွေ မများဖို့ပါပဲ" တဲ့။

## အကိုးအကား

လုပ်ငန်းခွင်အတွေ့အကြုံကရတဲ့ ပညာဟာ ကျောင်းမှာဘွဲ့ရအောင် ပညာ သင်တာထက် ခြောက်ဆလောက် ပိုအရေးကြီးတယ်ဆိုတာကို အလုပ်ဝင်စလူတွေရဲ့ လုပ်ဆောင်ချက်တွေအရ သိနိုင်ပါတယ်။

**စတန်းဘာဂ်၊ ဖေါ်ဆက်သ်၊ ဟာက်ဒ်လန်း၊ ဟိုးဗက်၊ ဝဂ္ဂနာ ဝီလီယမ်စ်၊ စနွတ်ခ် နှင့် ဂရီဂိုရင်ကို (၂၀၀၀)**

## (၇၈)

ဘောလုံးပွဲတစ်ပွဲကို တီဗီက ထိုင်ကြည့်မယ်ဆိုရင် အစီအစဉ်တင်ဆက်ကြေငြာသူက ဂိုးသွင်းခါနီးမှာ စုစည်းပြီးတိုက်စစ်ဆင်ပုံတွေ၊ ဂိုးဝင်သွားတာ၊ အရှိန်လွန်ကျော်သွားတာတွေကို အနီးကပ်ရိုက်ချက်တွေနဲ့ အားရပါးရ အော်ပြောသွားတာ ကြားရပါလိမ့်မယ်။

ဒါပေမယ့် တခြားအချိန်တွေမှာ ကစားကွက်ကို အဝေးကသာပြပြီး ဘာကြောင့် စိတ်ဝင်တစားနဲ့ တက်တက်ကြွကြွ အားတက်သရောမပြောတာလဲ။ တကယ်တော့ ဘောလုံးသမားတွေဟာ တစ်ကွင်းလုံးမှာ စွန့်စွန့်စားစားနဲ့ ချွေးသံရဲရဲ သဲသဲမဲမဲ ကြိုးပမ်းကစား..နေရတာပဲ မဟုတ်လား။

သင့်ဘဝမှာလည်း ဒီအတိုင်းပါပဲ။ ဂိုးပေါက်နဲ့တူတဲ့ ရောမရည်မှန်းချက်ကြီးတစ်ခု ဂိုးဝင်အောင်မြင်ဖို့အတွက် တက်ညီလက်ညီ ပေါင်းရန်းပြီး ကြိုးပမ်းကြရတာကို အလွယ်တကူ မြင်သာပါတယ်။ အလုပ်သစ်တစ်ခုကို စတင်ချိန်နဲ့ တာဝန်သစ်တစ်ခုကို ယူကြရာမှာလည်း တက်ကြွအားပါနေကြတာ တွေ့ရလိမ့်မယ်။

ဒါပေမယ့် ဒီလို အရေးမကြီးတဲ့ တခြားအချိန်တွေမှာလည်း တကယ့်ကြိုးပမ်းအားထုတ်မှုတွေ လုပ်နေရတာရှိပါတယ်။ တာဝန်တို့၊ ဆုလာဘ်တို့၊ အသိပြုခံရဖို့တို့မပါပဲ (ဒါမှမဟုတ်)အသည်းအသန် စိမ်ခေါ်ပြိုင်ဆိုင်မှုတွေ မရှိပဲနဲ့ အပတ်တကုပ် ဖိုပြီး လုပ်ကိုင်နေတာဟာလည်း အကြီးဆုံးစွန့်စားမှုကြီးတစ်ခု ဖြစ်နိုင်ပြီး အခွင့်အလမ်းတံခါးကို ဖွင့်ရာရောက်ပါတယ်။



### သာဓက

ဝီလီယမ်ဟာ ဂျင်နရယ်မီးလ်စ် စက်ရုံလုပ်ငန်းကို နေ့တိုင်းအလုပ်ဆင်းရပါတယ်။ သူ့အလုပ်က ပင်ပန်းသလို ညစ်ပတ်လှပါတယ်။ ဒါပေမယ့် ပုံမှန်အေးဆေးတည်ငြိမ်မှုရှိတယ်။ ဒါကြောင့်လည်း ဝီလီယမ်ဟာ ဘယ်သူ့ကိုမှ ဂျီကျမများဘဲ ဝတ္တရားမပျက် ကြိုးစားလုပ်ခဲ့တာပေါ့။

သူအိမ်ပြန်ရောက်တော့ ညတိုင်းမှာ ညစာစားပြီးတာနဲ့ သူ့ရဲ့ပန်းချီစုတ်တံကို ကောက်ကိုင်တော့တာပါပဲ။

ဝီလီယမ်က သူတို့မြို့လမ်းပေါ်က ကြမ်းတမ်းတဲ့ဘဝမြင်ကွင်းတွေကို သဘာဝကျကျ သရုပ်ဖော်ရေးဆွဲနေတာပဲလေ။

သူဟာ ညစဉ်ပန်းချီဆွဲခဲ့တာ နှစ်နဲ့ချီကြာခဲ့တယ်။ သူ့ပန်းချီကားတွေကို သူ့ဘီရိုတွေထဲ သိမ်းပြီး တစ်ချို့ကိုလည်း အိပ်ခန်းအလွတ်ထဲမှာ ချိတ်ထားခဲ့တယ်။

စင်စစ်တော့ သူ့ဝါသနာကို လူသိမခံချင်သလို ဘယ်သူမှ ဖွင့်မပြောဘဲ ကြိတ်ပြီးလုပ်နေခဲ့တာကိုး။

တစ်နေ့တော့ သူ့အပေါင်းအသင်းတစ်ယောက်က အိမ်ရောက်လာပြီး သူ့လက်ရာတွေ တွေ့သွားရာက သူ့ပန်းချီကားတစ်ချပ်ကို သူတို့မြို့နယ်က အပျော်တမ်းပန်းချီပြပွဲမှာ ဝင်ပြပါလားလို့ တိုက်တွန်းတယ်။

ဝီလီယမ်က ငြင်းတယ်။ နောက်တစ်နှစ်လည်း ဒီလိုပဲ ခေါင်းခါတာပဲ။ နောက်ဆုံး တတိယနှစ်အရောက်မှာတော့ သူ့သူငယ်ချင်းရဲ့ဆန္ဒအတိုင်း ပြပွဲဝင်လိုက်တယ်။ ဒီတင် ဝီလီယမ်ဟာ ပထမဆုချိတ်သွားတော့တာကလား။ သူကိုယ်တိုင်လည်း အဲဒီတော့မှ သူ့လက်စွမ်းနဲ့ သူ့ကြိုးပမ်းမှုကို အံ့အားသင့်သွားရတော့တယ်။

တဖြည်းဖြည်းနဲ့ ဝီလီယမ်ဟာ ရွက်ပုန်းသီးဘဝကနေ ထင်ရှားလာတယ်။

သူ့လက်ရာပန်းချီကားတွေကို အများဆိုင်စာကြည့်တိုက်မှာ ခင်းကျင်းပြသခွင့်ပြုခဲ့ရာက ဒေသခံအနုပညာရှင်အဖြစ် အသိအမှတ်ပြုခံရပြန်တယ်။

ပန်းချီကုန်သည် အမျိုးသမီးတစ်ယောက်က သူ့လက်ရာတွေကို သဘောကျသွားပြီး နောက်ထပ်ရှိသေးရင် ပြပါဦးလို့ တောင်းဆိုခဲ့တယ်။ နောက်ဆုံး ဝီလီယမ်ရဲ့ ပန်းချီကားတွေကို တစ်ကိုယ်တော်ပြပွဲလုပ်ခဲ့သလို ကြီးမားတဲ့ အောင်မြင်မှုတွေကို သူဆက်တိုက်ရခဲ့ပါတော့တယ်။

## အကိုးအကား

လက်ရှိအလုပ်နဲ့ဘဝကို ကျေနပ်နေရင်းက အနာဂတ်အတွက် တခြားစွန့်စားမှုတစ်ခုကို လုပ်ကိုင်ကြိုးပမ်းနေသူဟာ သမရိုးကျလုပ်နေသူတွေထက် ၄၇-ရာခိုင်နှုန်း ပိုပြီးချမ်းမြေ့သာယာမှုရပါတယ်။

ဒီလို တခြားအလုပ်ပါ တွဲဖက်လုပ်နေသူတွေရဲ့ အပင်ပန်းခံကြိုးပမ်းမှုဟာ အနာဂတ်အတွက် စိတ်အေးချမ်းသာမှုရစေတဲ့လမ်းတွေ ပွင့်သွားရုံသာမကပါဘူး။ လောလောဆယ် ပစ္စုပ္ပန်မှာလည်း တရားသေဆုံးဖြတ်ချက်ချထားတာထက်သာတဲ့ ရွေးချယ်ပိုင်ခွင့်တွေရှိနေတယ်လို့ ခံစားရပါတယ်။

**အင်ဂရမ်း (၁၉၉၈)**

## (၇၉)

သင့်ရဲ့အသက်မွေးဝမ်းကျောင်းအိပ်မက်ဟာ ဘာဆိုတာ အရေးမကြီးပါဘူး။ အရေးကြီးတာက အဲဒီ့စိတ်ကူးအိပ်မက်ဟာ တစ်နေရာရာ တစ်ချက်ချက်မှာ သင့်အိမ်ထောင်ရေးဘဝနဲ့ ဝိရောဓိဖြစ်နေတတ်တာပါပဲ။ ဒီလို ဝိရောဓိတွေ ဖြစ်မနေပါဘူးလို့ မသိချင်ယောင်ဆောင်ထားဖို့ လွယ်ပါတယ်။ ဒါမှမဟုတ် ကြုံလာမယ့်အချိန်ကို ရှောင်ကွင်းသွားလို့ရပါတယ်။ ဒါပေမယ့် . . .

. . . အဲသလိုမျက်နှာလွှဲလိုက်ရုံနဲ့ ဝိရောဓိဆိုတဲ့ သဘောချင်းမတိုက်ဆိုင်မှုကတော့ ပျက်ပြယ်ပျောက်ပြေးသွားမှာ မဟုတ်ပါဘူး။ ဝိရောဓိကို ရှောင်လွှဲတာဟာ သူ့ကို ပိုအားကောင်းလာစေပြီး ပဋိပက္ခအသွင်နဲ့ ပိုဆိုးလာဖို့ပဲရှိပါတော့တယ်။

သင့်လုပ်ငန်းဘဝနဲ့ အိမ်ထောင်ရေးဘဝကြားက အဆင်မပြေမှု ဝိရောဓိတွေကို ညှိယူပါ။ သင့်ရဲ့ရုပ်တည်မှုအခြေအနေ ပိုကောင်းသွားဖို့က ဒီတစ်နည်းပဲ သင်လုပ်နိုင်စရာရှိပါတယ်။

## သာဓက

မိသားစု၊ အိမ်ထောင်ရေးနဲ့ မောင်မယ်စုံ ပညာပေးရေးညွှန့်ပေါင်းအဖွဲ့ရဲ့ ပို့ချချက်မှာ နာကျည်းဒေါသဖြစ်မှု၊ တင်းမာမှုနဲ့ အိမ်ထောင်ပျက်စီးမှုတွေကို ကျိန်းသေဖြစ်စေတဲ့အချက်က သဘောထားကွဲလွဲမှုကို ညှိနှိုင်းစေ့စပ်ဖို့ လုံးဝပျက်ကွက်ခြင်းပဲလို့ ဆိုထားပါတယ်။

သဘောထားကွဲလွဲမှု နည်းနည်းမှမရှိပါဘူးဆိုတဲ့ အဓိပ္ပါယ်ကလည်း တွေးထင်တာ၊ ခံစားရတာတွေကို ဖွင့်မပြောပဲထားရာက ရင်ထဲမှာဗလောင်ဆူပြီး တစ်ချိန်မဟုတ်တစ်ချိန်မှာ ပွင့်ထွက်ပေါက်ကွဲသွားမယ့် နိမိတ်ပဲဖြစ်ပါတယ်။

အိမ်ထောင်သာယာရေးအဖွဲ့ကြီးရဲ့ အဓိကသင်ခန်းစာကြီးတစ်ခုက ဘယ်ဇနီးမောင်နှံကြားမှာမဆို "ဘယ်နည်းနဲ့မှ မတူနိုင်တဲ့ ကွဲလွဲချက်ဆယ်ချက်" ရှိတယ်လို့ ပြောထားတာကလား။

အဖွဲ့ကြီးရဲ့ ညွှန်ကြားရေးမှူးဖြစ်သူ ဒိုင်ယင်နီဆော်လီရဲ့ စကားအရဆိုရင်တော့

"လူအတော်များများရဲ့ ပြဿနာက အဲဒီကွဲလွဲခြားနားချက်တွေဟာ မလွှဲမရှောင်သာသလို ဖွင့်ဟညှိနှိုင်းလို့ရတယ်ဆိုတာကို မသိကြလို့ပဲဖြစ်ပြီး အချင်းချင်း ညှိနှိုင်းဆွေးနွေးရမယ့်မစား ရှောင်ခွာထွက်ပြေးပြီး ရင်ခွင်သစ်ကို ခိုလှုံကြတော့တာပါပဲ၊ စင်စစ်ကျတော့ သူတို့ရဲ့အဖော်သစ်ဟာလည်း ဒီလိုပဲကွဲလွဲခြားနားချက် ဆယ်ချက်ရှိတဲ့ လူသာဖြစ်နေပြီး မျက်ရည်လည်ရွဲနဲ့ ခွာပြတဲ့ဇာတ်ကွက်ကို ထပ်ကရုံပဲရှိတော့တယ်"

ချမ်းမြေ့သာယာတဲ့ အိမ်ထောင်ရှင်တွေဟာ အောင်မြင်မှုရကြပါတယ်။ သူတို့မှာ သဘောထားကွဲလွဲမှုတွေ နည်းပါးရုံသာမကဘူး အငြင်းပွားစရာ ပြဿနာတွေကို ဆွေးနွေးဖြေရှင်းရာမှ ကျွမ်းကျင်ကြလို့ပါပဲ။



ဒိုင်ယင်နီက ပြောပါသေးရဲ့ . . .။

"အိမ်ထောင်တစ်ခုမှာ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်ဆိုတာ ပုံကြီးချဲ့နေမယ့်အစား သာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေးဘဝကိုသာ ဦးစားပေးရည်စူးပြီး သင်ပုန်းချေလိုက်ကြမယ်ဆိုရင် အိမ်ထောင်စုဝင်တိုင်းရဲ့ အကျိုးစီးပွားကို ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မှာ မလွဲပါဘူး" တဲ့။

## အကိုးအကား

နှစ်ယောက်စလုံးအလုပ်ရှိတဲ့ ဇနီးမောင်နှံတွေဟာ သူတို့လုပ်ငန်းအစီအစဉ်တွေကြောင့် ပေါ်ပေါက်လာတဲ့ သဘောထားကွဲလွဲမှုတွေနဲ့ ပဋိပက္ခတွေကို မရှောင်လွှဲဘဲ ညှိနှိုင်းဖြေရှင်းမယ်ဆိုရင် အိမ်ထောင်ရေးသုခကို ၅၆-ရာခိုင်နှုန်းပိုခံစားရမှာပါ။

ဟိုဝဲလ် (၁၉၉၉)

## (၁၀)

## ငွေသည် အရာရာကို မဖန်တီးနိုင် ။

လူတိုင်းဟာ မြင့်မားတဲ့လစာတွေ လိုချင်ကြပါတယ်။

လိုအပ်တာ အားလုံးပြည့်စုံပြီး လိုချင်တာမှန်သမျှ အကုန်ရနေတဲ့လူတွေက လည်း လစာပိုကောင်းတာကို တောင့်တနေဆဲပါပဲ။

လစာငွေရဲ့ သရုပ်မှန်ကို နားလည်ဖို့လိုပါတယ်။ လုပ်ခလစာဆိုတာ ဝယ်ယူ သုံးစွဲနိုင်ခွင့်နဲ့ ဘဝအာမခံချက်မျှ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ကာယဉာဏ်စွမ်းအား နဲ့ ကြိုးစားလုပ်ကိုင်မှုကို တန်ဖိုးဖြတ်တဲ့ သင်္ကေတသာဖြစ်ပါတယ်။ ဒီလစာပေါ်မှာ ကြည့်ပြီး တခြားလူတွေက ကျွန်တော်တို့ကို ယုံကြည်မှုပေးလောက်ရုံပဲရှိတာပါ။

လစာများများကို ရလိုတယ်ဆိုတာဟာ ပိုကြီးလေးတဲ့အလုပ်တာဝန်ကို ထမ်း ဆောင်ရမှာဖြစ်ပြီး ဈေးမဆုကြေးငွေတွေမရပဲနဲ့ တာဝန်တစ်ရပ်ကို ယူထားရတာက ပိုပြီးလေးစားလောက်တယ်၊ ဂုဏ်ရှိတယ်ဆိုတာကို သဘောပေါက်နားလည်သင့်ပါတယ်။



### သာဓက

"ငါ့သားလေး ကစားကွင်းထဲမှာ ဆော့နေတာ စောင့်ကြည့်ခ ဘယ်လောက် များရသင့်ပါသလဲ"

"မင်းကို ငါရောင်းစားရင် ဒေါ်လာဘယ်လောက်တောင် တန်မလဲ"

ဘက်သ်က အချိန်ပြည့်အလုပ်ပြန်ဆင်းရကောင်းမလား၊ မဆင်းရကောင်းမ လား စဉ်းစားရင်းနဲ့ သူ့ကိုယ်သူ ပြန်မေးကြည့်တာတွေပါ။

"ငါ အလုပ်ဆက်မဆင်းပဲနေရင် ခုထက်ကြီးတဲ့အိမ်သစ်၊ ကားသစ်တွေရမှာ မဟုတ်တော့ဘူး။ ဒါပေမယ့် အဲဒီ့ရုပ်ဝတ္ထုတွေထက် ချစ်စရာကောင်းတဲ့သားလေးကို ယုယစောင့်ရှောက်နေတဲ့ မိခင်ကောင်းပီသတဲ့ မိခင်တစ်ယောက်ဖြစ်ရတာ ပိုပြီးစိတ်မ ချမ်းသာဘူးလား"

ဘက်သ်ဟာ အိမ်မှာနေကြတဲ့ မိဘတွေနဲ့ ပြောကြည့်တော့လည်း ဒီအသံ မျိုးတွေကို တစ်ချိန်လုံးကြားခဲ့ရပါတယ်။

သူ့မှာ ဝေခွဲမရ သံသယပွားခဲ့ရတဲ့ အချိန်တွေကြုံခဲ့ရတဲ့တိုင် နောက်ဆုံး တော့ သူပြတ်ပြတ်သားသား အဖြေထုတ်လိုက်နိုင်ပါပြီ။

"ငွေဟာ ကျွန်မရဲ့ဆုံးဖြတ်ချက် မှန်မမှန်ကို လိုက်တိုင်းတာမပေးနိုင်ပါဘူး။ ငွေနောက်သာ လိုက်နေမယ်ဆိုရင် ကျွန်မတစ်ပတ်မှာ ခုနစ်ရက်လုံးလုံး ခါးချိအောင် လုပ်နေရမှာပဲ၊ ကလေးလည်း ယူလို့ရတော့မှာ မဟုတ်ဘူး။ ငရဲကျတာထက် ဆိုးမယ်၊ ပြီးတော့ အိမ်ထောင်ကျစရာလည်း ဘယ်ရှိပါတော့မလဲ၊ ဘဝမှာ ငွေထက်ပိုအရေးကြီး တာတွေ အများကြီးပဲ၊ အဲ့သလို မပြောဝံ့ပေမယ့် ကျွန်မစိတ်ကြိုက်နေထိုင်ခွင့်လေး တော့ လိုချင်တာ အမှန်ပဲ"

## အကိုးအကား

အမျိုးသားစစ်တမ်းအရ လူနေမှုဘဝများနှင့် ကျေနပ်အားရမှုများကို ဝင်ငွေ အချိုးအစားအလိုက် နှိုင်းယှဉ်ကြည့်ရာမှ (လိုအပ်ချက်များရှိနေသူများအကြား၌) လစာ တိုးမြှင့်ရုံနှင့် ဘဝ၏ပီတိကို မရနိုင်ကြသလို အလုပ်ကြိုးစားမှုတွင်လည်း မဆိုစလောက် သာ ပံ့ပိုးနိုင်ကြောင်းတွေ့ရသည်။

**အိုင်စင်ဘာဂျာ၊ ရိုဒီးစ်နှင့် ကင်မရွန် (၁၉၉၉)**

(၁၁)

## သင့်ရဲ့ပကတိ အရှိအတိုင်းသာဖြစ်စေပါ •

စိတ်ဓာတ်မြှင့်တင်ရေးစာအုပ်တစ်အုပ်ကိုပဲ ဖတ်ဖတ်၊ ဘိတ်ခွေတစ်ခွေပဲ နားထောင်နားထောင်၊ ဟောပြောပွဲတစ်ခုကိုပဲ သွားတက်တက်၊ သင့်မှာ အံ့သြစရာ ကောင်းတဲ့ တန်ခိုးစွမ်းအင်တွေ ပိုင်ဆိုင်နေပြီး ထူးထူးခြားခြားလုပ်နိုင်စွမ်းရှိတယ်ဆို တာတွေသာ ကြားသိရပါလိမ့်မယ်။

တိုးတက်အောင်မြင်ရေးမှာ သင့်ကိုယ်သင် ယုံကြည်ရမယ်ဆိုတာ မှန်ပါ တယ်။ အတိုင်းအတာတစ်ခုထိ ဒီအသိတရားဟာ သင့်အတွက် အသုံးဝင်ပါတယ်။

သို့သော် ရေရှည်ခရီးအတွက်တော့ သင့်ကိုယ်စွမ်းဉာဏ်စွမ်းတွေကို လိုအပ် သလို ထိန်းချုပ်ထားတာဟာ ကြီးထွားအောင် အားစိုက်ကြိုးပမ်းတာထက် ပိုအဖိုးတန် တယ်လို့ ဆိုချင်ပါတယ်။

သင်ဟာ သင့်ကိုယ်သင် စူပါမင်း(သို့မဟုတ်) စူပါဝူမင်းဆိုတဲ့ လူစွမ်းကောင်း ဖြစ်ချင်လို့မရပါဘူး။ ဖြစ်အောင်လည်းမလုပ်နိုင်ပါဘူး။ လူဆိုတာ သူ့အိုးနဲ့သူ့ဆန် တန်ရုံ ပဲ ရကြမှာဖြစ်သလို အင်အားတွေမတန်တဆသုံးလို့ မရပါဘူး။ တစ်ခါခန်ရင် အလျား

၄-ပေလောက်သာ ခုန်နိုင်မယ့်လူဟာ ၁၀-ပေလောက်ခုန်ဖို့ ကြိုးစားရင်တော့ ပေါင်ကားသွားမှာ (ဒါမှမဟုတ်) လေးဘက်ပစ်လဲသွားမှာ အမှန်ပါပဲ။ ဒီ့အပြင် သင့်ရဲ့ ရှိရင်းစွဲအစွမ်းအစတွေကိုတောင် ယိုယွင်းထိခိုက်သွားပါလိမ့်မယ်။ ဒါနဲ့အမျှ သင်ဟာ ကျရှုံးခြင်းဆိုတဲ့ ဓါတ်ငွေ့လောင်တိုက်ထဲရောက်သွားပြီး သင့်ကိုယ်သင်ယုံကြည် အားထားမှု ဆိုတဲ့ စွမ်းအင်တွေလည်း လွင့်ပြယ်သွားဖို့ပဲရှိပါတယ်။

အကောင်းဆုံး ကိုယ့်ကိုယ်ကို ယုံကြည်မှုဆိုတာက သင့်ရဲ့ကိုယ်စွမ်းဉာဏ် စွမ်းတွေအပေါ် ပကတိအရှိအတိုင်း လက်တွေ့ကျကျ အကဲဖြတ်တာဖြစ်သလို ဒါမှလည်း သင့်ရဲ့စိတ်ကူးအိပ်မက်တွေအားလုံးဆီ သွားရာလမ်းကို မီးမောင်းထိုးပြပေးနိုင်ပါလိမ့်မယ်။

## သာဓက

ဘရစ်ဟာ ဖလော်ရီဒါပြည်နယ် တင်ပါမြို့လေးမှာ လူငယ်ဘောလုံးနည်းပြ အဖြစ် စနေ၊ တနင်္ဂနွေပိတ်ရက်တိုင်း စေတနာ့ဝန်ထမ်း အကျိုးဆောင်နေသူပါ။

သူက ကလေးတွေကို နည်းပြရတာကိုပဲ ပျော်နေပြီး သူတို့ကို ကစားပုံ ကစားနည်းတွေ၊ ကြံ့ခိုင်သန်စွမ်းအောင်လုပ်နည်းတွေနဲ့ အသင်းလိုက် စုပေါင်းညီညာမှု တွေ သင်ကြားပေးပါတယ်။

ဒါပေမယ့် သူ့ကိုကွင်းပြင်က အဖြစ်အပျက်တွေက တကယ်ပဲအံ့အားသင့် စေခဲ့ပါတယ်။ တခြားတော့ မဟုတ်ပါဘူး။

"ကလေးတွေရဲ့ မိဘတွေပေါ့၊ သူတို့ကိုယ်သူတို့များ ဗင်စ်လွန်ဘာဒီလို နည်းပြ ချုပ်ကြီးရယ်လို့ အောင်းမေ့နေသလားမသိဘူး။ သူတို့က ကွင်းပတ်လည်လိုက်ပြေးပြီး သူတို့ကလေးတွေကို ဟိုလိုလုပ်၊ ဒီလိုလုပ်၊ ချဟာနက်ဟာနဲ့ အော်ဟစ်အားပေးနေကြတာ ဟာ နွားရိုင်းသတ်ပွဲလား မှတ်ရပါတယ်၊ ကျွန်တော်က ဘောလုံးကစားနည်းကိုသာ



အာရုံစိုက်ပြီး သင်ပေးနေသလို ကလေးတွေကို အားကစားသမားကောင်းတွေဖြစ်ဖို့ မျှော်လင့်ချက်နဲ့ အားကစားစိတ်ဓာတ်တွေ သွင်းပေးနေတာကို သူတို့သဘောမပေါက်ဘူး။ ဘောလုံးပွဲတစ်ပွဲနိုင်ရုံနဲ့ အရာခပ်သိမ်းကို နိုင်တာမဟုတ်ကြောင်းလည်း သူတို့နားမလည် ဘူး"

ဘရစ့်ခမျာ အတော်လေးစိတ်မချမ်းသာ ဖြစ်သွားရပါတယ်။

"သူတို့က ဒိုင်လူကြီးတွေကိုလည်း အော်တယ်၊ သူတို့အချင်းချင်းလည်း အော်တယ်၊ ကစားနေတဲ့ ကလေးတွေကိုလည်း အော်လားငေါက်လားလုပ်တယ်၊ သူတို့ က ကစားပွဲမှာ တစ်ခုခုမှားသွားရင်ပဲ လုံးဝရှုံးသွားတော့မယ်လို့ ကလေးတွေစိတ်ထဲ ထင်အောင်အထိ နှောင့်ယှက်ကြတာပဲ"

"သူတို့လုပ်ရပ်တွေကိုကြည့်ရင် တကယ့်ကို ဆိုးဆိုးဝါးဝါး ဖျက်ဆီးပစ်ရာ ရောက်ပါတယ်၊ ကလေးတွေရဲ့ ပျော်ရွှင်မှုကို စိတ်ပျက်အားငယ်အောင် ပြောင်းလဲပစ် တာနဲ့လည်း မခြားဘူး။ ဒီဘောလုံးပွဲကို သူတို့လာကြတဲ့အကြံကိုက သူတို့ကလေးတွေ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်နေတာနဲ့ ၇-နှစ်၊ ၈-နှစ်သားလေးတွေ ကလေးဘာဝ ပျော်ပါးနေတာကို ကြည့်ဖို့မဟုတ်ပဲ သူတို့ကလေးတွေကို ကမ္ဘာကျော်ဘောလုံးဘုရင် ပီလီလောက်ဖြစ်စေချင်တဲ့ဆန္ဒနဲ့ လာအားပေးနေကြတာကို တလွဲကြီးတွေ့ရတယ်"

## အကိုးအကား

ယုံကြည်မှုဆိုတာ ကိုယ့်ကိုယ်ကို အမှန်အကန် တန်ဖိုးဖြတ်မှုတစ်ခုနဲ့ ပေါင်း စပ်ပြီးမှ ဘဝရဲ့ပီတိကို ၃၀-ရာခိုင်နှုန်းတိုးပွားအောင် လုပ်ပေးနိုင်တာဖြစ်ပါတယ်။

**ဆက်ဒ်လေးဆက် (၁၉၉၉)**

## (၈၂)

## ကိုယ့်လမ်း ကိုယ်ဟောက် ။

ကားစက်ရုံက ကားတွေတန်းစီထွက်လာတာကိုကြည့်ရင် စက်ကိရိယာ အစိတ်အပိုင်းတွေအလုပ်လုပ်ပုံနဲ့ စွမ်းရည်သတ္တိတွေ ရှိပုံချင်းတူပြီး ကိုယ်ထည်ပုံစံတွေ တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲဆန်းသစ်လာတာတွေ့ပါလိမ့်မယ်။

ကျွန်တော်တို့က ပုံစံတူကားချင်းအတူတူပဲဆိုပြီး ဝယ်စီးကြည့်တဲ့အခါမှ တစ်စင်းနဲ့တစ်စင်းဟာ မသိမသာ ကွဲပြားခြားနားမှုလေးတွေ ရှိနေကြောင်းသိရပါတော့ တယ်။

လူတွေဟာ စက်ရုံထုတ်ကားတွေ မဟုတ်ပါဘူး။ တစ်ချိန်တည်း တစ်နေရာ တည်းမှာ မွေးလာပြီး အတူတူလေ့ကျင့်သင်ကြားကြီးပြင်းလာတဲ့တိုင်အောင် ကျွန်တော် တို့ချင်းဟာ အစကနဲ့မတူတော့ပဲ ပစ္စုပ္ပန်မျက်မှောက်ကာလကနေ ရှေ့လျှောက်ကွာခြား သွားဖို့ပဲရှိပါတယ်။

သင့်အနေနဲ့ သူတစ်ပါးရဲ့ မျှော်လင့်ရည်မှန်းချက်တွေကို အားကျပြီး ထပ်တူ လိုက်လုပ်ဖို့မကြိုးစားခင် (တစ်နည်းအားဖြင့်)တခြားလူရဲ့အောင်မြင်မှုမျိုးကို ရယူလို တယ်ဆိုရင် သင့်ကိုယ်သင့် ပြန်မေးကြည့်ဖို့ကတော့ ငါဟာ အဲသလိုတကယ်ပဲဖြစ်သင့် သလားဆိုတာပါပဲ။



### သာဓက

အက်ဒ်ဝပ်ဘစ်ဟားဒက်ဟာ ရထားလမ်းတွေပေါ်မှာ လုပ်ရတာကို သံယော ဇဉ်ကြီးနေပါတယ်။ သူဆယ်ကျော်သက်အရွယ်စလုပ်ခဲ့ရတဲ့ အလုပ်ကလည်း ရထား လမ်းတွေပြင်ရတာပါ။ ဒီနောက် သူဟာ သံလမ်းစောင့်၊ ဘူတာစာရေး၊ ပြီးတော့ စက်ပြင်အကူတွေဖြစ်ခဲ့ရတယ်။ ကောလိပ်ကျောင်းကအောင်တော့ ဝက်ဘက်ရှ် မီးရထား ကုမ္ပဏီရုံးမှာ ဝင်လုပ်ခဲ့ပြန်ပါတယ်။

သူ့ကျောင်းတက်ဖော်သူငယ်ချင်းတွေက သူ"ကြောင်"နေပြီလို့ ဝိုင်းပြောကြ ပါတယ်။ ပြောလည်းပြောစရာပါပဲ။ အင်ဂျင်နီယာဘွဲ့ရတဲ့လူ ဘယ်သူမှ မီးရထားဌာနနဲ့ စက်ခေါင်းစက်ရုံလို တက်လမ်းမရှိတဲ့ ဌာနသေးကြီးမျိုးမှာ ဝင်မလုပ်ကြပါဘူး။

အဲ···အလုပ်ထဲမှာ အနှစ်နှစ်ဆယ်လောက်ကြာတဲ့နောက်တော့ အက်ဒဝပ် ဟာ သူတို့အပိုင်ဒေသက ရထားလမ်းတစ်လမ်းကို ဝယ်ဖို့ လူစုလိုက်ပါတယ်။ သူတို့ အုပ်စုက ဝစ္စကွန်ဆင်ဗဟိုလိုင်းတွေကို ဝယ်လိုက်ပြီး ၁၉၉၁ မှာ ရထားလမ်းစတော့ ရှယ်ယာဈေးကွက်ထဲ ဝင်ရောက်ခဲ့တော့တာပါပဲ။

ဒီလိုနဲ့ တခြားမီးရထားကုမ္ပဏီအများအပြား ပြုတ်သွားပေမယ့် ဝစ္စကွန်ဆင် ဗဟိုမီးရထားဟာ အမြတ်တွေ ဆက်ပေါ်ခဲ့ရာက ဆယ်စုနှစ်အတွင်းမှာ စတော့ဈေး ၁၅-ဆမြင့်တက်သွားတာတောင် တွေ့ရပါတယ်။

ခေတ်ပေါင်းမှာ ဆွေးကျန်ခဲ့ပြီလို့ထင်ရတဲ့ သူတို့ဝစ္စကွန်ဆင်ဗဟို မီးရထား စက်ရုံလုပ်ငန်းထဲကို အကြီးမားဆုံး ငွေရင်းနှီးမြှုပ်နှံသူတစ်ယောက်ကတော့ မိုက်ခရို ဆော့ဖ်ပိုင်ရှင် ဘီလ်ဂျုံနာကြီး ဘီလ်ဂိတ်ပါပဲတဲ့။

အပ်ဒ်ဝပ်အဖို့ မီးရထားသံလမ်းလုပ်ငန်းနဲ့ အောင်မြင်ရခဲ့တာဟာ အံ့မခန်း အောင်မြင်မှုကြီးပဲဆိုရပါတော့မယ်။

"ခင်ဗျားအိပ်မက်တွေကို အမိဖမ်းဖို့ ဘယ်တော့မှ မကြောက်ပါနဲ့၊ ဒီအပြင် ကော ဘာရှိဦးမှာမို့လဲ ကဲ ･･･"

## အကိုးအကား

သူတို့ဘဝမှာ အောင်မြင်မှုရသင့်ပါလျက်နဲ့ လက်လွတ်ဆုံးရှုံးသွားရတယ်လို့ ခံစားရတဲ့လူ ၆၄-ရာနိုင်နှုန်းက သူတို့ရအောင်မလုပ်နိုင်တဲ့ တခြားလူတွေရဲ့ ထူးခြားတဲ့ စံချိန်စံညွှန်းတွေကို ထောက်ပြကြလေရဲ့။

**အာနီးလ်ဒ် (၁၉၉၅)**

## (၇၃)

ကုမ္ပဏီတစ်ခုဖွင့်ထားတာပဲဖြစ်စေ၊ စာတိုက်ခန်းထဲမှာ စာတွေရွေးနေတာပဲ ဖြစ်စေ သိပ်အကြောင်းမဟုတ်ပါဘူး။ အောင်မြင်မှုဟာ ကိုယ်လုပ်တဲ့အလုပ်ကို ကိုယ့်အလုပ်ပဲလို့ မှတ်ယူမှုနဲ့အစပျိုးတာတော့ သိထားရပါလိမ့်မယ်။

ဒီလိုသဘောပိုက်မိတာနဲ့အမျှ သင်ဟာ ကြိုးစားပမ်းစား ကောင်းရာမွန်ရာ လုပ်တော့မှာပဲဖြစ်ပါတယ်။

တခြားလူတွေ ဘယ်လိုပဲလုပ်လုပ်၊ ဒါမှမဟုတ် သင်သွားရာလမ်းမှာ အသုံးမကျတဲ့ပေါ်လစီတွေနဲ့ ဉာဏ်နည်းစွာပိတ်ဆို့ထားချင်ထားပါစေ၊ ဒါမှမဟုတ် ခေါင်းဆောင်လုပ်သူက ညံ့ချင်ညံ့၊ ဒါတွေလည်း အကြောင်းမဟုတ်ပါဘူး။

အရေးကြီးတာက သင့်ရဲ့စွမ်းရည်၊ လုပ်ကိုင်ဆောင်ရွက်မှုနဲ့ အဆုံးစွန်သော အားဖြင့်ပြောရရင် သင့်ရဲ့အားပါတဲ့စေတနာကို ပြဖို့ပါပဲ။ **စင်စစ်မှာလည်း သင်လုပ်သမျှ သင်နဲ့ဆိုင်ပြီး သင်ပဲပိုင်တာမဟုတ်လား။**

## သာဓက

တွမ်ဝီလီယမ်ဟာ အက်ပဲလ်ကွန်ပျူတာကုမ္ပဏီမှာ ဆယ်ကျော်သက်အရွယ် ၁၄-နှစ်သားကတည်းက စလုပ်ခဲ့သူဖြစ်ပါတယ်။ သူ့လုပ်သက်အတွင်းမှာ နှုတ်ကြမ်းအာကြမ်းနဲ့ ဆက်ဆံရေးအဆင်မပြေမှုကြောင့် အသက်နှစ်ဆယ်မပြည့်ခင်ပဲ အလုပ်ထုတ်ခံလိုက်ရပါတယ်။ အဲ့ဒီအချိန်က သူ့ကိုယ်သူအပြစ်မမြင်ခဲ့တာတော့ အမှန်ပေါ့။

"ကြာတော့ လူတွေရဲ့လက်ညှိုးထိုးခံ ပစ်မှတ်အဖြစ်နဲ့ သားကောင်ဘဝမှာ မနေနိုင်တော့ပါဘူး။ ဖြစ်ခဲ့သမျှအားလုံးဟာ တခြားလူတွေရဲ့အပြစ်မဟုတ်ပဲ ကျွန်တော့်အပြစ်ပဲလို့သိလာတယ်။ ဒီအပြစ်တွေကို အလွယ်တကူဖုံးကွယ်ပစ်တာ (ဒါမှမဟုတ်) ပရိယာယ်မပါပဲ ဒဲ့ဒိုးပြောမိတာတွေဟာလည်း ကျွန်တော့်စိတ်နဲ့ကျွန်တော် ဆုံးဖြတ်ခဲ့တာပဲဖြစ်ပါတယ်"

တွမ့်အနေနဲ့ ခုလိုသူ့ကိုယ်သူ ဆင်ခြင်မိပြီးတဲ့နောက် အသက် ၂၁-နှစ်မှာတော့ စွန့်စားရတဲ့ ငွေရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်ခဲ့ရာက စီမံကိန်းအသစ်တွေရဲ့ဖြစ်နိုင်ချေရှိမရှိကို အကဲဖြတ်ပေးရတဲ့အဆင့်ကို ရောက်လာပါတယ်။ သူဟာ သူ့ရာထူးအရ ကြီးလေးတဲ့တာဝန်ထမ်းဆောင်ရတာကို နှစ်သက်ပျော်မွေ့ခဲ့ပါတယ်။

နောက်ဆုံး ကုမ္ပဏီအတွက် သန်းပေါင်းများစွာရဖို့နဲ့ ဆုံးရှုံးဖို့ဟာ သူ့ရဲ့ ထောက်ခံချက်ပေါ်မှာ မူတည်လာတဲ့အထိ ဩဇာကြီးမားလာပါတယ်။

"အဆိုးရော အကောင်းရောဖြစ်နိုင်တဲ့ ကျွန်တော့်ဆုံးဖြတ်ချက်တွေဟာ ကျွန်တော့်ရဲ့ဘဝကျွန်တော်ရဲ့အသက်တာကို ဦးဆောင်နေသလို စီးပွားရေးအရလည်းမဟုတ်ဘူး။ ကုမ္ပဏီအကျိုးနဲ့လည်းမဆိုင်ဘူး။ တခြားဘာနဲ့မှ မပတ်သက်ပဲ ကျွန်တော့်ဘဝနဲ့သာ တိုက်ရိုက်ဆက်နွယ်နေပါတယ်"



## အကိုးအကား

ကုန်ထုတ်စွမ်းအားတိုးတက်ရေးမှာ သူတို့တစ်ဦးချင်းအနေနဲ့ တာဝန်ရှိတယ်လို့ ယူဆကြတဲ့ အလုပ်သမားတွေအဖို့ အလုပ်လုပ်ရင်းရတဲ့ ကျေနပ်မှုပီတိကို ၃၄-ရာခိုင်နှုန်းပိုပြီးခံစားရပါတယ်။

မက်ကော (၁၉၉၉)

## (၈၄)

## သင့်အနာဂတ်အတွက် ရိုးသားပြောင့်မတ်ပါ ။

အကြောင်းကိစ္စတစ်ချို့ကို လိမ်ညာဖို့လွယ်ပါတယ်။ အနာဂတ်ကိုတော့ လိမ်လို့ရမှာ မဟုတ်ပါဘူး။

လူတစ်ချို့ကိုသာ လိမ်ညာလို့ရလိမ့်မယ်။ ကိုယ့်ကိုယ်ကိုယ်တော့ လိမ်ညာဖို့မလွယ်ပါဘူး။

သို့ပါလျက်နဲ့ လူတွေဟာ သူတို့ဘာကြောင့်ဘယ်ကို သွားရတယ်ဆိုတာနဲ့ ပတ်သက်ပြီး သူတို့ကိုယ်သူတို့ တစ်သက်လုံးလိမ်ညာနေကြတာ တွေ့ရပါတယ်။

ခက်ခဲတဲ့အလုပ်တစ်ခုကို အလွယ်လေးဘောချိတ်ရွှေ့ဆိုင်းထားလိုက်နိုင်သလို နောက်မှလုပ်တာပေါ့ဆိုတဲ့ အပြောမျိုးနဲ့ သူတို့ကိုယ်သူတို့ ဖြေသိမ့်ကြတာမျိုးလည်း ရှိရဲ့။

ဒါပေမယ့် မိမိရဲ့ရည်မှန်းချက်ပန်းတိုင်နဲ့ပတ်သက်လို့ မိမိကိုယ်မိမိ လှည့်စားလိမ်ညာတာဟာ လက်ရှိအကြွေးတွေကို သူတို့ပိုကြီးတဲ့အကြွေးယူပြီး ဆပ်လိုက်တာနဲ့ တူပါတယ်။ ဒီ့အတွက် ဒီနေ့ပစ္စုပ္ပန်အဖို့ အဆင်ပြေသွားပေမယ့် မနက်ဖြန် အနာဂတ်အတွက် ပိုပြီးအခက်အခဲ အကြပ်အတည်းတွေ တွေ့ရတော့မှာပဲပေါ့။



## သာဓက

ဂရက်ဂ်ဟာ သူ့ရဲ့အသက်အာမခံစုငွေတွေကို အော်ရီဂွန်ပြည်နယ်မှာရှိတဲ့ လက်လုပ်ဆပ်ပြာလုပ်ငန်းပျိုးထောင်ရာမှာ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။

ပြဿနာက တစ်ခုတည်းရှိပါတယ်။

သူ့ရဲ့လက်လုပ်ဆပ်ပြာတောင့်တွေဟာ အစိုပြန်တဲ့အခါ အစိမ်းရောင်မှိုတွေ လိုက်လာတတ်တာပါပဲ။

ဖြစ်ပုံက သူက ဈေးရုံကြီးတစ်ခုမှာ ဆိုင်ခန်းတစ်ခန်းငှါးပြီး ရောင်းချဖို့ အဆင်သင့်ပြင်ထားခဲ့မိတာပေါ့။ ပြီးတော့ ဆပ်ပြာမှာကပ်ဖို့ တံဆိပ်တွေလည်း အသင့်ရိုက်ပြီးနေပြီ။ ဒါပေမယ့် သူ့လက်လုပ်ဆပ်ပြာဖော်စပ်ပုံက မမှန်လို့ ပျက်စီးကုန်ပြီ။

ဂရက်ဂ်ဟာ ကြံရာမရဖြစ်တဲ့အဆုံး လက်ကားဒိုင်တစ်ခုက ဆပ်ပြာတွေဝယ်ပြီး သူ့တံဆိပ်တွေကပ်လိုက်ပါတယ်။

ဝယ်သူတွေကိုလည်း ဒါတွေဟာ သူကိုယ်တိုင်ထုတ်လုပ်တဲ့ အော်ရီဂွန်လက်လုပ်ဆပ်ပြာတွေလို့ ညာရောင်းခဲ့ရောဆိုပါတော့။

စင်စစ်တော့ သူဟာ သူကိုယ်တိုင်လက်နဲ့လုပ်တဲ့ ပစ္စည်းတွေကိုသာ ရောင်းပါ့မယ်၊ တခြားဟာတွေ မရောင်းပါဘူးဆိုတဲ့ ဆိုင်ဝှားစည်းကမ်းကို ချိုးဖောက်ခဲ့တာပဲဖြစ်ပါတယ်။

သူ့ကို စည်းကမ်းပြဋ္ဌာန်းချက်အရ အရေးယူဖို့ခက်ပေမယ့် ဒီလိုလက်တစ်လုံးခြားလှည့်ဖျားလိမ်လည်မှုက သူ့ကိုယ်တွင်းမှာ လှိုက်စားနေခဲ့ပါပြီ။ မရိုးသားတဲ့လုပ်ရပ်ကြောင့် သူ့ကိုယ်သူလိပ်ပြာမသန့်ပဲ အလိုလိုနေရင်း ကြက်သီးထနေရတယ်ဆိုလည်း မမှား...။

နောက်ဆုံး သူဟာ သူ့ဆိုင်ကို ပိတ်ပစ်လိုက်ပါတော့တယ်။ ဆိုင်ကိုလည်း ဆက်မငှားတော့ပါဘူး။ ဒီတော့မှပဲ ဂရက်အဖို့ မသမာမှုက လွတ်မြောက်ခဲ့ရသလို စားဝင်အိပ်ပျော်နဲ့ အသက်ရှူဖြောင့်နိုင်ပါတော့သတဲ့။

"ခင်ဗျားဟာ ခင်ဗျားဘဝရဲ့ အခြေခံအကျဆုံး ရိုးသားဖြောင့်မတ်မှုကို ချိုးဖောက်ပြီး အကျင့်သီလပျက်တဲ့ လိမ်ညာလှည့်စားမှုကို လုပ်မယ်ဆိုရင် ဘယ်သူမှမသိပေမယ့် ကိုယ့်ကိုယ်ကိုသိပြီး အကြီးအကျယ် စိတ်ရှုပ်ရမှာအမှန်ပဲ။ အမျိုးမျိုးကိုခြောက် လှန့်တတ်တဲ့ တစ္ဆေတစ်ကောင်ကို ဗိုက်ထဲမှာလှောင်ထားတဲ့အတိုင်း တထိတ်ထိတ် တလန့်လန့်နဲ့ ကြောက်နေရမှာကျိန်းသေတယ်"

## အကိုးအကား

လူတွေဟာ သူတို့ရဲ့အလုပ်အကိုင် အောင်မြင်မှုကို ပြန်တွေးကြည့်တဲ့အခါ ငယ်စဉ်က မစားရဝခမန်း ကြံစည်ခဲ့တာတွေထက် အပြတ်အသတ်ကွာနေတာ တွေ့ရပါသတဲ့။

အင်ဂရမ်း (၁၉၉၈)

(၇၅)

## သင်ဘာကို မျှော်မှန်းရှာဖွေနေတယ်ဆိုတာ သင်သိရမယ် ။

သင့်အတွက် ဦးတည်ချက်အမှန်က ဘာပါလဲ။ ဘယ်အလုပ်မျိုးက သင့်အရည်အချင်း၊ သင့်လိုအပ်ချက်တွေနဲ့ကိုက်ညီပြီး သင့်ရည်မှန်းရာပန်းတိုင်ကို ရောက်အောင်ကူညီမလဲ။

လူတွေကို ဒီမေးခွန်းတွေ မေးတဲ့အခါ များသောအားဖြင့် အာရုံရောက်သွားကြတာက အလုပ်အကိုင်တွေအကြောင်း စုံစမ်းဖို့နဲ့အကျိုးခံစားခွင့်နဲ့ပတ်သက်တဲ့ သတင်းတွေ ပိုပြီးစုဆောင်းရယူဖို့ပဲဖြစ်တာ တွေ့ရတယ်။

ဒါပေမယ့် အလုပ်က အကျိုးခံစားခွင့်တွေရဖို့ကို မစဉ်းစားခင် သင့်ကိုယ်သင်နားလည်ဖို့လိုအပ်ပါတယ်။

အလုပ်တစ်ခုရဲ့ အသေးစိတ်ကိစ္စတွေဟာ သင်ဘယ်သူလဲ၊ ဘာတွေလုပ်နိုင်သလဲ၊ ဘာအလုပ်မျိုးလုပ်ချင်သလဲဆိုတဲ့ အရေးကြီးတဲ့အချက်တွေကို နားလည်သိရှိတာနဲ့ယှဉ်ရင် သိပ်ပဓာနမကျတော့ပါဘူး။

## သာဓက

စင်ဒီဒက်ပီဟာ ပင်စီလ်ဗေးနီးယားပြည်နယ်မှာ ကားနဲ့ဝင်ပြီးကြည့်ရတဲ့ နောက်ဆုံးပေါ်ရုပ်ရှင်ရုံတွေပိုင်တယ်လေ။

ဒီလိုကားရပ်ပြီးကြည့်ရတဲ့ ရုပ်ရှင်ရုံလုပ်ငန်းဟာ ခေတ်မရှိတော့ဘူးဆိုတဲ့ ဝေဖန်ချက်နဲ့ ဖိအားပေးတဲ့ဒဏ်ကို စင်ဒီလိုမ့်ခံရတာပေါ့။

ရုပ်ရှင်ပြသဖို့ ကွင်းကျယ်ကြီးကို ငှားရတဲ့ငှားခကလည်း အရမ်းဈေးကြီးတာကလား။

လူတွေကလည်း အဲယားကွန်းဒေးရှင်းတပ်ထားတဲ့ ရုံတွေမှာ ဆိုဖာနဲ့ငြိမ်ကျကျ ထိုင်ပြီးကြည့်ရတာကို ကားထဲကကြည့်ရတာထက် ပိုပြီးအရသာတွေ့နေကြပြန်တယ်။

စင်ဒီကတော့ ယနေ့ထက်ထိ ကားရပ်ရှင်ရုံလုပ်ငန်းကို လုပ်နေဆဲ။

တစ်ဆက်တည်းမှာလည်း သူ့အလုပ်က ဝင်ငွေကောင်းနေတုန်းလို့ စင်ဒီက ပြောလိုက်ပါသေးရဲ့။

စင်ဒီရဲ့ဈေးကွက်ဟာ ရိုးရာဓလေ့မပျက်တဲ့ သူတို့မြို့ခံမိသားစု ရုပ်ရှင်ပရိသတ်ကိုသာမက နာရီအတန်ကြာ မောင်းလာရတဲ့ဒေသမှာနေပါ်ငြီး ခေတ်ဟောင်းက ကားရပ်ကြည့်ရတဲ့ ရုပ်ရှင်တွေကို လွမ်းလွမ်းဆွေးဆွေးနဲ့ လာကြည့်ချင်သူတွေကိုပါ ဆွဲဆောင်နိုင်စွမ်းရှိနေသေးတယ်ဆိုပဲ။

သူ့သူငယ်ချင်းတစ်ယောက်ကဆိုရင် စင်ဒီ့ကို ဈေးကွက်ရှာကောင်းတဲ့ ဆရာမကြီးလို့တောင် ချီးမွမ်းပါသတဲ့။ စင်ဒီကပြောတယ် . . .။

"ကောင်းပါတယ်၊ သူ့စကားထဲမှာ အမှန်တရား တချို့တဝက်ပါနေတာပဲ၊ ဒါပေမယ့် ကျွန်မအနေနဲ့ ကျွန်မမြတ်နိုးမှုရှိတာကိုတော့ ရောင်းနိုင်မှာမဟုတ်ပါဘူး။ ပြီးတော့ ဒီနေရာကို ကျွန်မချစ်တယ်လေ . . ."



## ကိုးကားချက်

သူတို့ရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်နဲ့ ရေရှည်စီမံကိန်းကို သတ်သတ်မှတ်မှတ် မဆုံးဖြတ်နိုင်ကြတဲ့လူတွေဟာ ကိုယ့်သရုပ်အမှန်ကို ကိုယ်သိနားလည်မှု ၆၆-ရာခိုင်နှုန်း လျော့နည်းတယ်လို့ ဆိုရမယ်။

ဗွာရားနှင့် ဘရောင်းဂတ်ရစ်ကာ (၁၉၉၉)

(၈၆)

## ပက်ကင်လှလှလေးနဲ့ထုပ်ပို့ မမေ့နဲ့ ●

ကျွန်တော်တို့ဟာ ကိုယ်စွမ်းပြသထက်ပြနိုင်ဖို့ ကြိုးစားရင်း အချိန်ပြည့် သောကရောက်နေကြရပါတယ်။

ဒါပေမယ့် တခြားလူတွေက ကျွန်တော်တို့ ဘာအစွမ်းရှိတယ်ဆိုတာ နားလည် မထားရင် ဒီကြိုးပမ်းမှုတွေဟာ သိပ်အရာမရောက်တော့ပါဘူး။

အစားအသောက်ကုမ္ပဏီတွေဟာ သူတို့လုပ်ငန်းက တခြားကုန်ပစ္စည်းတွေ ထက် ကွေကာ်အုပ်ကြော်ငြာတွေကို ဘာကြောင့်ငွေကုန်ကြေးကျ ပိုခံရသလဲဆိုတာ နိုင်လုံတဲ့အကြောင်းရှိပါတယ်။



အဲဒါကတော့ သူတို့ကွေကာအုပ်ကောင်းကြောင်း လူသိအောင် ကြိုတင်ကြေငြာ ပြီး နာမည်ကိုစွဲသွားပြီဆိုတော့မှ ထုတ်ဖြန့်ကြတာပါ။ ဒီတော့ တခြားကုမ္ပဏီတွေနဲ့ ပစ္စည်းချင်းပြိုင်ရင် အဲကောင်းချင်းတူနေတာတောင် သူတို့က အရောင်းရပိုတွင်သွားတော့ တာပေါ့။

ဒါကြောင့် သင့်ရည်မှန်းချက်တစ်ခုတရာကို အရယူမယ်ဆိုရင် ရုပ်ပြလှလှလေး က အတွင်းမှာအနှစ်သာရ တကယ်ရှိကြောင်း ဖော်ညွှန်းနိုင်ရမယ်ဆိုတာ မမေ့ပါနဲ့။

### သာဓက

ဂျိမ်းစ်ရော့ဒရီဂွီးရက်ဇ်ဟာ အလုပ်အကိုင်ရရှိရေးနဲ့ ဘဝရပ်တည်မှု ကျွမ်းကျင် ရေး အစီအစဉ်နဲ့ နယူးဂျာစီပြည်နယ် ပက်တာဆင်မြို့ "ရှေ့သို့လှမ်း" ဆိုတဲ့ သင်တန်း လုပ်ငန်းတစ်ခု တည်ထောင်ထားပါတယ်။

ဂျိမ်းစ်ဟာ "လူရာမသွင်းပဲ အပယ်ခံထားရသူတွေ၊ ကျရှုံးမှုနဲ့ရင်ဆိုင်ခဲ့ရသူ တွေ" နဲ့ ဆုံဆည်းခဲ့ရတာပါ။

သူက အဲဒီ့လူတွေကို အလုပ်ဝင်ဖို့ အဆင်သင့်ဖြစ်အောင် ကူညီပြီး သင့် တော်ရာနေရာတွေမှာ အလုပ်သွင်းပေးခဲ့ပါတယ်။

"ရှေ့သို့လှမ်း" သင်တန်းက လူတစ်ယောက်ရဲ့နေပုံထိုင်ပုံ ပြောပုံဆိုပုံတွေက အစ ဘဝနေနည်းပညာတွေ၊ လုပ်ငန်းကျွမ်းကျင်မှုပညာတွေ၊ အလုပ်ရရှိရေးပညာတွေ ကို သင်ပေးပါတယ်။

"ကျွန်တော်တို့က သူတို့ကို ဝတ်စားဆင်ယင်ပုံနဲ့ ကျန်းမာရေးကိစ္စတွေကိုပါ အကြံပေးသလို အလုပ်ရှင်နဲ့ ပထမဆုံးစတွေ့ချိန်ဟာ အရေးကြီးဆုံးတစ်ခုတည်းသော အခွင့်အရေးဖြစ်ကြောင်းလည်း အသိပေးပြောကြားပါတယ်၊ ဒီကိစ္စဟာ အတော်လေး

သိမ်မွေ့ပြီး သူ့အတွက်အမှန်အကန် အသုံးအဖြတ်ပေးမှာဖြစ်သလို ကျွန်တော်တို့ အရေးထားဂရုစိုက်ဖို့ လိုပါတယ်"

ဂျိမ်းစ်ဟာ လူတွေကို သူတို့ပညာနဲ့အလုပ်အကိုင် အံဝင်ခွင်ကျဖြစ်အောင် သင်ပေးရာမှာ သူ့မူအတိုင်း ရှည်ရှည်ဝေးဝေး သိပ်မပြောတော့ပါဘူး။

"ကျွန်တော်တို့ဟာ နေရာကောင်းတစ်ခုမှာ ဝင်လုပ်ရတဲ့အခါ ငါလုပ်နိုင်ပါ့မလားလို့ မယုံမရဲနဲ့ စိုးရိမ်စိတ်တွေ ဝင်ကြရတာ ဓမ္မတာပဲ၊ ဒါပေမယ့် ငွေရဖို့အာမခံချက်နဲ့ လူတွေကိုပိုကူညီခွင့်ရမယ်လို့ တွေးလိုက်ရင်တော့ စိုးရိမ်စိတ်တွေပျောက်သွားတော့တာပေါ့"

ခုတော့ ဂျိမ်းစ်ဟာ အလုပ်ကို အထောက်အကူပြုရာရောက်သလို လုပ်အားပိုတက်စေမယ့် နည်းပရိယာယ်တွေကိုပါ သူ့လူတွေကို ထပ်ဖြည့်ဖို့ အချိန်တွေပိုသုံးခဲ့ပါပြီ။

"လူတွေကို အကြံပြုတဲ့အနေနဲ့ ကျွန်တော်ပြောချင်တာကတော့ လုပ်ငန်းဟာ ကိုယ်နဲ့အံကိုက်ရုံနဲ့ မပြီးသေးပါဘူး။ ကိုယ်ကိုယ်တိုင်ကလည်း အလုပ်နဲ့သင့်တော်အောင် ဝတ်စားနေထိုင်ကျင့်ကြံဖို့ လိုတယ်ဆိုတာပါ"

## အကိုးအကား

အသေးစားလုပ်ငန်းတစ်ခု အောင်မြင်စွာလည်ပတ်နိုင်ရေးမှာ ဘာတွေလိုအပ်သလဲ။ အတွေ့အကြုံ၊ နေရာအကွက်အကွင်းနဲ့ ဝန်ထမ်းအမျိုးအစား ပမာဏဟာ အရေးကြီးပါတယ်။ ဒါပေမယ့် နောက်ပုံစံတစ်ခုအနေနဲ့တော့ ဈေးကွက်ကို ထိုးဖောက်နိုင်တဲ့ စံချိန်မီအရည်အသွေးနဲ့ အပြင်အဆင်တွေကလွဲလို့ တခြားမရှိတော့ပါဘူး။

ဂိုလ်းဒင်းဘတ်ဂ် နှင့် ကလိုင်း (၁၉၉၉)

(၈၇)

## ကိုယ်တိုင်ဦးဆောင်နိုင်အောင် သင်ကြား •

စိတ်ကူးကမ္ဘာမှာတော့ အလုပ်ခွင်မှာ ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေရဲ့ ဝိုင်းဝန်းထောက်ကူမှုကိုရမယ်၊ ကိုယ့်အထက်အရာရှိကြီးတွေကလည်း ဆန်းပြားကြွယ်ဝတဲ့ ခေါင်းဆောင်မှုအတတ်ပညာတွေ သင်ကြားပို့ချပေးလိမ့်ဦးမယ်လို့ မျှော်လင့်ခဲ့တာပေါ့။

လက်တွေ့လောကကျတော့ စိတ်ကူးမျှော်မှန်းတာတွေနဲ့ တခြားစီဖြစ် နေတာကြုံရမယ်။ ကိုယ့်အထက်အရာရှိတွေက ကိုယ့်တာဝန်ကိုယ်ကြေပစေဆိုတဲ့ အမိန့်နဲ့အလုပ်သာတွင်တွင်ခိုင်းမယ်။ ကိုယ့်အလုပ်တောင် ကိုယ်ဖြောင့်ဖြောင့်မလုပ်နိုင်အောင် နှိပ်ကွပ်ပညာပြမယ်။ ခေါင်းဆောင်မှုပညာဆိုတဲ့ ကွန်ချက်ပြဖို့တော့ ဝေလာဝေး・・・။

စင်စစ်တော့ သင့်ရည်ရွယ်ချက်နဲ့ အရည်အသွေးတွေ ပိုမိုမြင့်မားလာဖို့ သင့်ဖာသာ ကြိုးစားဆည်းပူးရမှာပဲ ဖြစ်ပါတယ်။ ကိုယ့်မှာအရည်အချင်းပြည့်ဝလာရင် ဘေးလူဘယ်သူ့မှ အားကိုးစရာမလိုတော့ပါဘူး။ ဒီ့အတွက် ကိုယ်ပိုင်အစွမ်းအစနဲ့ ဆန္ဒပြင်းပျမှုကိုသာ လက်ကိုင်ပြုဖို့ လိုပါတယ်လို့။

## သာဓက

အရောင်းဌာနမှာ နှစ်ပေါင်းနှစ်ဆယ်ကြာပြီးနောက် တယ်ရီဟင်တန်က ခုလို ရင်ဖွင့်ပါတယ်။

"အလုပ်ဆိုတာ အသက်မွေးဝမ်းကျောင်းဘဝရဲ့ လေ့ကားတစ်ခုမဟုတ်ဘူးဗျ။ ဘဝတစ်ခုက အခက်အခဲပြေးပွဲပဲ၊ ကျွန်တော်က ဈေးကွက်ကောင်းကောင်းရှာနိုင်လို့ ရောင်းအားတက်တဲ့နှစ်တွေမှာတော့ ကျွန်တော့်ကို ဖူးဖူးမှုတ်ထားကြတာပေါ့၊ အဲ . . အရောင်းစံချိန်ကျတဲ့ အချိန်မှာဆိုရင်တော့ ကုမ္ပဏီတစ်ခုလုံးရဲ့ ဆိုးရွားမှုတွေမှန်သမျှ ကျွန်တော့်ခေါင်းပေါ်ပုံချကြတော့တာပဲ"

ဘာပဲပြောပြော တိုးတက်ရေးလမ်းကြောင်းရပ်တန့်ပိတ်ဆို့နေချိန်အတွင်းမှာ တယ်ရီ့အတွက် ကော်မရှင်နှုန်းနဲ့ ရတဲ့လခတွေတော့ မြက်မြက်ကလေးရခဲ့ပါသေးရဲ့။

"ကျွန်တော်ခုလို ထောက်ပံ့ကြေးတွေရတဲ့ အကြောင်းရင်းကလည်း ကျွန်တော့်ဘက်က ဖြန့်အားကောင်းလို့ပါ၊ ကျွန်တော်က အသည်းအသန်ကြိုးစားပြီး သူတို့အတွက် အမြတ်အစွန်းတွေရအောင် လုပ်ပေးနိုင်ခဲ့တာကိုး၊ ခင်ဗျားအနေနဲ့ ထိုက်တန်တဲ့ဂုဏ်ပြု လေးစားမှုကိုတော့ အစဉ်အသဖြင့်ရမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ရသင့်ရထိုက်တဲ့ ငွေတော့ရမှာပါပဲ"

## အကိုးအကား

သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်မှာ ချီးကျူးလောက်အောင် အမှတ်ကောင်းကောင်းရကြတဲ့ အလုပ်သမားတွေရဲ့ ကုန်ထုတ်စွမ်းအားဟာ သူတို့ကို အုပ်ချုပ်သူ မန်နေဂျာများရဲ့ နှစ်သက်အားရမှုကို အပြည့်မရကြပဲ ၃၃-ရာခိုင်နှုန်းလောက် လျော့နေသေးတာ တွေ့ရပါတယ်။

**ဗိုလော့ခ် (၁၉၉၈)**

(၁၁)

## ရင်းနှီးကုန်ကျမှု များပြားတဲ့အောင်မြင်မှုဟာ အောင်ပွဲမဟုတ် ●

တချို့ပြဿနာတွေကို ရှောင်ရှားတာက ဖြေရှင်းတာထက် ပိုလွယ်ပါတယ်။

တချို့ကိစ္စတွေမှာ အဖြေရှာရတာက ပြဿနာတွေထက် ပိုပြီးကုန်ကျစရိတ်ကြီးမားသွားတတ်ပါတယ်။

အောင်မြင်ဖို့ ကြိုးပမ်းရာမှာ ရည်ရွယ်ချက်တစ်ခုနဲ့ အောင်မြင်ရေးကိုသာ အလေးအနက်ထားရပါလိမ့်မယ်။ အ[illegible]အောင်မြင်ရေးကို လိုချင်လို့မရပါဘူး။

လုပ်သမျှ ဘာမဆိုအောင်မြင်ဖို့ကြိုးစားရင်တော့ နေရာတကာဆန့်ကျင်ကန့်ကွက်မှုတွေနဲ့သာ ရင်ဆိုင်ရမှာဖြစ်ပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲလုပ်လုပ် သင်တကယ် မျှော်လင့်ရည်မှန်းတာတွေကို မြင်ကွင်းကျယ်ပြင်ရမယ့်အစား အစွမ်းပွါယ်မဲ့ ထိပ်တိုက်ဆန့်ကျင်မှုတွေနဲ့တိုးပြီး မှုန်ဝါးဝါးနဲ့လမ်းပျောက်နေမှာသေချာပါတယ်။

ဒီမြို့မှောင်တွေကြားက ဖောက်ထွက်နိုင်တယ်ဆိုတဲ့တိုင်အောင် သင်ဟာ ခြေကုန်လက်ပမ်းကျပြီး မောပန်းနွမ်းနယ်နေရပါလိမ့်မယ်။

## သာဓက

ကီဆူဝါးပတ်ခ်ဟာ လော့စ်အိန်ဂျလိစ်မြို့တော်က ထိပ်တန်းဗိသုကာတွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်ပါတယ်။ သူဟာ ဗိသုကာဘွဲ့ကို ဂုဏ်ထူးတွေနဲ့ အောင်မြင်ရယူနိုင်ခဲ့သလို မြို့တော်ဖွံ့ဖြိုးရေးစီမံကိန်းတွေမှာ ဘာကယ်လေးနဲ့ အမ်အိုင်တီကုမ္ပဏီများနဲ့ ဝင်လုပ်ခဲ့ပါတယ်။

ကိုရီးယားစစ်ပွဲအတွင်းက အမေရိကန်ကို ခိုလှုံရောက်ရှိလာသူ ကိုရီးယားတစ်ဦးဖြစ်တဲ့ ပတ်ခ်အနေနဲ့ ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားခဲ့ရပါတယ်။ သူနဲ့ နီးစပ်ရာလူတွေထံကလည်း တတ်အားသမျှ အကူအညီယူခဲ့ရတာပေါ့။

သူအင်ဂျင်နီယာကြီးဖြစ်တဲ့နောက် သူ့လက်ထောက်တွေကို အမှားလေးတစ်ခုလုပ်မိတာနဲ့ အလုပ်ထုတ်ပစ်တတ်တယ်လို့ သတင်းကြီးခဲ့သလို သူနဲ့တန်းတူရည်တူဗိသုကာပညာရှင်တွေက သူ့သဒ္ဒါအသုံးအနှုန်းမှားတာတွေကို တခုတ်တရဖော်ထုတ်ထောက်ပြရင်တော့ ယမ်းပုံမီးကျ ဒေါသူပုန်ထတော့တာပဲတဲ့။

၁၉၉၂-ခုနှစ်မှာတော့ ဆူပူအုံကြွမှုနဲ့ အဓိကရုဏ်းတွေဖြစ်ပြီး အကြမ်းဖက်မှုတွေကြောင့် လော့စ်အိန်ဂျလိစ်မြို့ဟာ အတော်လေးပျက်စီးသွားခဲ့ရသလို သူ့ရဲ့အမြင်တွေလည်း ပြောင်းလဲစပြုခဲ့ရပါပြီ။

ကီဆုဝါးက အယ်လ်အေမြို့တော်ကို ပြန်လည်ထူထောင်ရာမှာ ဦးဆောင်မှုတောင်းဆိုခဲ့ရာက ပျက်စီးနေတဲ့အဆောက်အဦတွေကို ပြန်ပြင်ပြီး လော့စ်အိန်ဂျယ်လိစ်ဆင်းရဲသားရပ်ကွက်တွေရဲ့ စီးပွားရေးကို ပြန်လည်ဦးမော့အောင်လည်း ရှေ့ဆောင်ခဲ့သူ



ဖြစ်ပါတယ်။ စိတ်ထိခိုက်စရာ အတွေ့အကြုံတွေက သူ့ရဲ့အမြင်တွေကို ပြောင်းပစ်ခဲ့တာပါ။

"ကျွန်တော့်မျက်လုံးထဲက မြင်သမျှတွေ့သမျှကို ရည်ရွယ်ချက်တစ်ခုခုနဲ့ ပုံစံချပြီး ကြည့်ခဲ့တာပါပဲ၊ ဒါပေမယ့် လူတစ်ဖက်သားကို ကရုဏာထားရာမှာ သူတို့နဲ့ ထပ်တူမြင်ရခံစားရမယ်ဆိုတာလည်း တကယ့်ကို နားလည်ခဲ့ရပါတယ်"

လော့စ်အိန်ဂျလိစ် စီမံကိန်းတွေကို ပါဝင်ကူညီရင်းနဲ့ သူ့အမြင်တွေ ကျယ်လာရတာပါပဲ။

"ဒီမြို့မှာ တစ်ကမ္ဘာလုံးက လူတွေနေနေကြတာပဲ၊ ပြီးတော့ ဒီမြို့ကို အကောင်းဆုံးဖြစ်အောင် ဖန်တီးတာဟာလည်း ကမ္ဘာတစ်ခုလုံးရဲ့ အနာဂတ်အတွက် နမူနာကောင်းတစ်ခုဖြစ်နိုင်ပါတယ်"

သူ့လမ်းစဉ်အရ ဘာမဆိုဖြစ်မြောက်ဖို့ လိုအပ်တာမှန်သမျှ ပြည့်စုံစေရမယ်ဆိုတဲ့ သဘောထားအမြင်တွေလည်း ပြောင်းလဲသွားပါပြီ။

"ကျွန်တော့်ကိုယ်ကျွန်တော် အုတ်တစ်ချပ် သဲတစ်ပွင့်လို့ မှတ်ယူပါတယ်၊ ဒါပေမယ့် ကမ္ဘာကြီးကို တစ်ညတည်းနဲ့ အပြီးပြန်မတည်နိုင်သလို ဒီမြို့တော်ကိုလည်း နေ့ချင်းညချင်းပြီးအောင် ပြန်ပြင်နိုင်မှာမဟုတ်ပါဘူး၊ မေးခွန်းက ပထမဆင့်တောင်ပြီးအောင် လုပ်နိုင်မလားဆိုတာပါပဲ"

မြို့သူမြို့သားတွေရဲ့ ဆန္ဒနဲ့ သူ့ရဲ့အမြင်တွေကို ထင်ဟပ်စေတဲ့ ပြန်လည်ထူထောင်ရေးစီမံကိန်းတွေကို လုပ်ဆောင်ရတဲ့အတွက် အကြီးအကျယ်ပီတိဖြစ်ခဲ့ရတဲ့ ကီဆူဝါးက ပြောပါတယ်။ "အဲဒါ ဝမ်းသာစရာအစစ်ပါ" တဲ့။

## အကိုးအကား

အောင်မြင်လိုတဲ့ ဆန္ဒဟာ ထင်ရှားတဲ့ပုံစံနှစ်မျိုးနဲ့ ဖြစ်လေ့ရှိပါတယ်။ သူ့

ထက်ငါးအပြိုင်အဆိုင် နိုင်ချင်သော လွန်ကဲတဲ့လူတွေ (၆၀-ရာခိုင်နှုန်း)က တစ်ချိန်လုံး အောင်မြင်ဖို့သာ အာရုံထားပြီး အရေးကြီးတဲ့ အကြောင်းအချက်တွေကို ဂရုမစိုက်ကြပါဘူး။ သူ့ကိုယ်သူသာ ယှဉ်ပြိုင်ဖို့ ဦးစားပေးတဲ့လူ (၄၀-ရာခိုင်နှုန်း)ကတော့ လုပ်ဆောင်ချက်ကောင်းမွန်ဖို့သာ အာရုံစိုက်ပါတယ်။ ဒါပေမယ့် သူတို့ရဲ့ အရည်အချင်းမြင့်မားတိုးတက်ရေးနဲ့ယှဉ်ပြီး လုပ်ဆောင်တာမို့ သူတို့ဟာ အနာဂတ်မှာ ဒီ့ထက်သာလွန်တဲ့အလုပ်တွေ ဆောင်ရွက်နိုင်ကြတာပါပဲ။

ဂလာမင်း (၁၉၉၉)

(၇၉)

## အခွင့်သာရင် အကောင်းဆုံးဖြစ်အောင်ကြိုးစား ။

လူတွေဟာ အခွင့်ကောင်းတစ်ခုတရာရဖို့ အပြင်းအထန်ကြိုးစားကြရာက ခြေချော်လက်ချော်ဖြစ်တာနဲ့ ကြိုးစားမှုတွေ အလဟဿဖြစ်ရတယ်လို့ သင်ထင်ချင်ထင်မယ်။ အမှန်စင်စစ်ကတော့ အခွင့်ကောင်းတစ်ခုခုရဖို့ အပြင်းအထန်ကြိုးစားတဲ့လူတွေရဲ့ စိတ်အာရုံမှာ ဆက်လက်ကြိုးစားရင် ပိုကောင်းတာကိုရဖို့သာ တိမ်းညွှတ်နေတာပါ။

## သာဓက

အိမ်ခြံမြေစီမံခန့်ခွဲရေးလုပ်ငန်းနဲ့ ကုမ္ပဏီဖွင့်ထားတဲ့ ကာရင်ရော့ဂျားစ်ဟာ လစာငွေတိုးမြှင့်မက်လုံးပေးတဲ့ အစီအစဉ်ကို လက်နက်အဖြစ် အသုံးချတဲ့အနေနဲ့ လူသိရှင်ကြားထုတ်ပြန်ကြေညာခဲ့ပါတယ်။ သူ့ကုမ္ပဏီအနေနဲ့ တစ်နှစ်ကုန်တိုင်းမှာ ဘုတ်အဖွဲ့အစည်းအဝေးထိုင်ပြီး ဝန်ထမ်းတွေကိုလစာတိုးမြှင့်ပေးဖို့ ရွေးချယ်မှာဖြစ်ပါတယ်။

သူက မက်လုံးပေးတဲ့စီမံချက်ကို ချမှတ်ရာမှာ ကုမ္ပဏီရဲ့တစ်နှစ်စာအမြတ်နဲ့ ဝန်ထမ်းတစ်ဦးချင်းရဲ့ အလုပ်စွမ်းရည်တွေကို အခြေခံထားပါတယ်။

သူ့မက်လုံးဟာ ဘာတွေအကျိုးသက်ရောက်မှု ရှိမယ်ဆိုတာလည်း ကာရင်က သတိမပြတ်စောင့်ကြည့်နိုင်ရေးအတွက် ဝန်ထမ်းတွေရဲ့လုပ်ငန်းစဉ်အလိုက် တိုးတက်မှုအခြေပြဇယားတွေဆွဲပြီးမှ သူ့စီမံချက်ကို ဝန်ထမ်းအားလုံးကို အသိပေးကြေငြာခဲ့တာပါ။

"အချိန်ရဲ့အရင်းအနှီးကတော့ အင်မတန်ကြီးမားပါတယ်၊ အဲ့ဒီအချိန်ဟာ မက်လုံးပေးထားတဲ့ စီမံကိန်းမှာ အဓိကအကျဆုံး လျှို့ဝှက်တန်ဖိုးပါပဲ။

ဒီလိုနဲ့ သူ့စီမံကိန်းမစခင်နဲ့ စပြီးတဲ့နောက် ကုန်လုပ်စွမ်းအားတွေကို နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါ အတော်လေးအံ့သြသွားရပါတယ်။ အကြောင်းကတော့ သူ့ဝန်ထမ်းသုံးပုံတစ်ပုံဟာ လုပ်အားတက်မလာကြတာကြောင့်ပါပဲ။ သူက အဖြေဆက်ရှာတဲ့အခါကျတော့မှ လုပ်အားတက်မလာကြတဲ့ ဝန်ထမ်းတွေဟာ ကုန်လုပ်စွမ်းအားအထက်ဆုံးလူတွေဖြစ်နေကြတာတွေ့ရပြီး ပိုအံ့သြခဲ့ရပြန်ပါသတဲ့။

၂-နှစ်ကြာသွားတဲ့နောက် ကာရင်က သူ့မက်လုံးပေးစီမံကိန်းကို ရပ်ဆိုင်းပစ်လိုက်ရပြီး ကိန်းဂဏန်းတွေကို ပြန်စစ်ကြည့်မိပါတယ်။ ဒီတော့လည်း ခုနအုပ်စုက ဝန်ထမ်းတွေပဲ ကုန်လုပ်စွမ်းအားမပြောင်းလဲတာ တွေ့ရပါလေရော . . .။

ကာရင်လည်း အတွေ့အကြုံကပေးတဲ့ သင်ခန်းစာကို ချက်ချင်းသဘောပေါက်လိုက်ပါတယ်။



"ကျွန်တော်ရလိုက်တဲ့ပညာကတော့ ဝန်ထမ်းကောင်းဆိုတဲ့ အဓိပ္ပာယ်ဟာ မက်လုံးပေးထားတဲ့ အခွင့်အရေးကို အရယူနိုင်တယ်ဆိုတာပါပဲ"

## အကျိုးအကား

ထုတ်လုပ်မှု မန်နေဂျာချင်း ယှဉ်လိုက်ရင် အရည်အသွေးစံချိန်မီဖို့ အချိန်ကို ၂၀-ရာခိုင်နှုန်းပိုပြီး အချိန်ပေးကြသူတွေဟာ တခြားမန်နေဂျာတွေထက် အောင်မြင်ကြတာ တွေ့ရပါတယ်။ တစ်နည်းပြောရင်တော့ အလုပ်ကို ပိုကြိုးစားတဲ့လူက ပိုအောင်မြင်တယ်လို့ပေါ့။

**ကောလ်သဒ် (၁၉၉၈)**

## (၉၀)

## ပန်းဝင်ခါနီးမှ လမ်းမလွဲပါစေနဲ့ ●

အလုပ်တစ်ခုကို အစတောင်မပျိုးရသေးပဲနဲ့ အဆုံးသတ်သွားတဲ့အဖြစ်မျိုး သင်ဘယ်နှစ်ကြိမ်ကြုံဖူးပါသလဲ။

အချိန်လွန်အောင် ချက်ထားလို့ နွမ်းရိနေတဲ့မုန်လာဥတွေ ထည့်ထားတာတွေ့တာတောင် ကျွန်တော်တို့ပန်းကန်ဆေးခဲ့ကြတာဟာ စားဖို့ပြင်ပြီးသားဖြစ်နေလို့ပါ။

နွမ်းရိနေတဲ့ မုန်လာဥဟင်းကို တမင်ရှာစားမှာမဟုတ်သလို တစ်ယောက်ယောက်က လာပေးရင်လည်း စားချင်မှာမဟုတ်ပါဘူး။

ရုပ်ရှင်ရုံထဲရောက်နေတဲ့အခါ ဇာတ်ကားက သည်းတုန်အူတုန်ကြောက်စရာကောင်းတာတွေပြနေပေမယ့် ဆက်ကြည့်နေမိကြပါတယ်။ တကယ်လို့ လူတစ်ယောက်က "ဒီလောက် ထိတ်လန့်စရာကောင်းတဲ့ ရုပ်ရှင်ကို ၄၅-မိနစ်လုံး ထိုင်ကြည့်ချင်သေးသလား" လို့လာမေးရင်တောင် "ဟုတ်ကဲ့" ဆိုတဲ့စကားကလွဲလို့ တခြားဖြေစရာအကြောင်းမရှိပါဘူး။

လုပ်ငန်းလုပ်ရာမှာလည်း ကျွန်တော်တို့ဟာ ဒီပုံစံအတိုင်းပါပဲ။ စီမံကိန်းတစ်ရပ် ပစ်မှတ်နဲ့လွဲသွားတဲ့ကြားက ဆက်လုပ်နေတတ်ကြပါတယ်။



ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ စပြီးသားဖြစ်နေတဲ့အတွက်သာဖြစ်ပြီး ဘာဆက်လုပ်ရမယ်ဆိုတာ မသိတော့လို့ မဟုတ်ပါဘူး"

ဒီတော့ လမ်းလွဲသွားတာကို ရပ်သင့်ကရပ်ဖို့ပြင်ပါ။ ဒီနေရာမှာ ရင်းနှီးမြှုပ်နှံမှုရှိခဲ့တာတွေကို မတွက်ပဲရှေ့ဆက်လို့ ဘာအကျိုးထူးဦးမှာလဲဆိုတာကိုပဲ အခြေခံစဥ်းစားသင့်ပါတယ်။

### သာဓက

ဘရက်ဒ်က အဆင်မြင့်နည်းပညာ လုံခြုံရေးလုပ်ငန်းကို ထောင်ထားသူဖြစ်သလို ကုမ္ပဏီတွေရဲ့ အတွင်းရေးတွေနဲ့ ဆုံးဖြတ်ချက်ချတဲ့ကိစ္စပေါင်းစုံကို သိထားရပါတယ်။

"ကျွန်တော့်အလုပ်ရဲ့ အံ့ဩစရာအကောင်းဆုံး အပိုင်းက ကုမ္ပဏီတစ်ခုရဲ့ လုပ်ငန်းဟာ လုံခြုံမှုသိပ်မရှိတာကို သိနေတဲ့ကြားကပဲ ချက်ချင်းပြောင်းလဲမပစ်နိုင်တာနဲ့ ဒါဟာတခြားလုံခြုံရေး အာမခံစနစ်တွေအတွက် ငွေပေးချေပြီးသားဖြစ်နေတာကြောင့်ပဲဆိုတဲ့ အသံတွေ နားမဆန့်အောင် ကြားနေရတာပါပဲ"

ဘရက်ဒ်က အဲ့ဒီလူတွေကို ပြောပါတယ်။

"ကောင်းပြီ ဒါဆို တခြားစနစ်တွေအတွက် ငွေပေးသွင်းထားပါလျက်နဲ့ အလုပ်မဖြစ်ဖူးဆိုရင် လုံခြုံရေးအတွက် ပေးရကျိုးမနပ်ဘူးဆိုရမှာပေါ့"

နောက်ပြီး သူကခုလို ဆက်ပြောပါသေးတယ်။

"စီမံရေးရာ တာဝန်ရှိသူတွေက အပြောင်းအလဲ ပုပ်ဖို့ လိုအပ်မှန်းသိတဲ့နောက် ဘာလို့ငြင်းဆန်နှောင့်နှေးနေရသလဲလို့ ကျွန်တော်က မေးခွန်းထုတ်ပါတယ်၊ ဒီတော့ သူတို့က ပထမဦးဆုံး ဆုံးဖြတ်ချက်မှားတာကို အဆိုးလို့မမြင်ချင်တာကြောင့်

ဖြစ်သလို ပိုက်ဆံနှစ်ခါထပ်ကုန်မှာလည်း စိုးရိမ်လို့ပါတဲ့၊ ဒီစကားတွေကြားတော့ သူတို့ဟာ လုပ်ငန်းအခြေအနေနဲ့ လိုက်လျောညီထွေမှု လုပ်တတ်ပါရဲ့လား (ဒါမှမဟုတ်) ဖြစ်ချင်တာဖြစ်ဆိုပြီး စီမံကိန်းကိုဖက်တွယ်ပြီး မီးပုံထဲခုန်ဆင်းတော့မှာလားလို့တောင် တွေးမိ ပါရဲ့"

## အကိုးအကား

လက်တွေ့စမ်းသပ်မှုတွေအရ လူတွေဟာ ထုတ်ကုန်အသစ်ရဲ့ ဆက်ထုတ်နိုင်စွမ်းကို တွက်ဆကြရာမှာ ထုတ်ကုန်ကအမြတ်ထွက်ဖို့ထက် သတ်မှတ်ထားတဲ့ စံနှုန်းကို အနီးစပ်ဆုံးပြည့်မီအောင်ထုတ်ဖို့သာ ဦးစားပေးကြတာတွေ့ရပါတယ်။

ဘိုးဟီး နှင့် ပီးစ် (၂၀၀၀)

(၉၁)

## မျှော်လင့်ချက်အတွင်းအားမွေးထား ။

ကျွန်တော်တို့ဟာ ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာတွေကိုကြည့်ပြီး ရှေ့အလားအလာတွေကို တွက်ချခန့်မှန်းကြပါတယ်။ တွက်လို့ကော ရပါသလား။ ကျွန်တော်တို့ဟာ စီးပွားရေးကိစ္စတွေနဲ့ တခြားပြင်ပအကြောင်းကိစ္စတွေကို စူးစမ်းရှာဖွေကြတာပါပဲ။

ဒါပေမယ့် အကောင်းဆုံးရရှိတဲ့သတင်းကတော့ အမျိုးသားစီးပွားရေးအစီရင်ခံစာတွေ (ဒါမှမဟုတ်)ကုမ္ပဏီက သတင်းထုတ်ပြန်စာတွေ မဟုတ်ပါဘူး။ သတင်းအမှန်က ရိုးစင်းတဲ့ယုံကြည်ချက်နှစ်ခုနဲ့စတင်ခဲ့တဲ့ ကိုယ်တိုင်ချဉ်းကပ်လေ့လာမှုပဲဖြစ်ပါတယ်။

အဲဒီယုံကြည်ချက်နှစ်ခုဆိုတာကလည်း အလုပ်ကိုပြီးအောင် လုပ်နိုင်တယ်ဆိုတာနဲ့ ဒီအလုပ်ပြီးစီးကြောင်း တခြားလူတွေကို ပြလိုက်နိုင်တာပါပဲ။

## သာဓက

ဂျိမ်းစ်ဘလက်က ကုန်ပဒေသာစတိုးဆိုင်ကြီးတွေမှာ ဘယ်အဝတ်အထည်တွေကို ယူရမယ်ဆိုတာ ကူညီရွေးချယ်ပေးရတဲ့ အလုပ်ကိုလုပ်သူပါ။ ဒါပေမယ့် စတိုးဆိုင်တွေမှာ တင်ရောင်းတဲ့အထည်တွေထက်သာအောင် သူချုပ်လုပ်နိုင်တယ်လို့ ယုံကြည်ပြီး သူ့အတွက်ငွေဝင်လမ်း ပိုဖြောင့်လာမယ်လို့လည်း သဘောပေါက်ခဲ့ပါတယ်။ သူနဲ့အတူလုပ်ဖက်တွေက ဒါဟာ ရေရှည်လုပ်ငန်းဖြစ်တဲ့အတွက် သူနားလည်ထားတာထက်ပိုပြီး သိဖို့လိုတယ်လို့ ပြောခဲ့ကြပါသေးတယ်။

ဂျိမ်းကတော့ သတ္တိရှိရှိနဲ့ပဲ သူ့အကြံကို အကောင်အထည်ဖော်ခဲ့ရာ ဂျင်မီဝတ်စုံတွေရယ်လို့ ၁၉၉၅-ခုနှစ်မှာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ သူဟာ နာရီပေါင်းများစွာချုပ်လုပ်ခဲ့ရာက သူ့အဝတ်အထည်တွေဟာ တစ်နိုင်ငံလုံးက စတိုးဆိုင်တွေအနှံ့ ပုံမှန်ဖြန့်ချိပေးပို့ရတဲ့အထိ ခြေကုပ်ရလာပါတော့တယ်။

ဒါဟာ ဂျိမ်းမှာ ဖက်ရှင်ဒီဇိုင်းလုပ်ငန်းရဲ့ အဓိကပြိုင်ဆိုင်မှုတွေနဲ့ အထည်တွေအပယ်ခံရမှုတွေကို ဌက်ကောင်းကောင်းနဲ့ တောင့်ခံနိုင်တဲ့ နည်းဗျူဟာတစ်ရပ် လက်ကိုင်ထားလို့ပဲဖြစ်ပါသတဲ့။

"ခင်ဗျား ဘာအတွက်ကြိုးစားနေတယ်ဆိုတာ အကြောင်းမဟုတ်ပါဘူး၊ ဗလာချီ အငြင်းမခံရဖို့ပဲ အရေးကြီးပါတယ်"

## အကိုးအကား

လူခသယ်ယောက်မှာ ကိုးယောက်ဟာ သူတို့ရဲ့အသက်မွေးလုပ်ငန်းရည်မှန်းချက်တွေဟာ တစ်နေ့ကျရင် ပြည့်ဝနိုင်မလာမှာပဲဆိုတဲ့ ထက်သန်တဲ့စိတ်ဓာတ်တွေ မွေးထားဖို့လိုမှန်း နားလည်ကြပါတယ်။

ဗဲလ်တင်း (၁၉၉၉)

## (၄၂)

## တစ်ပက်လူတွေကလည်း သင့်စိတ်ကို ပတ်တတ်ကြမှာပဲ ။

စိတ်ကူးယဉ်သိပ္ပံရုပ်ရှင်တွေ အတော်များများက တစ်စုံတစ်ယောက်ဟာ လူတွေရဲ့ စိတ်တွေကို အတပ်သိလို့ သူတို့ကြိတ်တွေးနေတာတွေကို အသံအဖြစ်ကြားလိုက်ရင် ကမ္ဘာပျက်သွားမယ်လို့ ဆိုကြပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီအဆိုဟာ တခြားလူရဲ့လုပ်ငန်းနဲ့ ပတ်သက်လို့ ကျေနပ်ပီတိဖြစ်တဲ့အတိုင်းအတာကို တိတိကျကျ သိချင်တဲ့လူတွေက စိတ်ကိုအကဲခတ်တာနဲ့တော့ မတူပါဘူး။

သင့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေ၊ သင့်ရဲ့ဖောက်သည်တွေနဲ့ သင့်မိသားစုဟာ သင်လုပ်တဲ့အလုပ်နဲ့ ပတ်သက်လို့ ဘယ်အထိခရီးရောက်ပြီး ဘယ်လောက်ဝမ်းသာကြည်နူးနေတယ်ဆိုတာ သင့်တစ်ခွန်းမှ မဟာပဲနဲ့ တန်းသိနိုင်ကြပါတယ်။

သင့်ရဲ့အသံ၊ အပြုအမူ၊ အမူအရာဟန်ပန်တွေကတဆင့် သင့်အလုပ်နဲ့ပတ်သက်တွေးတောခံစားမှုတွေကို ဖော်ပြောနေတယ်ဆိုတာ နားလည်ထားပါ။

## သာဓက

မိုက်ကယ်ဖစ်ပင်းဟာ ဖလော်ရီဒါမှာ "ဝန်ထမ်းငှားရမ်းရေး" လို့ခေါ်တဲ့ ယာယီကိုယ်စားလှယ်လုပ်ငန်းကို ဖွင့်ထားခဲ့ပါတယ်။ သူဟာ ကုမ္ပဏီမှာ ရာထူးအကြီးဆုံးနေရာရထားခဲ့တာနဲ့အမျှ တစ်ချိန်လုံးနီးပါး တစ်ဆင့်ခံကိုယ်စားလှယ်တွေနဲ့ ပြောဆိုဆက်ဆံနေရသူပါ။

"သူတို့ဟာ တစ်ဖက်က အလုပ်ရှင်တွေရဲ့ ရှေ့တော်ပြေးတွေဖြစ်သလိုကျွန်တော်တို့ဖောက်သည်တွေ ဘာလိုချင်တယ်၊ ဘာတွေလိုအပ်နေတယ်၊ ကျွန်တော်တို့က ဘာတွေပေးနေတယ်ဆိုတာ အားလုံးနားလည်ပြီးသား"

မိုက်ကယ့်အနေနဲ့ ကုမ္ပဏီက မတူခြားနားတဲ့အုပ်စုတွေကြားမှာ အဆက်အသွယ်ပြတ်နေတာကို တွေ့ခဲ့ရတယ်။ ရောင်းချမှုနဲ့ အလုပ်လုပ်ကိုင်မှုဆိုတာ တခြားစီအဟပ်ကွာသွားသလို ဖောက်သည်တွေလည်း ပျောက်သွားတယ်။

ဒီလိုနဲ့ သူကလူတိုင်းကို အတူတူလက်တွဲလုပ်ကြဖို့ စစည်းလုပ်ယူလိုက်တယ်။

"ကျွန်တော့်ရဲ့အောင်မြင်မှုကတော့ အမြင်ချင်းမတူကြတဲ့လူတွေကို အတူတူပေါင်းစပ်လိုက်ခြင်းအားဖြင့် အဖွဲ့အစည်းရဲ့ဟာကွက်ကို ဖြည့်လိုက်နိုင်တာပါပဲ၊ ဒီလိုနဲ့ကုမ္ပဏီရဲ့ယေဘူယျလိုအပ်ချက်တွေကို မြင်လာကြရာက နောက်ဆုံးမှာ သူတို့အာရုံကျမှုသာမကပဲ ရှုပ်ထွေးမှုအားလုံးပေါ်မှာ အခြေခံတဲ့ အောင်နိုင်ရေးဇာတ်လမ်းစဉ်ကို ရေးဖွဲ့နိုင်ခဲ့တယ်ဆိုပါတော့"

မိုက်ကယ်က ထပ်ပြီးဖြည့်စွက်ပြောရာမှာ -

"ဒီလိုပေါင်းစည်းလိုက်တာနဲ့ တပြိုင်နက် ခုနဖောက်သည်တွေကလည်း ရည်ရွယ်ချက်တစ်ခုတည်းနဲ့ လှုပ်ရှားနေတဲ့ အဖွဲ့အစည်းအစစ်တစ်ခုဆိုတာ မြင်သွားကြပြီး ကျွန်တော်တို့ဆီ ပြန်ရောက်လာကြတော့တာပေါ့"



## အကိုးအကား

အတူလုပ်ဖော်ကိုင်ဖက်များနှင့် ဖောက်သည်များကို လက်လီစတိုးဆိုင်ဝန်ထမ်းများ၏ အလုပ်ခွင်ကျေနပ်ပျော်ရွှင်မှုကို တန်ဖိုးဖြတ်ခိုင်းရာမှာ နမော်နမဲ့ပြောတာထက် တိတိကျကျ ပြောနိုင်မှုက သုံးဆပိုပါတယ်။ ဖောက်သည်များက ဆိုင်ဝန်ထမ်းများ အလုပ်ခွင်ထဲ၌ ပျော်နေလျှင် ဆက်လက်အားပေးလိုစိတ် ၇၀-ရာခိုင်နှုန်းပိုရှိကြောင်း ဆိုကြပါသည်။

**ဟာဂင် (၁၉၉၉)**

## (၉၃)

## ပြိုလဲသွားလျှင် ပြန်ထပါ ●

ရလဒ်အတော်များများမှာ ကျွန်တော်တို့ သတိလက်လွတ်နဲ့ မထိန်းနိုင်မသိမ်းတတ်ဖြစ်သွားကြလို့ဆိုတာ တွေ့ရပါတယ်။ ဆုံးဖြတ်ချက်တွေဟာ ကျွန်တော်တို့ရဲ့ကုမ္ပဏီတွေ၊ လုပ်ငန်းတွေ၊ ကျွန်တော်တို့ရဲ့ဘဝတွေကို ပြောင်းသွားအောင်လုပ်နိုင်ပါတယ်။ ဆုံးဖြတ်ချက်တွေရဲ့ အကျိုးသက်ရောက်မှုကို ကျွန်တော်တို့ သိပ်အရေးမထားမိကြပါဘူး။

ဒါပေမယ့် မရေမရာနဲ့ ဝေခွဲမရဖြစ်တတ်တယ်လို့ လက်ခံပြီး သင့်ကိုယ်သင်လည်း ယုံကြည်မှုရှိတယ်ဆိုရင်တော့ တစ်ခုမဟုတ်တစ်ခု ရွေးချယ်နိုင်ခွင့်အမြဲရနေမှာပါပဲ။ ဘယ်အခြေအနေပဲရောက်ရောက် ရွေးချယ်ခွင့်ရှိနေတာ သေချာပါတယ်။



### သာဓက

ပထမတွေ့ခါစပုံတွေက သည်းအူလှိုက်ခုန်ရင်တုန်စရာတွေမို့ သူ့အနားမှာရှိတဲ့ လူတိုင်းကိုလာကြည့်ဖို့ခေါ်မိပါသတဲ့။ သူတို့မြို့က ညနေပိုင်းတီဗီသတင်းကို ကြည့်နေရင်းက သူကိုယ်တိုင်အရုပ်တွေခွဲထားတဲ့ နံရံတစ်ခုရဲ့ အနီးကပ်ရိုက်ချက်ကို ဝီလီယမ် မော်ရေးလ်စ် မြင်လိုက်ရတာပါ။ ဒီနောက်တော့ သတင်းအသေးစိတ်လာပါတော့တယ်။

ဝီလီယမ်ရဲ့ညီဟာ အဲ့ဒီနံရံနားမှာ ရဲတွေနဲ့သေနတ်ချင်းယှဉ်ပစ်ရင်းက ဒဏ်ရာအကြီးအကျယ်ရသွားပြီး ဆေးရုံပေါ်မှာ အသက်ငင်နေပါပြီတဲ့။

ဒါကို ဝီလီယမ်က သူ့ထောင်ခန်းထဲက ထိုင်ကြည့်နေခဲ့ရာက ချုံးပွဲချငိုလိုက်ရပါတော့တယ်။ ဒီနောက်တော့ သူဟာ ဘဝလမ်းကြောင်းပြောင်းလိုက်ပါပြီ။

နောက်လအနည်းငယ်ကြာ ထောင်ကျဖော်တစ်ယောက်ဆီမှာ စာသင်တယ်။

ပြီးတော့ ဝီလီယမ်က အထက်တန်းကျောင်းအောင်တဲ့အထိ ထောင်တွင်းကျောင်းမှာ တက်ခဲ့တယ်။ ဒီ့အပြင် လုပ်ငန်းခွင်သင်တန်းလည်း တက်လိုက်သေးရဲ့။

သူ့ရဲ့ ရိုးသားကြိုးစားမှုတွေကြောင့် ရက်မစေ့ခင် ထောင်ကလွတ်ခဲ့တယ်။ အပြင်ရောက်တော့ သူတို့ညီအစ်ကိုလို လမ်းမှားရောက်ပြီး အဖြစ်ဆိုးမကြုံရအောင် နောင်လာနောက်သားလူငယ်တွေ မကောင်းမှုတွေရှောင်ဖို့ ပညာပေးကူညီနိုင်မယ့်နည်းတွေကို ကြံဆတယ်။

ဝီလီယမ်ဟာ သူ့အမြင်နဲ့သူ အိမ်နီးပါးချင်းကလေးတွေနဲ့ ရဲအရာရှိတွေကို တွေ့ဆုံဖို့ အစီအစဉ်ဆွဲပြီး ကလေးတွေကို စစ်မှန်တဲ့မိတ်ဆွေတွေရှာဖို့ တိုက်တွန်းခဲ့ရာက သူတို့ဘဝကို စံနမူနာကောင်းတွေပြပေးခဲ့ပါတယ်။

"ကျွန်တော်ကြီးကောင်ဝင်ခါစမှာ မူးယစ်ဆေးရောင်းတဲ့လူတွေကို အထင်ကြီးအားကျပြီး ဆရာတင်ခဲ့တာမဟုတ်လား။ သူတို့ဟာ ကျွန်တော့်ဘဝကို ကျွမ်းပြန်အောင်

လုပ်ခဲ့သူတွေပဲ ကျွန်တော့်ညီလေးရဲ့ အဖြစ်ဆိုးနဲ့ ကျွန်တော့်ဘဝကို ပြန်သုံးသပ်ကြည့် လိုက်တော့ သူ့ကိုသတ်ခဲ့တာဟာ ကျွန်တော်တို့ညီအစ်ကိုချင်း အဆက်အသွယ်ပြတ်ခဲ့ ရလို့ပဲဆိုတာ သွားမြင်တယ်၊ ဒါကြောင့်လည်း ဒီလူမှုရေးအလုပ်ကို ကျွန်တော်ဇောက်ချ လုပ်နေမိတာပါ"

သူဟာ ကလေးတွေနဲ့ အတူမနေတဲ့အချိန်တွေမှာ စာအုပ်တွေကိုသာ ဖိဖတ် နေတတ်ပါတယ်။ သူဟာ ရာဇဝတ်မှုနှိမ်နင်းရေးနဲ့ တရားစီရင်ရေးဆိုင်ရာ ဒီဂရီတစ်ခု ကိုရဖို့ ကြိုးစားတဲ့အနေနဲ့ ဥပဒေကျောင်းတက်ဖို့လည်း မျှော်မှန်းထားပါတယ်။

"ဥပဒေကျောင်းက ကျွန်တော့်ရဲ့ဘာမဆို ရှေ့နေလိုက်တတ်တဲ့ ဗီဇဉာဉ်ကို အားဖြည့်ပေးမယ်ထင်ပါတယ်၊ ကျွန်တော်ကတော့ ကျွန်တော့်အစီအစဉ်တွေကို ကျယ် ကျယ်ပြန့်ပြန့် လုပ်ချင်တာပါပဲလေ"

## အကိုးအကား

အလုပ်ရပ်စဲခံရတဲ့ ဆုံးရှုံးမှုများနဲ့ရင်ဆိုင်တဲ့ လူတိုင်းစိတ်ပျက်သွားတတ်ကြပါ တယ်။ တချို့လူတွေက ဝမ်းနည်းပူဆွေးမှုကို ကျော်လွှားပြီး ဘဝသစ်စဖို့ စဉ်းစားကြ ပါတယ်။

လုပ်ငန်းခွင်မှာ ထင်ရှားသိသာတဲ့ အပြောင်းအလဲတွေနဲ့ ရင်ဆိုင်ခဲ့ရာက မိမိကိုယ်မိမိ ပုံဖော်ကြည့်ပြီး စွန့်စားလုပ်ဆောင်ကြတဲ့ အလုပ်သမားတွေဟာ သူ့ပင်ကိုယ် သဘာဝအလျောက် ပြောင်းလဲခဲ့ကြတဲ့လူတွေထက် ပိုအားကောင်းပြီး ဒါဟာပိုလည်း အရေးပါပါတယ်။

**ဂျတ်ချ်၊ သော်ရီဆင်၊ ပူးဆစ်နဲ့ ဝဲလ်ဘောင်း (၁၉၉၉)**

(၉၄)

## မြင်နိုင်လောက်တဲ့နေရာမှာ ပန်းတိုင်တွေထားပါ ●

သင့်ပန်းတိုင်တွေဟာ သင့်ဘဝရဲ့ပစ္စုပ္ပန်တည့်တည့်ရှိသင့်ပြီး သင့်ကိုလမ်းညွှန် မှုတွေနဲ့ စွမ်းအားသတ္တိတွေပေးနေစေရပါမယ်။

ရည်မှန်းချက်ပန်းတိုင်တွေ တစ်သီကြီးဆောင်မထားပါနဲ့။ တစ်နေရာရာမှာ သိမ်းထားပြီး အနှစ်လေးဆယ်လောက်ကြာမှ အဲ့ဒီခရီးပန်းတိုင်ကို ရောက်မရောက် ပြန်စစ်ကြည့်ပါ။

ပန်းတိုင်တွေ ဖန်တီးပါ၊ အသုံးချပါ၊ နောက်ကလိုက်ပါ၊ ခေတ်မီအောင်လုပ်ပါ၊ သူတို့နဲ့အတူနေပါ။

## သာဓက

ကော်နီဆိုတာက မီလ်ဝေါကီးက ကျောင်းသားရေးရာ အတိုင်ပင်ခံအဖွဲ့ဝင်လေ။ သူက အထက်တန်းကျောင်းသားတွေနဲ့ အမြဲတွေ့ပြီး သူတို့ရဲ့အနာဂတ်ရေး ရေးကို စဉ်းစားတတ်အောင်နဲ့ ဖြစ်နိုင်ချေရှိတဲ့ အသက်မွေးမှုတွေ အစပျိုးပေးဖို့ ကူညီရပါတယ်။

"အရေးကြီးဆုံးကတော့ ကျောင်းသားတွေကို အစလုပ်နိုင်းတာပါပဲ၊ သူတို့ဘာလုပ်ချင်တယ်ဆိုတာ သိထားရမယ်ဆိုတဲ့ ခံယူချက်မျိုးမရှိတဲ့လူတွေက တပုံကြီးပဲ၊ အဲဒီ့ အမိပွါယ်က သူတို့ဖြစ်ချင်တဲ့ဘဝကိုရောက်အောင် ဘာတွေလုပ်ဖို့လိုတယ်လို့ တစ်ခါမှ မစဉ်းစားခဲ့ကြတဲ့ သဘောပဲ။

ကော်နီက ပြောပါသေးတယ်။

"ကျွန်မတို့ဟာ သူတို့ကို အလေးအနက်စကားစခဲ့ကြပြီး ပကတိဖြစ်ရပ်မှန်တစ်ခုကို စမ်းစစ်ဖို့ ပေးခဲ့တယ်၊ ဒါမှလည်း သူတို့ဟာ သူတို့ပန်းတိုင်ကို ရှင်းရှင်းလင်းလင်းသိပြီး ခရီးစထွက်နိုင်မှာပေါ့"

ပြီးတော့လည်း -

"အသက်မွေးဝမ်းကြောင်း စီမံကိန်းဆိုတာ ဘဝတစ်သက်လုံးနဲ့ဆိုင်တဲ့ဖြစ်စဉ်ပါပဲ၊ ဒါပေမယ့် စောစောစနိုင်လေ အကျိုးများတဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်ခွင့်ပိုကောင်းလေပါပဲ" တဲ့။

တစ်ဆက်တည်း ကော်နီရှင်းပြတာက -

"ကျောင်းသားတွေအနေနဲ့ ပန်းတိုင်တစ်ခုရှိလိုက်တာနဲ့ သူတို့ဘာလုပ်ရမယ်ဆိုတဲ့ လမ်းညွှန်အသိဉာဏ်ရသွားရုံသာမက ရည်ရွယ်ချက်ကိုပါ တန်းသိသွားနိုင်ပါတယ်"



## အကိုးအကား

အောင်မြင်တဲ့ ပုဂ္ဂိုလ်များဟာ သူတို့ဘာတွေလုပ်နေတယ်ဆိုတာနဲ့ သူတို့ဘဝကို တိုးတက်ကြီးပွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာ သိဖို့နေ့စဉ် အနည်းဆုံး ၁၅- မိနစ်လောက် အချိန်ယူစဉ်းစားပါတယ်။

**ဆစ်ဂ်မန် (၁၉၉၉)**

## (၉၅)

## အထိုင်ချပြီး တင်းတိမ်မနေနဲ့ •

အိမ်တွေကားတွေကို စေ့စေ့စပ်စပ်မကြည့်ပဲ ဘယ်သူမှ မဝယ်ကြပါဘူး။ ဒါဟာ အလောတကြီး ဖုတ်ပူမီးတိုက်လုပ်လို့ ရတာမျိုးမှမဟုတ်ပဲ။ သိပ်အရေးကြီးတာကိုး။

ဒါပေမယ့် ကိုယ်နဲ့အပ်စပ်တယ်လို့ မထင်တဲ့အလုပ်တွေမှာ ပင်ပန်းတကြီး လုပ်နေရတဲ့လူတွေ ဘယ်လောက်တောင်များမလဲ။

သင့်အနေနဲ့ အသက် ၂၅နဲ့ ၆၅ကြားမှာ အသုံးပြုစရာအချိန်တွေ အများကြီး ပိုနေပြီး အိပ်ချိန်ကလွဲရင် ဘယ်အလုပ်မဆို လုပ်လို့ရနေပါတယ်။

သင့်အလုပ်က သင့်အနာဂတ်ကို ပြဋ္ဌာန်းပေးရုံသာမက သင့်ကိုယ်လည်း အနက်အဓိပ္ပါယ်ဖွင့်ပေးပါလိမ့်မယ်။

သင်လုပ်တဲ့အလုပ်ကို မြတ်နိုးဖို့လိုတယ်ဆိုတဲ့အတွေးကို ဘယ်တော့မှ ရပ်မပစ်လိုက်ပါနဲ့။



### သာဓက

ဝီလီယမ်ရက်စ်ဘာရီက ပူလစ်ဇာဆုရ သတင်းစာဆရာကြီးဖြစ်ပြီး ဝါရှင်တန် ပို့စ် သတင်းစာကြီးရဲ့ ပင်တိုင်ဆောင်းပါးရှင်ကြီးပါ။

သူဟာ သူ့အလုပ်နဲ့သူ့ဆန္ဒကို မြတ်နိုးရာမှာ လူတကာထက်ပိုပါတယ်။

"ခင်ဗျားလုပ်တဲ့အလုပ်ကို ချစ်ရမယ်၊ ဒါကလွဲလို့ တခြားဘာမှ ချစ်စရာ မရှိတော့ဘူး။ ခင်ဗျားအသက်မွေးဝမ်းကျောင်းအလုပ်ကို ကြိုက်နေရုံလောက်နဲ့ တင်းတိမ် မနေနဲ့၊ ကွန်ပျူတာဆရာ၊ ကျောင်းအုပ်ကြီး၊ တိုယိုတာကားအရောင်းစာရေးမ ဖြစ်ရင် လခကောင်းကောင်းရဦးမယ်၊ ဒီမယ် အဲဒါအလုပ်ပဲ"

ဝီလီယမ်ရဲ့ သင်နေရာမှန်လူမှန်ဖြစ်ရဲ့လားဆိုတာ တွက်ချက်တဲ့စမ်းစစ်မှုက ရိုးရိုးလေးပါ။

"ခုလက်ရှိလုပ်နေတဲ့အလုပ်ကို စဉ်းစားကြည့်၊ ခင်ဗျားရဲ့စားဝတ်နေရေး ကာမိအောင်ရရဲ့လားလို့၊ မကာမိရင် နောက်အလုပ်ထပ်ရှာရုံပေါ့၊ ဒီလိုမှ မဟုတ်လို့က တော့ ခင်ဗျားဟာ အလုပ်လမ်းကြောင်းမှန်ပေါ် မရောက်သေးဘူး၊ ခင်ဗျားအလုပ်နဲ့ ခင်ဗျားမကိုက်သေးဘူးပဲ"

### အကိုးအကား

စိတ်မပါပဲနဲ့ ရုံးကအလုပ်တွေ အိမ်အထိသယ်ခဲ့ရတာမျိုးရှိတယ်။ အလုပ် စိတ်ဝင်စားမှု အဆင့်နိမ့်ခြင်းဟာ ဘဝတစ်လျှောက်လုံး နိမ့်ပါးတဲ့ပျော်ရွှင်မှုနဲ့ မိတ်ဖက် ဖြစ်သွားပြီး မိသားစုဘဝမှာ စိတ်မချမ်းမြေ့မှုတွေတောင် ပိုကြီးမားလာစေပါတယ်။

**အိုဘာရိုင်ယန်၊ မာတီနက်စ်ပွန်းစ်နင့် ကော့ပလာ (၁၉၉၉)**

## (၉၆)

## အဓိကအချက်က ဘာလဲ •

သင့်ရဲ့အလုပ်နဲ့ သင့်ဘဝက သင်အလိုချင်ဆုံးအရာတစ်ခုကို ယူခွင့်ရမယ်ဆိုရင် အဲဒါဟာ ဘာဖြစ်မလဲ။

ကျွန်တော်တို့တွေဟာ ငွေနောက်၊ ဂုဏ်နောက်၊ အသိအမှတ်ပြုချီးကျူးခံရဖို့နောက်ကို လိုက်ရင်းတန်းလန်းက အရေးကြီးဆုံးတစ်ခုကိုသာ ရနိုင်ပါလိမ့်မယ်။ အဲဒါကတော့ "အဓိပ္ပါယ်သတ်မှတ်ချက်" ဆိုတာပါပဲ။

နေ့စဉ်သင်လုပ်သမျှ ကိစ္စတိုင်းရဲ့ ရည်ရွယ်ချက်က အဖိုးတန်တဲ့ အချိန်တွေဖြစ်ဖို့နဲ့ ရသမျှအကျိုးရလဒ်တွေဟာ ကောင်းကောင်းဆိုးဆိုး တန်ဖိုးရှိဖို့ပဲလိုပါတယ်။



### သာဓက

ဘာဘရာမီလာ။

သူက အဆင့်မြင့်နည်းပညာကုမ္ပဏီကြီးတွေရဲ့ အတိုင်ပင်ခံအကြံပေး။

သူက အလုပ်ခွင်နဲ့ အလုပ်သမားတွေရဲ့ ဘဝအဆင့်အတန်းကို လေ့လာနေတဲ့ အမျိုးသမီး။

ဘာဘရာက ခုလို ဖွင့်ဆိုခဲ့ပါတယ်။

"ခုလောလောဆယ် တစ်ကမ္ဘာလုံးရဲ့ ဈေးကွက်ကျရာတွေမှာ လိုအပ်ချက်က ၂၄-နာရီပတ်လုံး ရုံးအဖွဲ့အစည်းတွေ ဖွင့်ထားဖို့ပဲဖြစ်ပြီး အဲဒါဟာ အလုပ်သဘောအရရော အဆင့်မြင့်နည်းပညာရှင်ဝန်ထမ်းတွေရဲ့ ဘဝကိုရော ပြောင်းလဲပစ်လိုက်တာပါပဲ"

ကုမ္ပဏီတွေကို ဘာဘရာက သတိပေးထားတာကတော့ အလုပ်ချိန်တွေ တိုးလာတာ (ဒါမှမဟုတ်) အကန့်အသတ်မဲ့ သွားရတဲ့အတွက် သက်ဆိုင်ရာမိသားစုတွေကို ငဲ့နေလို့မရဘူးဆိုတာပါ။

သူက ကုမ္ပဏီအတော်များများဟာ အလုပ်နဲ့ဘဝမျှတဖို့ တွင်တွင်ပြောခဲ့ကြပေမယ့် တကယ်တမ်းမလေ့ကျင့်နိုင်ခဲ့ကြဘူးလို့ အစီရင်ခံပါတယ်။

"အလုပ်နဲ့ဘဝ အစီအစဉ်ဇယားကို ခွဲထားရုံလောက်နဲ့ လူတွေရဲ့အလုပ်နဲ့ဘဝ စည်းချက်ကိုက်သံစဉ်ညီရေးကို လက်တွေ့မထောက်ကူနိုင်တော့ပါဘူး။ လုပ်ငန်းတွေတည်ဆောက်ပုံကို အမှန်တကယ် ပြန်စစ်ကြောပြီး အလုပ်ဌာနတွေကို လုပ်ငန်းရဲ့ လိုအပ်ချက်နဲ့အညီ အပြောင်းအလဲလိုက်လုပ်ပေးရပါလိမ့်မယ်"

ဘာဘရာရဲ့တွေ့ရှိချက်အရ လုပ်ငန်းကြီးတစ်ခုမှာ ရှိသမျှအင်ဂျင်နီယာအားလုံးဟာ အရေးပေါ်လိုအပ်လာရင် စနေ၊ တနင်္ဂနွေပိတ်ရက်တွေတောင် မနားတမ်းအလုပ်ဆင်းရမှာဖြစ်ပါတယ်။

"ဘယ်သူမဆို သူတို့မိသားစုနဲ့ ခွဲနေဖို့ အချိန်မရွေးအခေါ်ခံရမှာပဲ၊ သူတို့ဟာ ဘယ်တော့မှတကယ် အေးအေးဆေးဆေး နားလို့ရမှာမဟုတ်ဘူး။ သူ့တို့ရဲ့ နားရက်ဆိုတာ ရှိ ချင်မှရှိတော့မယ်၊ ဒီအလှည့်အပြောင်းဟာ အရမ်းအရှိန်မြင့်ပါတယ်၊ ဘဝလုံခြုံမှုရဖို့ အလုပ်တစ်ခုလုပ်ဖို့ လိုတယ်ပြောတဲ့ လူအတော်များများကို သွေးစမ်းလိုက်တာမို့ပါပဲ"

နောက်ဆုံးတော့ ဘာဘရာရဲ့ ထောက်ခံချက်တွေပါလာပြီး မူဝါဒသစ်ကို ဖန်တီးလိုက်ပါတယ်။

ဒီလုပ်ငန်းစဉ်ဇယားအသစ်အရ ဝန်ထမ်းတွေဟာ သဘောဆန္ဒအလျောက် စနေ၊ တနင်္ဂနွေနားရက်ကို ရွှေ့ပစ်လိုက်နိုင်သလို ကြားရက်တွေကို နားရက်အဖြစ် ယင်းစားပြန်ယူဖို့ပဲရှိပါတော့တယ်။

## အကိုးအကား

ဘဝရဲ့အဓိပ္ပါယ်ကိုရှာရင် "ခံစားမှု"ဆိုတာကိုတွေ့ပြီး အဲ့ဒီစကားလုံးကပေးတဲ့ အရသာဟာ မြင့်မားတဲ့ဝင်ငွေတစ်ရပ်ရတာထက် ပိုပြီးချိုမြိန်ပါတယ်။

**ကင်း နှင့် နက်ပါ (၁၉၉၈)**

(၄၇)

## သင့်ကိုယ်သင် လေးစားမှုကို အရင်ရယူ •

တခြားလူတစ်ယောက်ရဲ့ မပိုင်နိုင်တဲ့ တုန့်ပြန်ချက်အရ သင့်အောင်မြင်မှုကို ရယူနိုင်မှာ မဟုတ်ပါဘူး။

သင့်မိဘ၊ သင့်အိမ်ထောင်ဖက်၊ သင့်အလုပ်တူလုပ်ဖော်တွေနဲ့ တခြားဘယ်သူကိုမဆို ကြွားဝါနိုင်ရုံလောက်နဲ့လည်း အပြည့်အဝအောင်မြင်တယ်လို့ မဆိုနိုင်ပါဘူး။

သင်ဟာ သူတို့ရဲ့ မျှော်လင့်ချက်တွေနဲ့ မျှော်မှန်းချက်တွေအားလုံးကို ဖြည့်ဆည်းမပေးနိုင်စရာ အကြောင်းမရှိတာနဲ့အမျှ သူတို့ရဲ့ အသိအမှတ်ပြုခံရတဲ့အထိ အောင်မြင်မှုအလုံအလောက်မရခဲ့ရင် သင်ပဲ အကြီးအကျယ်စိတ်ဆင်းရဲရပါလိမ့်မယ်။

သင်လုပ်နိုင်တာကိုလုပ်ဖို့ လေးစားသမှုနဲ့ စတင်ဖို့ဟာ တခြားဘယ်သူ့အပေါ်မှ အားကိုးစရာမလိုသလို ဘာရရ မကျေနပ်နိုင်တဲ့သူတွေကို မေ့ထားလိုက်တာက သင့်အတွက် လွယ်ကူချောမောမှုတွေ ပိုရမှာသေချာပါတယ်။

## သာဓက

"ဒါဟာ တော်တော်မကောင်းတဲ့ သံသရာလည်မှုပဲ"

လို့ ဖွင့်အန်လာသူကတော့ ပညာရေးလောကက ကျောင်းဆရာမလေး စယ်လီတပ်ဆီပဲဖြစ်ပါတယ်။

သူဟာ နေ့တိုင်းလိုပဲ မြို့လယ်ခေါင်က ကျောင်းသားလေးတွေ တစ်ယောက်နဲ့တစ်ယောက် ဉာဏ်စွမ်းပြိုင်ပွဲလုပ်နေတာကိုကြည့်ပြီး စိတ်ကုန်နေတာပါ။

"သူတို့ဟာ ပြိုင်ရင်းက တစ်နေရာရာမှာ ရှုံးသွားတာနဲ့ ဆက်ပြိုင်ရမှာ ကြောက်သွားရော၊ သူတို့မှာ ကြိုးစားချင်တဲ့ဆန္ဒ ကုန်ခမ်းသွားတာနဲ့ ရှုံးအောင်ပဲလုပ်မိကြရာက အောင်မြင်မှုတွေမရတတ်ကြတော့ဘူးပေါ့"

ဒီ့အပြင် . . .

"ကျောင်းသားတွေဟာ မေးခွန်းထဖြေတဲ့လူကို ဝိုင်းလှောင်ကြတယ်၊ ညမှာ ကျက်ဖို့ အိမ်စာတွေယူသွားတဲ့လူ၊ မေးခွန်းထမေးတဲ့လူဆိုရင်လည်း မထေမဲ့မြင်နဲ့ ရိကြတယ်၊ သင်ခန်းစာက ကျောင်းမှာအဆင်ပြေချင်ရင် ဘာစာမှမသင်တာပဲ ကောင်းဦးမလိုလိုဖြစ်ကုန်တယ်"

စယ်လီကတော့ ဒီအယူအဆတွေကို ရိုက်ချိုးဖို့ နေ့တိုင်းကြိုးစားခဲ့ပါသတဲ့။

"ကျွန်မကပြောတယ်၊ မင်းတို့သူငယ်ချင်းတွေက ခေါင်းကခြေထောက်ဖြစ်ပြီး ခြေထောက်ကခေါင်း၊ အထက်ဟာအောက်၊ အောက်ဟာအထက်လို့ ပြောတိုင်း မင်းတို့က လက်ခံမှာလား၊ ဒီဘဝမှာ မင်းတို့လုပ်ချင်တာလုပ်ဖို့ အခွင့်အရေးတော့ရတယ်၊ ဒါပေမယ့် အမုန်တရားနဲ့ ဆန့်ကျင်ဖက်လုပ်စေချင်တဲ့လူတွေရဲ့စကားကိုတော့ အချိန်ကုန်ခံပြီး နားမထောင်နေနဲ့လို့ . . ."



စယ်လီက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတည်ဆောက်ရာမှာ ပထမခြေလှမ်းအဖြစ်နဲ့ ကြောက်စိတ်ကို ဖြိုခွင်းတိုက်ခိုက်စေပါတယ်။

"မင်းတို့အနေနဲ့ မလုပ်နိုင်တာတွေကို စဉ်းစားမယ့်အစား လုပ်နိုင်တာတွေကိုသာ ဦးစားပေး စဉ်းစားပါ၊ ဒါဆိုရင် မင်းတို့လုပ်နိုင်တာတွေ အများကြီးအများကြီး ရှိနေတာ အံ့သြလောက်အောင် တွေ့ရလိမ့်မယ်" တဲ့။

## အကိုးအကား

သုတေသီများက အကောင်းမြင်ဝါဒဖြင့် ကိုယ်ပိုင်အမြင်ရှိထားတာဟာ အရာဝတ္ထုတွေရဲ့ တောက်ပတဲ့ဘက်ကို ကြည့်ရတာထက် သာတယ်လို့ဆိုပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားခြင်းဟာ ကျန်းမာရေးကောင်းသလို အားပေးလှုံ့ဆော်မှု အလိုလိုရပြီး လူဆယ်ယောက်မှာ ခြောက်ယောက်က အောင်မြင်မှုတွေ ပိုင်ဆိုင်နိုင်ပါတယ်။

ရှူးလ်မန်း (၁၉၉၉)

(၉၈)

## ရည်မှန်းချက်တွေဟာ သင့်တစ်ကိုယ်လုံးနဲ့ ဆက်မိနေရမယ် ●

ခက်ခဲတဲ့အရာတစ်ခုကို အမိဖမ်းဖို့ အားထုတ်ကြိုးပမ်းမှုရယ်၊ အာရုံစူးစိုက်ပြီး သုံးသပ်ဆင်ခြင်မှုရယ်၊ ယုံကြည်ချက်တွေရယ် လိုအပ်ပါတယ်။

ထင်ရှားသိသာတဲ့ အကျိုးရလဒ်တွေနဲ့ ပြီးပြည့်စုံမှုကို ရမယ်ဆိုတဲ့အာမခံချက်လည်း လိုပါလိမ့်မယ်။

ရည်မှန်းချက်တွေက သင့်ကိုယ်ထဲပူးဝင်မလာရင်၊ စိတ်ကူးထဲမှာ ကွန့်မြူးမလာရင်၊ သင်လက်တွေ့လုပ်ဆောင်ဖို့ နှိုးဆွမှုမရှိခဲ့ရင်တော့ သင့်အဖို့ မှန်ကန်တဲ့ရည်မှန်းချက်ကို ရထားတာမဟုတ်ဘူးလို့ပဲ မှတ်လိုက်ပါ။



### သာဓက

လာဆေးဘင်တန်အနေနဲ့ ဘယ်လ်တီမိုးမြို့တစ်ခွင် ပြုပြစင်ဆိုသလို အသေးစားလုပ်ငန်းလေးတွေရှိသမျှ လျှောက်လုပ်တာ မနည်းတော့ပါဘူး။

ကံခေချင်တော့လည်း သူ့အလုပ်ဝင်လို့ ရက်ပိုင်းလေးအတွင်းမှာပဲ အလုပ်ထဲစိတ်မပါတာ သိလိုက်ရတယ်။

"အဲဒီ့အလုပ်တွေကို ကျွန်မကောင်းကောင်းကြီးလုပ်နိုင်ပါတယ်၊ ဒါပေမယ့် ဒီအလုပ်တွေဟာ ကျွန်မအတွက် မှန်ကန်ရဲ့လား၊ ထိုက်တန်ရဲ့လား၊ ကျွန်မတကယ်လုပ်ချင်တဲ့အလုပ်တွေမှ ဟုတ်ပါလေစ…လို့ မေးခွန်းတွေပြန်ထုတ်မိရာက နောက်တစ်လုပ်ပြောင်းခဲ့တော့တာပဲ"

လာဆေးဟာ လူငယ်အုပ်စုတစ်စုနဲ့တွဲလုပ်ရင်း ဟန်ကျသွားနေတုန်းမှာပဲ ဘယ်လိုမှမမျှော်လင့်တဲ့အလုပ်တစ်ခုကို ပြောင်းလုပ်ဖို့ဖန်လာတယ်။

အဲ့ဒါကတော့ "ကျေးရွာစာသင်ကျောင်း"လို့ခေါ်ကြတဲ့ အဖွဲ့အစည်းတစ်ခုက သူတို့အဆောက်အဦးရဲ့ တစ်စိတ်တစ်ဒေသကို ကော်ဖီဆိုင်လေးဖွင့်ဖို့ ငှားရာမှာ လာကြီးကြပ်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

"မင်းကိုကူညီဖို့ အလုပ်ရှာနေတဲ့ ဆယ်ကျော်သက်လေးတွေပေးမယ်၊ မင်းကိုယ်တိုင်ဝင်ငွေရှာနိုင်အောင် နေရာတစ်နေရာလည်းရမယ်၊ ငှားခတွေဘာတွေ ထည့်မစဉ်းစားနဲ့၊ တို့ကော်ဖီဆိုင်လေး ဖြစ်မြောက်အောင်သာ ပထမကြိုးစား"

ဒီလိုနဲ့ လာဆေးဟာ သူ့ရဲ့ဗာပိုင်တာနိုင်လုပ်ငန်းလေးတွေ လုပ်ခဲ့တဲ့အတွေ့အကြုံကို အရင်းတည်ပြီး ဆယ်ကျော်သက်လေးတွေကို သင်ပေးရာက ကော်ဖီဆိုင်လုပ်ငန်းကို ချောချောမွေ့မွေ့လုပ်နိုင်ခဲ့ပါတယ်။

"လူငယ်ရှေ့ဆောင်ကဖီး"ဆိုတဲ့ ဆိုင်းဘုတ်နဲ့ ကော်ဖီနဲ့အချိုရည်ဆိုင်ဖွင့်လိုက်တာ အတော့်ကို အောင်မြင်ခဲ့တယ်။

လာဆေးက လူငယ်လေးတွေကို စီးပွားရေးလုပ်ငန်းသင်ပေးရတာကိုလည်း အတော်လေးနှစ်သက်မြတ်နိုးခဲ့တယ်။ သူတို့ဘဝမှာ ကြိုက်တဲ့အလုပ်ကို ရှာလုပ်နိုင်တဲ့ ရွေးချယ်ခွင့်နဲ့ လုပ်ငန်းကျွမ်းကျင်မှုတွေ ရသွားတာကိုး။

လာဆေးအတွက်တော့ စိတ်ရောကိုယ်ပါ နလုံးသားနဲ့တစ်ထပ်တည်းကျပြီး သူ့ရည်မှန်းချက်ထမြောက်ခဲ့ရပြီ ဆိုပါတော့။

"ကျွန်မ ဘာမဆိုလုပ်နိုင်တယ်၊ မယုံရင်စောင့်ကြည့်"

လို့တောင် စိမ်ခေါ်ကြွေးကြော်ခဲ့တဲ့ လာဆေးပါ။

## အကိုးအကား

အငြိမ်းစားမန်နေဂျာတွေဟာ သူတို့ရဲ့လုပ်ငန်းဆိုင်ရာ အောင်မြင်မှုတွေနဲ့ လုပ်အားပြခဲ့တဲ့အချိန်တွေကို ဆွေးနွေးကြရာမှာ ကိုယ်ပိုင်အရည်အချင်းပြည့်ဝမှုရဲ့ ထင်ရှားထူးခြားချက်တွေကို အဓိကရှေ့တန်းတင်ပြောသွားကြတာ မှတ်သားရပါတယ်။

**သွန်တန်၊ ပရီဗက်တီ နှင့် ဘန်းဒရစ်ခ် (၁၉၉၉)**

## (၉၉)

## လက်တွေ့လုပ်ပါ၊ လှုပ်ရှားပါ

ငါးမန်းတွေဟာ ရှင်သန်နေထိုင်နိုင်ရေးအတွက် အမြဲလှုပ်ရှားပြီး ရှေ့တိုးရုန်းကန်နေကြတယ်။ လူတွေအဖို့လည်း သူတို့ရဲ့အိပ်မက်စိတ်ကူးတွေ ရှင်သန်ရေးအတွက် လှုပ်ရှား နေဖို့လိုအပ်တယ်။

ဒီနေ့တစ်နေ့ထဲနဲ့ ကိစ္စအားလုံးကိုလုပ်ဖို့ မလိုအပ်ပါဘူး။ ဒါပေမယ့် နေ့တိုင်းတော့ တစ်ခုခုလုပ်နေရပါလိမ့်မယ်။

## သာဓက

မိုက်ကယ်ဖရန်ကလင်ဟာ လူတွေအော်ဒါမှာတဲ့ပစ္စည်းမှန်သမျှ အိမ်တိုင်ရာရောက် ပို့ပေးနိုင်အောင်ကူညီနေပါတယ်။

စင်စစ်တော့ သူဟာအမေရိကန်မှာ အကြီးဆုံးကုန်သဘောဝန်ဆောင်မှုလုပ်ငန်းတစ်ခုရဲ့ ဒုဥက္ကဋ္ဌပါပဲ။ ကုမ္ပဏီက အလုပ်ခွင်အခြေအနေအရ အရည်အချင်းရှိတဲ့အရာရှိတွေကို ခေါင်းဆောင်တင်ဖို့ စဉ်းစားတိုင်ပင်ကြတဲ့အခါ ဝန်ထမ်းအတော်များများကတာဝန်မယူရဲကြဘူး။ တချို့ဆို အကြောက်အကန်တောင်ငြင်းကြတာ။

ဒါပေမယ့် မိုက်ကယ်ကတော့ ဒါဟာအခွင့်ကောင်းတစ်ခုပဲလို့ မြင်လိုက်တယ်။

"ကျွန်တော်ဟာ စိတ်ကသိကအောက်ဖြစ်ရမှုတွေကို ဖြတ်သန်းခဲ့ရပါတယ်၊ ဒါပေမယ့် ကျွန်တော်ချွတ်ယွင်းချက်တွေကို ထောက်ပြပြီး အရည်အသွေးပြည့်မန်နေဂျာကောင်းတစ်ယောက်ဖြစ်အောင် သင်ကြားပေးနိုင်တယ်၊ ကျွန်တော့်ကိုပိုပြီးတိုးတက်အောင် နေရာချပေးမယ်ဆိုရင်တော့ ကျွန်တော်လိုလိုလားလားနဲ့ လက်ခံပြီးနားလည်ဖို့ကြိုးစားရမှာပဲ"

လုပ်ငန်းအတိုင်ပင်ခံအကြံပေးတွေကလည်း သူ့ရဲ့စွမ်းအား၊ ကြိုးစားအားထုတ်မှု၊ ဇွဲကောင်းမှု၊ တွန်းတွန်းတိုက်တိုက်နဲ့ မဖြစ်မနေလုပ်တတ်တာတွေကို သဘောကျပြီး ထောက်ခံအားပေးခဲ့ပါတယ်။

တစ်ချိန်တည်းမှာတော့ သူ့အနေနဲ့ တခြားဝန်ထမ်းတွေနဲ့ တရင်းတနှီးနေပြီးဆက်ဆံရေးအဆင်ပြေအောင် ကြိုးစားဖို့ကို အကြံပြုခဲ့ပါတယ်။

ဒီလိုနဲ့ ဒီအစီရင်ခံချက်ကို လက်ကိုင်ထားပြီး ကုမ္ပဏီထဲက သူ့အထက်နဲ့အောက်က လူတွေနဲ့တွေ့ဆုံဆွေးနွေးမှုတွေ မပြတ်လုပ်ဖို့ လုပ်ငန်းလမ်းညွှန်ဇယားတွေဆွဲခဲ့ပါတော့တယ်။



"ကျွန်တော်ဟာ ဒီစီမံချက်တွေပေါ်မှာ အထူးဂရုစိုက်ခဲ့ပါတယ်၊ သူတို့တင်ပြတာတွေကို အသုံးတည့်မယ်ဆိုရင် ချက်ချင်းယူသုံးလိုက်တာပါပဲ၊ ခုလို လူပ်ရှားမှုတွေက ကျွန်တော့်ကို သွေးပူနေစေပြီး လုပ်ငန်းထဲမှာ အစွမ်းပိုထက်အောင် လုပ်ပေးခဲ့တယ်လို့ယူဆပါတယ်။

## အကိုးအကား

သူတို့ရဲ့ပန်းတိုင်ရှိရာ ဆက်လှမ်းဖို့ မလွယ်တော့ဘူးလို့ အောက်မေ့ကြသူတွေဟာ လက်လျှော့အရှုံးပေးဖို့ ငါးဆပိုများပြီး သူတို့ဘဝကိုသူတို့ ကျေနပ်မှုသုံးဆလျော့သွားကြရပါတယ်။

**အီလီယော့ (၁၉၉၉)**

## (၁၀၀)

## အောင်မြင်ရေးစကားတစ်ခွန်း ။

သူတို့အောင်မြင်မယ်လို့ ယုံကြည်မှုရှိကြတဲ့လူတွေနဲ့ မရှိကြတဲ့လူတွေရဲ့ အဓိကခြားနားချက်က ဘာပါလဲ။

သူတို့တွေဟာ အခြေခံအားဖြင့် ကွာခြားတဲ့ကမ္ဘာတစ်ခုစီမှာ ရှိနေကြလို့တဲ့လား။

ဆိုပါတော့ ယုံကြည်မှုပြည့်ဝသူအဖို့ သူတို့ရဲ့ အောင်မြင်ရေးကြိုးစားမှုကို လူတကာက ဝိုင်းဝန်းကူညီမှုပေးတဲ့ အဆင်ပြေတဲ့ နေရာတစ်ခုမှာရောက်နေပြီး ယုံကြည်မှုနည်းတဲ့လူတွေကတော့ အောင်မြင်ဖို့ခဲယဉ်းတဲ့ ကြမ်းတမ်းရက်စက်တဲ့ တစ်နေရာမှာ နေနေရလို့တဲ့လား။ မဟုတ်ပါဘူး။ ဘာမှမဆိုင်ပါဘူး။



ခြားနားချက်က သူတို့ရပ်တည်ရာလောကနဲ့ မပတ်သက်တာတော့ အမှန်ပဲ။ ခြားနားချက်က သူတို့လောကကြီးကို ဘယ်လိုမြင်သလဲဆိုတဲ့အမြင်သာ ဖြစ်ပါတယ်။

ယုံကြည်မှုအားကောင်းသူက သူပတ်ဝန်းကျင်လောကက ပကတိသရုပ်နဲ့ တကယ်ဖြစ်ရှိနေတာတွေကို ထုတ်ယူတည်ဆောက်ပါတယ်။ အဲ့ဒီ ပကတိဖြစ်ရှိနေမှုထဲမှာပဲ အောင်မြင်မှုတွေပါရှိနေတာကို။ အဓိပ္ပါယ်ကတော့ အဲဒီသူဟာ အောင်မြင်မှုရပြီးသူတွေကို အထူးအာရုံစိုက်ကြည့်ပြီး အောင်မြင်ရာလမ်းကြောင်းတွေကို ဂရုထားလေ့လာကြတယ်လို့ပါပဲ။

ဒီအတောတွင်းမှာ ယုံကြည်မှုအားနည်းတဲ့လူတွေကတော့ ဆုံးရှုံးတဲ့သူတွေကို ပိုအာရုံစိုက်ရင်းက သူတို့ရဲ့ကြိုးပမ်းအားထုတ်မှုနဲ့ တတ်နိုင်စွမ်းရှိမှုတွေကို နောက်ယှက် ဖျက်ဆီးပစ်မယ့် အရံအတားတွေကိုပဲ တွေ့ရပါလိမ့်မယ်။

ဒီလူနှစ်ယောက်ဟာ ရုပ်ထွေးနေတဲ့မြို့လယ်လမ်းမကြီးပေါ်မှာ ရှေ့ဆင့်နောက်ဆင့် လျှောက်နေကြတာနဲ့ အလွန်တူပါတယ်။ တစ်ယောက်က အပေါ်မော့ကြည့်လို့ တစ်ယောက်က အောက်ငုံ့ကြည့်လို့။

မြို့တော်ရဲ့အခြေအနေကတော့ ပုံမှန်အတိုင်းရှိနေတာပဲလေ။ ဒါပေမယ့် အမြင်ချင်းကျတော့ သိပ်သိပ်ကို ကွာခြားသွားကြတာကလား။

### သာဓက

ဒုတိယကမ္ဘာစစ်ကြီးထဲမှာ ဂရိတ်ဗြိတိန်ကို ဦးဆောင်ဖြတ်ကျော်ခဲ့တဲ့ ဝန်ကြီးချုပ် ဝင်စတန်ချာချီလ်ကို ပညာရှင်ပါရဂူအမြောက်အမြားက သူ့ရဲ့အကောင်းဆုံးစွမ်းရည်သတ္တိတွေ အသုံးချပြီး အပြည့်အဝအောင်မြင်တဲ့ဘဝကို တည်ဆောက်နိုင်သူတစ်ယောက်ရဲ့ အကောင်းဆုံးနမူနာပဲလို့ ယူဆကြပါတယ်။

ချာချီလ်ဟာ အဆိုးဝါးဆုံး အကြပ်အတည်းဆိုက်နေတဲ့ စစ်အတွင်းကာလက အစိုးရအဖွဲ့ကို ဦးဆောင်ခဲ့ရုံသာမကပဲ သူ့ဘဝတစ်လျှောက်လုံးမှာ စာဖတ်၊ ပန်းချီဆွဲ၊ စာရေးရင်းနဲ့ မိသားစုဘဝကို တိုးတက်အောင်မြင်မှုရအောင် မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။

စစ်ကြီးအတွင်း ရန်ငြိုးထားမှုတွေကို သင်ပုန်းချေပြီး စစ်ပြေငြိမ်းရေးစာချုပ်တွေ ချုပ်ပြီးတဲ့နောက် တစ်နှစ်အကြာမှာပဲ ဝင်စတန်ချာချီလ်ဟာ ရွေးကောက်ပွဲမှာ ရှုံးနိမ့်ခဲ့ရပါတယ်။ သူဟာ ဝန်ကြီးချုပ်ရုံးခန်းထဲကနေ တုန်လှုပ်ခြောက်ခြားစွာနဲ့ ခေါင်းငိုက်စိုက်ချပြီး အရှုံးသမားတစ်ယောက်ဘဝနဲ့ ထွက်သွားခဲ့ရပြီပေါ့။

ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဝင်စတန်ချာချီလ်ဟာ အောင်မြင်မှုကြီးတစ်ခုရဲ့ အကြီးမားဆုံး သင်္ကေတတစ်ခုအဖြစ် သမိုင်းမှာမော်ကွန်းတင် ကျန်ရစ်ခဲ့တာကို ဘယ်သူမှ မငြင်းနိုင်ပါဘူး။

ဒီ့အပြင် ဝင်စတန်ချာချီလ်ကိုယ်တိုင်လည်း နိုင်ငံရေးစင်မြင့်က လိမ့်ကျခဲ့ရပေမယ့် ဘဝတိုက်ပွဲမှာ အောင်မြင်သူတစ်ယောက်အဖြစ် သူ့ကိုယ်သူ သတ်မှတ်နားလည်ထားမှာမလွဲတမ်းပါ။

ချာချီလ်ဟာ သူ့ကိုယ်သူ အောင်မြင်မှုတွေ ပိုင်ဆိုင်ရရှိခဲ့တယ်လို့ မမြင်ရင်တော့ အရှုံးသမားသက်သက်သာဖြစ်သွားရုံရှိတော့မှာပေါ့။

## အကိုးအကား

နောက်ခံဘဝချင်းတူကြတဲ့ ယူလတ်တန်းစားတွေကို သုတေသနလုပ်ကြည့်ရာမှာ စီးပွားရေးအရ အောင်မြင်မှုရဖို့ ဘယ်လောက်ခက်ခဲသလဲဆိုတဲ့အပေါ် အမြင်ချင်းအကြီးအကျယ် ကွာဟနေတာ တွေ့ရပါတယ်။

သူတို့ဟာ စီးပွားရေးနဲ့ လူမှုရေးနယ်ပယ်က စိမ်ခေါ်မှုတွေကို ညီတူကိုယ်စိ



တွေကြုံခဲ့ကြရတဲ့တိုင်အောင် လောကကို မြင်ကြည့်တဲ့တချို့အချက်တွေမှာ တစ်ဖက်စောင်းနင်းဖြစ်ပြီး ဆန့်ကျင်နေကြပါတယ်။

တစ်ယောက်ကအောင်မြင်ဖို့ရာ အခက်အခဲတွေ ကြီးမားများပြားလို့ မလွယ်ဘူးလို့ ပြောချိန်မှာ တစ်ယောက်ကတော့ အဲဒီ့အခက်အခဲ အကြပ်အတည်းတွေကပဲ အခွင့်အလမ်းကောင်းတွေ ထွက်လာတာလို့ ဆိုခဲ့လေရဲ့။

ဝန်းကျင်လောကကို ပိုပြီး အကောင်းမြင်တတ်တာနဲ့အမျှ အဲဒီ့လူတွေရဲ့ အလုပ် နဲ့စပ်ဆိုင်တဲ့ ကျေနပ်မှုပီတိဟာ ပိုပြီးကြီးမားသလို အနာဂတ်အောင်မြင်ရေးယုံကြည် ချက်တွေဟာလည်း နိုင်မာသထက် နိုင်မာလာတယ်လို့ ဆိုရမှာပါပဲ။

**ဖရန့်ကလင် နှင့် မစ်ဗဲလ် (၁၉၉၅)**

* * *



# ညီညီနိုင်

## ရတနာ ကုဋေ၁၀၀

(အောင်မြင်သူများ၏လျှို့ဝှက်ချက်များ)

- အချိန်တွေ အများကြီး ရှိသေးတယ်။
- တစ်ခုတည်းနဲ့ ဘယ်တော့မှ မလုံလောက်ဘူး။
- ပထမတိုက်ပွဲပုံစံအတိုင်း ဆက်မတိုက်ပါနဲ့။
- အကောင်းဆုံး ခံစစ်က နားထောင်ခြင်း။
- အောင်နိုင်သူဆိုတာ လုပ်ယူရတာ ဖြစ်ပြီး၊
  အလိုလို မွေးဖွားလာသူတွေ မဟုတ်ပါ။
- အတွေးလွန် သွက်ချာပါဒကို ရှောင်ပါ။
- ရှည်လျားတဲ့ ကုန်းပြင်မြင့်ကိုသာ ရှာပါ၊ တောင်ထွတ်ကို မရှာပါနဲ့။
- အောင်မြင်မှုဆိုတာ ပုံသေနည်း ဖြစ်တယ်၊ စိတ်ကူးယဉ် မဟုတ်။
- စံပြပုဂ္ဂိုလ်ဆိုတာ အားလုံးနဲ့တော်မယ့် ကိုယ်တိုင်းတစ်ခု မဟုတ်ပါ။
- ငြီးငွေ့ခြင်းဟာ ရန်သူ။
- ခေါင်းဆောင်မှုက အရောင် ဟပ်တတ်၏။
- ရှုံးသူ မရှိလည်း ဘယ်သူမှ အနိုင် မရနိုင်ပါ။
- အပြစ်ကင်းသော ဟာသများ ပြောပါ။
- အမြော်အမြင် မရှိလျှင်၊ ငွေလည်း မရှိနိုင်။
- သံသယ ထားရင် ရှုံးပြီသာမှတ်။
- ပက်ကင် လှလှလေးနဲ့ ထုပ်ဖို့ မမေ့နဲ့။
- မြင်နိုင်လောက်တဲ့ နေရာမှာ ပန်းတိုင်တွေ ထားပါ။

............. စသည်တို့ဖြင့်